ဦးမြတ်သိန်းထွန်း

# ပဒေဿဒ ဒိပနီ

၇·ရက်စဉ် ဝိပဿနာ

## ပုဒ်ပြတ်မှတ်ကျမ်း

လိပ်ပတ်လည်အောင်·ရှာပါဖတ်ပါ

ဆရာကြီးသွီး ပါဝါ မငွေးသိန်း

မူပိုင်

မဟာ ဓမ္မကထိက ပါရဂူ



ဦးမြတ်သိန်းထွန်း - ရုပ်ပုံတော်

## ရေမြောင်းဥပမာ—မာတိကာ

စာမျက်နှာနံပါတ်။


| | | |
|---|---|---|
| ယောဂီစိတ်ဓာတ်မငယ်ဘို့ လိပ်ပတ်လည်နိဒါန်း | .... | က |
| အက္ခရာတလုံးက ၉-မ ၄-လုံး ပညာရှိလက်သုံး | .... | င |
| လိပ်ပတ်လည်မှ အက္ခရာ ၄-လုံးပေါ်ပုံ | .... | ဧ |
| ကာမစိတ် ၅၄ သိရုံနှင့် အရိယာမဖြစ်ဘူး | .... | ဋ |
| ပဏာမ အရကျက် နမောတဿအနက် | .... | ၁ |
| ကလျာဏယောဂီတို့ ဘုရားပင့် | .... | ၃ |
| ဝိပဿနာတရားတောင်း | .... | ၄ |
| အပိုမသည့်တမ်း လိုရင်းကံတော့ခမ်း | .... | ၅ |
| တရားစစ်ကိုပြစ်မှားသလား ဓမ္မအန္တရာယ် ၁၀-ပါး | .... | ၆ |
| ထောင်မှူး ထောင်သား သံဝေဂလကာ | .... | ၇ |
| ဦးမြတ်သိန်းထွန်း ၇-ရက်စဉ် အဓိပ္ပါယ် | .... | ၈ |
| ပထမည ဒုလ္လဘ ငါးပါး ပဏာမ | .... | ၁၂ |
| နာမပညတ် တရား ဟောမယ် | .... | ၁၉ |
| ဘုရားမတွေ့ဘဲသောဘာပန်ဘည် ကာလီနိဂုံးသတ် | .... | ၂၂ |
| ဘုရားပွင့်ဒါမယုံ-နတ် ၂-ယောက် စစ်တမ်းထုတ်ပုံ | .... | ၃၀ |
| ဒုတိယည အနန္တငါးပါး ပဏာမ | .... | ၃၆ |
| လူပုံ မရှိ သဏ္ဌာနပညတ်ဟောမယ် | .... | ၄၁ |
| အမ်ငါး ဥပမာ နိဂုံးသတ် | .... | ၄၅ |
| တတိယည ဝိပ္ပလ္လာသ သုံးပါးပဏာမ | .... | ၄၉ |
| လူရှင်အထင်မှတ် သန္တတိပညတ် ဟောမယ် | .... | ၅၃ |
| သေမှန်းသိ အနိုင်ယူလုပ်နဲ့ ဘိုင်စကုတ်နိဂုံးသတ် | .... | ၅၈ |
| စတုတ္ထည သစ္စာ ၄-ပါး ဘာသာပြန် ပဏာမ | .... | ၆၂ |
| အသည်ဉာဏ် မရှုပ်နဲ့-နာမ်ရုပ်ပရမတ်ဟောဘိ | .... | ၆၅ |

စာမျက်နှာနံပါတ်။


ဒီခန္ဓာမှာ နာမ်နဲ့ရုပ် မျက်လှည့်ပြဇာတ် နိဂုံးသတ် .... ၇၀

ပဋ္ဌမသည့် ဥယျာဉ်တရား ငါးပါး ပဏ္ဏာမ .... ၇၄

ခန္ဓာငါးပါး ပရမတ်တရားဟောဘိ .... ၇၆

ကောင်းကင်ကမာရ်နတ်ကလူမိန်းမကိုလူပျိုလှည့်နိဂုံးသတ် ၁၀၇

နတ်ဂိုဏ် ဇီရာထေရ်အပျိုက ခွေးအိုကြီးလို့ ဆိုဘိ .... ၁၁၄

ဝါကြည့်တဲ့ယောဂီ-ဝဇီရာထေရီကို နမူနာယူပါ .... ၁၁၆

တရားအဆုံးသတ် အနုသန္ဓေစပ်-ပြောပုံဘတ်စမ်းပါ .... ၁၁၇

ဆင့်ညှိမုနိ ၅-ပါး ဘာသာပြန် ပဏ္ဏာမ .... ၁၂၁

အာယတန-ပရမတ်တရား ဟောဘိ .... ၁၂၆

အပြင်အတွင်း ၂-ဌာန နိဗ္ဗာန်ကို အတွေ့ရှာကြ .... ၁၃၁

ငပိုက်ဆံစုဒွါစံဖိုးဥပမာ .... ၁၃၇

ဒိုအိမ်သားတွေဟာ ကြက်ခြင်းနိဂုံးသတ် .... ၁၄၃

သ မည မဂ္ဂင် ရှစ်ပါး ပဏ္ဏာမ .... ၁၄၈

ပဒစ္ဆေဒဒီပနီလမ်းညွှန်-ဘာသာပါအုံး .... ၁၅၆

မာတိ ၁၈-ပရမတ်တရားဟောဘိ .... ၁၆၀

၃၂-ကောဋ္ဌာသကိုဆရာဝန်ဦးမြတ်သိန်းထွန်းကခွာတ်ခဲ့ပြီ ၁၆၃

ရန်ကုန်မြို့က အန္ဓနဲ့ အရိယာ လွန်ဆွဲပုံ .... ၁၆၉

ဒမှဘဲမပျောက် ခတ်မပေါက် .... ၁၇၂

သ သနာပြုစုဘမျိုးမှတ်-နှုတ်ခမ်းမွေးဦးပဏ္ဏာ နိဂုံးသတ် ၁၇၄

ပဒစ္ဆေဒကျမ်း၏လက္ခဏာ တောက်ကွက်ဥပမာ .... ၁၈၈

ဝိပဿနာပညာ မှိုဥပမာ .... ၁၉၅

ဝိပဿနာ မော်တော်ကား ဖေါင်တိန် နာရီ ဥပမာ .... ၂၀၀

ပိဋကတ်သုံးပုံအချုပ်၊နှ-ငယ်ကို လက်ကိုင်ဒုတ် .... ၂၀၃

ပဒစ္ဆေဒကျမ်းနိဂုံးသတ် အလောင်းတော် ဘေသပတ္တဇာတ် ၂၀၄

## ပဒေဿဒီပနီကျမ်း   လက္ခဏာ။

ဝိပဿနာ ပညာစခမ်း၌ ကမ်းတဘက်ခပ်နိုင်မည်။
ရှင်ဝိုင်း-လူဘိုင်း မဟာဓမ္မကထိကဖြစ်ရမည်။
လှည့်ပတ်လို့ မြောက် ခြောက်လို့မရ ပဒေဿ။
စာဘတ်သူရှိက ဘအိမ်သားလုံး တရားမှန်နာကြရမည်။
နာမ်နဲ့ ရုပ်တို့၏လက္ခဏာ ၃-ချက် ကိုသိမှ အကျိုးနပ်မည်။
အလုပ်များလေ တရားတိုး၍ရလေမှတ်။
ကာမဂုဏ်ကြားထဲက ဓမ္မာရုံဘုရားကိုရနိုင်သည်။
ရထားစီး, သင်္ဘောစီး, စာအုပ်ဘတ် တရားဘသက်သေခံမည်။
သွားလေရာ အိပ်ထဲမှာဆောင်၊ ရန်မျိုးစုံအောင်ရမည်။
ပါဠိမပါလို့ မပေါ်နဲ့ စာအုပ်ငယ်လို့ အရေးမလုပ်မနေနဲ့။
ပုဏ္ဏန်ဆိတ်ငယ်သော်လဲ သမုဒ္ဒရာ ကူးခပ်နိုင်သည်။
ရင်တွင်းပူပူဟူသမျှ ဒီစာအုပ်က ငြိမ်းသတ်နိုင်သည်။
ဒီခန္ဓာဟာ အကောင်းလား၊ အဆိုးလား၊ ခွဲခြားသိရမည်။
မှတ်ကျောက်ပမာ ရုံးထုတ်လေးနဲ့ နှိုင်းယှဉ်ပါ။
ပဒ-ပုဒ်(ဆေဒ—ပြဘ်) ပဒေဿဒ ပုဒ်ပြတ်မှတ်ကျမ်း။
လူသေကောင် တရားမနာဘူး။
လူမဟုတ်ဘူး သိပိုင်လျှင် ကိုယ့်အိမ်သား သေလျှင်သိမယ်။
သေမှန်းသိရက်နဲ့လူသေကောင်ကိုဘာ့ကြောင့်တရားနာဘိတ်လဲ။
အိပ်ပျော်နေသူ တရားနာသလား။ လူသေကောင်ဟာ - ဘာကို
သိသလဲ။ လူသေကောင်လား - ရုပ်လား။လူသေသလား-ရုပ်ပျက်
သလား။ မိမိကိုယ် ယောကျ်ားအယူရှိလျှင် သောဘာပန်မဖြစ်။
မိမိကိုယ် မိန်းမ - ယူစွဲနေပါက နိဗ္ဗာန်ဘယ်ခါမှမရ
ပညတ်စွဲရှိနေသမျှ -သံသရာသစ်ငှာ၊

စာမျက်နှာနံပါတ်။


ဒီခန္ဓာမှာ နာမ်နဲ့ရုပ် မျက်လှည့်ပြဇာတ် နိဂုံးသတ် .... ၇၀
ပဉ္စမသည ဥယျာဉ်တရား ငါးပါး ပဏာမ .... ၇၄
ခန္ဓာငါးပါး ပရမတ်တရားဟောဘိ .... ၇၆
ကောင်းကင်ကမာရ်နတ်ကလူမိန်းမကိုလူပျိုလှည့်နိဂုံးသတ် ၁၀၇
နတ် ဂိငဇီရာထေရီအပျိုက ခွေးအိုကြီးလို့ ဆိုဘိ .... ၁၁၄
ဝါကြည့်တဲ့ယောဂီ-ဝဇီရာထေရီကို နမူနာယူပါ .... ၁၁၆
တရားအဆုံးသတ် အနုသန္ဓေစပ်-ပြောပုံဘတ်စမ်းပါ .... ၁၁၇
ဆဋ္ဌသည မုနိ ၅-ပါး ဘာသာပြန် ပဏာမ .... ၁၂၁
အာယတန-ပရမတ်တရား ဟောဘိ .... ၁၂၆
အပြင်အတွင်း ၂-ဌာန နိဗ္ဗာန်ကို အတွေ့ရှာကြ .... ၁၃၁
ငပိုက်ဆံစုဒ္ဒါစ်ဖိုးဥပမာ .... ၁၃၇
ဒို့ဗိမ်သားတွေဟာ ကြက်ခြင်းနိဂုံးသတ် .... ၁၄၃
သတ္တမသည မဂ္ဂင် ရှစ်ပါး ပဏာမ .... ၁၄၈
ပဒေဆ္ဆဒဒီပနီလမ်းညွှန်-ဘာဒ်ပါအုံး .... ၁၅၆
မာတိ ၁၈-ပရမတ်တရားဟောဘိ .... ၁၆၀
၃၂-ခကောဌာသကိုဆရာဝန်ဦးမြတ်သိန်းထွန်းကခေါ်ခဲ့ပြီ ၁၆၃
ရန်ကုန်မြို့ကဲ့ အနန္တနဲ့ အရိယာ လွန်ဆွဲပုံ .... ၁၆၉
ဒေ့မှာ်မပျောက် ခါတ်မပေါက် .... ၁၇၂
သာသနာပြုစုဘမျိုးမှတ်-နှုတ်ခမ်းမွေးဦးပဏ္ဍိ နိဂုံးသတ် ၁၇၄
ပဒေဆ္ဆဒကျမ်း၏လက္ခဏာ တောက်ကွက် ဥပမာ .... ၁၈၈
ဝိပဿနာပညာ မှိုဥပမာ .... ၁၉၅
ဝိပဿနာ မော်တော်ကား ဖေါင်းတိန်နာရီ ဥပမာ .... ၂၀၀
ပိဋကတ်သုံးပုံအချုပ်၊နေ-ငယ်ကို လက်ကိုင်ဒုတ် .... ၂၀၃
ပဒေဆ္ဆဒကျမ်းနိဂုံးသတ် အလောင်းတော်ဘောသပတ္တဇာတ် ၂၀၄

## ပဒေသာဒဒိပနီကျမ်း လက္ခဏာ။

ဝိပဿနာ ပညာစခန်း၌ ကမ်းတဘက်ခပ်နိုင်မည်။
ရှင်တိုင်း-လူတိုင်း မဟာဓမ္မကထိကဖြစ်ရမည်။
လှည့်ပတ်လို့မြောက် ခြောက်လို့မရ ပဒေသာ။
စာဘတ်သူရှိက ဘအိမ်သားလုံး တရားမှန်နာကြရမည်။
နာမ်နဲ့ရုပ်တို့၏လက္ခဏာ ၃-ချက် ကိုသိမှ အကျိုးနပ်မည်။
အလုပ်များလေ တရားတိုး၍ရလေမှတ်။
ကာမဂုဏ်ကြားထဲက ဓမ္မာရုံဘရားကိုရနိုင်သည်။
ရထားစီး၊ သင်္ဘောစီး၊ စာအုပ်ဘတ် တရားဘသက်သေခံမည်။
သွားလေရာ အိပ်ထဲမှာဆောင်၊ ရန်မျိုးစုံအောင်ရမည်။
ပါဠိမပါလို့မပေါ့နဲ့ စာအုပ်ငယ်လို့ အရေးမလုပ်မနေနဲ့။
ပုဇွန်ဆိတ်ငယ်သော်လဲ သမုဒ္ဒရာ ကူးခပ်နိုင်သည်။
ရင်တွင်းပူဟူသမျှ ဒီစာအုပ်က ငြိမ်းသတ်နိုင်သည်။
ဒီခန္ဓာဟာ အကောင်းလား၊ အဆိုးလား၊ ခွဲခြားသိရမည်။
မှတ်ကျောက်ပမာ ရုံးထုတ်လေးနဲ့ နှိုင်းယှဉ်ပါ။
ပဒ-ပုဒ်(ဆေဒ—ပြဘ်) ပဒေသာဒ ပုဒ်ပြတ်မှတ်ကျမ်း။
လူသေကောင် တရားမနာဘူး။
လူမဟုတ်ဘူး သိပိုင်လျှင် ကိုယ့်အိမ်သား သေလျှင်သိမယ်။
သေမှန်းသိရက်နဲ့လူသေကောင်ကိုဘာ့ကြောင့်တရားနာဘိတ်လဲ။
အိပ်ပျော်နေသူ တရားနာသလား။ လူသေကောင်ဟာ - ဘာကို
သိသလဲ။ လူသေကောင်လား - ရုပ်လား။လူသေသလား-ရုပ်ပျက်
သလား။ မိမိကိုယ် ယောကျ်ားအယူရှိလျှင် သောဘာပန်မဖြစ်။
မိမိကိုယ် မိန်းမ - ယူစွဲနေပါက နိဗ္ဗာန်ဘယ်ခါမှမရ
ပညတ်စွဲရှိနေသမျှ -သံသရာသစ်ငုဘ်၊

၁၉၇၃ ခု၊ မတ်လ ထုတ်၊

(အုပ်ရေ ၂၅၀၀)

ကုန်သွယ်ရေး ခွင့်ပြုသည့်လ၊ ဖေဖော်ဝါရီ၊

အဖုံးရိုက်၊ ဝင်းအောင်ပုံနှိပ်တိုက်၊

ထုတ်ဝေသူ။ ။ ဒေါ်ကြည်ကြည်၊ (အေးဇမ္ဗူစာပေတိုက်)
(မြဲ—၀၁၀၀၁) အမှတ် ၂၅၃၊
ဘောင်ဒရီလမ်း၊ ရန်ကုန်မြို့။

ပုံနှိပ်သူ။ ။ ဦးစိန်ဝင်းအောင် (ဝင်းအောင်ပုံနှိပ်တိုက်)
(မြဲ—၀၁၆၄၅) ၁၃၂—အေ၊
၄၇—လမ်း၊ ရန်ကုန်မြို့။

ဘာသာရေးဆိုင်ရာ ခွင့်ပြုချက် အမှတ် (၆၂၁၉-က)

# နိဒါန်း

●

သေဒါအာပြုလို့ မေးလို့။ ပျက်တာ ဘာ့ကြောင့် ဖြစ်လို့။ ငိုဇါ ဘယ်အတွက် ရယ်လို့။ ဒီခန္ဓာဖြစ်ရဒါ ဘယ်သူ လုပ်သလဲ၊ သူများ မြှောက်ပေးလို့ ဖြစ်လာသလား၊ မိမိ ဆုတောင်းမှားလို့ ဖြစ်လာရသလား၊ လက်ရှိ သားသမီးတွေ ဘယ်သူရှာသလဲ၊ ယခုမယား၊ ယခုလင်၊ ဘယ်သူကပေးလို့ ယူရသလဲ၊ တွေးဝံ့ကြရဲ့လား။

ယခုလက်ရှိ စီးပွားတွေအတွက် စိုးရိမ်ရဒါ ဘယ်သူက စေခိုင်းသလဲ၊ လက်ရှိငါပိုင်အိမ်၊ ငါပိုင်ကျောင်း၊ ငါပိုင်တိုက်၊ ငါပိုင်ကား၊ စိန့်ရွှေ့ငွေ၊ အပိုင်လုပ်သမျှ ဘယ်သူက နှိုးဆော်ပါသလဲ စဉ်းစားကြ။

လက်ရှိအလုပ်၊ လက်ရှိရာထူး၊ လက်ရှိဂုဏ်ထူး၊ လက်ရှိခန္ဓာ၊ လက်ရှိ ငါပိုင်၊ ငါဆိုင်တွေ၊ အမိဝမ်းဗိုက်အတွင်းမှာ ဖြစ်စဉ်က ပါလာပါရဲ့လား တိုင်ပင်စမ်းပါ။

ဒုဂ္ဂတိဘုံသားကို မကောင်းကျိုး ပေးတယ်လို့ သိတဲ့ဉာဏ်၊ လက်ရှိသုဂတိ ခန္ဓာကိုယ်၊ သုဂတိ ဘုံသားကို ကောင်းကျိုးပေး

တယ်လို့ သိတဲ့ဉာဏ်၊ သာသနာတွင်းမှာ အထူး သိရတဲ့ဉာဏ် ဆိုမှာလား။

## အသင်ယောဂီ ပါးနပ်ကဲ့လား

တရားအစစ်ကို ပိုင်ပိုင်မရသမျှ အားထုတ်လို့မပြီးသမျှ မေးလို့ သေလို့ မပြီးဘူး ပုဒ်ပြတ်မှတ်။

ကိုယ့်ဒုက္ခကို မသိသူ။
ကိုယ့်အလုပ်ကို နားမလည်သူ။
ကိုယ့်လမ်းကို မသွားဘတ်သူ။
ကိုယ့်ဝန်ထမ်းမှု လေးမှန်းမသိသူ။
ကိုယ့်ဇိမ်ကို ဇိမ်အစစ်ထင်သူ။
ကိုယ့်ဂုဏ်ကို ဘာဂုဏ်မှန်းမရိပ်မိသူ။
ကိုယ့်အနေကို အချိန်ကုန်မှန်းမသိသူ။
ကိုယ်နာတဲ့ရှာတဲ့တရားကို ဘာတရားမှန်းမသိသူ။
ကိုယ်ဟောတဲ့တရားကို ဘာအကျိုးမှန်းမတွေးသူ။
ကိုယ်ရေးတဲ့ကျမ်း ကိုယ်ကအစ အပိုင်မရသူ။

လောကဥ္စထင်ရှားစေသော ပကာသနဂုဏ်လုပ်ပြီး အယောင်ဆောင်ခြင်း၊ အရောင်တင်ခြင်း ဆိုထိုက်၏။

သေရဒါ မွေးလို့၊ မွေးရဒါ ဘာ့ကြောင့်ဆိုသော ပစ္စယပရိဂ္ဂဟဉာဏ်ကို။ဝါ၊အကြောင်းရင်းခံကို အခြေအမြစ်ကို ပိုင်ပိုင်နိုင်နိုင်သိစေဘို့၊ သူများညာလို့၊ ဝါးလို့၊ ကြွားလို့၊ လှသွားလို့၊ စားလို့မရအောင်၊ လှည့်ပတ်၍ ဖြားယောင်း၍မလိမ်နိုင်အောင် မှူမှတ်သဘာ့ယ် ရှုံးထုတ်လေးပမာ၊ အိတ်ဆောင် ကျမ်းတစောင်၊

သွားလေရာ လွယ်အိတ်ထဲမှာဆောင် သက္ကာယဒိဋ္ဌိ အမှောင် ပျောက်ပြီး၊ ဝိပဿနာ နေအရောင် တောက်ရမည် ယောဂီ။

**အစားနဲ့ အညာခံ အလိမ်ခံ**
**တရားနဲ့ အညာအလိမ် မခံကြနဲ့တော့**
**စကားတတ်လျှင် စောင့်၊ တရားတတ်လျှင် ဖြောင့်။**

ပရိသတ်ဝိုင်း၊ ပညာရှိဝိုင်း၊ ဘယ်ဝိုင်းမဆို၊ ပရိယတ်မှု စည်းမျဉ်းနဲ့မလွဲ၊ ပဋိပတ်နည်းမှာ ရဲရဲကြီးတာဝန်ယူပြီးပြီ၊ သူ့ဂိုဏ်း၊ ငါ့ဂိုဏ်း၊ သူ့ဝါဒ၊ ငါ့ဝါဒ၊ ဘယ်သူက ဘာပြောပြော ဘာတရားတွေဘဲ ဟောဟော။

**တရားတော်မှာ ဂုဏ် ၆ ပြား။**

အစ - အလယ် - အဆုံး၊ သုံးပါးလုံး ကောင်းခြင်းရှိသော သွာက္ခာတဂုဏ် အစရှိသော ၆ ပါးသောဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော ပိဋကတ်သုံးပုံ အချုပ်၊ မဂ္ဂင်ရှစ်ပါးထုတ်၊ သီလ၊ သမာဓိ၊ ပညာ သုံးပါးနှုတ်။

**လိုရင်းမှာ အတ္တဒိဋ္ဌိပြုတ်၊**
**အနတ္တလက္ခဏာသုတ်။**

ဓမ္မစကြာအရိပ် မပြောင်းကြဘဲ၊ တံဆိပ်ခေါင်း ရသေ့အမှတ် သတိပြု။ အတွေ့ခတ်ဆိုဒါသိမှု၊ မသိအဝိဇ္ဇာ သိဝိဇ္ဇာ၊ မှားသူ မိစ္ဆာဒိဋ္ဌိ၊ မှန်ယူ-သမ္မာဒိဋ္ဌိဉာဏ်ကို ရကြမည် ပုဒ်ပြတ်မှတ်။

**အသိနဲ့အလုပ် ဘယ်လိုဘဲရုပ်၊ ဒိဋ္ဌိမပြုတ် ခက်တယ်။**

## လိပ်ရုပ် ဥပမာရှင်းမယ်။

ပဲခူးမြို့၊ ရွှေမော်ဓောဘုရားသမိုင်း ပဏ္ဍာမ။

ဆရာသည်၊ ဝိပဿနာဉာဏ်ကို ပိုင်ပိုင်ရပြီးမှ၊ အများလူငယ်ကလေးများကို နားလည်လွယ်ဘို့၊ သိမြင်လွယ်ဘို့၊ လူပြိန်းများကို ထင်ရှားစေဘို့၊ ဝိပဿနာတရားမြတ်ကို၊ ရလွယ်၊ ပေါက်ရောက်လွယ်ဘို့၊ တညလျှင် ၂-နာရီခန့် ၇ ည ၇ ရက် ဟောစဉ်။

**တနည်း။** ။အဘိဓမ္မာ ၇ကျမ်းအရ၊ ၇ရက်ဟောထုံး။

**တနည်း။** ။ရတနာ ၇ ပါးပမာ၊ ၇၊ဌာနီဟောနည်း။

**တနည်း။** ။နေ့ ၇ နေ့ သားတို့နဲ့ညီစွာ ၇၊ခန်းအစဉ်ဖြင့် ဟောနည်း၊ ကျမ်းရေးနည်း၊ ရည်ရွယ်ချက် စည်းမျဉ်းအတိုင်း။

### ၇ ရက်စဉ် ပဌမ ညဥ်။

ကျောက်သင်ပုန်းဘောတွင် စီစဉ်၍၊ ရေးလေ့ ဟောလေ့ရှိသော တရားနာသူ စာဘတ်သူတို့အား၊ (မပြီးခင် အရင်မကြည့်ချင်နဲ့) ဆိုဒါလို၊ အန္တရာယ်မသင့်စေခြင်းငှါ၊ သတိပေး ဆုံးမလေ့ရှိသော—

လိပ်ပတ်လည်အောင်နာ၊
လိပ်ရုပ် ဥပမာ။
လိပ်ပတ်လည်အောင်ဘတ်၊
ဝိပဿနာ တရားမြတ်။

(၄)

## လိပ်၌အက္ခရာတလုံးက စ-ဓ-ဗ-ဝ အက္ခရာလေးလုံး။

| စ | ဓ | ဗ | ဝ |
|---|---|---|---|
| သစ္စံ | ဓနံ | ဗသုံ | သုဝဏ္ဏံ |
| အမှန် | ဥစ္စာ | အများ | ရွှေ |
| ငါးရံ့ | ဥဒေါင်း | ပုလွန် | လူဝံ |
| ဆား<br>၈ ကျပ် | လုံး<br>၁၀ ကျပ် | ဆပ်ပြာ<br>၁၉ ကျပ် | ယမ်းစိမ်း<br>၁၇ ကျပ် |

လောကီဝိဇ္ဇာယူနည်း-စတုပညာသ၊
၉၉-နဝင်း ခတ်ဆေး အာယုဝဍ္ဎန

———o———

| ဂ | ဓ | ဗ | ဝ |
| --- | --- | --- | --- |
| သဃ်ာ–၄ ပါး | ဓမ္မ-အနန္တာ | ဗုဒ္ဓ–ဘုရား | သိမ်္ဗိုလ်နိဗ္ဗာန် |

အရိယာဝိဇ္ဇာယူနည်း ကာမစိတ် ၅၄၊
မဂ် ၄၊ ဖိုလ် ၄၊ နိဗ္ဗာန် ၁၊
၅၄ ကို ၉ နှင့်စား အကြွင်းမှာ သုည အနန္တာမှတ်။

## လိပ်ရုပ်ပုံစံ ဘာသာပြန်။

ပဲခူးမြို့၌ ရှေးက မြို့မဖြစ်မီ သမုဒ္ဒရာရေ ခမ်းခြောက်သဖြင့် ပင်လယ်တိမ်အရပ်မှတ်၊ မြေပြင်မြေသား တက်ကြွလာ၏။ ရှုံ့ညွန် အိုင်စသည်များ၏၊အချို့မှာကုန်း၊အချို့နေရာက ကျင်း၊အချို့ မှာ အနိမ့်၊ တနေရာ၌အမြင့်ဖြစ်၏။ သစ်ပင်ချုံနွယ်တို့ဖြင့် ပေါ များ ထူထပ်လျက်ရှိ၏။

## မြို့သစ် တည်ထောင်မည်။

ရှေးမင်းများလက်ထက်က၊၎င်းမြို့တည်မည့်ဌာနကို တောချုံ စသည်တို့ကိုရှင်း၊ ကုန်းကိုကျင်း၊ ကျင်းကိုကုန်း စသည်ဖြင့် ဘုရင် တို့ ဘုန်းကံနှင့် ထုံးစံအတိုင်း စီမံပြုပြင်ကြကုန်သည်။ တနေရာ၌ ဘုရားစေတီတဆူတည်ရန်၊ ချုံပိတ်ပေါင်းတို့ကို ခုတ်ထွင် သုတ် သင် ရှင်းလင်းကြသောခါ။

## လိပ်ကြီး တကောင်

အလွန်ကြီးကျယ်သော လိပ်ကြီးတကောင်ကို တွေ့မြင်၍ လူအများ အော်ဟစ်ဆူညံသွား၏။ ပညာရှိတယောက်က လူအများ အော်ဟစ်သံကို ကြား၍လာလျှင်၊ ထိုလိပ်ကြီးကိုတွေ့မြင်၏။ ဒါး, ဒုတ် စသည်ဖြင့် ဆွဲကိုင်၍၊ လိပ်ကိုရိုက်မယ်သတ်မယ်၊ ချက်ပြုတ်စားသောက်မယ်ဆို၍၊ ကြိမ်ဝါးတွဲလူတွေကို ခေတ္တမျှတောင်းပန်ရပ်ဆိုင်း၍ထား၏။ လိပ်သည် လူသံဆူညံသဖြင့် အလွန်ကြောက်လန့် တုန်လှုပ်ပြီးဦးခေါင်း လက်,ခြေများကို ရုပ်သိမ်းပြီး ငြိမ်သက်စွာနေ၏၊ ထိုအခိုက် လိပ်ကြီး၏ ကျောက်ကုန်းတည့်တည့်၌ အက္ခရာတလုံး ထူးဆန်းစွာပါကြောင်း ပညာရှိက မြင်သဖြင့် ရေးကူး မှတ်ယူထား၏။

## ငြိမ်ငြိမ်နေကြ အကဲခပ်ကြ

တပည့်တို့ အသာနေကြ၊ အကဲခပ်ကြစမ်း၊ မင်းတို့စဉ်းစားကြ၊ ဒို့လဲဘုရားအကြီးအကျယ် ပူဇော်ဘို့ တည်မည့်အကြံ အစည်ဖြင့်၊ ဒီချုံတွေကိုသုတ်သင်ကြရတယ်၊ အတိတ်ကောင်း,နိမိတ်ကောင်း, လိပ်အကြောင်း ကြည့်၊ ဦးခေါင်းလက်တွေမထွက်ပေမဲ့၊ အက္ခရာ တလုံးတသက်စာ သုံးလောက်အောင် ထူးထူးဆန်းဆန်း ပါတဲ့ လိပ်၊ အထိကရလိပ်၊ ဒါကြောင့် ငြိမ်ငြိမ်နေပြီး ကြည့်ကြစမ်း၊

## ဦးခေါင်း လက်,ခြေထွက် လိပ်ကြီးကို အကဲခပ်ချက်

ပညာရှိက ပထမနမူနာပုံစံရှိ အက္ခရာကို ရှေ့က ကွင်းပိတ်လျှင် (စ)ဖြစ်၏။ လိပ်ကလည်းလျှင် (ခ)ဖြစ်၏။ ပထမ နမူနာ

အဘိုင်းပက်လက်လှန်၍ လိပ်ကလည်လျှင် (ဗ) ဖြစ်၏။ ပထမ နမူနာရှိအက္ခရာကို၊ အတွင်းကွင်းကိုဖြုတ်ပြီး၊ ဝ ါ၊အပိတ်အကွေး ကိုဖြုတ်၊ လှဲပြီးပြန်ဘတ်သော်(ဝ)အက္ခရာဖြစ်၏။

## ဒီလိပ်ထဲက စမလေးလုံး ပေါ်လာပုံ

## စ-မ-ဗ-ဝ

စ-အရ၊သစ္စံ အမှန်။ မ အရ၊ မနု ဥစ္စာ။ဗ အရ၊ဗဟုံ အများ ဝအရ၊ သုဝဏ္ဏံ ရွှေ။ဒီလိုပညာရှိတဲ့ လူကအဓိပ္ပါယ်ကောက်ယူ သည်၊ ပညာမဲ့တဲ့ လူတွေက၊ ရိုက်မယ်၊ သတ်မယ်၊စားမယ်။

### ပညာရှိခုပေါင်း လူမိုက်ခုဖယ်။

တပည့်တို့၊ လိပ်ကိုရွှေရေ, ငွေရေလောင်း၊ ဒိုဘုရား တည်မဲ့ အကြံကြီးဟာ အထင်ဗြောက်ပါစေသားလို့ ဆိုပြီး၊သမုဒ္ဒရာမြစ်ထဲ သို့၊ ချမ်းသာစွာသွား၍ လွှတ်ကြပေတော့ အမိန့်ပေးတယ်။

### ၇ တောင် တူးပြီ

လိပ်နေတဲ့နေရာကို ၇ တောင်တူး၊ ရွှေငွေရတနာ အစုံ မြောက်မြားစွာ အမှန်ကေန် တွေ့ရ မယ်လို့ ပညာရှင်က ပြောတယ်၊ လူအများက တူးဖေါ်ကြရှာတယ်၊ ရတနာမျိုးစုံ တွေ့သဖြင့် ဝမ်းသာအားရကြ၏။ ဒီရွှေငွေတွေနဲ့ဘဲ ဘုရား တည် ကြ၏။ ရွှေမော်ဓောဘုရားဟူ၍ယခုတိုင်ထင်ရှား၏။

**ရွှေချတဲ့ဘုရား အပေါင်းတို့တွင် ရွှေတွေပေါများလွန်းလို့ အမော်ဆုံး အတော်ဆုံး တော်ဝင်ဘုရားဖြစ်၏။**

## ရှေးက ရွှေမော်တော်ဘုရား
## ကာလရွေ့လို့—ရွှေမော်ဓောဘုရား

ဒါဘာ့ကြောင့် လိပ်ငြိမ်နေ့တုံးက အက္ခရာတလုံးသာ တွေ့မြင်ရ၏။ (တရားနာဒါ တရက်နဲ့ တင်းမတိမ်ဘို့) အခိပ္ပါယ် မပြည့်စုံသေး၊ တဖြည်းဖြည်း လိပ်လှဲ့ လှဲ့လာမှ လိပ်လည်လာခါမှ လိပ်အပတ်လည်မှ (လိပ်ပတ် လည်မှ) အဓိပ္ပါယ် စုံလင်စွာ သိရမှ ၇-တောင်တူးရတယ်၊ ရတနာမျိုးစုံ တွေ့လို့ဘဲ၊ ဘုရား တည်ရတယ်၊ အားရဝမ်းသာစွာ ဖူးတွေ့ကြရတယ်။

## ၇—ရက်စဉ် တရားပွဲကို ရက်လည်အောင်နာပါ

၇-ခန်းကျမ်းစာ ပဒဓ္ဓေဒီပနီခေါ် ပုဒ်ပြတ်မှတ်၊ ကျမ်းကို နှံ့နှံ့စပ်စပ် အထပ်ထပ်ဘတ်စမ်းပါ၊ ရှေးက ပေါရာဏ စကား အသုံးမှာ မင်းစကားပြောရင် လိပ်ပတ်လည်အောင် ပြောစမ်းပါ)(ငါ့စကားပြောဒါ လိပ်ပတ်လည်အောင် နားထောင်စမ်းပါ)လို့ ရှေးအထက်ကာလစကားအသုံးကို အက္ခရာအရ၊ တရားတလုံးဖြင့် နိမိတ်ဆောင်ပြီး၊ လိပ်ကောင်နဲ့ ယခုလာသမျှတို့ကို ဥပမာ ပြုလိုက်သည် ပြန်ဘတ်။

**လိပ်ပတ်လည်အောင်ပြော။**
**လိပ်ပတ်လည်အောင်ဟော။**
**လိပ်ပတ်လည်အောင်ရေး။**
**လိပ်ပတ်လည်အောင်တွေး။**

ငါးရံ့၏အမြီးမှာ အပြာကွက်၊ စ-အက္ခရာ သင်္ကေတမှတ်၊ ဥဒေါင်း၏အမြီးမှာ (ခ) အက္ခရာမှတ်၊ ပုဇွန်၏အမြီး ၂-ခွသည် (ဗ) အက္ခရာ သင်္ကေတမှတ်။ လူဝံ၏ ဝမ်းဗိုက်မှာ (ဝ)အက္ခရာ သင်္ကေတမှတ်။

တနည်း။ ။စ-အရ၊ အင်္ဂါနံ-ဆိုသားယူ၊ ဂြိုဟ်သက် ၈-နှစ် ဖြစ်လို့ ၈-သား။ ခ-အရ၊ စနေနံထုံးယူ။ ဂြိုဟ်သက် ၁၀ နှစ် ဖြစ်လို့ ၁၀-သား။ ဗ-အရ၊ ကြာသပတေးနံ ဆပ်ပြာယူ။ ဂြိုဟ်သက်၁၉-နှစ်ဖြစ်လို့ ၁၉-ကျပ်သား၊ ဝ-အရ၊ ဗုဒ္ဓဟူးနံ ယမ်းစိမ်းယူ၊ ဂြိုဟ်သက် ၁၇-နှစ်ဖြစ်လို့ ၁၇-ကျပ်သားမှတ်။ ပေါင်းလိုက် ဆေးအချိန် ၅၄ ကျပ်သားဖြစ်၏။ ၅၄-ကို နက္ခတ် ၉-ပါးနဲ့စား၊ အကြွင်းမှာဘာမျှမရှိ၊ သုညမှတ်။ လောကီဝိဇ္ဇာ ဓိုရ် ဆေးဖော်နည်း၊သွားမကျိုး၊ ဆံမဖြူ၊ အရေမတွန့်၊ အရွယ် ပျိုလျက် အသက်ရှေရှေနေရလို့ အာယုဝစ္စနဆေးလဲ ဒီလိပ်ထဲ က ရတယ်မှတ်လိုက်။ ။ဒါလောကီ။

လောကုတ္တရာဘက်က—အရိယာ အဝိဇ္ဇာ
ပညာစခန်းက—ကောက်နုတ်ချက်

အနန္တပုထုဇဉ် ပုထုဇဉ်မှန် သမျှတို့၏ စိတ်ထဲမှာ ခန္ဓာထဲမှာ၊ ကာမစိတ် ၅၄-ပါးရှိတယ်၊ အကုသိုလ်စိတ် ၁၂၊ အဟိတ်စိတ် ၁၈၊ ကာမာဝစရစိတ် ၂၄၊ ပေါင်း ၅၄၊ ဒါ ပရိယတ္တိမှတ်။

(၄)

## နားလည်မှုတရားရမယ်—မလည်မရ

ကာမဆိုဒါ ဘာလဲ၊ ၅၄-ဆိုဒါ ဘာလဲ၊ ဘာလုပ်ရမှာလဲ၊ ၅၄-သိရင် ရေတွက် မြတက် ပြောတတ်ချင် ပြီးရောလား၊ ဒီလိုနဲ့ဘဲ သေကြမှာလား။ မေးပြီ၊ (ကာမ) ဘာလဲ၊ စဉ်းစားဘတ်။

ကာမ၊ အလိုရှိခြင်း။
ကာမ၊ အလိုမပြီး။
ကာမ၊ လိုလိုနေတယ်။
ကာမ၊ လိုဒါ မရဘူး။
ကာမ၊ အလို။
ကာမ၊ လိုလို့မပြီး။

နှစ်သက်တယ်၊ စုံမက်တယ်၊ သာယာတယ်၊ မြတ်နိုးတယ်၊ ကြည်ဖြူတယ်၊ သနားတယ်၊ အားနာတယ်၊ ညှာတာတယ်၊ တွယ်တာဘတယ်၊ ကြင်နာတယ် မြှော်လင့်တယ်၊ တောင့်တတယ်၊ ကြည်ညိုတယ်၊ မှီခိုတယ်၊ အားထားတယ်၊ ငဲ့တယ်၊ ငဲ့ရသေးတယ်၊ ဒါတွေဖယ်လိုက်....

ကာမ၊ တင်းမတိမ်ဘူး။
ကာမ၊ အားမရဘူး။
ကာမ၊ အားမတန်လို့ မာန်လျှော့။
ကာမ၊ ရှုပ်က မစွမ်းနိုင်လို့။
ကာမ၊ စိတ်ပျိုတိုင်း ရှုပ်မပျို။
ကာမ၊ ရှုပ်အိုတယ်၊ နာမ်မအို။

ကာမ၊ ဟန်နမူနာပြ။

ကာမ၊ စိတ်ထဲက အခဲမကျေဘူး။

ကာမ၊ တနုပ်နုပ်။

ကာမ၊ မနေတတ်ဘူး။

ကာမ၊ ဖျောက်လို့မရ။

ကာမ၊ အလင်းမမြင်ဘူး။

ချစ်တယ်၊ ကြိုက်တယ်၊ စာရေးလို့ စာပေးလို့မဆုံး၊ စကားပြောလို့မပြီး၊ သမုဒ်မှင်ရေဖျော်၊ အာသာတငင်းငင်း၊ ဆားငန်ရေကျင်း၊ နွားတသင်း၊ ဒီအသုံးတွေ ဖယ်ထားအုံး။

ကာမ၊ လာသမျှငါ့ဟာ။

ကာမ၊ ဘာသူ့ကမှ မရှက်။

ကာမ၊ ဘယ်သူမှမသိရ၊ မကြည့်ရ။

ကာမ၊ ငါ၏ပိုင်နက်။

ကာမ၊ ငါအချုပ်၊ ငါခေါင်းဆောင်။

ကာမ၊ ငါ့အလို၊ ငါသာဗိုလ်။

ကာမ၊ ရာဂ၊ အဇ္ဈာဒ၊ နိကန္တိ၊ တဏှာ၊ ပေမ၊ သမုဒယ၊ လောဘ စသော ပါဠိစကားတွေ ရှောက်မလိုက်ပါနဲ့။

ကာမ၊ အနိဋ္ဌိ ဂန္ဓ မင်းသား။

ကာမ၊ အလောင်းတော်ကုသ။

ကာမ၊ ရတနာစစ်ကို မတွေးနိုင်။

ကာမ၊ သေဘေးမတွေးနိုင်။

ကာမ၊ ငါနိုင်ငံကျော်။

ကာမ၊ ဒုက္ခကို မမြင်သူ။

ကာမ၊ ဘာပြုလို့ ရှက်ရပါသတုံး။
ကာမ၊ ဘာသူဘဲသိသိ။
ကာမ၊ ဘာကိုမှ အရေးမလုပ်။
ကာမ၊ မပန်းဘူး၊ မမောဘူး။
ကာမ၊ သေသေကြေကြေ။
ကာမ၊ သုံးဆယ့်တဘုံဇိမ်။

ကာမစိတ် ၅၄ ပရိယတ်ကို ဝိပဿနာဉာဏ်ဖြင့်၊ နှန်းဆွဲလိုက်ပြီ၊ ၅၄ လား၊ အနန္တလား၊ ပဋိပတ်ဉာဏ်ဖြင့် ဝေဖန်၍ ကိုယ့်ဒုက္ခ ကိုယ်မြင်ဘို့၊ ကိုယ့်ကာမကို ကိုယ့် ဘာသာပြန် သံဝေဂ ဖြစ်ပါ ယောဂီ၊ သူများကာမနဲ့ လုံးဝမဆိုင်။

## နားမလည်ရင် တရားမရပါဘူး။

စဉ်းစား၊ ငွေ ၁၀၀-နဲ့ တင်းမတိမ်ဆိုဒါ ဖယ်လိုက်၊ သိန်းထီပေါက်ပြီ အားရပါ့မလား၊ မြို့ပိုင်နယ်ပိုင် ဖြစ်ထာ ဘေးချိပ်လိုက်၊ ရှင်ဘုရင် ဖြစ်ပြီတဲ့ တင်းတိမ်နိုင်ရဲ့လား၊ မင်းကတော်တွေကို ထည့်မစဉ်းစားပါနဲ့၊ မိဖုရားကို ကိုယ်ချင်းစာ၍ မေးကြည့်၊ မသေချင်ပါဘူး၊ မတော်ချင်ပါဘူး၊ သစ်သားအိမ်နဲ့ အုဋ္ဌတိုက်ပေါ် ဂုံစားနေကြရတဲ့၊ သူဌေးအယောင်ဆောင်တွေနဲ့ အစစ်တွေကို ရေးစရာမလို၊ သစ်သားကျောင်း တိုက်ကျောင်းတွေနဲ့ ပြည့်စုံပြီ။ တင်းတိမ်ထိုက်ပြီ၊ တော်ကြပြောလို့များ ရှိကြရဲ့လား၊ ကာမစိတ်ကို ရေးတယ်၊ ပုဂ္ဂလိကကို မတွေးနဲ့ အန္တရာယ်ဖြစ်မယ်၊ အထူးသတိပြု ယောဂီ။

# (၄)

ကာမ ဘာလဲလို့ မေးစမ်းပါ၊ စာထဲရှိလို့ ပြောဒါ၊ ပြောရပါ၏၊ သဘောရအောင် တွေးပြီးရေးလိုက်သည်။

**ကာမ၊ လူဇိမ်၊ နတ်ဇိမ်၊ ဗြဟ္မာဇိမ်။**
ကာမ၊ အနေကောင်း အစားကောင်းနဲ့ အချိန်ကုန်။
ကာမ၊ စီးပွားရေးကြောင့် သဘောမတွေး။
ကာမ၊ ဝိပဿနာခေတ်မှန်း မသိဘူး။
ကာမ၊ ထင်ရာရေး ထင်ရာဟော။
ကာမ၊ မြှောက်တိုင်းမြှောက်။

**ယောဂီဥာဏ်သွားသလောက် ကိုယ့်အလို**
**ကိုယ် စဉ်းစားပါ။**

ကာမ၊ ချော့ချော့ပြောပါတယ်။
ကာမ၊ သီလ,သမာဓိ,ပညာ အားလုံးကင်း။
ကာမ၊ ဥစ္စာစောင့်,ပြိတ္တာ,သူရဲ,ငါးရဲသား။
ကာမ၊ ကရဏီယ,ရွတ် မကျွတ်ဘူး။
ကာမ၊ သပိတ်သွတ် ကျွတ်ချင်မှ ကျွတ်မယ်။
ကာမ၊ မိုးလင်းမှန်းမသိ နေဝင်မှန်းမသိ။

ကာမစိတ် ဘယ်မျှလဲ ၅၄။ ဒါစာထဲပါလို့ သိဒါမှတ်၊ သုတမယဉာဏ် သညာသိ ခလေးသိမှတ်၊ စာထဲက **ကာမစိတ်** ၆၄ ရေးထားရင် ၆၄ ဘဲမှတ်မယ် ပြောမယ်၊ မှတ်ရမယ် ပြောရမယ်။

**အပြောခေတ်မဟုတ် သဘောစစ်ထုတ်ဘို့။**
ပရိယတ် ပဋိပတ် ပဋိဝေဓ။

## အရိယာဝိဇ္ဇာက စ၊ ခ၊ ဗ၊ ဝ ယူပုံ။

စ၊ အရ သစ္စာလေးပါးအမှတ်။ ခ၊ အရ ခမ္မဆိုတာ အနတ္တတရားမှတ်။ ဗ၊ အရ ဗုဒ္ဓဘုရားဟော။ ဝ၊ အရ သီဝံ နိဗ္ဗာန်ငြိမ်းချမ်းသာခြင်း၊ သက်သာခြင်း၊ ရှင်းလင်းခြင်း၊ ကြည်လင်ခြင်းမှတ်။ (ယောဂီ၏ ရင်ထဲက)တနည်း၊ ပုထုဇဉ်၏ ရင်ထဲက ကာမစိတ် အကျဉ်း ၅၄ ကို၊ မဂ် ၄၊ ဖိုလ် ၄၊ နိဗ္ဗာန် ၁၊ လောကုတ္တရာတရား ၉ ပါးနဲ့ စားသော် လာဒ်မှာ ၆ ရ၏။ အကြွင်းမှာ ဗလာနတ္ထိ ဘာမျှမရှိ သုညပါဘဲ၊ အနတ္တအစစ်မှတ်၊ စာထဲရေးရဒါမကျေနပ်ဘူး၊ ဒီကျမ်းစာ ဘယ်ကိုပို့တဲ့ ကူးတို့လဲမေး။

## အနတ္တလက္ခဏာရောက်အောင် ပို့မဲ့ ကူးတို့

စမ လေးလုံးကို အရိယာပညာရှိက ယူသောနည်းမှာ ဘယ်ခါမှမသေရတဲ့ ပြည့်အမတ ရောက်နိုင် ရနိုင်ဘဲ့ ဆေးတော်ကြီးမှတ်။ (ရောက်ဆိုဒါလဲ ကောင်းကင်မှာ နေ့လ့မှာ မယူနဲ့အုံး)။

အသုံ ချတတ်သူ ဉာဏ်ရှိသူမှာ ရွှေ့ငွေ့ဖြစ်ရုံ၊ ရောဂါကင်းရုံမျှ မက အပူကင်း၊ ဆင်းရဲကင်း၊ အပါယ်ကင်း၊ အိုနာ့သေခြင်း၊ ရောဂါစုံ အကုန်ကင်းရှင်းနိုင်သည်မှာ ဝိပဿနာဉာဏ်ကို မရက၊ ပိုင်ပိုင်နိုင်နိုင်မသိပါက၊ ဘယ်လမ်းကိုဘဲ လိုက်လိုက်၊ ဘာကိုဘဲလုပ်လုပ်၊ လုပ်သမျှ ဒုက္ခဖြစ်ပြီလို့ တထစ်ကျမှတ်။

ဝိပဿနာဉာဏ် နှမ်းစေ့ခန့်မျှ မရသော လောကချမ်းသာကား ခေတ္တမျှ အကျိုးခံစံခွင့်မှတ်။ အပူဘေးမကင်းသော ချမ်းသာ သုခဟုမှတ်လေ။ ဝိပဿနာဉာဏ်ကို မသိလျှင် လူများညာဝါးတိုင်းခံ၍၊ အပါယ်လားကြရမည် ယောဂီတို့။

အန္ဓက ပြော။
ဗာလက ယုံ။
ဥမ္မတ္တက၊က-ဝ ါဒဖြန့်။

လိပ်စခန်းသတ်မယ်၊ လိပ်တွေ့တဲ့နေရာကို ၇ တောင် တူး လျှင် ရွှေရတနာတွေ အများကြီးတွေ့၊ ဘုရားကြီးတည်ရ ဖူးကြ ရမယ်။ ဂုဏ်နည်းတူ၊ ယခု ဆရာ တရားဟောတဲ့ မဏ္ဍပ်နဲ့ လိပ်နဲ့ တူတယ်။ ဒီပင္ကေဒီမနီခေါ် ပုဒ်ပြတ်မှတ်၊ ကျမ်းနှင့် လိပ်နှင့် တူတယ်။ ပတ္တမြားအနှစ်ပမာ တရားအစစ် ရတနာတွေ ၇ရက် စဉ်မှာ တွေ့ရလျှင် စိတ်သာချ ဘိတ်စာမြသော်လဲ—

### လိပ် ပဏာမ အရ

ရက်မပျက်ကြ စာအုပ်နဲ့ ခဲတံ ဆက်ဆက်ယူခဲ့ကြ၊ မှတ်ကြ၊ ရေးကြ၊ တရားဟောနည်းမှာ တမိုးအောက် တယောက်ဆိုဒါ မယုံကြနဲ့၊ တရားအသား မနာရ,မဘတ်ရမှီ၊ ယောဂီတို့ စိတ်ဓာတ် မငယ်ရအောင်၊ လိပ်ပတ်လည် သတိစခန်းနှင့် နိဒါန်းညွှန်လိုက် ပါသည်။

ပဏာမ

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ။

ဘဂဝတော၊ဘုန်းတော်အန္တနှင့်ပြည့်စုံတော်မူသော၊ အရဟတော၊ ခန္ဓာသံသရာ သမုပ္ပါဒ်ကို သဗ္ဗညုတဉာဏ်မှာ ရှာ၍ ပုဒ်ပြတ်ဖြတ်တော်မူသော၊ တဿသမ္မာသမ္ဗုဒ္ဓဿ၊ သစ္စာလေးပါး တရားမှန်ကိုကိုယ်တိုင်သိမြင်တော်မူသော ထိုမြတ်စွာဘုရားအား—

အဟံ၊ သာသနာကျိုး သည်ပိုးဆောင်ရွက် ခန္ဓာဝန် ကျွန်ဂဇက်မှ ထွက်ရပ်ရည်မျှော် ဓမ္မကထိက ဘုရားသားတော်သည်၊ နမော၊ ပဒစ္ဆေဒဒီပနီနာမည်ပေါ်ထွက် ၇-ရက် ဟောစဉ် အတိုချုပ်စီရင်၍၊ မဂ္ဂင်ခေါ်ငြမ်း ပုဒ်ပြတ်မှတ်ကျမ်းကို ရည်မှန်းပြုခါ မာနလျှော့၍ ရှိခိုးကံတော့ လိုက်ပါ၏မြတ်စွာဘုရား။

ဓမ္မဿ၊ ပိဋကတ်သုံးပုံအလုံးစုံလိုရင်း အနတ္တသာသနာ တရားရတနာ နေမင်းအား၊ သံဃဿ၊ ကိလေသာကုန်လမ်း နိဗ္ဗာန်နန်းကို မျှော်မှန်းလိုကြောင်း သံဃာတော်အပေါင်းအား။ နမော၊ ဖျောက်လို့မရ၊ မတွေးရဘဲ၊ နေ့ညဥ့တ်ကျိုး ရှိခိုးပါ၏ဘုရား။

## (၂) ပဒဋ္ဌဒီပနီ—ပုဒ်ပြတ်မှတ်ကျမ်း။

## အရိယာဖြစ်ဘို့ အင်္ဂါ ၄ ပါး။

၁။ သပ္ပုရိသ သံသေဝ-နိဗ္ဗာန်ပြ ဆရာမှီဝဲ။
၂။ သဒ္ဓမ္မသဝန—ဆဲရာဟောတဲ့တရားနာ။
၃။ ယောနိသော မနသိကာရ-စိတ်ထဲထည့်ထား။
၄။ ဓမ္မာနုဓမ္မပဋိပတ္တိ—မဂ်,ဖိုလ်,နိဗ္ဗာန်ရမည်။

အင်္ဂါလေးပါးတို့တွင် ၁-နံပါတ်ကို ခုတွေ့အောင်ရှာ။ ဘာကြောင့် သေတော့မယ် ရက်မသိ ပညာရှိမှီဝဲ။ လူမိုက်မမှီဝဲနဲ့။ ပညာရှိဆိုဒါလဲ မီးငြိမ်းသော ဆရာမှတ်။ ဆရာကိုယ်တိုင်က မီးလောင်နေရင် သူဟောတဲ့တရား သူအပိုင်မရဘူး ပုဒ်ပြတ်မှတ်ကြ။

ဆရာစစ်ကို ငွေကုန်—လူပန်းခံ၍ ခု–မှီဝဲကြ ဒီခန္ဓာနဲ့ စည်းစိမ်ထားပစ်ခဲ့ရမယ်၊ ခုအပူငြိမ်းဒါ လိုရင်းမှတ်။

ယခုခေတ်၌ အရိယာဖြစ်ထာ အများကြီး ရှိတယ်မှတ်၊ အချို့လဲ နိဗ္ဗာန်လိုချင်တယ် ဆုတောင်းတုန်း။ ဒါနလဲပြုရ၊ သီလလဲစောင့်ထိန်းရ၊ သမထလဲအားထုတ်ရ၊ ဝိပဿနာလဲ ပွါးများရ၊ ရင်းတွင်းမှာလဲအပူမငြိမ်း၊ လားရာဘဝလဲကိန်းသေမသိ၊ ဒါဘာလို့သလဲ-ခုတွေး၊ ခုမေး၊ ခုတိုင်ပင်။

ကိုယ့်အပြစ် ကိုယ်ရှုကြ။
သူများ၏အပြစ် ရှုသူမှန်က၊
ဘယ်ခါမှ တရားမရ ပုဒ်ပြတ်မှတ်။
အရိယာပုဂ္ဂိုလ်များကို၊
ပြောဆိုပြစ်မှားလျှင် အန္တရာယ်။

၁၀ ပါးခုသင့်၊ သေရင် ငရဲကျ။
လွတ်ရင်လဲ၊ တရားမရ။

---

## ဘုရားပင့်။

ဣန္ဒြိယဥာဏ၊ ရူပ၊ ဝါစာ တန်ခိုးပေါ်၊ ဥာဏ်တော်ကလင်း ခြောက်သွယ်တော် ရောင်ခြည်အဆင်းနှင့် ဆိုးမခြင်းစကားတော်

မမှီနိုင်၊ မယှဉ်နိုင်တဲ့ တန်ခိုးတော်။
မတိုင်းနိုင်၊ မနှိုင်းနိုင်တဲ့ ဥာဏ်တော်။
မတုနိုင်၊ မပြိုင်နိုင်တဲ့ အဆင်းတော်။
မကြွားနိုင်၊ မဝါနိုင်တဲ့ စကားတော်။

၃၁ ဘုံလုံး ပဲ့တင်ချုံးလျက် ဘုန်းကြက်သရေ တက်နေ အလားကဲ့သို့၊ အလွန်တရားကြီးမားလှတဲ့ တန်ခိုးတော်။

နတ်၊ ပြဟ္မာ၊ လူ၊ အကုန်၊ သတ္တဝါပေါင်းစုံတို့၊ ဖူးငုံဆင့်ဆင့် အနဲ့ အရင့်ကိုမျှော်၊ ပွင့်စေတော်မူနိုင်တဲ့ဥာဏ်တော်။

တနေ့လုံး တညလုံး တဘဝလုံး ဖူးမျှော်၊ ပူဇော်ညွတ်ကျိုး မာန်ကိုချိုးလျက်၊ ရှိခိုးခါကြည့်မဝ, ရှိသေစွာ ပဏာမသဒ္ဓါဖော် စိတ်ရင်းမို့ ကြည်ညိုလို့ အားမရ တင်းတိမ်းရောင့်ရဲခြင်းငှါ မရှိကြ၊ နမူနာစံ၊ ဘယ်သဏ္ဍာန်နဲ့မှ၊ ဥပမာတင်ခါမပြနိုင်တဲ့၊ အဆင်းတော်။

သီလစုံနိသျည်း၊ ကျင့်သိက္ခာဝိနည်းက၊ ငါးကဏ္ဍ၊ နမူနာ သာဓက၊ တရားတော်အမှန်နှင့်၊ မဂ်ဖိုလ်ဥာဏ် ရကြတဲ့ သုတ်ဓမ္မာ

သုံးဖြာ၊ ဂမ္ဘီရဒေသနာ၊ သံသရာထွက်ဘို့လမ်းက ၇ ခန်း အဘိဓမ္မာ။

ဒါနကထာ၊သီလကထာ၊သဂ္ဂကထာ၊မဂ္ဂကထာ၊ကာမာဒီနဝကထာ၊ အာနိသံသကထာ၊နိပ္ပရိယာယကထာ၊ပရိယာယကထာ၊ တန်ဆာကြိယာတော်အစုံ၊ ပဒေသာပေါင်းခြုံလျက်၊ ဒေသနာတော်အကုန်၊ ဟောကြားပုံအနန္တ၊ ခံတွင်းတော် ကြာတိုက်မှ၊ နိဗ္ဗာန်ဆိုက် အရသာ၊ ဒေသနာ အမြိုက်ဆေး၊ အပူစုံအေးနိုင်တဲ့ စကားတော်။

## မြတ်ဂုဏ်တော် လေးဌာန။

အစိန္တေယျ ပုဂ္ဂလိ။
အစိန္တေယျ ဥာဏ။
အစိန္တေယျ ရူပ။
အစိန္တေယျ ဝါစာ။

အံ့ဘွယ်ရာ ဂုဏ်တော်ထူးနှင့် ပြည့်ဝတော်မူပေသော မြတ်စွာဘုရားသည်။ ဝိပါက၊ ဝဋ္ဋဒုက္ခ၊မမ္မကထိက၊ မှည့်ခေါ် ဘုရားသားတပည့်တော်၏ထိပ်ဦး၌၊ ကြည်နူးခါဦးစုံချလိုက်ပါသည်၊ကြွလှမ်းတော် မူလှဲ့ပါတော့ ကျေးဇူးတော်ရှင် အရှင်ကိုယ်တော်မြတ်ကြီးဘုရား။

## တရားတောင်း

စက်သံသရာ၊ ကမ္ဘာဘာတွင်၊ ဥာဏ်မှာမရှိ၊ မိုက်လုံးထိလျက်၊ မျက်စိမပါ၊ လူဗလာဟု၊ခန္ဓာနာမ်ရုပ်၊ ကိုယ်ဇာတ်ထုပ်ကို၊ သရုပ်မပေါ် အဟုတ်ချော်လျက်၊ မြုပ်သော်မှန်းဆ၊ လမ်းမရ၍

အနန္တခေါ်ရိုး၊နာမည်ဆိုးကို၊ ပယ်ချိုးသုတ်သင်၊ နာမည်ပြင်လျက်၊ အရှင်မြတ်များ၊ တပည့်များကို၊ ထင်ရှားပြသ၊ ဩဝါဒဖြင့်၊ ဓမ္မရေအေး၊ အမြိုက်ဆေးကို၊ တိုက်ကျွေးဘို့ရာ၊ ဘိဓမ္မာလမ်း၊ ၇–ခမ်းဟု၊ ကျွတ်တန်းဝင်ရိုး၊ ဝိဇ္ဇာမျိုးကို၊ အကျိုးဖေါ်ပြ၊ သာဓကနှင့်၊ စကျွံုဥဒပါဒိ၊ သစ္စာလေးပါး၊ မြတ်တရားကို၊ လက်ဝါးတင်ထား၊ မျက်မြင်ထင်ရှားရလေအောင်။ ဉာဏဥဒပါဒိ၊ ဒိဋ္ဌိပယ်ခွင်း၊ ကိုယ်ပိုင်ဉာဏ် ရှင်းရလေအောင်။ ပညာဥဒပါဒိ၊ အမိုက်ပယ်ရှောင်၊ ပညာရောင်လင်းရလေအောင်။ ဝိဇ္ဇာဥဒပါဒိ၊ ဒုက္ခကိုအမြင်သန်၊ ဝိဇ္ဇာဉာဏ် ရကြလေအောင်။ အာလောကော ဥဒပါဒိ၊ လမ်းကြောင်းကိုရှင်း၊ လင်းလင်းကြီး သိရလေအောင်။ ခြေစုံထောက်လျှို၊ ဦးညွှတ်ကျိုး၍၊ ရှိခိုးခါ၊ တောင်းပန်ခါ၊ ဟောကြားတော်မူလှည့်ပါတော့၊ ဓမ္မကထိကအမော် နိုင်ငံကျော် ကျေးဇူးရှင်မြတ်ဘုရား။

× × ×

## ရတနာသုံးပါးတို့အား ရှိခိုးကံတော့ခန်း

ဩကာသ ဩကာသ၊ ရှိခိုးခြင်းငှါ ခွင့်တောင်းပါ၏။ ကာယကံ ကြူးလွန်မှု၊ ဝစီကံ ကြူးလွန်မှု၊ မနောကံ ကြူးလွန်မှု၊ အစုစုတို့မှ ကင်းပျောက်စေခြင်းငှါ။ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ၊ အားကိုးထိုက်သော ရတနာသုံးပါးတို့ကို၊ ရိုသေမြတ်နိုး၊ ဦးညွှတ်ကျိုး၍၊ ရှိခိုးပါ၏ အရှင်ဘုရား။

ဘုရားတပည့်တော် တပည့်တော်မတို့သည် မအိုချင်ဘဲနဲ့ အိုရ၊ မနာချင်ဘဲနဲ့ နာရ၊ မသေချင်ဘဲနဲ့ သေရသော ဤခန္ဓာရုပ် အကောင်ပုပ်၏၊ ချုပ်ငြိမ်းရာလမ်းမှန် တရားစစ် ဝိပဿနာဉာဏ်ကို အမြန်မုချ လက်ကိုင်ရ၍ ယခုတခဏ ယခုဘဝမှာပင်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် မီးအေးခြင်း မြတ်နိဗ္ဗာန်ကို လက်ငင်း ခံစားရပါလို၏ ဘုရား။

မိမိတို့အိမ်သား တပည့်များကို ကျက်မှတ် သင်ထားကြလေ။

× × ×

## ဓမ္မန္တရာယ် ၁၀ ပါး အရကျက်။

အရိယာဇာတ်၊ ပုဂ္ဂိုလ်မြတ်ကို၊ ပြောတတ်ပြစ်ဆို၊ အညစ်ပို၍၊ မလိုရန်ညိုး၊ ထိုသူမျိုး၍၊ ဆယ်မျိုးပြစ်ဒဏ်၊ တွေ့မြဲမှန်ခဲ့။

၁။ သွေးအန် ဖြစ်လွယ်။
၂။ ရောင်း ့ဝယ် ရှုံးခြင်း။
၃။ ချွတ်ယွင်း အင်္ဂါ။
၄။ နူနာ ကုဋ္ဌ။
၅။ ရူးကြ ဘောက်ပြန်။
၆။ မင်းဒဏ် သင့်ခံကား။
၇။ ကြမ်းတမ်း စွပ်စွဲ။
၈။ သေကွဲ သားချင်း။
၉။ ပျက်ခြင်း စည်းစိမ်။
၁၀။ နေအိမ် မီးလောင်။

ဒုက္ခကောင်သည်၊ လူ့ဘောင်ဒိဌ္ဌ၊ တွေ့ကြုံရ၍၊ သေရငရဲ၊ ကမ္ဘာစဲခဲ့။ ရောက်ဆဲလူ့ပြေ၊ တက်ပြန်လေသော်၊ ကြက်သရေမွဲ၊ မဂ်ဖိုလ်လွဲလျက်၊ အမြဲကြမ္မာ၊ ဝဋ်ကြောင်းပါသည်၊ ရှောင်ရာ စမှ အန္တရာယ်တည်း။

× × ×

## သံဝေဂလင်္ကာ။

သေဘေးမမြင်၊ နေရေးရှင်လျက်၊ အစဉ်မှောက်မှား၊ ဝေနေ များတို့၊ ကြံအားသော်ခု၊ ဥာဏ်မျှော်ရှုဘို့၊ ဖေါ်ပြုမယား၊ သမီး သားနှင့်၊ စီးပွားလင်ပိုင်၊ ဇာတ်စင်ပြိုင်လဲ၊ မနိုင်ရှုံးမြဲ၊ နှစ်လုံး စွဲတော့၊ ပြုံးမြဲပျော်မြဲ၊ ဒွန်စုံတွဲလို့၊ ငိုပွဲ့ရယ်ပွဲ၊ စခမ်းနွဲ့ခဲ့၊ လမ်းလွှဲ့ တာရှည်၊ ကြာလှပါပြီ၊ ပလီပလာ၊ စိတ်မာယာဖြင့်၊ လိုခါ ချစ်တုံး၊ မလိုမုန်းကြ၊ ချိုပြုံးလှဲ့ပြန်၊ တကဲ့ဟန်ကြောင့်၊ သူ့ထံ ငါလိုက်၊ အပျော်ကြိုက်တို့၊ ငါ့ထံသူလိုက်၊ အပျော်ကြိုက်တို့၊ ဖေါ် လိုက်မပြီး၊ ဥာဏ်သိမ်းဆီးလို့၊ ကိုယ်ထီးသီရော၊ လမ်းပေါက်ရှာ တော့၊ ဖွားလာသေမျိုး၊ အနေဆိုးသည့်၊ လမ်းရိုးဆက်ခါ၊ ပျက် နယ်ရှာကို၊ တွေးခါတွက်ကြည့်၊ လက်ငင်းသိလိမ့်၊ ရှာသည့်ပစ္စည်း၊ ငါ၏မီးဟု၊ ငါ့မီးငါလှောင်၊ ငါ့မှာလောင်၏၊ ငါ့ထောင်ငါချ၊ ငါသာကျခဲ့၊ ငါကလွန်ကျူး၊ အမိုက်ရူးမို့၊ ထောင်မှူးငါပင်၊ ငါလျှင်ထောင်သား၊ အမှောင်များခဲ့၊ ရှောင်ရှားဘို့ရာ၊ သာသ နာတွင်၊ ခုစာတွေ့စ၊ သတိရကြ၊ ဝါ-ခုဆရာတွေ့က၊ သတိရကြ၊ ငါမျှသူပင်၊ လူကောင်မြင်၍၊ အစဉ်စဲ့ရှိ၊ မြဲဒိဌ္ဌိကြောင့်၊ ရိပ်မိကြ

မည်၊ ခြသေ့်ဆီကို၊ သိင်္ဂီမြတ်နား၊ ထိတိုင်းကြားလိမ့်၊ တရားထူးမြတ်၊ဓမ္မဓာတ်သည်၊ ဝိပဿနာ၊ ဘာဝနာငြမ်း၊ ဇာတ်သိမ်းခမ်းမို့၊ မဂ်လမ်းစူးယှ၊ အထူးပြမည်၊ ဦးမြတ်သိန်းထွန်း၊ လက်ဆောင်တည်း။ (အရကျက်)။

ကာမရောဂါ ကိုယ်တွင်းနာကား၊
ကုရာနတ္ထိ ဆေးမရှိတည့်။
မိမိပညာ သတိသာလျှင်၊
ဓမ္မာဩသဓ ဆေးမည်စွရှင့်။
မနုဿတ္တ လူ့ဘဝမှာ၊
ရောက်လာခဏ ဘဝကိုပင်။
ဒုက္ခမြင်သိ ဉာဏ်ဝယ်ရှိက၊
သုခရိပ်မှန် မြတ်နိဗ္ဗာန်ရှင့်။
ကိုယ့်ကိုကိုယ်ပင် လွန်ချစ်ခင်က၊
ရေလျှင်ခဏ လူ့ဘဝဝယ်။
ကောက်ရဆုပ်ယူ လက်ရှိသူကား၊
မတ္တမြားဆောင် ဝေဘူတောင်ရှင့်။

× × ×

## ၇-ရက်စဉ်အစီပွါယ်။

အဘိဓမ္မာ ၇-ကျမ်း၏ လိုရင်းအချက်၊မဂ်,ဖိုလ်,နိဗ္ဗာန် ခုဘဝရောက်ကြောင်းအမြန် သစ္စာဉာဏ်ကို ပထမ ရည်ရွယ်လျက် လူမျိုးမရွေး၊ ကြီး,ငယ်မရွေး၊ ကျား-မ,မရွေး၊ ဘာသာမရွေး၊

အချိန်နာရီ ပါရမီမရွေး၊ တဖြေးဖြေးပယ်။ အလွယ်ဆုံး၊ အကျဉ်းဆုံး၊ အတိုချုံးပြီး၊ ၇-နေ့သားတို့အား လောကရတနာ ၇ပါး ရွှေ့ငွေ့ပတ္တမြားတို့နှင့်ပြည့်စုံသည့်အသား သူတော်ကောင်းဥစ္စာ ရတနာ ၇-ပါးတို့ကို ဘဝမခြား အားရပါးရ သုံးဆောင်ခံစားကြဘိုရာ ပိဋကတ်မှတ်ကျောက်တွင် ရတီစစ်-မစစ်၊ အသီအနှင် ဟူသမျှ စစ်ဆဲတော်လျက် သံသရာသစ်ငှက် သက္ကာယဒိဋ္ဌိ အမြစ်ပြုတ်စေရန်၊ ပဋိပတ် လမ်းအမှန်သရုပ်ဖြင့် ပုဒ်ပြတ်မှတ်။

ကျမ်းဂန် တအုပ်ကို၊ အိတ်ဆောင်စာအုပ် လက်ကိုင်ဒုတ်သဘွယ်။ သိလုံးကျင့်လုံး စကားရှေမသုံးဘဲ၊ ရှေးသုံးနှုင့်တကွ ခေတ် ၈သုံး-ပေါ်ပင်ဆိုသမျှ၊ ဥပမာ သာဓက မျက်မြင် ဉာဏ်မြင် ထင်ထင်ရှားရှားပညာဂုဏ်ကြီးထွား၍ ချင်တွင်းပူ ကိန်းသမျှ မီးမျိုးစုံငြိမ်းကြမည်။ လောကစီးပွားသဲ ဂရုစိုက်။ ဂေါတမ စီးပွားလဲ ယခုလိုက်။ ဘာ့ကြောင့်၊ လောကခနေ မရှိလျှင့်လူမခေါ်ချင်။ ဂေါ်ဘာမဓမ္မ မသိလျှင့်သူတော်မဝင်။

## မနုဿတ္တဒုလ္လဘ

လူအဖြစ်ရခဲတာ၊ ယခုရနေကြပြီ။ သတိပြု၊ သိမှုဆိုဒါဘာလဲ။ သာသနာထဲ သာသနာတွင်း သာသနာအလယ် သာသနာ-နေ၊ သာသနာလ ခကွယ်ပခင်၊ အပါယ်မကျတဲ့နည်းလမ်း စည်းကမ်းတကျ ရကြဘို့ အခွင့်ကောင်းကာလ၊ ဘဝသိန်းထီ၊ ဓမ္မသိန်းထီ၊ သာသနာသိန်းထီ၊ ရဘနာသိန်းထီ၊ နိဗ္ဗာန်သိန်းထီ၊ အမည်နာမ လိုချင်အောင် မျိုးစုံပြသော်လဲ၊ အကျိုးဂုဏ်နဲ့ ထိုဉာဏ်ကပ် သူတို့နံပါတ်ယူလျှင်။ ရှေ့သည၊ နောက်သည၊ အလယ်သည်ကို

အရလုအပါယ်ဘုံဘဝကို မကျူမှု။ ပေါက်စဥ် ပေါက်လုံးထီစာရွက် တွေ့ဘိုင်း မသုံးနဲ့။ ဘာကြောင့်—

သောင်းထီ၊ သိန်းထီ၊ ထောင်ရာထီ၊ အမျိုးမျိုးဖျမ်းမျှကြေး ဆိုတာ အကြောင်းမထူးပါဘူး၊ မကောင်းဘူး-ကောင်းတယ်၊ မကောင်းကျိုးနဲ့-ကောင်းကျိုး အဆက်အသွယ်ပြတ်မှု၊ မှတ်ကြ၊ (အနတ္တ) လက္ခဏာ အပိုင်သိမှ ဉာဏ်အဆုံး။

ကံအသုံးဆိုတာက ဖျမ်းမျှကြေး ပေါက်လုံးပါ။ အတီတာ နန္တရ-အစနဲ့အဆုံး၊ စကားအရှိ ကြားမိဘိုင်းသုံး၊ အမှားဆုံးမဖြစ် စေနဲ့ ခက်တယ်။ စတာလဲဒီခန္ဓာ၊ ဆုံးတာလဲဒီခန္ဓာ၊ သံသရာ လောကီဘဝ၊ ရောဟိတ သံယုတ်၊ ပုတိကာယဗျာမကဠေဝရ အကောင် ပုပ်။

ခန္ဓာနာမ်ရုပ်၊ သံသရာအရှည်က-သုံးထောင်ထွာပြယုဂ် လူ အဟုတ်ထင်-ကိလေသာမြူအနှုပ် စင်ခါမှ၊ အပူအပုပ်သုဘ်၊ လူ အဟုဘ် မဟုတ်၊ ဘူတရုပ်သဘာဝကို၊ ငါဘဲသူဘဲ ပကာသနနဲ့ တဏှာ မာန စိတ်ရှိသူတို့၊ ဒိဋ္ဌိလူ ဒိဋ္ဌိနတ်၊ ဒိဋ္ဌိပြဟ္မာ ဒိဋ္ဌိသတ္တဝါ တွေချိုးဖျက်၊ ဂေါတမ တန်ခိုးဓမ္မစက်။

သာသနာထက်ဝက်၊ လ-နေ-ရောင် တက်ကပြီ။ မြင်သူကြည့်သူ သတိမူကြဘော့။ ကိုယ့်အယူကိုယ့်အမှား၊ ကိုယ့်အပူ ကိုယ်ပွား ပြီး၊ ကိုယ့်အပါယ်ကိုယ်သွားနေကြဒါ မိစ္ဆာဒိဋ္ဌိမှတ်။

(ကိုယ့်အယူ-ကိုယ်မှန်လျှင် ကိုယ့်အပူ-ကိုယ်မခံရတော့ဘူး။)

သာသနာနေရှိန် မစောင်းခင်၊ ဆရာကောင်းခုရှာ၊ ခုအနာ ခုကု၊ ခုအမှုခုလွတ်၊ အပါယ်ဝဋ်ဒုက္ခလွတ်၊ ဒုစရိုက်ကံစုံ ကျွတ်တဲ့

ထွင်ရှုမြတ်သည့်တရားမှန်၊ယထာဘူတ ဝိပဿနာဉာဏ်ကို၊ ကိုယ်တိုင်အသိသက်သေခံမိးငြိမ်းဘို့စေဘန်လျက် ပြောတန်သည့်ပတ္တမြားကဲ့သို့ အိတ်လက်ဝယ် ဆောင်ထားက စိတ်သွားတိုင်း ကိုယ်ပါလိုရာကိုရ၊ခုဘဝခုတခဏ၊ခုသုခလမ်းသာခိုက်၊ နိဗ္ဗာန်ဆိုတဲ့ နန်းအမတာ အတွေ့လိုက်ကြစေရန်၊ လင်ကျွန် မယားကျွန် ကျွန်စာတမ်းဖြုတ်ပြီး ၇-ခမ်းသရုပ် စိတ်ဝယ်ရှင်းအောင်၊ အဓိပ္ပါယ်လင်းလိုက်သည်။ ထပ်ဘတ်။

**တရားဟောခါနီး ရည်ရွယ်ချက်ပြောပုံ**

၁။ နာမပညတ် မိမိအမည်အရှင်းမရှိ။

၂။ သဏ္ဍာနပညတ် မိမိပုံ အရှင်းမရှိ။

၃။ သန္တတိပညတ်=မိမိအသက်ရှင် အရှင်းမရှိ။

၁။ နာမ်နဲ့ရုပ် ခွဲထုတ် လူမဟုတ် ပရမတ်။

၂။ ခန္ဓာငါးပါး ရှင်းထုတ်-ကျား,မ မဟုတ် ပရမတ်။

၃။ အာယတန ၁၂၊ သတ္တဝါ-ခဖြစ်၊ ပရမတ်။

၄။ ဓာတ်-၁၈၊ အသက်ဇီဝ မစစ်၊ ပရမတ်။

ပရမတ္ထ သဘာဝကို ဒိဋ္ဌိဝိပ္ပလ္လာသခေါ် စိတ်ရှုး, စိတ်မိုက်က အတွင်းဓာတ် နှလုံး၌ ကျား မ, ထင်မှု ပညတ်ဖုံးသဖြင့်၊ မွေးသေ မဆုံး၊ ဘဝမဆုံး ချစ်မုန်းမဆုံး၊ ငို-ရီမဆုံး၊ တွဲ-ကွဲ မဆုံး၊ ဖြစ်ရ၏ သတိထား။ ပရမတ်နဲ့ ပညတ် လက်ထက်သရုပ် လက်တွေ့သရုပ် ခွဲရတာ၊ ဝိပဿနာဉာဏ်ရကြဘို့၊လက္ခဏာ ၃-ပါး နားလည်ဘို့။

**ပရမတ်နဲ့ ပညတ် သရုပ်မကွဲရင်။**

**တရားအစစ်အမှန်-ဉာဏ်ပိုင်မရ။**

ဘုရား၏ အလိုတော်ကျ အရှင်းမသိ။
သောတာပန်-စသော အရိယာအရှင်းမဖြစ်။
သာသနာတွင်းမှာဖြစ်တယ်-မဆိုနိုင်။
မိမိသေရင် လားရာဘဝ အရှင်းမသိ။

ပုဒ်ပြတ်မှတ်။

* * *

## ပ ထ မ ည၊ နာမပညတ်အခဏ်း။

ဒုလ္လဘငါးပါး ဘာသာပြန်—ပဏာမ။
နာမပညတ် တရားအသား။
သူဌေးသမီးကာလီ—နိဂုံးသတ်။

၁။ ဗုဒ္ဓဒုလ္လဘ၊ ဘုရားနဲ့ သာသနာ တွေ့ဘို့ တည်ဘို့ခက်။
၂။ မနုဿ ဒုလ္လဘ၊ ဗုဒ္ဓဘာသာ လူအစစ် ဖြစ်ဘို့ခက်။
၃။ သဒ္ဓါဒုလ္လဘ၊ ဘုရား တရား သံဃာဂုဏ် ယုံဘို့ခက်။
၄။ ပဗ္ဗဇ္ဇာဒုလ္လဘ၊ ခန္ဓာကြောက်တဲ့ ရဟန်း ဖြစ်ဘို့ခက်။
၅။ သဒ္ဓမ္မသဝန၊ အရိယာပုဂ္ဂိုလ်တို့ အသိမှန် တရားကို။
အဘိ ဒုလ္လဘ၊ ကြားနာဘို့ရာက အားကြီးခက်တာဘဲ။

မောင်သန်းကျွယ်ရေ၊ ဒီငါးပါးထဲမှာ ဘယ်နံပါတ် အခက်ဆုံး ထင်သလဲ စဉ်းစားပြော၊ မင်းထင်တာပြော။ နံပါတ် ၅-အခက်ဆုံးဖြစ်ပါတယ်ဆရာ။ ဟုတ်တယ်၊ ယခု ဒီ ကျွားကျောင်း

ခမ္မာရုံကြီးမှာ ဘာတရားကို ဟောမယ်ထင်သလဲ။ နံပါတ် ၅-ဖြစ်ပါတယ်ဆရာ။ နံပါတ် ၅-ကိုမှ မကြားမနာရရင် လူ့ပြေရောက်ရတဲ့ ကျေးဇူး များနိုင်ရဲ့လား။ နံပါတ် ၅-ကိုနှ မကြားမနာရရင် အခြား နံပါတ်တွေပါ အကုန် ပျက်ပါတယ်။ အကျိုးမဲ့ ရောက်လာခြင်း ဖြစ်ပါတယ်။ ဆရာဘော့ မြတ်စွာဘုရား၏ သားအစစ်ဘဲကွဲ့။ နံပါတ် ၅-ကို ကြားရ, နာရသော ယောကျ်ား၊ မိန်းမ၊ ခလေး၊ လူကြီး အားလုံးတို့ အန္တဘဝက ကလျာဏဘဝသို့ ယခုည ယခုတခဏနဲ့ဘဲ ကူးပြောင်းရမယ်၊ လေးလေးစားစား ရွှေငွေမက်သလို တရားရအောင် ဂရုစိုက်နာကြ၊ ပြုခဲ့တဲ့ ဒုစရိုက်ကံတွေ အကုန်ချုပ်ငြိမ်းတဲ့ တရားဒါဘဲကွဲ့၊ အန္ဓဆိုတာ ဘုရားက မျက်စိကန်း၊ နားကန်း ဆိုတယ်မှတ်၊ မြတ်စွာဘုရား ထားခဲ့သော ပိဋကတ်တော် စည်းမျဉ်းမှာ ဟောဒီ ဝိသုဒ္ဓိမဂ် စာအုပ်ထဲမှာ မငိုဘဲ့နည်း၊ မအိုဘဲ့နည်း၊ အပါယ်မကျဘဲ့ ကယ်မဘဲ့နည်းလမ်းတွေ မပါဘူး ထင်သလား။ ကျကျနန ပါပါတယ်ဆရာ။ နံပါတ် ၅-ကို ကြားနာရလျှင် ဒုလဘ မမှတ်နဲ့၊ သုလဘလို့ ပုဒ်ပြတ်မှတ်။

## ဆရာ—အဓိပ္ပါယ်ပြောပြမယ် နားထောင်။

အခု သာသနာတွင်းကွဲ့၊ မောင်သန်းကျွယ်ရဲ့။ သာသနာ ၅၀၀၀-မှာ တဝက် ကျော်လာပြီ၊ သာသနာဆိုတာ ဘာလဲ၊ လိုက် ရေးနိုင်သလောက် ရေးကြ၊ မှတ်ကြ၊ ကာမဂုဏ် ဘက်က ငွေကြေးစာရင်း စာချုပ် ဘော့ကိုတော့ ကျကျနန ရေးတယ်၊

မှတ်တယ်၊ ဓမ္မာရုံဘက်က သေဘောလွတ်တဲ့ပညာကိုလဲ ဂရုစိုက်ပြီး မှတ်ကြ၊ မှတ်ခဲ့တယ်။ ဟုတ်ပါ့တယ်ဆရာ၊ သာသနာဆိုတာ သံသရာဝဋ်ဆင်းရဲမှ လွတ်အောင် ဆုံးမတော်မူသော မြတ်စွာဘုရား၏ စကားတော်ကို မှတ်လိုက်။

ဗုဒ္ဓသာသနန္တိ၊ ဗုဒ္ဓါနံ ဝဋ္ဋဒုက္ခတော၊ နိယျာတနတ္ထာယ ဩဝါဒစနံ။ ဗုဒ္ဓသာသနန္တိ၊ ဗုဒ္ဓသာသနာဆိုသည်ကား။ ဝဋ္ဋဒုက္ခတော၊ နေ့စဉ်နာရီစဉ်၊ လင်ပူ၊ မယားပူ၊ စီးပွားပူ၊ အိမ်ပူ၊ ကျောင်းပူ၊ အပူလက်စမသတ်၊ ဝဋ်ဆင်းရဲခန္ဓာဇာတ်မှ နိယျာတနတ္ထာယ၊ ပူပန်မှု ဇာတ်သိမ်း ဒိဋ္ဌိမီး အခု ငြိမ်းရခြင်းငှါ။ ဗုဒ္ဓါနံ၊ ဘုရားရှင်တို့၏။ ဩဝါဒဝစနံ၊ ဆိုဆုံးမခဲ့သော စကားတော်ပေတည်း။ ဝါ၊ ပိဋကတ်သုံးပုံမပါဘဲ မောင်သန်းကျယ်ရဲ့၊ ပိဋကဋ္ဋသုံးပုံ စာအုပ်တွေ မြို့တိုင်း မရှိဘူးလား။ ရှိပါတယ်။ ရွာတိုင်းကော တအုပ်နှစ်အုပ် မရှိဘူးလား။ ကျောင်းတိုင်းကော မရှိကြပေဘူးလား။ ရှိတဲ့ကျောင်း များပါတယ်ဆရာ။ အဲဒီ စာအုပ်တွေထဲမှာရှိတဲ့ စကားတော်လို အသားပေါ်အောင် ထားခဲ့တဲ့ သာသနာမှတ်။

ဒါ နံပါတ် ၁၊ ဒီမှာကြည့်။ ၂-ကိုဘတ်စမ်း၊ လေးလေးဘတ်။ လူအစစ်ဖြစ်ဘို့ခက်ထာက ဗုဒ္ဓဘာသာအမည်ခံ အမည်ဘွဲ့ရ၊ ဂုဏ်ထူး ကြက်သရေထူးရပေမဲ့၊ ဗုဒ္ဓ-ဘာလဲ၊ ဘာသာဘာလဲ၊ သိဘို့လိုတယ်။ ဗုဒ္ဓက-ဘုရား။ ဘာသာက ပြောဟောသော စကားမှတ်။

တနည်း၊ ဗုဒ္ဓဆိုဘာ-သစ္စာလေးပါး တရားအမှန်၊ ဘာသာက ဘောက်ပြန် ချွတ်ယွင်းချက်မရှိ။ ကိုယ်တိုင်သိမြင်တဲ့ ကိုယ်

ပိုင် ဉာဏ်တော်ရှိ။ ပရမတ္ထ တရားကို ဟောကြားတော်မူတဲ့၊ တရားထူးတရားမြတ်ကို ဘာသာမှတ်။

ဆရာနဲ့ မောင်သန်းကျယ်နဲ့ ဗုဒ္ဓဘာသာစစ်မှ နံပါတ်-၂၊ သို့မဟုတ် နံပါတ်မရှိမှတ်။ ၃-ကုံပြပြီ။ လောကကြီးမှာ အန္ဓ ပုထုဇဉ်မှန်ရင် ဘုရားပြောတာနဲ့ မယားပြောတာ ဘယ်ဟာ ယုံမယ် ထင်သလဲ။ အန္ဓမှန်ရင် မယားစကား ယုံကြပါတယ် ဆရာ။ အန္ဓမှာ မယားဂုဏ် အဆုံးမရှိ။ ဗာလမှာ လင်ဂုဏ် အဆုံးမရှိဘူးကွဲ့။ ကလျာဏ စသော အရိယာလောင်းတို့မှာ ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ်တွေကို ဆည်းကပ်မှီခို ကိုးကွယ်တယ်။ ဆည်းကပ်ကိုးကွယ် အပယ်မကျဘူးလို့ တကယ် ယုံကြည်မှုကို သြကပ္ပနသဒ္ဓါခေါ်၊ ရေးလိုက်၊ အဂိဂမ သဒ္ဓါလဲ မှတ်၊ ပုဒ်ပြတ်။

၄-နံပါတ်ကိုပြောမယ်၊ ဒီမှာကြည့်၊ ပဗ္ဗဇ္ဇ၊ မဂဓဘာသာ။ မြန်မာဘာသာအရ ရဟန်းမှတ်၊ ရဟန်းဆိုတာ လိုရင်းကုံမှတ်။ ရေးလိုက်ကြ။ သံသရာကို တကယ်တန်း ထိတ်လန့်ကြောက်ရွံ့ တာ ရဟန်းမှတ်၊ တနည်း ဘုရားစကားနားထောင်ပြီး၊ ဂန္ထ ဓူရ-ဝိပဿနာဓူရ ၂-ပါး၊ အားထုတ်တာ ရဟန်းမှတ်။

ရှင်းလိုက်၊ စာပေကျမ်းဂန် သင်ကြားတာ အားရအောင် ဂန္ထဓူရ ရုပ်နာမ်ခန္ဓာစသော ပရမတ်ဉာဏ်၊ ခေတ်ဉာဏ်ထုတ်တာ ပိုင်အောင် အားထုတ်တာကို ဝိပဿနာဓူရ၊ ဆိုတယ်။

တနည်း၊ ပရိယတ်ကို အားထုတ်တာ- ဂန္ထဓူရ၊ ပဋိပတ် အားထုတ်တာ ဝိပဿနာဓူရ ပုတ်ပြတ်မှတ်၊ တခုထဲ အားထုတ် ဘို့ မဆိုဘူး၊ ၂-ပါးလုံး ခုအားထုတ်၊ ခုကြိုးပမ်း၊ ခုရှာဘွေ၊

ခုဘဲသိရမယ်၊ ပရိယတ်၊ ပဋိပတ်၊ စွယ်စုံပြည့်စုံမှ ပဋိဝေဓခေါ်
နိဗ္ဗာန်ကို ခုဘဝ ခုခဏရမယ်မှတ်၊ ပုဒ်ပြတ်မှတ်။

လာပြီ၊ နံပါတ်-၅၊ ဘာလဲ၊ သူတော်ကောင်းတို့ တရားကို
အလွန်တရာကြားနာဘို့ ခဲယဉ်းတယ်။ သူတော်ကောင်း ကိုဘဲ
အရိယာ အလောင်းမှတ်ကြ၊ ယနေ့ည ဆရာဟောမှာက မြတ်စွာ
ဘုရား၏ အလိုတော်ကျ၊ နိဗ္ဗာန်လမ်းပြအဖြစ် ဟောမယ်၊ ကျမ်း
ဂန် ဒေသနာအရှိ သေအချာသိဘို့၊ တရားတော် သိဘို့ဘက်က
လာတဲ့ ပရိသတ်တွေ၊ အောက်မကျ ရအောင်၊ အန္ဓမဖြစ်
ရအောင်၊ နိဗ္ဗာန်ကို ခုဘဝရအောင် ဟောမယ်။ ဝမ်းသာပါ
တယ် ဆရာ။ အချို့လူတွေ ထင်တာက နိဗ္ဗာန်ကို ဒီဘဝမှာ
မရနိုင်၊ နောက်နောင်ဘဝ တဖြေးဖြေးမှ ရမယ်လို့ယူကြတယ်။

သူတော်ကောင်း တရားဆိုဒါ ဘာလဲ။ ဝိပဿနာ ဓမ္မကထိက
လို့ ဘိတ်စာမှာပါတဲ့အတိုင်း၊ ဝိပဿနာတရားကိုသာ ဆိုဘယ်။
(တနည်း)အဘိဓမ္မာဒေသနာကိုမှတ်။ (တနည်း)သီလ,သမာဓိ
ပညာ၊ သုံးပါးလုံးပါဝင်တာကို သိရမယ်။ (တမျိုး)ဒါန,သီလ,
ဘာဝနာ၊ သုံးပါးလုံး အနွေ့ာဂတ ဖြစ်သော ပါဝင်သော
တရားထူးကို ရွေးဘို့။ (တနည်း) သူတော်ကောင်းတို့ လေ့လာ
ကျင့်သုံး မှီငြမ်းထုံးကို တလုံးမျှမကျန် အလင်းရောင်ပေးနိုင်တာမှ
ဆရာကောင်း။ ၎င်းဆရာ၏ တရားအစစ်ကို ကြားနာမှတ်သား
လေ့လာပွားများ သင်ကျင့်ကြသူတို့ကို၊ ၂-နံပါတ်သိန်းထိ ပေါက်
တယ်လို့ ပုတ်ပြတ်မှတ်။

မောင်သန်းကျယ်မှာ မိဘရှိသလား၊ ရှိပါတယ်ဆရာ။ အိမ်
ကျတော့ မှတ်၍သွားသော တရားကို မိဘ ၂-ပါး ရှေးဦးစွာ

ပြော။ အမေရေ ဒုလ္လဘတရား ဘယ်နှစ်ပါးလဲမေး။ ငါးပါးလို့ ပြောမယ်။ ကျွန်တော် တရားနာခဲ့ရတာဖြင့် ဒုလ္လဘ ၅-ပါး တရားကြားနေရင် သုလဘ ငါးပါးဖြစ်ပါတယ်။ ဘာ့ကြောင့် တရားစစ်မသိတဲ့ လူတွေအဘို့မှာ ဒုလ္လဘ။ သိတဲ့ လူတွေမှာ သုလဘ။ ဒုလဘရခဲခြင်း။ သုလဘ ရလွယ်တယ်လို့ ပြန်ပြော။ ခဲယဉ်းတယ် ခဲယဉ်းတယ်နဲ့ဘဲ ညည်းညူပြီး သေသေကုန်ကြ၊ သံသရာလည်ကြ အပယ်ကျကြတယ်။ ဒါ-ဘာ့ကြောင့်၊ ဒိဋ္ဌာနုဂတိ ပစ္ဆိမဇနတံ ခေါ်တယ်။

ဒိဋ္ဌာနုဂတိ၊မိစ္ဆာဒိဋ္ဌိဆရာ၏နောက်သို့။ ပစ္ဆိမ-ဇနတံ၊နောက်လိုက်အများ၊ လမ်းသွားမှားသည်၏ အဖြစ်လို့ ဟောတော်မူတယ်။

ရှေ့ဆောင်နွားလား၊ ဖြောင့်ဖြောင့်သွားမှ၊
နောက်နွားစိုက်စိုက်၊ ဖြောင့်ဖြောင့်လိုက်။

ကာမဂုဏ်ကို ကိုယ်တွေ့လိုက်ချင်၊မမွာရုံလဲ ကိုယ်တိုင်သိလိုက်၊ ပြောသံကြားနဲ့ တင်းမတိမ်ကြနဲ့။ သေရက်နီးပြီ။ ကိုင်း—ဒုလ္လဘ ၅-ပါး ပဏ္ဏာမ တော်ပြီ။

ယနေ့ည နာမပညတ် တရားဟောမယ်၊ ဘောမှာ ရေးထားပုံ ဘတ်ပါ။ ပဏ္ဏာမကို နာဗိဝက်၊ တရားသားကို တနာရီ၊ နိဂုံးသတ်ကို နာရီဝက်။ ၂-နာရီခန့် တရားဟောမယ်၊ မောင်သန်းကျွယ် ဘတ်စမ်း။

၁။ ရန်ကုန်မြို့။
၂။ ကမာရွတ်။
၃။ ကျွဲကျောင်းဓမ္မာရုံ။
၄။ မောင်သန်းကျွယ်။
၅။ ပုဂံ။

တရားနာတဲ့ ယောဂီတွေ သတိပြုကြ။ ပညတ်နဲ့ပရမတ် သရုပ်ခွဲမယ်၊ မောင်သန်းကျွယ်ရေ....ဆရာ မေးဒါကို မင်းက သိတဲ့အတိုင်း လိုက်ပြော။ ဟုတ်ကဲ့။ ကျယ်ကျယ်ပြောကွယ်။ ဒါ-ပွဲက ဒါလား၊ တရားဟောဝိုင်းလား တရားဟောဝိုင်းပါ ဆရာ။အေး–ဟုတ်တယ်၊ ပွဲထဲမှာ မင်းတို့အရွယ်၊ ဆရာတို့အရွယ်ကြီးတွေ က,ကြတယ်၊ ကြည့်ကြတယ်။ မကြောက်ဘဲ က,ကြ၊ ဆိုကြသေးဒါဘဲ။ ဒါက တရားဟောဒါဘဲ။ မင်းကလဲ ပရိသတ်တွေအဘို့ တရားထောက်လုပ်ရဒါ အကျိုးများပါတယ်။အသံကျယ်ကျယ်နဲ့ သတ္တိကောင်းကောင်းနဲ့ ပြော။ ပြောပါ့မယ်ဆရာ။ နားထောင်၊ မေးပြီ သိဒါပြော။

ပုဂံကို လက်နဲ့ကိုင်ပြီး ဆရာက မေးတယ်။ ဒါ-ဘာလဲ။ ဘာခေါ်သလဲ။ ပုဂံပါ ဆရာ။ ဟောဒီမှာ ချထားတယ်။ ဆရာက မေးတယ်။ ပုဂံ ဘယ်ဟာလဲ။ ဒီမှာပါဆရာ။ မင့်နာမည် ဘယ်သူလဲ။ မောင်သန်းကျွယ်ပါ။ မောင်သန်းကျွယ် ဘယ်မှာလဲကွဲ့။ ရင်ဘတ်ကို လက်ဝါးနဲ့ဖိ၍ ဒီမှာပါ ဆရာ။ ကြပ်ကြပ် စဉ်းစား နေဉ် စဉ်းစား။ ဖြေးဖြေး မလောနဲ့၊ မပြောနဲ့ စဉ်းစားပြော။

မင်းလက်နဲ့ဖိထားဒါ၊ ဖိထားတဲ့နေရာမှာ၊ ဖိထားတဲ့အသားမှာ၊ မောင်သန်းကျွယ်လို့ စာရေးထားသလား။ ရေးမထားပါ။ ဒါဖြင့် မောင်သန်းကျွယ် ရှိရဲ့လား။ မရှိပါ၊ တကိုယ်လုံးမှာ လိုက်ရှာစမ်း။ မျက်စိနဲ့ ကြည့်ရှာ။ လက်နဲ့စမ်းသပ်ရှာ။ မရှိပါဘူးဆရာ။ မင်းအရင်က ဒီလိုသိရဲ့လား၊ မသိပါ။

လောကရုံးမှာ မောင်သန်းကျွယ် အစစ်ပါလို့ ကျမ်းကျိန်သစ္စာဆိုရဲတယ်မဟုတ်လား။

ဂေါတမ ဝိသုဒ္ဓိရုံးတော်မှာ မောင်သန်းကျွယ် အစစ်ပါလို့ ရှိတယ်၊ ဟုတ်တယ်၊ ကျိန်ရဲပါ့မလား။ ရှိတယ်လို့မရဲ၊ မရှိဘူးလို့ ကျမ်းကျိန်သစ္စာပြုရဲပါတယ်ဆရာ။ ဟောဒီမှာကြည့်စမ်း ဆရာကိုင်ပြထားတာ၊ ပုဂံလို့ စာရေးထားသလား။ မရေးထားပါ။ မရှိပါဆရာ။ သရုပ်ခွဲပြီ။ ပုဂ်လို့ ခေါ်ဆိုဒါ ပညတ်မှတ်။ အရှင်းမရှိ။ လက်ထဲရှိတာလဲ ပရမတ်။

မောင်သန်းကျွယ်လို့ မိဘ မွေးစက နာမည်မပါဘူး။ နာမည်က ခေါ်ဆိုဘို့မှည့်ဒါ ပညတ်။ လက်ထိရတဲ့ ခွတ်သားတုံးကြီးထဲက ပရမတ်။ ပညတ်တကာယ်မရှိမှတ်။ ပရမတ် တကာယ်ရှိ အဟုတ်ရှိ ပုဒ်ပြတ်မှတ်လိုက်။

## မရှိ ပညတ် - ရှိ ပရမတ်။

မရှိတာ ရှိတယ်ထင် သက္ကာယဒိဋ္ဌိ အန္ဓပုထုဇဉ်။
ရှိတာ ရှိတယ်လို့သိ ဒိဋ္ဌိမရှိ၊ ကလျာဏပုထုဇဉ်။

သဘောပေါက်ကဲ့လား။ ပေါက်ပါတယ် ဆရာ။ နာနာတွေး ကြ၊ ဆွေးနွေးဝိုင်းလုပ်ကြ။

အိုဘေး, နာဘေး, သေဘေးကို အခြားသူမှာ ငှါးရမ်းယူရ သလား၊ ဝယ်ယူရသလား၊ ကိုယ်မှာ လက်ရှိလား၊ ကျွန်တော်၏ ခန္ဓာကိုယ်မှာဘဲ ဘေးမျိုးစုံရှိပါတယ်ဆရာ။

သူများအပြစ်ရှာဘို့လား၊ ကိုယ့်အပြစ် ရှာရမလား။ ကိုယ့် အ ပြစ် ကိုယ့်အနာ ကိုယ်တိုင်ရှု။ ကိုယ်တိုင်ဘဲ ဆရာကောင်းနဲ့ ဆေး ကုသဘို့ လိုရင်းပါဆရာ။

ရန်ကုန်မြို့ ဘာလဲ၊ ပညတ်ပါမရှိပါ။

ကမာရွတ်ကော၊ ပညတ်ခေါ်ဆိုမှုပါဘဲ။

ကျွားကျောင်း ဓမ္မာရုံကော သမုတ်တာပါဆရာ။ မောင် သန်းကျွယ် ခေါ်ဒါကော၊ မေးတုန်းက မပါပါ။

ပုဂံလို့ အားလုံးသိထားဒါကော မှန်ရဲ့လား။

အန္ဓအသိဖြစ်လို့ မှားပါတယ်ဆရာ။ မင်းကော ဘယ်လိုသိ သွားသလဲ၊ ပါးစပ်ကခေါ်မှု ပြောမှုဟူသမျှ ပညတ်မရှိဘူးလို့ သိပါပြီ။ ယနေ့ဟောတဲ့ပညတ်ကို နာမပညတ်မှတ်။

### အမည်ဟူသမျှ ခေါ်ဆိုကြ နာမပညတ်သိ။

ပညတ်ရှိသလား၊ မရှိပါ၊ တကယ်မရှိပါ။ရှိဒါဘာလဲ ပရမတ် ပါ။ တနည်း ပရမတ် ဓာတ်သားပါဆရာ။ ဒုအာ သိဉာဏ်ဟာ တရားနာတုန်း မှတ်မိသလား၊ပီးတော့ ပျောက်မှာလား ဘယ်ခါ တော့မှ ဒီအသိဉာဏ် မပျောက်တော့ပါ။ ဒီဉာဏ်မပျောက်ရင်

ကလျာဏဖြစ်တယ်။ လူဖြစ်ကျိုးနပ်တယ်။ ဒါနံပါတ် ၅-တရားမှတ်။ အစကလေးမှတ်။ အရိယာ သူတော်ကောင်းတို့ သိအပ်သိထိုက်တဲ့ အသိဉာဏ်မှတ်။

နာမပညတ် တကယ်မရှိမှန်း အပိုင်သိလျှင်၊ သက္ကာယ ဒိဋ္ဌိ အစစ် မရှိမှတ်၊ ပုဒ်ပြတ်။

အမည်နာမ-မရှိဘဲနဲ့ ရှိတယ်ထင်သူကို ရောဂါကြီးမားပုံမှာ၊ ရန်ကုန်မြို့သား ငါအစစ်ဘဲဆိုတာမာနမှတ်။ ရန်ကုန်မြို့ကို နှစ်သက်တာ ကြိုက်တာ တဏှာမှတ်။ တဇောဇောစိတ်က ငါကမြို့သားကွဲ့. မြို့ပေမဲ့ ရန်ကုန်မြို့သားအစစ်ကွဲ့.သို့. အထင်ကြီးနေတာ ဒိဋ္ဌိမှတ်။ ။ဒါကြောင့်-မြတ်စွာဘုရားက၊ ပညတ်ဟူသမျှ သဘာဝမရှိ၊ တုစ္ဆ၊ အချည်းနှီးဟု သက္ကာယဒိဋ္ဌိပဟာနာယ၊ သက္ကာယဒိဋ္ဌိကိုပယ်ကြဟု ဟောတော်မူသည် ။ပုဒ်ပြတ်မှတ်။

ကိုင်း—ယနေ့ညဟာ နာမပညတ်မှတ်။

နက်ဖြန်ည သဏ္ဍာနပညတ် ဟောမယ်။

၇-နာရီတိတိအရောက်လာကြပေတော့။

ဘာကြောင့် ပညတ်ပရမတ်ခွဲရသလဲ မေးရင် ပရမတ်ကို ပညတ်ဖုံးအုပ်နေလို့. ပုထုဇဉ်ဟူသမျှတို့ ထွက်ပေါက်ဆိုတဲ့ ဉာဏ်မရကြ။မွေးလိုက် သေလိုက် အပါယ်ကျမှု လက်စမသတ်ဘဲ တဝဲလည်လည် နေကြရတယ်လို့.မှတ်။ အယူမှန်အသိမှန် အမှတ်မှန်ရဘို့ သရုပ်ခွဲရပါလားလို့.၊. တွေးနာ-သိနာ-မာနလျော့နာ သေဘေး နီးလာကြပြီ။

(ကိုင်း-တရားသားနာမပညတ်တခဏ်းရပ်။ ။ခေတ္တနားမယ)

## ကာလီသတို့သမီး—နိဂုံးသတ်။

မောင်သန်းကျွယ်ရေ ဘတ်စမ်း။ကာလီ သတို့သမီး နိဂုံး သတ်ပါဆရာ။ နားထောင် အိမ်ပြန်လို့ မပျောက်အောင် ဆရာပြောလိုက်မယ်။

မြတ်စွာဘုရား ဘုရား ဖြစ်တော်မူစ၊ မိဂဒါဝုန်တောအကြွ၊ သေတနိဂုံးလမ်းခရီးမှ၊ ရဟန်းကြီး ဥပကနဲ့တွေ့၊ အကြောင်းအကျိုးမေးမယ်။

မြတ်စွာဘုရားကအသင်ဘာလဲ၊ အကျွန်ုပ်ပရိဗ္ဗာဇ်ကော၊ ပုရိဗ္ဗိုဇ်ရဟန်း။ ဘာလုပ်၊ တရားအားထုတ်။ဘာတရား-ရဟန်းဘရား။ ဘာလဲ၊ ဆိတ်ငြိမ်တဲ့ တောထဲမှာနေတယ်။ ဘာ့ကြောင့်၊ လူသံမကြားချင်လို့။ကြားတော့ ဘာဖြစ်၊တဏှာဖြစ်တယ်။မကြားရင်ကော၊ မဖြစ်။လူတွေမခံချင်ဘူးပေါ့ ဟုတ်တယ်။ တွေ့ရင်ဘာပြု၊ တွေ့ရင် ကြောက်တယ်။ဘာ့ကြောင့်၊သာယာမှာစိုးလို့၊မတွေ့ရင်မသာယာဘူး၊ တောထဲမှာဘာလုပ်၊တရားအားထုတ်၊ ဘာတရားလဲ၊ ဆိတ်ငြိမ်တယ်၊အေးချမ်းတယ်ဒါဘဲတရား။ဒီအငတ်ဘယ်သူဝတ်စေခိုင်းသလဲ၊ ဘယ်သူမှမစေခိုင်းဘူး။ ကိုယ်ဘဲဝတ်တယ်ဘာရားဘယ်ဆရာထံမှာ သင်ယူသလဲ၊ ကိုယ်သိတဲ့တရားနဲ့ ကိုယ်ပေါ့။တောထဲမှာ ဘာစားသလဲ၊ သစ်သီး သစ်ရွက် စားတယ်၊ သား-ငါး ဘာပြုလို့ မစားတုန်း၊ လောလုပ္ပတဏှာဖြစ်လို့ မစားဘယ်။

ဒါဖြင့် အသင် ရဟန်းကြီး ခု-ဘယ်ကို သွားမလို့လဲ၊ သေတနိဂုံးရွာသို့ သစ်သီးနဲ့ စားဘို့ဆား-အလှူခံသွားမယ်လို့။ ဒါဖြင့်

လူတွေ လူသံတွေမတွေ့ရ မကြားရဘူးလား။ ဩော်-ဒါကတော့ တခါတရံတော့ ဘယ်ကင်းနိုင်မလဲ။ ကိုယ့်စိတ်က အရေးမယူပြီး တာပေါ့။ ကိုယ့်စိတ်ကို ခိုင်အောင်ထားရတာပေါ့။ စိတ်သာသျှင် စော-ဘုရားဟော’

ဥပကရဟန်းက ပြန်မေးတယ်။ အသင်-ဘယ်ကို သွားမလို့တုန်း၊ မိဂဒါဝုန်တော။ ဘာကိစ္စ။ မိတ်ဆွေရသေ့တွေကို တွေ့ဘို့။ မသွားနဲ့ သူတို့ တရားအားထုတ် နေကြတယ်။ ဘယ်သူ့ကိုမှ လာဘို့ ခွင့်မရ၊ ကျုပ်ကတော့ ခွင့်ရပါတယ်။ **အသင်ဘယ်မှာနေသလဲ။** ကပ္ပိလပြည်မှာနေတယ်။ နာမည် ဘယ်သူတဲ့လဲ။ ဇိနတဲ့၊ အနန္တဇိနတဲ့၊ ဦးအောင်တဲ့။ အဆုံးမရှိအောင်လို့၊ နေရာတိုင်း နိုင်လို့၊ ဘယ်သူ့ကိုမှ အရှုံးမပေးလို့ ဦးဇိနခေါ်တယ်။ ဒါဖြင့် အသင် ဘာအလုပ်များ လုပ်ပါသလဲ။ ရဟန္တာအလုပ်-ဘုရားအလုပ်ကိုဘဲ လုပ်တယ်။ ။ဥပက—က ဟုပေတိ၊ ဟုတ်ဟန်တူတယ်။ ဟုတ်ပေလိမ့်မယ်၊ ဟုတ်ပေလိမ့်မယ်။

မြတ်စွာဘုရား၏ ဂုဏ်တော်၊ ဣန္ဒြေဘော်၊ သဏ္ဌာန်တော်၊ စကားတော်၊ အနည်းငယ် အကဲခပ်မိ၏။ ဒါဖြင့် နောင်ကို သင့်ထံ လာလိုက၊ ဇိနကိုမေးလာချင် ရောက်နိုင်ဘယ်မဟုတ်လား။ ရောက်နိုင်တယ်။ အခုလိုက်မလား-လိုက်နိုင်သေးဘူး ဘာပြုလို့ အကြောင်းကိစ္စတွေရှိသေးလို့။ မယားယူဘို့ ကိစ္စလာသလို့ ဟိုက် ရိုက်မေးဘော်မမူဘဲ သမားဝါသ ပြုအုံးမှာဘားလို့ မေးတယ်၊ လမ်းခွဲသွားစ ဒီအမေးနဲ့ဥပက-က၊ ဆာဝါနဲ့ မေဏ္ဍာရှိနေတာနဲ့ ထန်းသီးကြွေခိုက် ကျိုးနင်းခိုက်။ မြတ်စွာဘုရား၏ (ပရစိတ္တဝိဇာနန) အသိဉာဏ်ဖြင့်၊ တဏှာဇိမ်ကြီတဲ့ဥပကရဟန်း ဒီနေရာ

သမုဒယ အစွမ်းပေါ်ပြီး မျက်နှာထား ခက်သွားတယ်။ ခေတ္တ နေပါအုံးအရှင်။ အရှင်လဲဗေဒင်များတတ်ပါသလား။ မနုဿ ဗေဒင်မတတ်၊ ဗုဒ္ဓဗေဒင်တတ်တယ်။ ဩြော်-မှန်ပါတယ်၊ မှန်ပါ ပေတယ်။ အရှင်ထံ နောက်တော့လာပါရစေ။ သွားတယောက် ရမ့၊ အသင်လာဖြစ်မှာဘဲလို့ တခွန်းဟပြီး ဘုရားဉာဏ်အစွမ်း ပြ၏။

ရဟန်းဥပကမှာ၊ အကြမ်းသမုဒယနဲ့ အနုသာယသတ်တဲ့နည်း၊ ဉာဏ်အခြေမရလို့၊ ဒီနေရာသံဝေဂ အကောင်ဖြစ်ပြီး ထိဘ်လန့် သွားသတဲ့။ ဘာကြောင့် အနာဂါမ်အလောင်းမို့။ လမ်းခွဲပြီး မိဂဒါဝုန်တော-ရသေ့ငါးဦး တရားထူးဟော။ ငါဆိုလပြည့်နေ့၊ ထိုရသေ့များကလဲ တရားမဟောခင် ရှိခိုးခြင်း၊ နေရာပေးခြင်း၊ အရိုအသေပြုခြင်း၊ ရှတ်တရက် ဝတ္တရားမကျေကြ။ ဘုရားရယ် လို့ မသိကြရသေး၊ မယုံကြသေး၊ ယုံကြည်လေးစားအောင် တန်ခိုးတော်နဲ့ အမျိုးမျိုးဖေါ်ပြဖြီးမှ မာန်ကိုလျှော့ရှိခိုးကံတော့ ပြီး တရားနာယူကြတယ်။ မိဂဒါဝုန်တော ဘုရားဂေါ်တမတရား ဟောပြစဥ် ပထမ ရက်ကပင်၊ ကာလီသတို့သမီးက ဘုရားကိုလဲ အရှင်းမတွေ့၊ တရားတော်လဲ မနာရပါဘဲ၊ ကြည့်စမ်း....သာဝတ္ထိ ပြည်မှာ တယောက်ထဲ အမတာဘိသိက်အောင်ပွဲ၊ အရိယာ သောတာပန် ပထမ အစဘဲဆိုတာ ပရိသတ်များမှတ်ဘို့ မှတ်ကြ နော်။

ယခု ပထမညာမှာလဲ အရိယာမဖြစ်ဘူး မယူကြနဲ့။ အတိတ် ပါရမီအခြေခံ ဘယ်သူမှမသိနိုင်ဘူး။ပါရမီကိုလဲစောင့်မနေကြနဲ့

အုံး။ စောင့်ပေမဲ့ ပါရမီက ဘယ်အရပ် ဘယ်ဌာန ဘယ်ဆီကမှ မလာဘူး၊ ပုဒ်ပြတ်မှတ်။

ခက်တယ်၊ ဟိမဝန္တာတောင်မှာစောင့်တဲ့ နတ်က ဟေမ-တဲ့။ မိဂဒါဝုန်တောမှာ စောင့်ဒါက သာတ-တဲ့၊ ဒီနတ် ၂ယောက်က၊ ကဿပဘုရား လက်ထက်ကထဲက ပိဋကတ်အာဂုမ် သုံးပုံလုံး သင်ဘူး၊ ဂတိအထူး ထားကြသတဲ့။ လွန်လွန်ကြူးကြူး၊ ငါ့တောင်မှာ ထူးပုံကိုလဲ မင့်ထံ ငါလာပြောမယ်။ ငါကလဲ ငါနေတဲ့ မြိုင်စခမ်း မိဂဒါဝုန်နှိုး၌ အံ့ဩမခမ်း အဆန်းတကျယ် မှာတွေစဘူး မကြုံဘူးတဲ့ အရာဌာနမျိုး ပေါ်ပေါက်ပါက နေ့ညမရွေး၊ အချိန်နာရီမရွေး၊ မနှေးမြန်စွာ အပြေးဘဲလာ၍ ပြောကြစတမ်းလို့၊ နတ် ၂-ယောက် အလိမ္မာတုဘ်ပြီး၊ ကဝိန္ဒာစာချုပ်ဂတိဝုစ်ထားသည်။ တောင်နတ်ကလဲ အရောင် တလျှပ်လျှပ်၊ အမှောင်မကပ်ဘဲ၊ တောင်အထပ်ထပ်ရှိကြတဲ့ သစ်ပင် ပျို့အို့ကြီးငယ်အပေါင်းတို့က အချိန်မဟုတ်ဘဲနဲ့ သီးကြပွင့်ကြတယ်၊ ရွှေရောင် ငွေရောင် အရောင်အမျိုးမျိုးစုံပြီး၊ တောင်တန်ခိုး ထူးဆန်းပုံကို အဆွေတော် သာတထံ အကြောင်းစုံပြန်ဆိုဘို့ အာကာဗဟို ကောင်းကင်ခရီးက ဘကိုယ်ဘည်း လာခဲ့တယ်။

မိဂဒါဝုန်တောနက်ကလဲ ဇောအထပ်ထပ် နှလုံးအိမ်တက်ကြွဖရဏာပီတိ ဂွမ်းဆီထိသလို၊ တလောကလုံး၌ မကြားဘူးတဲ့ စကား၊ ကြည့်စမ်း....ဘုရားက တရားဦးဟောတယ်လို့၊ ငါနေတဲ့ မိဂဒါ အဘိမှာအဆီထုတ်၊ မွှေးစကြာသုတ်၊ အနတ္တလက္ခဏာ ဟောတယ် ဟောမယ်လို့ ဆိုတာ မတွေ့ဘူး၊ မကြုံဘူး၊ လွန်ကဲ

ထူးမြတ် ဓမ္မခေတ်ကို၊ အဆွေတော် ဟေမထံ ခပ်မြန်မြန်ဆောင် ပါးမပို့ဘဲ၊ ကိုယ်တိုင်ဘဲ အကြောင်းကြားလိုတဲ့ဆန္ဒနဲ့ ကောင်း ကင် ကဘဲ လာတယ်။

## လ,သာခန်း၌ ကာလီ သူဌေးသမီး။

ထိုနေ့ သာဝတ္ထိပြည် တပြည်လုံး အုံးအုံးကြွေးကြော် နက္ခတ် သဘင် ဆင်ယင်ကျင်းပသော ပွဲတော် (တွေးပုံ) ဩော်....အများ ယောကျ်ား၊ မိန်းကလေး၊ သူကြီး အသီးသီးတို့ အနည်းနည်း ပျော်ရွှင် ပွဲသဘင် သွားကြ-လာကြတယ်။ငါ့မှာ ပဋိသန္ဓေဒုက္ခ ကိုယ်ဝန်အရင့်အမာက ၇-လ၊ တကျာကျွန်ဘဝ ငါခံစားနေရ ပါကလား။လူချင်းမတူ၊ သူချင်းမမျှ အကြီးအကျယ် သားသန္ဓေ လွယ်လျက် ဘယ်ကိုမှမသွားနိုင် မလာဝံ့၊ ကြောက်ရွံ့စရာ ရှက် စရာ မျက်နှာမလှ၊ ရွံစရာ အသုဘ အစစ်ပါကလား မောင်သန်း ကျွယ်ရေ....။ ဗျာ။ ဒါ—ကာလီ မိန်းကလေး တွေးပုံ၊ ၁၇-နှစ် ရှိသေးတယ်။

တရားနာသူတွေ အသား ဘယ်မှာနေတယ်ဆိုတာ ခန္ဓာကိုယ် မှာကြည့်ကြ။ တရား ဘယ်မှာရှာမလဲ။ ကျွန်တော်၏ ခန္ဓာကိုယ် မှာ ရှာရပါတယ်။ ပရမတ် ဆိုဒါကော။ ဒီမှာပါ။ အေး-မယား လက်တွေ့ ယူရင်၊ တရားလက်တွေ့ မှတ်လိုက်။

ဩော်...ငါ့မှာ အများတကာလို မသွားနိုင်၊ မလာနိုင်၊ မစားနိုင်၊ မအိပ်နိုင်၊ မထနိုင်၊ မထိုင်နိုင်၊ မစောင်းနိုင်၊ မပြောင်း နိုင်၊ မတက်နိုင်၊ မဆင်းနိုင်၊ မလှနိုင်၊ မသနိုင်၊ မပြင်နိုင်၊ မဆင်နိုင်၊

မပြောနိုင်၊မဆိုနိုင် တမှိုင်မှိုင်နဲ့နေရတာ ငါ့ရှာတဲ့ဒုက္ခပါကလား။ ဆင်းရဲတုံးကြီးပါကလား။ ငါသူဌေးသမီးမဟုတ်၊ ဆင်းရဲသားကြီး သမီးအစစ်ပါကလား။

ဒီအခါ ဒီည ၇-နာရီအချိန်မှာ အလိမ္မာဉာဏ်တွေ၏အစ၊ ကာလီ၏ သံဝေဂကို ကျမ်းဂန်အရှိ လမ်းမှန်မှန် သိရအောင် ဆရာက ပြောတယ် မှတ်။ ကျွန်တော်လဲ သံဝေဂ ဖြစ်ပါတယ် ဆရာခင်ဗျား။

ဩော်....လူ့ပြေ လူ့ပြေ၊ သူဌေးသမီးဆိုတော့ ချမ်းသာတယ် ထင်ကြမှာဘဲ။ငါ့မှာတော့ ကိုယ်တွေ ဆင်းရဲနေပါကလား။ ငါ့အလုပ် ငါသာသိ၊ငါ့အထုပ် ငါသာသိ၊ငါ့အပူ ငါဘဲသိတယ်။

ပွဲထဲသွားဘို့ လူထဲဝင်ဘို့မပြောနဲ့၊မိဘ့မောင်ဘွား ဆွေမျိုးများကိုပင် မလွှဲသာတွေမြင်ရ၊ တယောက်ထဲမှာတောင် အနေအထိုင် ကြပ်တည်း ကျဉ်းမြောင်းတာ လက်တွေ့ဖြစ်တော့၊ လူ့စည်းစိမ် သူဌေးစည်းစိမ်ဆိုတာ ဒုက္ခကစ၊ ဒုက္ခကဘဲ အလယ်၊ ဒုက္ခမှာအဆုံး၊ ယူကြုံးမရ ဒုက္ခကို ဝယ်ရတဲ့ဘဝ ဆုတောင်းယူရတဲ့ ဘဝဆိုး ခန္ဓာဆိုးပါကလားလို့ ခေါင်းကုတ်လျက် ပွဲသွားတဲ့ လူတွေကိုကြည့်ရင်း၊ အပြင်ဘက်တိုက်ရှေ့ လသာခန်းက ဘဝဟာကျာ အကြမ်းတွေးဆဲ ဝေဖန်ဆဲ ဆင်ခြင်ဆဲ ကြောက်သန့် ဟုန်လှုပ်ဆဲ သံဝေဂ ရနေဆဲ။

ကာလီ၏ခေါင်းပေါ်က နတ် ၂-ယောက် ယှဉ်ပြိုင် ရင်ဆိုင်တွေ့ပြီ ဟေမ-ခေါ် တောင်နတ်က ဂုဏ်အမျိုးမျိုးဖြပ်တုတ် ခပ်သုတ်သုတ် ပြောတယ်။မဖြစ်ဘူးမြဲ ထူးကဲတွေကြုံ ငါနေတဲ့တောင်၏ဂုဏ်၊ အလုံးစုံမင်းသိဘို့ သာတရေ-လာကွ၊ လိုက်ခဲ့ကြည့်ရ

အောင်၊ အားပါးတရ ဝမ်းသာလုံးသုခ မှီရတဲ့မျက်နှာကဲ၊ လက်ကိုသာ အဘင်းဆွဲဝေါ်တယ်။ နတ်တယောက် တောသာတကာ၊ ဟေမ၏ သရေကျအောင် ပြောလာသမျှကို လှိုင်းကြီးရင်လှေအောက်၊ မင်းအထူးတွေ့ဘာက ငါ့နောက်ကွဲ့လို့ပြောပုံ။ ငါနေတဲ့ တောရဂုံမှာ ပြောမယ်ပုံ ကြုံဘူးမှာသိ၊ လူတို့၏အမိပတိ၊ နတ်တို့၏သခင်၊ ပြဟ္မာတို့၏ဘုရင်၊ ရသေ့၊ ရဟန်းတို့၏ မင်း၊ အထွဋ်သေဌ်နှင်း သိဒ္ဓတ်မင်းသည်။ ခပင်းဉာဏ် တရားတော်ပေါင်းစုံ။ အကုန်အပေသ်မြင် သဗ္ဗညု ဉာဏ်တော်ရှင်အဖြစ်သို့ ရောက်ကာပြီ၊ ဘုရားဖြ -ပြီ၊ ဘုရားကြီးဖြစ်ပြီ။

ပြော ရတာ ကြာဘယ်၊ လာကွယ်၊ ငါနေတဲ့ မိဂဒါ မှာ မသိရှာတဲ့ ပဥ္စဝဂ်ဘိုအား၊ အမြင် ၂-ဘက်မှားကြောင်း ဝါဒတွေ့ပယ်ပြီး၊ တရားကောင်းအတိအကျ၊ မဇ္ဈိမ ပဋိပဒါကို၊ဘယ်သူမျှ သဝေမဆိုးနိုင်အောင် ပြနေဘယ်၊ ဟောနေတယ်၊ လူထဲက ဒီရသေ့ ၅-ယောက်၊ နတ်ပြဟ္မာတွေက အမျှားကြီး လာကြတယ်ကွဲ့။

တရားထူးဆိုတာ၊ ပါးတဲ့နတ်တဲ့-အထက်တန်းစားပုဂ္ဂိုလ်မျှားက ပထမဦးစွာ နာရတယ်၊ မင်းကိုလာ၍ ပြောရဘာနဲ့၊ ငါ ဘောင် တရားမနာရဘူး။

တပည့်ညှာ-ရင်နာ။ သူငယ်ချင်းညှာ-တရားမနာ။ ငါခုမှ တွေးမိတယ်။လူသိ,နတ်ကြား ရှေးစကားသုံးကြတာ-ခုမှဘဲ ညီပါပေတယ်။ လူက ငါးယောက်ထဲသိတယ်၊ နတ်တွေက အကုန်ကြားကုန်ဘီ၊ ကိုင်း-ငါ့နောက် လိုက်ခဲ့။

မင်းနေတဲ့ဘောင်မှာ၊ အရောင်အဝါမျိုးစုံ တန်ခိုးဂုဏ် ပေါ် ပေါက်တဲ့ တိတ်ထူး နိမိတ်တွေကို ငါယုံတယ် ယုံဘိ။ ထပ်မပြော နဲ့။ တာတွေ ငါသိက ဘုရားပွင့်တဲ့ ဂုဏ်ကြောင့်မုတ်၊ တရား အထူး ဟောတဲ့ ဂုဏ်ကြောင့်မှတ်၊ ပါးစပ်တဟာဟာနဲ့ ငါပြုံးပြီး ဘော်လှန်ရေးလုပ်နဲ့၊ မရှုပ်နဲ့ ပဲ့တင်တီးရှုတဟီးဟီးမျည်သံတွေ၊ ဆူဆူညံညံဂုဏ်သရုပ်နဲ့ မြေငလျင်တုန်လှုပ် ထာလဲ၊ ဘုရားပွင့် ကြောင်း မြေကြီးက သက်သေခံတယ်။ မြေကြီးကဘဲ ကြေးကြော် ရတယ်၊ သက်မဲ့ဖြစ်တဲ့ သစ်ပင်-ကောတောင်-သမုဒ္ဒရာ-တကမ္ဘာ လုံး သိအောင်ဖွင့်ပြနေဘိ ဟောမရဲ့။ နတ် ၂-ယောက်တို့ ထူး ဆန်းသော စကားကို၊ သူဌေးသမီးကာလီကာ နားစိုက်နေတာယ်။

တရားထူး တရားမြတ်ဟောတုံးမှာ၊ သူငယ်ချင်း မိတ်ဆွေ မငဲ့နဲ့၊ ဘာ့ကြောင့် ကြည့်စမ်း။ ဒီနတ် ၂-ယောက်မှာ ဘုရား-တရားဟောမှန်း သိရက်နဲ့၊ တရားပွဲနဲ့ လွဲရတာ ကျမ်းဂန်မှာ ပါတယ်။

သူငယ်ချင်းက တရားကောင်း ပြောတဲ့လူ မရှားဘူးသား မောင်သန်းကျွယ်ရဲ့၊ တရားပြောခဲ့ပါတယ်။ မတရားပြောတာ များပါတယ်။

အတူးသတိထားနော်၊ လောကမှာ လင့်မယားအချစ်ဆုံး၊ သေရင်ကယ်နိုင်ပမလား။ မကယ်နိုင်ပါ။

ဟေမကာ-သာဘကို မေးဘယ် စစ်တယ်။ ဟေ့သာတာ ငါက မင်းပြောတိုင်း မယုံဘူးကွ။ ငါပိဋကတ်သုံးပုံနှုတ်ငုံရတယ်။ မင်း ဘာတွေရရ၊ ငါသဲ စာတတ်တယ်။ ဘုရားစဲ ငါတွေ့ဘိ။ ဂဘိ

စကားအချုပ်ထားလို့သာ-ငါလာတယ်။ စကားမရှည်နဲ့ ဘုရား စင်လို့ တရားခစ်ပောနေပြီ။

ကဲ ဒါဖြင့်-ငါမေးမယ်၊ မင်းတွေဒါ ဘုရား စစ်-မစစ်။

မေး။ နေပါအုံး။မင်းသိတဲ့တွေ့တဲ့။ ဘုရားဟာ၊ အများသတ္တဝါ တို့ ဂုဏ်ပြ၊ ရောင်ခြည်တော် ၆-ဌာန၊ ပြည့်စုံပါရဲ့လား။
ဖြေ။ ငါ့၊ တောက အရောင်တွေ၊ မင်း တောင်မှာ တပြောင် ပြောင် နေတာ မသိသေးဘူးလား၊ တည့်တည့်ပြောတာ မရှိမိသေးဘူးလား။

မေး။ သဒ္ဓါ, သီလ, ဂုဏ်သတ္တိနဲ့ လုံးဝပြည့်စုံရဲ့လား။
ဖြေ။ သဗ္ဗ ဓမ္မ သိစေ ဂုဏ်ပုဒ်၊ ငါတွေတာ ဘုရားအဟုတ်။
မေး။ သီလ-သမာ-ပညာသုံးစား၊ ဂုဏ်ဆင်ရှားရဲ့လား။
ဖြေ။ ရှစ်ဖြာမဂ္ဂင်၊ အတွင်းဝင်၊ လမ်းစဉ်ထုတ်ပြ သံဗုဒ္ဓ။
မေး။ မွေ့ရှင်သင်းကျစ်၊ ဓမ္မရာဇ်မှန်ကူ၊ သယမ္ဘူ စစ်ရဲ့လား။
ဖြေ။ ဉာဏ်ထူးရုပ်ထူး၊ လုံးစုံထူး ငါဖူးမြင်ရ၊ မြတ်ဇိန။

မေး။ တရာ့ရှစ်ကွက် စက်လက္ခဏာ၊ မျက်မြင်မှာ ကောန်ပါရဲ့ လား။
ဖြေ။ လက္ခဏာကြီးငယ်၊ အသွယ်သွယ်၊ တကယ်ပါ၏၊ မြတ်မုနိ။
မေး။ ကာမ-ဗျာပါ ဝိဟိံသာ၊ သုံးဖြာဝိတက် ကင်းရဲ့လား။
ဖြေ။ မိန်းမျိုးလွန်များ၊ အကျဉ်းသား၊ ဆယ့်တပါးမပူ သယမ္ဘူ။
မေး။ လောဘပြောထူ၊ ကိုလေမူ၊ ဖြူစင်ပါရဲ့လား၊ မင့်ဘုရား။
ဖြေ။ ကိလေအစ၊ မာရ်ငါးဝ၊ ဇိနအောင်ခန်း၊ ဗောဓိနန်း။

မေး။ ကိုင်း—အချုပ်မေးမယ်။ ရုပ်နာမ်မြန်စွာ ဖြစ်ပျက်ရာ၌၊ သတ္တဝါမရှိ၊လူမရှိ၊အနတ္တအထိ သိရဲ့လား။

ဖြေ။ အတ္တပယ်ဖြုတ်- ငါမဟုတ်ဟု နာမ်ရုပ်နဲ့သာ၊ ခန္ဓငါးဝ၊ သမူဟကို၊ တဏှာနုစီ-အလီလီဖြင့်၊ အသက်ဇီဝ၊ ပုရိသာ ဣတ္ထိ၊ ဘိတ်မရှိပုံ လုံးစုံပညတ် ပယ်ခွါလှပ်၊ အနတ္တာ လမ်းပြ၊ အထက်တန်း သပ္ပုရိသ။

မေး။ အနိမိတ္တ၊အပ္ပဏိဟိတ၊သုညတဟု၊သုံးဝနိဗ္ဗာန်၊ရကြောင်း ဉာဏ်၊ ကောန် ဟောပြနိုင်ရဲ့လား။

ဖြေ။ ပုဂ္ဂိုလ်ခပါင်းစု၊ ရင့် နု-ကိုမျှော်၊ တရားတော်ဖြင့်၊ ဟော ဖေါ်ပြသ၊ ဆိုဆုံးမနိုင်၊ ဉာဏ်တော်ပိုင်လပ် ပုဒ်ပြတ် မှတ်။

မေး။ ကောဋ္ဌာသစစ်၊ သုံးဆယ့်နှစ်ကို၊တထစ်စီပြ၊ ဇေကုဋ္ဌဟု၊ အသုဘဆောင်၊ အရှင်ကောင်ကို၊ မြင်အောင်ကြောက် အောင်၊ လန့်အောင်၊ ထိတ်အောင်၊ ကွဲအောင် ဟောပြ နိုင်ရဲ့လား။

ဖြေ။ လူသေ-လူရှင်၊ အမြင်မခြား၊ တရားအစစ်၊ များမချစ် ဘို့၊ အနှစ်မရ၊ အသုဘကို၊ ဒိဋ္ဌဟောပြ၊ ဂေါတမ။

မေး။ သတ္တဝါဖြစ်စ-ဇာတိက၊ ပဋိသန္ဓေ နေရ-ရေကြည် ကလလရေကြည် ရေမြှုပ်-သူရုပ် ဖြစ်ကြ ဒုက္ခဝဋ်ဆိုး သွေးဗိုက်မျိုးဝယ်၊ ဇွတ်တိုးဝင်ငုပ်၊မစင်ပုပ်သို့၊ ချိတုပ် ဖွဲ့နှောင်၊ ဆယ်လဆောင်မှာ။ ကျလာဒုက္ခ၊ ဝိပါကမှု၊ မချလွှတ်ကြောင်း၊ တရားကောင်းကို၊ လွှတ်ကြောင်း လမ်းပြ၊ဟုတ်ပါရဲ့လား၊သင့်ဘုရား။

ဖြေ။ အကြိုက်အာရုံ၊ ကာမဂုဏ်ဆိုး၊ အိပ်မက်မျိုးကို၊ ခိုးကိုးရဘဲ၊ စိတ်မစွဲဘို့၊ ထိဆဲထိပျောက်၊ ဥာဏ်မြင်ပေါက်အောင်၊ ပမာဆောင်လျက်၊ လူကောင်ကားသေး၊ သေးကားဓာတ်စု၊ ဟောပြောမှုမှာ၊ လူထုကျွတ်တမ်း၊ နိဗ္ဗာန်နန်းထိ။ ဇာတိဒုက္ခ၊ အမှန်ကျမှာ၊ ငါခန္ဓာသာ၊ ငါ့ဘဏ္ဍာနဲ့၊ မသာကဆက်၊ မသာတွက်ရ၊ ဒုက္ခလက္ခဏာ၊ ထင်မြင်လာအောင်၊ မှန်စွာဟောလှစ် မမေးနဲ့တော့ ငါ့တွေ့တာ ဘုရားစစ်။

ကောင်းကင်က နတ်-၂ယောက်၊ ဘုရားဟုတ်မဟုတ်စစ်တမ်းထုတ်နေတုန်း၊ မြတ်ဘုရားလဲ တခါဘူးမျှ၊ မဖူးမတွေ့ရဘဲ၊ ကြားရတဲ့ အငွေ့မျှနဲ့၊ နားဝမှာအတွေ့ပြသလို မွေးမပြီးဘဲ သူဌေးသမီးကာလီမှာ၊ ပါရမီပြည့်ဝ ကိုယ်တွေ့ဖြစ်တဲ့ ဒုက္ခနဲ့ ကြုံကြိုက်ဆဲ၊ မုတ်ဆိတ်ပျားစွဲ၊ အချိုထဲ ထန်းလျက်ကျ၊ ဒီနေရာ သောတာပန်တည်ရသည်။ ဘုရားလက်ထက်တော်က၊ ပဌမဦးစွာ ဘယ်သူကသောတာပန် ဖြစ်သလဲမေးရင်၊ ကာလီသတို့သမီး ဖြစ်တယ်လို့ တထစ်ကျမှတ်-ပုဒ်ပြတ်။

သက္ကာယဒိဋ္ဌိဆိုတဲ့အဖြစ် ပထမပြတ်ချင်ရင်၊ ၅-နံပါတ်ကိုယုံကြ၊ ဒုလ္လဘဆိုတာ ငါးပါးမှတ်၊ တရားအသားက နာမပညတ်ကိုဖယ်။ ပရမတ်ဓာတ်သားဆိုတာ ခန္ဓာကိုယ်၊ မြန်မာလိုတော့၊ လူထင်တယ် လူရှိတယ်။ ယောကျ်ားရှိတယ်၊ မိန်းမရှိတယ် ထင်တာ။ အထင်မှား အမြင်မှား မောင်သန်းကျွယ်ရေ-လင်မယားဆိုတာ နာမပညတ်-ခေါ်မှုပါဘဲ ခေါ်တဲ့ပါးစပ်ထဲမှာလဲ အရှင်း

မရှိ၊မရှိပညတ်၊ရှိပရမတ်၊အပြော=ပညာရုပ်မှတ်၊ သဘောပရမတ်ခေါတ်။

ခက်တယ်၊မလွယ်ဘူး၊တကယ်အထူးသိဘို့က၊ ဝိပဿနာဥာဏ်မှတ်။ဉာဏ်လိုရင်း၊ မဂ်ဉာဏ်-ဖိုလ်ဉာဏ်ဆိုတယ်။မဂ်ကောင်-ဖိုလ်ကောင် မဟုတ်၊ ဓမ္မကထိက ဆိုတာဘာလဲ ဓမ္မက တရား၊ကထိက ဆိုတာ ဟောပြောခြင်းမှတ်၊ ဓမ္မကထိက တရားဟောပုဂ္ဂိုလ်ခေါ်နိုင်တယ်၊ ဓမ္မကထိက-တရားဟောတာ တရားမှတ်။တရားကိုသာနာယူကြ သတိပြုကြ။လူကထိက-မဟုတ်။လူကိုမကြည့်နဲ့ ပုဂ္ဂိုလ်ကို မနာယူကြနဲ့။

ဓမ္မတာအယူဆိုတာ လူတိုင်းသိမှတ်။ရန်ကုန်-မန္တလေး မော်လမြိုင်-ပုသိမ်ဆိုတာလဲ နာမပညတ်။အဟုတ်မရှိဘူး။ ရှိရဲ့လား လက်တွေ့ရှာ။ မရှိပါဆရာ။ကျား-မ ဆိုတာလဲ တရားအရရှာကြ၊ အသားကဘဲ-မဟုတ်ကြောင်းသက်သေခံမယ်။

တောင်စောင့်နတ်နဲ့ တောစောင့်နတ်၊ ဘုရားဟုတ်,မဟုတ် စစ်တမ်းထုတ်ရတာနဲ့ဘဲတရားပွဲနဲ့လွဲ။ ပါရမီကြီးတဲ့ ကာလီသို့ က ကြားက အချောင်သိတာနဲ့ အရိယာဖြစ် သွားတယ်။တရားနာသူတို့ အထူးသတိထား။

တရားကောင်းဆိုတာ မိဘ ရှေးဦးစွာ အပြော ခတ်မြန်မြန် မာတာပိတု ဥပဋ္ဌာန်တဲ့။ ပြီးတော့မှ အပါးကပ် သားမယား အထပ်ထပ်ဟော၊ ပုတ္တဒါရဿ သင်္ဂဟောတဲ့၊ နောက်မှ တဖြေးဖြေး၊ သူငယ်ချင်းဆွေမျိုးတွေ တရားထူးပြန်ပြော၊ ဉာတကာနဉ္စ သင်္ဂဟော-တဲ့။

မင်္ဂလာသဘောက ဥတ္တမရဘနာ၊ဗုဒ္ဓရာဇာဆိုတာလဲ။သာသနာတ၀က်မင်းကောင်းအဆက်ဆက်ခေါ်တယ်။ဘာမင်းလဲတရားစစ်တရားမှန်သိတဲ့မင်း၊ဘုရားသာသနာကိုသက်စွန့်ကြိုးပမ်းစောင့်ရှောက်တဲ့မင်း ခေါ်တယ်မှတ်။ ယခုလို ဗုဒ္ဓရာဇာ တရားမင်းခေတ်၌ အများငြင်းလို့မဖြစ်၊ ဘာ့ကြောင့်၊ တရားမှန်နေတယ်တပည့်ရဲ့။ ဟုတ်ပါတယ်ဆရာ။ တရားအမှန်ရရင် အပယ်မကျ၊ ကယ်မတို့ ဆရာကဟောပြီ၊ ရက်အမှန်လာကြ၊ နက်ဖြန်ခါကျတော့၊ ယောကျ်ားပုံ၊ မိန်းမပုံ၊ ပုံဆိုတာအရှင်းမရှိ၊ သဏ္ဌာနပညတ်ကို ဟောမယ်လို့ အခုညကဘဲ ကြိုတင်၍သိ။

ဥပမာ သာဓက၊ ပြယုဂ်စုံနဲ့တကွ၊ ကလေးကအစ ဘာသာခြားပါ၊ အားလုံးသိရမယ်၊ နားလည်ရမယ်၊ ၀မ်းသာကြရမယ်လို့ ကျမ်းအလာ သာဓက သူ့ဌေးသမီးကာလီဟာ၊ ချမ်းသာတဲ့ခန္ဓာကိုယ်လား၊ ဆင်းရဲတဲ့ ခန္ဓာကိုယ် ဘဲလားဆိုတာ ပါရမီမရွေးဘဲ ကာလီတွေးသလိုလဲ ပြောပြခဲ့ပြီ။

ကိုယ့်အလုပ် ကိုယ်သာသိ၊ ကိုယ့်အထုပ် ကိုယ်ဖြေကြည့်၊ ကိုယ့်ဒုက္ခ ကိုယ်ဘဲနာနာသိ၊ ဓမ္မတာ အသိဆိုတာ အတန်းနဲ့မသင်ရဘူး။ ဟုတ်ပါတယ် ဆရာ။ မရှိတာ စိတ်ဇာမမြင်နဲ့၊ ရှိတာကိုသာ အနိစ္စ တင်ရမတ်၊ ပညတ်နဲ့ ပရမတ်၊ အိမ်ကျတော့ ခွဲပုံ၊သရုပ်ပြပုံ၊ တွေးလဲတွေး၊ စဉ်းလဲစဉ်းစား၊ ကိုယ့်ဟာကိုယ် နာနာတွေးနော်။ သတိပြုဘို့အရေးက ဒီဆဲရာဟာစာတတ်သလား။ အကျင့်ကောင်းရဲ့လား၊ ဘယ်လိုနေသလဲ၊ ဘယ်လိုလူသဲလို့၊ နတ် ၂-ယောက်လို စစ်ဆေးမှုမရှည်နဲ့။ ဘာ့ကြောင့်တရားမရမှာစိုးလို့။

တရားကိုသာ အရေးယူ ဂရုစိုက်၊ အတုလိုက်ရမှာက ပါရမီကြီးတဲ့၊ ကာလီသွီးကဲ့သို၊ ငါဖြင့်၊ ငါတို့တော့ ယနေ့ ပသမည မှာဘဲ ဝိပဿနာဉာဏ် အဘိဓမ္မာအစစ် နာရသဖြင့် အရိယာ ဖြစ်ကြရပြီလို့ သာဓု ၃-ကြိမ်၊ ကျယ်ကျယ်ကြီးခေါ်၍ ဝမ်းမြောက် စေကုန်သတည်း။

(နာမပညတ်ခန်း နိဋ္ဌိတံ။)

## ဒုတိယည။ သဏ္ဍာန ပညတ်ခဏ်း။

အနန္တ ၅ ပါး ဘာသာပြန်- ပဏာမ။
သဏ္ဍာနပညတ်- တရားအသား။
အိမ်ငှါး ဥပမာ–နိဂုံးသတ်။

၁။ ဘုရားဂုဏ် အဆုံးမရှိ။
၂။ တရားဂုဏ် အဆုံးမရှိ။
၃။ သံဃာဂုဏ် အဆုံးမရှိ။
၄။ မိဘဂုဏ် အဆုံးမရှိ။
၅။ ဆရာဂုဏ် အဆုံးမရှိ။

သေဘေးသို့သွားနေတာ လူတိုင်းသိခဲ့တယ်။ လင်မယားချင်း တိုင်ပင်ခဲ့တယ်။ ဘသူက ဘကြွားကြွား၊ မောင်တောင်ကားနဲ့၊ တိုက်နဲ့၊ စိန်နဲ့၊ ဘယ်လိုဘဲ ပျော်နေနေ တနေ့ကျ ကြံဘောနဲ့ တာမွေပါဘဲ၊ မောင်သန်းကျွယ်ရဲ့။ ဟုတ်ပါတယ်ဆရာ။

ဝိပဿနာဉာဏ်ဆိုဘာ ပုတီးမစိတ်ဘူး၊ မရဏာနုဿတိလို့ ကျမ်းဂန်မှာပါတယ်၊ ဒါ- သမထမှတ်၊ သမထတရား သက်သက် ဆိုတာ စိတ်ကို ဆွဲယူတဲ့နည်းမှတ်၊ သမာဓိပါဘဲ၊ သမထ ၄၀ လုံး သံဝေဂဖြစ်ဘို့ချည်းမမှတ်နဲ့၊ဝိတက်ဝိစာရခေါ် မြန်မာပြန် လင်စိတ်၊ မယားစိတ်၊ စီးပွားစိတ်၊သားသမီးစိတ်တွေများလို့ အဲဒီ အရှုးစိတ်၊ ဘီလူးစိတ်၊ မျောက်ပိတ် တွေကို ပျောက်အောင်

ဘနည်း၊ များတာကို နည်းအောင်၊ တခုတည်းသော အာရုံ၌သာ မိမိ၏စိတ်၊ တည်ဘို့ထားဘို့၊ ဘုရားဟော၏။ ဒါလောက်နဲ့ တင်းတိမ်နေရင် သက္ကာယဒိဋ္ဌိ ကွာဘို့နဲ့ လုံးဝမဆိုင်၊ နိဗ္ဗာန် မရသေး၊ ရကြောင်း အခြေခံမျှသာ ဆိုချင်ဆိုတော့ ခက်တယ်။

မောင်သန်းကျွယ်ဆိုတာ ဘာလဲ၊ နာမပညတ်ပါ၊ ပရမတ်ကကော ဒီမှာပါ၊ ခန္ဓာတုံးကြီးဟာ ပရမတ်တုံးကြီးလို့ ပုတ်ပြတ်မှတ်။

မနေ့ညက ဟောပြခဲ့ပြီ၊ ယနေ့ည၊ သဏ္ဍာန ပညတ်တရားသားကို မဟောခင်၊ အနန္တငါးပါးကို ပဏ္ဏာမအဖြစ် ဟောမယ်။ နိဂုံးသတ်ရင် အိမ်ငှါးဥပမာနဲ့ ဘဟာစမ်းဟော့။ နံပါတ် ၁။ ဘုရားဂုဏ် အဆုံးမရှိပါဆရာ၊ ဘုရား၏ ဂုဏ်ကျေးဇူးကို အနန္တမသိပါဘူး၊ အနန္တသိတာက မယားကျေးဇူး၊ လင်ကျေးဇူး၊ ဒါပါဘဲ တပည့်ရဲ့၊ မှန်ပါ။

ဆရာတို့ရွာက မပွေး ပြောဘူးတယ်၊ ကျမ ယောကျ်ား ကိုကြွက် သေတာ ၁၅-နှစ်ရှိပါတယ်။ ကျေးဇူးရှင်ကြီးအစစ်ပါဘဲ၊ ဘာ့ကြောင့်၊ သူရှိတုန်းက ကျမကို ကောက်စိုက်ကောက်ရိတ် ဘယ်တော့မှ မခိုင်းဘူး၊ အိမ်ကဘဲ ထမင်းချက်ရတယ်။ အခု နေရတဲ့ အိမ်ဟာလဲ ကိုကြွက် ကျေးဇူးပါဘဲ၊ တခါတခါ သားတွေ ပြောရတယ်၊ ဟဲ့-နင်တို့အဖေရှိရင် ခုအချိန် အိမ်မိုးပြီးတာ ကြာလှဘီလို့ ပြောရတယ်။ တွေးမိတိုင်း အစစပါဘဲ။ ကိုကြွက်၏ ကျေးဇူး ဘယ်ခါမှ ကျမ မမေ့ပါဘူး ဆရာရဲ့။ မျက်ရည်လေးစစနဲ့ မပွေးက ပြောဘူးတယ်။ ဘုရားဂုဏ် အဆုံးမရှိဆိုတာ ဒီနေရာ လင်ဂုဏ်၊ လင်ကျေးဇူးတွေ ထင်ရှားမနေ

ဘူးလား။ ထင်ရှားပါတယ်ဆရာ။ လင်ယောကျ်ားဂုဏ် အဆုံးမရှိ၊ မယား မိန်းမဂုဏ် အဆုံးမရှိ။

ဒါအန္တ၊ ဆရာလဲတရားမရရင်၊ မယား ဂုဏ်ကျေးဇူးကိုဘဲ သိမယ်၊ မပြတ်ပြောမယ်၊ နားထောင်၊ မင်းတို့ ဆရာတို့မှာ ဘုရားမှတပါး အားထားကိုးကွယ်စရာမရှိဘူး၊ ဘုရားက သက္ကာယ ဒိဋ္ဌိကွာဘို့၊ အပါယ်လွတ်ဘို့၊ သံသရာပြတ်ဘို့ ဆိုဆုံးမနိုင်တဲ့ ဂုဏ်တော်၊ ကျေးဇူးတော်တွေကို အံ့ဩချီးမွမ်းလို့ မကုန်နိုင်တာကို ဗုဒ္ဓဂုဏော အနန္တောလို့ ဟောတော်မူရတယ် မှတ်။

လင်နဲ့မယား ကျေးဇူးများ အများတဏှာမှတ်။
ကျေးဇူးတင်လုံး ပြောမဆုံး ကျုံးအုံးအပါယ်ဇာတ်။
တရားသိရှိ ဘုရားဂုဏ် တင်ပုံကျေးဇူးဆပ်။
တရားစစ်သိ ဝဋ္ဋလိ မရှိတဏှာပြတ်။

နံမါတ်-၂ တရားဂုဏ်မှာ ပညတ်နဲ့ ပရမတ် သရုပ်ကွဲရင်ဘဲ၊ ဩြော်....ဒို့မှာ အစက ရန်ကုန်မြို့ တကယ်ရှိတယ်ထင်တယ်။ ကိုယ့်မှာလဲ မိဘအမည်ပေးတဲ့ နာမည်ကိုဘဲ အသားမှာ ကပ်နေတယ် ယူမိတယ်။ ဒီလို အယူမှားတာ အခုမှဘဲ အယူမှန် ရောက်ပါကလား။ ဒါ တရားတော်၏ ဂုဏ်ကျေးဇူးတွေပါကလား။

ကလေးတွေ သိလောက်တဲ့နည်းနဲ့၊ လူကြီးတွေပါ၊ ပုဂံတလုံးနဲ့ အမြန်ဆုံးသိရပါပေတယ် စသည်ဖြင့်၊ ကလျာဏ ပုထုဇန် စသော အရိယာ သူတော်မြတ်တို့ဉာဏ်မှာ တရား၏ ဂုဏ်ကျေးဇူးကြီးပုံ အနန္တဆိုတာ ထင်ရှားမယ်။

၃-သံဃာတော်တို့၏ဂုဏ်လဲ ကျေးဇူးကြီးတာမှာ ဒိဋ္ဌိတဏှာ စသော ကိလေသာတွေကို သတ်ဖြတ်နိုင်တဲ့ဂုဏ်၊ အိုးအိမ် ဃရာ ဝါသ၊ ကာမဂုဏ်ဟူသမျှ ပယ်ရှားပြီး၊ အပါယ် တံခါးပိတ်ဘို့ ကျင့်ကြံကြပါပေတယ် ဆိုတာလဲ ယောဂီတို့က တရားစစ်ကိုသိမှ သံဃာစစ်ကို သိနိုင်တယ်။ ဂုဏ်ကျေးဇူးတွေလဲ အထူး ဆပ်တတ် မယ်။ မိမိတို့က တရားအစစ်အမှန်မရ မသိရင်၊ သံဃာ၏ ဂုဏ်ပုဒ် တွေလဲ မယုံကြည်၊တရားစစ်သိမှ သံဃာဂုဏ် ကြီးမှန်းသိရမယ်။

၄—မိဘ၏ ဂုဏ်ကျေးဇူးကတော့ ကြားဘူးတဲ့အတိုင်း ပဋိ သန္ဓေလွယ်ရ၏။ အပူအစပ်မစားဘဲ ရှောင်ရ၏။ အထိုင်အထ ဆင်ခြင်ရ၏။ အစားအသောက်ကိုလဲ့ စားချင့် သောက်ချင်တိုင်း မဖြစ်။ မွေးဖွားပြီးပြန်လဲ နေ့ရောညဉ့်ပါ အခါခပ်သိမ်း စောင့် ရှောက် မွေးမြူ အရေးယူရတာလဲ ကိုယ်တွေ့မျက်မြင် မဟုတ်လား တပည့်ရဲ့။ မျက်မြင်ပါဆရာ။

ယောကျ်ားလိမ္မာ၊ မိန်းမလိမ္မာ၊ ယောကျ်ားမြတ်၊ မိန်းမမြတ် ဆိုတာလဲ တရားသိလုံးကို ခေါ်တာပါဘဲ။ ဒီလို တရားသိကြတဲ့ အရိယာလောင်း သူတော်ကောင်းတွေက ငါတို့ ယခု တရားနာ ရတာ တရားသိရတာ၊ သာသနာတွင်းမှာ လူဖြစ်ရတာ၊ရေကြည် ကစ သန္ဓေလွယ်ရတဲ့ အမိ၊ ရှာဖွေ ကျွေးမွေးရတဲ့ အဘ၊ ဘုရားနဲ့ တဂိုဏ်းထဲ ပြုတယ်ဆိုတာ ဟုတ်ကဲ့လား။ ဟုတ်ပါတယ်။

အချို့ အန္ဓ လင်မယားဆိုတာ သားသမီး ကျေးဇူးတင်တယ်၊ ကျွဲနွား ကျေးဇူးတင်တယ်။လယ်နဲ့ကိုင်း၊ တိုက်နဲ့ကား၊ ရွှေနဲ့ငွေ၊ ရာထူးနဲ့ ဘဏ်တိုက်၊ ကျေးဇူးတင်ကြတယ်။ ပါးစပ်က ထပ်ခါ ထပ်ခါ ပြောလေ့ ရှိ၏။

မာတာပိတုဂုဏော အနန္တော၊ ပါးစပ်က အိပ်ရာဝင်တိုင်းရွတ်ပေမဲ့ မနေ့သဘောက သူငွေးဂုဏော အနန္တော၊ မင်းစိုးဂုဏော အနန္တော၊နတ်ပြဟ္မာဂုဏော အနန္တော၊ သောင်းကျန်းသူဂုဏော အနန္တော၊ ဓားမြ လူသတ်ဂုဏော အနန္တော ဖြစ်တတ်တယ်။ တရားသိမှ မိဘဂုဏ်ကျေးဇူးသိမယ် ပုဒ်ပြတ်မှတ်။

မယား နဲ့ မိဘ၊ ချိန်ခွင်လျှာ ဘယ်ဘက် ထွက်မြသလဲ။ လင်နဲ့ မိဘ၊ ချိန်ခွင်လျှာထွက်တာ ကိုယ်တိုင်သိ။

## သံပေါက်။

တရားသိမှ မွေးမိဘ ဂုဏတောင်မြင့်မိုရ်။
တရားမရ လူအန္ဓ မိဘအော်ငေါက်ဆို။
တရားစစ်ရှာ မဂ်လာ ဘတ်ခါလွန်ကြည်ညို။
ရတနာသုံးဝ မွေးမိဘ ဆုံးဆမရှိပို။

နံပါတ် ၅-ဆရာဂုဏ်ဆိုတာ သွန်သင်ပြသဩ၀ါဒပေး ဆုံးမရေးအစစ (အကုသိုလ် ဒုစရိုက်ကို နှိမ်သျှည်း နမူနာလမ်းပြ-ဆရာတို့ကိုဖယ်) လောကဓမ္မ ၂-၄ာနတို့၌ ဘေးအန္တရာယ် ကာကွယ်သော နည်းပြဆရာ လောကီအတတ်ပညာ-လောကုတ္တရာ အတတ်ပညာ သင်ပြသောဆရာတို့ကို ဂုဏ်အဆင့်ဆင့်၊ တန်းအဆင့်ဆင့်၊ မြင့်သည်ထက် မြင့်ဘို့ ညွှန်ပြကြရပေသည်ကို ဆရာ၏ဂုဏ်မှတ်။ ကျေးဇူးလဲ တင်ဆပ် လက်ငင်းဆပ် ခုဆပ်။ အာစရိယဂုဏော အနန္တောပုဒ်၌၊ မြတ်စွာဘုရားအထိ ကောက်ယူနိုင်၏။

ယောဂီများ-အထူး သတိထား။ အနန္တငါးပါးဆိုတာ ဘယ်ခါမှ ပြစ်မှားစွပ်စွဲခြင်းငှါမထိုက်။ ကျေးဇူးရှင် ကျေးဇူးတင် ကျေးဇူးဆပ်ဘို့သာ ရှိတယ်။ ပုဒ်ပြတ်မှတ်လေ-လွန့်မဘက်နဲ့။

ဒါပေမဲ့မြတ်စွာဘုရား၏ တရားစစ်ကို အပိုင်မသိသမျှ ရင်တွင်းမီးပူမအေး။ မအေးသမျှ အနန္တငါးပါးလုံး၏ ဂုဏ်ကျေးဇူးကို ဘယ်သူမျှ သိမည် ဆပ်မည်မဟုတ်။ ကိုင်း-ပဏာမတော်ပြီ-နားမယ်။

## ခုည-သဏ္ဌာန ပညတ်ဟောမယ်။

မောင်သန်းကျွယ်ရေ၊ ပညတ်နဲ့ပရမတ်ကို၊ သရုပ်မကွဲသမျှ၊ ဝိပဿနာဉာဏ် ဆိုက်ပမလား။ မဆိုက်ပါဆရာ။ ပရမတ်ကို ပညတ်ကဖုံးနေကြလို့၊ ငါကောင် သူကောင် အထင်မှားကြရတယ်၊ ဒါ့ကြောင့်ပရမတ်ပေါက်အောင်လို့ ပညတ်ကိုခွါရမယ်ဟု၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာအရ၊ ယောဂီများ အားထုတ်ရတယ်၊ ဟုတ်ပါတယ်။ မနေ့က နာမပညတ် ပယ်ခွါပုံပြီးသွားပြီ။ ယခုပြောမဲ့ သဏ္ဌာနပညတ်ဆိုတာ ခက်တယ်။ကြပ်ကြပ် သတိ ထားကြ။ ကိုင်း—ဘတ်စမ်း။

အလုံး၊အပြား၊အစိုင်း၊သုံးထောင့်၊လေးထောင့်၊အိမ်ပုံ၊ကျောင်းပုံ၊အနိမ့်ပုံ၊အမြင့်ပုံ၊ယောက်ျားပုံ မိန်းမပုံ ပုံဟူသမျှ သဏ္ဌာနပညတ်မှတ်အဲဒီပုံတွေလဲ အရှင်းမရှိ ဟောတော်မူတယ်။ မျက်စိအမြင်မှားကြသောအန္ဓတို့မှာ တကယ် ရှိတယ်ထင်ကြလို့။ ပုံကိုဘဲစွဲလန်း။ ငရဲခမ်းအမျိုးမျိုးသို့ ဝင်ရောက်ကြရ၏။ သက္ကာယဒိဋ္ဌိမှတ်။

ဒီမှာ ဟောဒီ ဆေးလိပ်ကို ဆရာ ထောင်ပြမယ်။ မင်းမြင်တာ အမှန်ပြော။ ဘာမြင်သလဲ။ အလုံးမြင်တယ်။ စဉ်းစားပြော။ ပရိယာယ်တွေလဲစဉ်းစား။ ကျိန်စာဆိုဝံ့လား၊ အလုံးကိုမြင်တာ၊ ကျိန်ရဲပါတယ်။ နားထောင် ဒီကြည့်။ မင်းမြင်တာ တခြမ်း ပါကွဲ့။ ဆရာနေတဲ့ဘက်က တခြမ်းမမြင်ပါဘူး၊ ၂ ခြမ်းမှ အလုံး ဖြစ်တယ်။ ပြန်ပြော ကျွန်တော် တခြမ်းမြင်ပါတယ်။ ကျွန်တော် ယခုအသက်တိုင်၊ မှားလာခဲ့တာ ယနေ့ညမှဘဲ၊ အမှန် တခြမ်းသာ မြင်ပါတယ် ဆရာ။ ဆေးလိပ်မှာတောင် အမြင်မှားရင်မိန်းမပုံ၊ ယောကျ်ားပုံတွေမှာ ပြောဘို့ လိုပါ့မလား၊ သာ၍ မှားမှာဘဲ ဆရာ။

အန္ဓဗာလတို့မှာ ဒါကြောင့် အမြင်မှန်မရကြလို့ သက္ကာယ ဒိဋ္ဌိ ဖြစ်ကြတယ်၊ ပုဒ်ပြတ်မှတ်။

အနိမ့်အမြင့်မရှိကြောင်း ပြောမယ်။ ဆရာ၏ မျက်နှာပုံကြည့် ပါ။ နှာခေါင်းက မြင့်တယ်၊ မျက်ခုံးက မြင့်တယ်။ နားရွက်က နောက်ကျတယ်။ မေးက မြင့်တယ်။ လည်ပင်းက နိမ့်တယ်။ မျက်ခွက်မှာ မင်းမြင်တာ မှန်မှန်ပြော။ အနိမ့်အမြင့်တွေ မြင်တယ် မဟုတ်လား။ အနိမ့်အမြင့်ကိုဘဲ ကျွန်တော်မြင်ပါတယ်။ ဒီမှာ လက်တွေ့ဥပမာကြည့်။ အားလုံးကြည့်။ ခေတ်ပုံပြဘီ။ ဗိုလ်ချုပ် အောင်ဆန်းပုံ၊ ဒီရုပ်ပုံမြင်တော့ ဆရာ သနားတယ်။ မေတ္တာပို့ ဘူးဘယ်။ ကိုင်း—ခုတော့မရှိဘူး။ သဏ္ဌာနပညတ်ပဲ ကျန်တော့ တယ်။ ဝိပဿနာတရားရပြီးမှ သေရင် သာ၍မြတ်တယ်တဲ့။ မှန်ပါ ဆရာ။ သေရခြင်းတူရင် သာသနာတွင်းမှာ တရားထူး တကယ်ပိုင်ပိုင်ရပြီးမှ သေကြရရင် ဘဝကျဉ်းမယ်။ ဘဝတိုမယ်။

ဘဝပြတ်မယ်။ မရရင် ဘဝအရေအတွက်မရှိ၊ ဒုက္ခမျိုးစုံ တွေ့ရမယ်။ တွေးလဲတွေး။ မေးလဲမေး။ အနိမ့်အမြင့်မရှိ။ ဟောဒီ ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံကို မင်းလက်နဲ့ စမ်းကြည့်၊ ရှိရဲ့လား၊ မရှိပါ။

မူလက လူပကတိကို ဓာတ်ပုံဆရာက ရိုက်ကူးယူစဉ်က လူရဲ့မျက်နှာကို လာပြီး အနိမ့်အမြင့်တွေ တညီထဲ ထသားထဲ ဖြစ်အောင် လုပ်သလား၊ မလုပ်ပါ။ သူ၏ နဂိုအတိုင်း ဓာတ်မှန်မှာ အရိပ်လာထင်တာ မဟုတ်ဘူးလား၊ ဟုတ်ပါတယ်။ မောင်သန်းကျွယ်။ ဆရာမျက်နှာကို မင်းမြင်တာ အမှန်မှာ မင့်မျက်စိ အကြည်ဓာတ်မှန်၌ အရိပ်မြင်တာကို မင်း၏ ဝိပ္ပလ္လာသ စိတ်ထင်တာက....

ဆရာဟာ နားရွက်ကားတယ်။ နှာတံဖြောင့်တယ်။ နှုတ်ခမ်းပါးတယ်။မေးချွန်တယ်။လည်တိုင်ရှည်တယ်။ မျက်နှာလုံးတယ်။ မျက်ခုံးမောက်တယ်ဆိုတာ ထင်မှု မှတ်လိုက်။ အရှင်းမဟုတ်၊ အရှင်းမရှိ ပုဒ်ပြတ်မှတ်။

ငါ့လင်က လှတယ်၊ မျက်နှာဝိုင်းတယ်။ ငါ့မိန်းမက ခါးသေးတယ်၊ တင်ဆုံကားတယ်၊ မျက်ခုံး ကောင်းတယ်၊ နှဖူးညီညွတ်တယ်။ ငါ့သား ငါ့သမီးတွေ အလုံးအရပ်ဖြောင့်တယ်။ ငါ့အိမ်ပုံကောင်းတယ်။ ငါ့ကျောင်းက အဆောင်မျိုးစုံနဲ့ စသည်ဖြင့် မျက်စိက အမြင်မှားတာ၊ဝိပဿနာဉာဏ်မရလို့၊ဒီနေရာသဏ္ဍာနပညတ်ဖုံးတယ်ဆို၏။ သဏ္ဍာန်ခံတယ် ခေါ်တယ်။ မိမိကိုယ် မိမိ တွေးကြ၊ ကိုယ်မှားတာ ကိုယ်သိ။

သူများအပြစ် မကြည့်နဲ့ မရှုနဲ့၊ သူတပါးကိုရှုမဲ့အပြစ်တွေ ကိုယ့်မှာ အလုံးစုံရှိတယ်မှတ်၊ အများ၏အပြစ်ကို ရှုတဲ့သူမှန်ရင် တရားကောင်းမရမှတ်။ အဘိဇ္ဈာတရားနဲ့ အပါယ် ကျရမယ်။ ဘဝဘဝမှာလဲ အန္တရာယ်မျိုးစုံ တွေ့ရ၏။ မိမိ၏စိတ်က တရားကောင်းမရ၊ သဏ္ဌာနပညတ် ဖုံးအုပ်ပုံကို ပြောသည်။

သဏ္ဌာန် အရှင်းမရှိ၊ ရှိ-ပရမတ်။မရှိ-ပညတ်။ မရှိတာ ရှိတယ်ယူ အန္ဓ။ မရှိမှန်းပြတ်ပြတ်သိလျှင် ကလျာဏမှတ်။ ပညတ်နဲ့ ပရမတ် တကယ်မသိ မပိုင်လျှင် ဝိပဿနာဉာဏ် အစစ်အမှန်မရမှတ်။ခန္ဓာငါးပါး ရုပ်နာမ်စကားများကို စာသိအနေနဲ့ ပြောဟောကြသော်လဲ ပညတ်ကို မသိက တကယ် ပရမတ် သဘာဝ တရားစစ်ကို ပိုင်ပိုင်မမြင်မှတ်။ မျက်စိက မြင်တာကလဲ ဝဏ္ဏ-အဆင်း ပရမတ်ကိုသာ မြင်တယ်မှတ်။ပရမတ်သက်သက် စတုတ္ထ ဉာဏ စ၍သာ ထင်ရှားမယ်၊ ချက်ခြင်းမသိနဲ့အုံး၊ မလောနဲ့အုံး၊ တန်းစဉ်နဲ့ ဟောတယ်။ ခက်တယ်-တရား ခက်တယ်။ ခက်ထာ အဘိဓမ္မာ။

ဆရာ၏အမေက မဲမဲပိန်ပိန် ရှည်ရှည်၊ အသက်-၇၀၊ သေသွားတယ်။ ဆရာက ငိုတယ်။ မင်းက ဆရာမငိုအောင် ဆရာ၏ မိခင်သဘာယ် အမေလိုဘဲစောင့်ရှောက်ဘို့ အသက် ၆၀-ရှိ၊ ဖြူဖြူ ဝဝ အမေကြီးတယောက် လာပေးတယ်။ ဆရာက တကယ် ကျေနပ်ပါ့မလား။ မကျေနပ်နိုင်ပါဆရာ။ဆရာအမေ ဘယ်လိုဘဲ ပိန်ပိန်ချောက်ချောက်၊ မျက်စိထဲမှာ ရုပ်ပုံသဏ္ဌာန်မပျောက်။

လင်သေ၊ မယားသေ၊ သားသမီးသေ၊ သောင်းကျန်းဆိုးဝါး ယုတ်မာတဲ့ ခေတ်ဆိုးကြီးမှာလဲ မိမိတို့ အိမ်တွေ ကျောင်းတွေ

ထားခဲ့ပြီး ပြေးလာကြရတဲ့ ဒုက္ခသည်တွေမှာလဲ မျက်စိထဲမှာ စိတ်စွဲမှာ ငါပိုင်-ငါဆိုင် ပစ္စည်းတွေနဲ့၊ ဆွေမျိုး ရပ်သူရွာသားနဲ့ လှေ့, တက်, ကိုင်း, လယ်, ကျွဲ, နွား, ငါ့ကိုက် တာ စသည်တို့ကို မြင်ယောင်နေတာလဲ သက္ကာယဒိဋ္ဌိဆိုတာ သင်္ချာနရဲ့ အားပေး အင်ဂျင်စက်ရုံကြီး ဆိုရမယ်။ (ဒါ-ဘာလဲ ခေတ်ပုံပါ)ခေတ်ဆိုတာ ပရမတ်၊ ပုံ့ဆိုတာ ပညတ်၊ အိမ်တိုင်း ခေတ်ပုံ ခေတ်ကားတွေ မရှိဘူးလားကွဲ့၊ ရှိပါတယ်။သင်္ချာနပညတ်ကို သရုပ်ကွဲချင်ရင် ဘာကို မှတ်ထားသလဲ။ ကျွန်တော်တို့အိမ်မှာ ဆွဲထားတဲ့ ခေတ်ပုံတွေမြင်ရရင် ကျွန်တော် သတိရပါတယ် ဆရာ။

**လက်တွေ့ပြတဲ့ဥပမာ မေ့နိုင်ရဲ့လား၊ မမေ့နိုင်ပါဆရာ။**

ဗိုလ်ချုပ်အောင်ဆန်း

ခေတ် .... ပုံ

ပရမတ် .... သင်္ချာန။

ခန နားမယ် နိဂုံးသတ်ဘို့ သတိပြု။

× × ×

**အိမ်ငှါးဥပမာနဲ့ နိဂုံးသတ်ပြီ။**

ရန်ကုန်မြို့ထဲမှာ အိမ်ပိုင် တိုက်ပိုင်မရှိတဲ့ လူများထဲမှာ အိမ်ငှါး တိုက်ငှါးနဲ့ နေကြတယ်မဟုတ်လား။ ဟုတ်ပါတယ်။ အမိုးအကာ ပျက်ရင် ငှါးတဲ့လူက ပြင်ရမလားကွဲ့၊အိမ်ပိုင်ရှင်က ပြင်

ရမယ်။ အိမ်ကိုမီးလောင်ရင် ဘယ်သူပူရမလဲ။ အိမ်ပိုင်သူက ပူရမယ် ဆရာ။

သံသရာမှာ လူ့ဘဝ၊ နတ်ဘဝ၊ ပြဟ္မာဘဝ၊ ခွေး၊ ကျွဲ၊ နွား စသော ဘဝတွေ ဖြစ်ခဲ့ကြပြီ။ ယခုရတဲ့ လူ့ဘဝ၊ လူ့ဘဝ လူ့ခန္ဓာကော မြဲပါ့မလား။ သေရမှာမလွဲပါဆရာ။ ဘဝပြတ်တရားမရရင် ဘယ်သွားမလဲ။ ဖြစ်ချင်ရာ ဖြစ်နိုင်တဲ့ ဘဝမျိုးစုံ ခန္ဓာမျိုးစုံ လျှောက်ဖြစ်မှာပေါ့ဆရာ။

တရားခြည်တိုင် မမြဲတော့၊ ခန္ဓာခြည်တိုင် မမြဲဘူးမှတ်။ ပတိဋ္ဌာလဒ္ဓ၊ ထောက်တည်ရာ ကိန်းသေရ။ နိယတဂတိမြဲတဲ့ဘဝ မြဲတဲ့ခန္ဓာဆိုတာက ဘာလဲ။

ကလျာဏ စူဋ္ဌသောတာပန်ဘို့ကို ဆိုတယ်မှတ်။ ဝိသုဒ္ဓိမဂ်၊ သမ္မောဟ အဋ္ဌသထာတို့မှာ ဆုံးဖြတ်ပြီးမှတ်။တရားကောင်းရလို့၊ ဘဝကောင်း-စည်းစိမ်ကောင်းကို ရကြတယ်မှတ်။

အန္ဓ ဗာလ-ဥမ္မတ္တက ဆိုဘာ၊ အကန်းအမိုက်အရူးကို ခေါ်တယ်။ရှက်ဘို့ ကြောက်ဘို့ ကောင်းတယ်။ တွေးကြ ဝေဘန်ကြ စဥ်းစားကြ။ ဝိပဿနာဉာဏ်ကို ရပြီးသေရင်၊ လူ့ပြည်နတ်ရပ်၌၊ လူမျိုးကောင်း နတ်မျိုးကောင်း၊ တရားမျိုးကောင်း၊ ဘုရားမျိုးကောင်း ဖြစ်ကြရမယ်။ တဆင့်ထက်တဆင့် မြင့်ဘို့သာရှိတယ်။ အောက်တန်းစား အနိမ့်စား ဘယ်ခါမှ မဖြစ်တော့ဘူးမှတ်။

မောင်သန်းကျွယ်တို့ ဆရာတို့ ခန္ဓာအမျိုးမျိုးနဲ့၊ သံသရာ အမျိုးမျိုး လည်ခဲ့ရတယ်။ ဆင်ဘဝမှာလဲခန္ဓာစွန့် ကျွဲဖြစ်ကျွဲခန္ဓာစွန့်၊ နွားဖြစ်နွားခန္ဓာစွန့်။ လူခန္ဓာရ-လူခန္ဓာအိမ်ကောမြဲပါ့မလား၊ မမြဲပါ။ မင့်ခန္ဓာအိမ်ဟာ အိမ်ငှါးလား အိမ်ပိုင်လား။

ဆရာ၏တရားနာရမှာဘဲ အိမ်ငှါးမှန်းသိပါပြီဆရာ။ အပိုင်ဟုတ်ကဲ့လား၊ မဟုတ်ပါ။ မဟုတ်ရင်ပူဘို့ရှိမလား။ အပိုင်ဥာဏ် ရရင်-မပူတော့ပါ။ ဘာ့ကြောင့်၊ တရားအပိုင်ရရင် ဗီခန္ဓာအိမ်ပိုင်မဟုတ်။ အိမ်ငှါးအစစ်ပါ ဆရာခင်ဗျား။ ငါ့ကိုယ်ငါပိုင်။ ငါ့မိန်းမငါသာပိုင် ငါ့လင်ငါဘဲပိုင်တယ် ဆိုဘာ မှန်ပါ့မလား။

အန္ဓ ဗာလတို့-လောကအယူ ဟုတ်ပါတယ်။ ကလျာဏ အရိယာတို့-ဂေါတမအယူမှာ အိမ်ငှါးပါဆရာ။ ဒါကြောင့် တရားရရင်-အငှါးအစစလို့ ရှုကြည့်ကြ၊ ဒုတိယပဏ္ဏာမ ဥာဏ်အစတရားက၊ အနန္တငါးပါး ဂုဏ်ပုဒ်ကျေးဇူး မဓမ္မဆိုတာ-အရိယာမှတ်၊ အဘိဓမ္မာ အမြတ်သိလိုက ဥာဏ်ရှုကြတော့၊ သဏ္ဍာနဆိုတာအရှင်းမရှိ၊ ရှိတာက-ပရမတ်ပါဘဲ၊ အမေစား သားစားပေး-ဘရေးရေး မြင်ယောင် မိန်းမကောင်၊ ယောကျ်ားကောင်၊ ဓာတ်လေးပါးကဟန်ဆောင်၊မျက်လှဲယောင်အစစ်၊ သူကငါချစ် ငါကသူ့ချစ်၊ သက္ကာယဒိဋ္ဌိ ရေသောက်မြစ်၊ အန္ဓတို့မှာ စိတ်ထင်တိုင်းဖြစ်၊ မူလက-ပရမတ်အစစ်ပါဘဲ၊ ပရမတ်သဘာဝ မသိကြလို့။

ပရမတ်ပေါ်လျှင် ပညတ်ပျောက်။ ပညတ်ပေါ်လျှင် ပရမတ်ငုပ်။ (နဂိုရုပ်ကို အကောင်မှန်း) မိုလ်ချုပ်အောင်ဆန်း၏ ဓါတ်ပုံကိုလဲ-အနိမ့်အမြင့်မရှိကြောင်းဟောပြီးပြီ၊ နက်ဖန် သန္တတိ ပညတ်အတွက် စောစောစီးစီး လာကြ၊ ၇-နာရီကို စမယ်၊ ပရိသတ် မစောင့်ဘူး။ ပုဒ်ပြတ်။ (ပဏ္ဏာမ တရားသာ-နိဂုံး) သုံးဌာနစလုံး တအိမ်လုံး ပြန်ပြော၊ အမှန်ဟောလိုက်ထာ။ မင်းဘဲ-သူဌေးဘဲ-အတွေး မလွဲကြနဲ့။

(ဒိဋ္ဌိက-မှားမှု၊ မာနက-လွှားမှု၊ တဏှာက-ကြွားမှု၊) တယောက်နဲ့ တယောက်အမှားမတူကြနဲ့၊ တနေ့သေရမှာချည်းဘဲ ဟုတ်ပါတယ်ဆရာ။ သေတော့-ဒီခန္ဓာကိုယ်ဘဲလား၊ တခြားမှာ ငှါးရသေးသလား၊ ဒါပါဘဲဆရာ။ ဒါဖြင့်-မသာကောင် ဘယ်ဟာလဲ။ ဒါပါဘဲဆရာ။

ဒါကြောင့်၊ မသာအရှိန်နဲ့ တဏှာဇိမ်မများဘဲ၊ ငါ အိမ် ငှါး အစစ်ဆိုတာ နှလုံးသွင်းပြီး၊ သာဓု-သုံးကြိမ်၊ ကျယ်ကျယ်ကြီး ခေါ်၍ ဝမ်းမြောက်ကြ စေကုန်သတည်း။

(သဏ္ဍာသနပညတ်-တော်ပြီ။)

## ၃။ တတိယည- သန္တတိ ပညတ်ခဏ်း။

ပဏာမက-ဝိပ္ပလ္လာသ ၃-ပါး၊
တရားသားက-သန္တတိပညတ်၊
နိဂုံးသတ်က-ဘိုင်စကုတ် ဥပမာ၊

(ဝိပ္ပလ္လာသ-သုံးပါး၊ ဘာသာပြန် ပဏာမ)
၁။ ဒိဋ္ဌိဝိပ္ပလ္လာသ အယူဘောက်ပြန်။
၂။ စိတ္တဝိပ္ပလ္လာသ အသိဘောက်ပြန်။
၃။ သညာ ဝိပ္ပလ္လာသ အမှတ်ဘောက်ပြန်။

ကောက်ရိုးရုပ် ဥပမာနဲ့ တောငှက်မြို့သား လယ်သမား ၃-မျိုးနဲ့ နံပါတ်စဥ်အတိုင်း မှတ်ကြ။

နားထောင်။ လယ်တော တကွင်းမှာ တောကြက်၊ တောငှက်၊ တောဝက် စသည်တို့ စားသောက် ဖျက်ဆီးကြတယ်။ လယ်သမားက ကောက်ရိုးကို လယ်စောင့်ရုပ်ကြီး လုပ်ထားတယ်။ သက္ကလပ် အင်္ကျီနဲ့၊ ပုဆိုးနဲ့၊ ခမောက်ဆောင်းလို့ လောက်လေးကိုင်ပြီး ပစ်မဲ့ဟန်နဲ့ ကျကျနန ပြုလုပ် စီမံထားတော့ တောငှက်တွေ မသာဝံ့တော့ဘူး၊ ဘာထင်လို့လဲ။ လူထင်လို့ပါဆရာ။ တောထဲပြန်ကြတယ် မဟုတ်လား၊ ဟုတ်ပါတယ်။ မင်းတို့ငါတို့လဲ ၃၂-ကောဋ္ဌာသ ဖြစ်တဲ့ သွေးစုသားစု အရိုးစုတွေ ဒါ သမထမှတ်၊ တနည်း၊ ခေတ်စု ကလာပ်စုတွေ

ကို ယောကျ်ားထင်၊ မိန်းမထင်၊ ပုဂ္ဂိုလ်သတ္တဝါမြင်၊ ပူပင်စရာ လူထင်ခါ အယူမှားပြီး အနွစိတ် ဘောက်ပြန်လို့ သက္ကာယဒိဋ္ဌိ တောဝင်ပြီး အစိစိ ကျကြရတယ်။ မှန်ပါတယ်ဆရာ၊ ၁-နံပါတ် အရေးကြီးတယ်။

၂-နံပါတ်ပြောမယ်။ လယ်တောသို့ မမြင်ဘူးမရောက်ဘူးတဲ့ မြို့သားတယောက် လယ်ထဲရောက်တဲ့ အခါမှာ ခတ်ဝေးဝေးက ဒီ ကောက်ရိုးရုပ်ကြီးကို ဘာထင်မလဲကွဲ့။ လူဘဲထင်ပါတယ်။ ထင်ပေမဲ့၊ တောင့်က်တို့လို လန့်ပြီးပြန်မပြေးဘူး။ ဘာကြောင့်၊ လူက လူသင်လို့မပြေးပါ ဆရာ၊ ဒီအရုပ်ကြီးနား တဖြေးဖြေး လျှောက်လာရဲတယ်။ အနားကျတော့မှ အမယ်၊ ငါ့မှာအဝေးက လူထင်တယ်။ ခုမှဘဲ အရုပ်ကြီးပါကလား၊ ဒါက သောတာပန်၊ သကဒါဂါမိ် တို့မှာဘဲ ကျန်ရှိသေးတဲ့ တဏှာအတွက် စိတ္တ ဝိပ္ပလ္လာသမှတ်။

ဝိသာခါ၊ အနာထပိဏ်၊ မယ်ဥတ္တရာ၊ မောင်နန္ဒတို့ ရကြတဲ့ ဝိပဿနာဉာဏ်ကို အန္ဓဗာလတို့မယုံနိုင်၊ မယုံချင်ယုံ၊ ယုံချင်လဲ ယုံ၊ ဘုရားဟောတဲ့ ဥဒါဟရဏ် သာဓကေတွေထွေရှိတယ်၊ လင်ရယ် သိတာ၊ မယားဘဲသိတာ၊ ကာမဂုဏ်ခံစားမှုသိတာ၊ အရိယာမှာ၊ သောတာပန်မှာ၊ အန္ဓပုထုဇဉ်တို့နဲ့ (သိလုံး-ခံစားလုံး) မထူး။ ပုဒ်ဖြတ်မှတ်။ ဘာထူးသလဲ။ ဒိဋ္ဌိဝိပ္ပလ္လာသကို ပယ်တာထူးတယ်၊ မြို့သား အရုပ်နဲ့နီးမှ အရုပ်မှန်းသိဘာကို အရိယာ သောတာ ပန် တို့မှာလဲ ယောနိသောဆိုတဲ့ ဆင်ခြင်ခိုက်တရားနဲ့ ဝေဘန် ဆဲ၊ တရားနားကပ်တော့မှဘဲအနိစ္စရုပ်၊ဒုက္ခရုပ်၊အနတ္တရုပ်၊ ငါပိုင်

ငါဆိုင် အရှင်းမဟုတ်ကြောင်းကို သိတယ်။ သိလျှင် သိခြင်း အေးတယ် မှတ်လိုက်။

အန္ဓဗာလတို့မှာ အနတ္တလက္ခဏာကို ဘယ်ကမ္ဘာ ဘယ် သံသရာကမှ မသိခဲ့သဖြင့်၊ အာရုံ ကာမဂုဏ်တို့ကို မိုက်မိုက်ကန်းကန်း ဆင်ကန်းတောတိုး ခံစားကြ၏။ ဖါး,မြွေလိုက်၊ နွားကို ကျားကိုက်၊ ဒိဋ္ဌုပ္ပါဒါနိ ကြိုးအမျိုးမျိုးတင်းလျှင် သုခလဲ သုခထင်၊ ဒုက္ခလဲ သုခ ထင်ကြ၏။

၃-နံပါတ်အဓိပ္ပါယ်မှာ ဇင်းလယ်စောင့်ရုပ်ရှိရာသို့ တောထဲက ထင်းခွေပြီး ထင်းလှိုင်းထမ်းလျက် ထွက်လာသော လယ်သမားတယောက် တောထဲက ထွက်စ ဒီအရုပ်ကြီးကိုလဲ တောစပ် အနီး၌ တွေ့တယ်။ အမှုမဲ့အမှတ်မဲ့ ဖြုံးကနဲ ရုတ်တရက် အနည်း ငယ်လန့်၊ ချက်ခြင်း အရုပ်မှန်းသိတယ်။ တောငှက်လို လူမထင် မပြေး၊ မြို့သားလို လူထင်တာ မကြာ။ဘာ့ကြောင့် လယ်သမား ချင်းဖြစ်လို့ ဒီအရုပ်ထဲမှာ ဘာတွေ ရှိတယ်၊ ဘာကို လုပ်တယ်၊ ဘာ့ကြောင့် လုပ်တယ်ဆိုတာ လယ်သမားချင်းမို့ စာရင်းမြင်၊ အတွင်းအပြင် အကုန်သိတယ်။ ခေတ္တမျှသာ တုန်လှုပ်မှုရှိတယ်။ အရုပ် ဟုတ်,မဟုတ် စဉ်းစားဘို့မလို။

အနာဂါမ်ပုဂ္ဂိုလ် (ဝိသာခ သူဌေးကြီး ဓမ္မဒိန္နာ) သူဌေး ကတော်တို့ ဥပဒေထုံးကိုလဲ မေးကြ တွေးကြ။ နည်းကောင်းလဲ ရအောင်ယူကြ။ ပါးနပ်သူ အထက်တန်းစား ပုဂ္ဂိုလ်တို့နဲ့ သာ ထိုက်တန်တဲ့ တရား ပုဒ်ပြတ်မှတ်။ အနောမသတ္တ ပရိဘောဂ၊ အထက်တန်းစားဉာဏ်ရှိသော လူမြတ်တို့သာ သုံးဆောင် ခံစား နိုင်သော သဘာဝ ဓမ္မတ ရား ။

## (၅၂) ပဒဋ္ဌေဒဒီပနီ-ပုဒ်ပြတ်မှတ်ကျမ်း။

အနာဂါမ်တို့ ရတဲ့ဉာဏ်မှာ သညာအမှတ် အနည်းငယ် ရှိသဖြင့်၊ စိတ်၏ တမျိုးမှတ်သားမှု ရှိသေးတယ် ဆိုရမယ်မှတ်။ ဒိဋ္ဌိစွဲ စိတ်စွဲမရှိ၊ သညာစွဲမျှသာကျန်ဘယ်။ ဒါပေမဲ့ လင်္ဂအမှတ်၊ မယား အမှတ် အနားမကပ်ဘဲ တရားအမြတ် စာရင်းမြင်သဖြင့်၊ အတွင်း ပြင် ဆန့်ကျိုးတစိမျှ တန်ဘိုးမရှိကြောင်း ပုဒ်ပြတ်သိတတ်။ မဟာဉာဏ်အနာဂါမ်။

### ရှင်းပြီ

၁။ ဒိဋ္ဌိ-အန္ဓ လူ့နတ်ဗြဟ္မာ။
၂။ စိတ္တ-သောတာပန် သကဒါဂါမ်။
၃။ သညာ-အနာဂါမ်။

ရဟန္တာမှာ ၃-ပါးလုံးမရှိမှတ်။ မီးပူခပ်သိမ်း ငြိမ်းသည်။ ဉာဏ်-ဉာဏ်-ဉာဏ်၊ ဟန်မကောက်နဲ့ သဏ္ဌာန်ဖျောက်။

### ခု့အရကျက်-သံပေါက်

ဒိဋ္ဌိ,စိတ်,သညာ၊ ဘောက်ပြန်လာ၊ ခွဲခွါသိဘို့ထုတ်။
ယူ့,သိ,မှတ်ခါ၊ တန်းတက်ပါ၊ တွေးပါဉာဏ်အလုပ်။
တောင်က်,မြှိသား၊ လယ်သမား၊ အမှားနေ့စဉ်ဖြုတ်။
ယောဂီသိရာ၊ဉာမာ၊ တွေးပါ ကောက်ရိုးရုပ်။

ပဏ္ဍာမ-တောဘိ။

## သန္တတိပညတ် ဟောမယ်။

မောင်သန်းကျွယ်ရေ၊ ယနေ့ပါနဲ့ တရားဟောခဲ့တာ ဘယ်နှစ်ရက်ရှိပလဲ။ အခုညပါ ၃-ရက်ရှိပါပြီ။

ဉပမာပြောမယ်၊ ဝမ်းဘဲဥကို အိုးထဲထည့် စလောင်းဖုံး၊ တခါ အပေါ်က တောင်းအုပ်၊ တောင်းပေါ်က တုံးကလေးတခု ဖိထားတယ်။ ကျီးကန်း ထိုးစားနိုင်သေးရဲ့လား၊ မစားနိုင်ပါ၊ မဖွင့်နိုင်ပါဆရာ။ ဝမ်းဘဲဥ အပေါ် အသားကရုပ်။ အတွင်း အနှစ်က နာမ်။ အဲဒီ ရုပ်နာမ် ၂-ပါး ပရမတ်ကိုဟောမှာက နက်ဖြန်ညမှ၊ ယနေ့ စလောင်းဖုံးဖွင့်မယ်။ မနေ့က ဘာကိုဖွင့်သလဲ၊ ဒုတိယည သဏ္ဍာနဆိုတဲ့ တောင်းကို ဖွင့်ပြီးပါပြီဆရာ။ နာမပညတ်က ဘာနဲ့တူသလဲကွဲ့။ တောင်းပေါ်က ဖိတင်ထားတဲ့ သစ်တုံးကလေးနဲ့ တူပါတယ်ဆရာ။ နာမပညတ်က မလွယ်ဘူး။ သဏ္ဍာနပညတ်က ခက်တယ်။ ခု-ဟောမဲ့ သန္တတိကိုတော့ မျက်တောင်မခတ်ဘဲ စကားမပြောဘဲ နားထောင်ကြ။ တရားသားချင်း တူပေမဲ့ ဟောနည်းတမျိုးလို့ နာကြားသူတွေ သက်သေခံကြမယ်။ ဘာလဲ သန္တတိ အစဉ်အဆက်ကိုခေါ်တယ် မှတ်လိုက်စမ်း။ ဘာ့ကြောင့် အစဉ်အဆက်ရသလဲ။ မိမိ၏ထင်မြင်ချက်မှတ်။ ပုဒ်ပြတ်မှတ်။ တရားသဘောကတလုံးစီ၊ တခုစီကေန်၊ နာမ်က လက်ဖျစ်တတွက် ကုဋေတသိန်းဖြစ်ပျက်။ ရုပ်က ကုဋေ-၅၀၀၀ ကျော် ဖြစ်တယ်၊ ပျက်တယ်။

ယနေ့ နာမ်,ရုပ် ဟောတာမဟုတ်ပေမဲ့ စလောင်းဖုံးဖွင့်တော့ ဝမ်းဘဲဥကိုမြင်တယ်။ မြင်ပြီး စားချင်စိတ်ပေါ်ရမယ်။ ဒါပေမဲ့ စလောင်းဖုံးခေါ် သန္တတိ ကိုသာ နှလုံးသွင်းကြ။

ပရမတ်ဟာ ဘယ်ဟာလဲကွဲ့၊ ကျွန်တော်၏ ဟောဒီခန္ဓာတုံး ကြီးပါ။ ရုပ်နာမ် သဘောအစုကြီးမှတ်။ ပရမတ်ဓာတ်သား အစုအပေါင်းကြီး မှတ်လိုက်။ မင်းလူသေလား လူရှင်လား။ ကျွန်တော် လူရှင်အစစ်ပါ ဆရာ။ လူရှင်အစစ်လို့ ယူခဲ့ရင် သက္ကာယဒိဋ္ဌိ ပုဒ်ပြတ်မှတ်လိုက်။ ဆိုလိုရင်းက၊ အမြင်မှန်မှာ ဉာဏ်ရှိသူတို့ သိပိုင်လုံးမှာ လူသေမှတ်။နားထောင်၊ဘာ့ကြောင့် လူရှင်ထင်ရသလဲ။ မင်း၏စိတ်မှာ အန္ဓပုထုဇဉ်တို့ ယူလုံး၊ သိလုံး၊ မှတ်လုံးမှာ အနိစ္စလက္ခဏာ အရှင်းမသိလို့၊ ဝိပဿနာဉာဏ်မရ လို့၊ လင်စွဲ့မယားစွဲ သက္ကာယဒိဋ္ဌိရှိလို့ လူထင်သည်။ ထင်မှု သန္တတိ ပညတ်မှတ်။

နာမ်ရုပ် ၂ ချက်၊ မြန်စွာပျက်၊ မှားမက်လူအရှင်။
ပျက်လုံးမသိ၊ သန္တတိ၊ ဒိဋ္ဌိ-ကျား,မ ထင်။
ပျက်တာမသိ၊ ဖြစ်တာရှိ၊ ထင်မိမှားလုံးပင်။
အနိစ္စလုံး၊ သန္တတိဖုံး၊ ကျမ်းထုံးဝိသုဒ်မြင်။

ခက်တယ်၊ ခက်တာဘဲ ဂရုစိုက်၊ နာမ်ရုပ် ၂-ပါးတို့၏ အဖြစ် အပျက်က မြန်အားကြီးလို့၊အစဉ်အဆက်မြဲလို့၊ ထင်ချက်လွဲဒါ မိမိမှာ သန္တတိ ပညတ်ဖုံးတယ်မှတ်။ ဒါ့ကြောင့် ပရမတ်ကို မသိ တာ၊ မယုံတာ။

အရိယာနံ-အဒဿာဝီ။ အရိယာဉာဏ်ကို၊ အန္ဓတို့ မျက်စိနဲ့ ကြည့်လို့မမြင်မှတ်။ ဒိဗ္ဗစက္ခုအဘိညာဉ်ရကြတဲ့ ဈာန်ပျံရသေ့ နတ်မင်း ဗြဟ္မာမင်းတို့ မျက်စိနဲ့လဲ အရိယာပုဂ္ဂိုလ်ကို မသိနိုင် ပုဒ်ပြတ်မှတ်။

ဟောဒီမှာ ဒါ-ဘာလဲ။ ဆံစုပါဆရာ။ အခုလိုပြတော့ ဘာလဲ၊ ဆံပင်ပါ။ အခုဆိုစမ်း၊ ဆံစုပါ။ ဒီဆံပင်ကလေးတွေဟာ တပင်နဲ့တပင် ပူးကပ်နေသလား။ တပင်စီပါဆရာ။ အဝေးက ဘယ်လိုမြင်သလဲ။ တပေါင်းထဲ မြင်ပါတယ်။ တပေါင်းထဲက အမှန်လား၊ တပင်စီက အမှန်လား။ အမှန်က အရှင်းပူးကပ် မနေပါ၊တပင်စီက-အမှန်ကေန်ပါဆရာ။ ။မင့်ခန္ဓာကိုယ်လဲဘဲ။ လက်ဖျစ်တတွက်၌၊ (၀ါ)တမိနစ်မှာ တယောက်စီ တယောက်စီ ပျက်နေတယ်၊ပျောက်နေတယ်၊ တကောင်ဖြစ် တကောင်ပျက်၊ တကောင်စီ-ဘကောင်စီ ပေါ်လိုက် ပျောက်လိုက်မှတ်။

ခက်တယ် သိဘို့၊ သပ္ပုရိသ အစစ်မတွေ့ဘဲ၊ နိဗ္ဗာန်ရဘို့ကြပ်တယ်။ ခင်းဒီလိုသိရဲ့လား၊ မသိပါဆရာ။ မင်းသိတာပြောစမ်း။ ကျွန်တော်သိတာက၊ မွေးစကတဲက-ယခုတိုင် မတ်တတ်ရပ်နေတဲ့ ခန္ဓာကိုယ်ဟာ သေမှဘဲ-ပျောက်သွားတာ သိပါတယ်ဆရာ။ ခဏခဏ ပေါ်လိုက် ပျောက်လိုက် ဆိုတာ၊ ဆရာ၏ တရားနာရမှ ကြားဘူးပါတယ်ဆရာ။

ဥပမာကွယ် လင်ကကုလားထိုင်ပေါ်မှာ ထိုင်နေတယ်၊မိန်းမက ကုလားထိုင်ရှေ့ကထိုင်၊ လင်ဘက်လှည့်ဆေးလိပ်သောက်နေတယ်၊ ဒီမိန်းမခန္ဓာကိုယ်လဲ လက်ဖျစ်တတွက်မှာ ကုဋေပေါင်း ၅၀၀၀-ဖြစ်လိုက်ပျက်လိုက်မှတ်။အဖြစ်နဲ့ အပျက်က မြန်တော့ ငါ့မိန်းမဟာ ပြောင်းနေတယ် ပျက်နေတယ်၊ကြည့်စမ်း ခုံပေါ် လာပြန်ပြီ။ ဒါလိုသိနိုင်ရဲ့လား၊ မသိနိုင်ပါဆရာ။

မသိတာ ကောင်းတယ်ကွဲ့၊ ဘာ့ကြောင့်-သန္တာတိအဆက်က မမြန်လို့ နေ့းနွေးဘဲထင်ရှားအောင် ပေါ်လာလိုက်၊ ပျောက်

သွားလိုက်ဆိုတာကို မျက်စိနဲ့သာမြင်ရရင် ခက်မှာပေါ့။ အလို-လာကြပါအုံး။ ကျွန်တော့မိန်းမ ဘယ်လိုဖြစ်မှန်း မသိဘူးလို့ လန့်မအော် ပေဘူးလား။ တွေးနော်တွေး-လန့်သွားမှာဘဲဆရာ။ ဖြစ်တာ,ပျက်တာ,ဆက်တာမြန်တာကိုဘဲသန္တတိ၊ဒီသန္တတိဖုံးတဲ့-မိမိ၏အန္တခေါ်တဲ့ ဒိဋ္ဌိစိတ်ကို ရှိခိုးဘို့ကောင်းတယ်။ဘာ့ကြောင့်၊ ဒိဋ္ဌိစိတ်ကို ကျေးဇူးတင်ရမလဲဆိုတာ မျက်မြင်သာဖြစ်လိုက် ပျက်လိုက် ထင်ရှားနေရင်၊ သိသာအောင် ပြောင်းလိုက်၊ ပျက်လိုက်ဆိုရင် တစ္ဆေချောက်တယ် ဖြစ်မှာပေါ့၊ မြို့ပျက်ကရောပေါ့ကွ။ သိမ်ကြီးဈေးထဲ လူတွေအလိုလို့မှ လူသံတွေ ဆူညံ့နေတာ-ဒီလိုသာ ချက်ခြင်းလူရှင်မြင်၊ ခုဘဲပျောက်ဖြစ်နေကြရင်၊ မခက်ဘူးလားကွဲ့၊ စစ်တပ်နဲ့အုပ်လို့ ရဘို့မပြောနဲ့ နတ်ပြည်ကတောင် နတ်တွေလန့်ပြေးမယ်၊ ဘာ့ကြောင့် အမယ်လေးသံတွေ၊ လာကြပါအုံး အသံတွေ ခဏိက အနိစ္စကိုဘဲ ကျေးဇူးတင်လိုက်ကြ။

မီးကွင်း ဥပမာ၊နားစိုက်စမ်း၊မျက်စိနဲ့ လဲကြည့်ပါ၊ည ၈-နာရီအချိန်၊ မင့်အိမ်နဲ့ ဆရာတို့အိမ်က မျက်နှာချင်းဆိုင်၊ ဆရာတို့က မီးမထွန်းဘူး၊ ဆရာက မီးစ တခုကို ဟောဒီလိုကိုင်ပြီး လှဲနေတုန်း၊ မင်းက-ဒို့အိမ်ဘက်ကို လှဲကြည့်လိုက်တော့၊ အလိုဘယ့်နှယ်-ဆရာတို့အိမ်က၊ မီးကွင်းကြီးပါလားလို့ မမြင်ဘူးလား။ မြင်ပါတယ်ဆရာ၊ မင်းကကြည့်နေတုန်း ဆရာက ရပ်လိုက်တော့၊ ဘာထင်သလဲ၊ မီးစ,မှန်း သိသွားပါတယ်-သိတုန်းမှာ-ဆရာက ဟောဒီလို ထပ်ပြီးလှဲပြန်တော့၊ ဘာမြင်ပြန်သလဲ၊ မီးကွင်း မြင်ပါတယ်။ ဉာဏ်နဲ့ စဉ်းစားတော့ကော၊ မီးစကောန်ပါဆရာ၊ မျက်မြင်ကကော၊ မီးကွင်းကိုဘဲမြင်ပါတယ်။ အေးဟုတ်တယ်။

ဒီမှာကြည့်၊ လက်ဖျစ်တတွက်၊ ဘယ်နှစ်ပတ် ရှိပလဲပြော၊ ၄-ပတ်ခန့်ရှိပါဘယ်။ ဒါလောက်မျှနဲ့ မီးစကို-မီးကွင်းမြင်ရ-ထင်ရရင်။ ရုပ်နာမ်တို့၏ အဖြစ်အပျက်၊ အသစ်ဆက်ထာ မြန်အားကြီးလို့၊ ဉာဏ်တရားမနီးသူတို့ ရုပ်နာမ် ၂-ပါးကို၊ သုဿန်မယားအသေလင်၊ မမြင်နိုင်ကြတာဘာပညတ်ဖုံးလို့လဲ၊ သန္တတိပညတ်ဖုံးလို့ပါဆရာ။ သာချလင်ရှင်-မယားရှင် ထင်မှာပေါ့ လူရှိတယ်ပုဂ္ဂိုလ်သတ္တဝါမြင်တယ်၊ ကျား,မ,မြင်တယ်၊ငါမိန်းမရတာ နှစ်ပေါင်း ၂၀၊ ငါလင်ရတာ နှစ်ပေါင်း ၃၀-ရှိပြီထင်တာ စိတ်ရှိတိုင်းစွဲ၊ ဒိဋ္ဌိသန္တတိအစစ်ဘဲကွဲ့။ မီးကွင်းမြင်ပေမဲ့ =ဉာဏ်နဲ့ဝေဘန်၊ တပတ်ပြီးမှ တပတ်ပါဘဲ။ မှန်ပါဘယ်ဆရာ။ တလောကလုံး မှားနေကြပါတယ် ဆရာခင်ဗျား။

တပေါင်းထဲထင်တာ၊ သန္တတိပညတ်။
တလုံးထဲထင်တာ၊ သန္တတိပညတ်။
တချောင်းထဲထင်တာ၊ သန္တတိပညတ်။
တဖွဲ့ထဲထင်တာ၊ သန္တတိပညတ်။
တပူးထဲထင်တာ၊ သန္တတိပညတ်။
တယောက်ထဲထင်တာ၊ သန္တတိပညတ်။
တကောင်လုံးမြင်တာ၊ သန္တတိပညတ်။
တဆက်ထဲမြင်တာ၊ သန္တတိပညတ်။
တကွင်းထဲမြင်တာ၊ သန္တတိပညတ်။
တတွဲထဲမြင်တာ၊ သန္တတိပညတ်။
လူရှင်မြင်တာ၊ သန္တတိပညတ်။
ကျား,မမြင်တာ၊ သန္တတိပညတ်။
**အနိစ္စမမြင်တာ၊ သန္တတိပညတ်။**

(တရားသားရပ်ပြီ)

ဘိုင်စကုတ် နိဂုံးသတ်နားထောင်၊ ဘယ်ခါမှ မမေ့နိုင်တဲ့ ဥပမာမှတ်။

ဘိုင်စကုတ်ကြည့်ဘူးလား၊ ကြည့်ဘူးပါတယ်း ငါလဲသုံးခါလောက်ကြည့်ဘူးတယ်၊ ရှုံထဲဝင်သွားစ-အင်ဂျင်မီးတွေ လင်းနေတယ်၊ နောက်ငြိမ်းသွားဘယ်၊ ဒီအခါတုန်းက ဆရာကလဲတခါမှ မမြင်ဘူးဘူး။ မီးတွေအကုန်ငြိမ်းသွားတော့၊ ဘယ့်နှယ်ဖြစ်ပါလိမ့် တွေးဘယ်၊ နောက်ဘက်ကမီးရောင်ထိုးလိုက်တော့၊ ရှေ့မှာပိတ်ကားမြင်တယ်၊ ဒီပိတ်ကားမှာ မီးရောင်ဝိုင်းဝိုင်း ပေါ်လာတယ်၊ နောက်တော့ စာတမ်းတွေပေါ်လာတယ်၊ လူရုပ်တွေ၊ မင်းသို့း-မင်းသား ချစ်ခမ်း ကြိုက်ခမ်းတွေ မြင်ရတယ်၊ ကြည့်သူတွေက လက်ခုပ်တီး သဘောကျ ရယ်မောကြတယ်၊ ဆရာကတွေးတယ်၊မောင်သန်းကျွယ်-မင်းလဲစဉ်းစား၊ဆရာက ဥာဏ်ထဲကပိတ်ကားနားကပ်ပြီး လက်နဲ့ကုပ်ခြစ်ပြီး အတွေ့လိုက်ကြည့်တယ်ကွဲ့၊ ဘာမှမတွေ့ဘူး။ ခက်ပြီ-ဒီလူတွေ ရယ်မောပြီး တကယ်သဘောကျတာ မှားပြီ၊ (ခက်တော့တာဘဲ၊ အကြပ်ဆုံး) အရိပ်သွားတာ၊ စိတ်မျှားလို့ ပိတ်ကားပါဘဲလို့ ဆရာသိတယ်၊ ဖွင့်မပြောလို့၊ အရိပ်ကေန်-စဉ်းစားကြ။

လွှမ်းခဏ်းဆွေးခဏ်းတွေ မြင်ရတယ်၊ အားလုံးကို ပြန်ကြည့်တယ်။ အချို့ကမျက်ရည်ကျ၊ အချို့က ဝမ်းနဲ့ကြ သနားကြ၊ လက်ခုပ်တီးသံကြားရ၊ ဆရာသိတာက-ပိတ်ကားပါဘဲ၊ တကဲ့လူမဟုတ်ဘူးလို့ ပိုင်ပိုင်သိတယ်။ သန္တာတိပညတ်သဘောပေါက်ဘို့ပြောနေတယ်၊ တွေးကြ ဝေဘန်ကြ။

ဒီအရိပ်တွေ လူထင်-လူရှင်ထင်ရတာ ဘာ့ကြောင့်လဲလို့ ဆရာတွေးတယ်။ မူလ သူပကတိကို ခတ်ပုံရိုက်ယူတာ၊ အထိုင်က-အထ၊ အထက-သွားတာ လာတာ လက်သီးထိုးတာဟာ၊ဘာပြု လို့ ပါလိမ့်တွေးတယ်။စင်စစ်တော့ အထိုင်ရုပ်က-အထရုပ်၊ ဘယ် နည်းမှ မဖြစ်နိုင်ဘူး။ အထိုင်တချက်။ အထတချက်၊ ကားဆက် ပေးလို့၊ သန္တတိအစဉ်ကောင်းလို့၊ အဆက်ကမြဲလို့။အရိပ်ကို လူရှင်ဘဲထင်ပြီးချစ်ရတယ်-ငိုရတယ်။ ကျော်ဘက်ကပြတဲ့ စက် ကြိယာအတွင်းသို့သွားကြည့်တယ်၊ မှန်ဘီလူးအဝမှာ မီးရောင် ရှေ့က တထွေးကြီးကျသွားတာ၊ ကော်ပြားကလေးထဲမှာ လူရုပ် ကလေးတွေပါတယ်၊ ဒီကော်ပြားကိုဆန့်ပြီး ဆရာကြည့်တယ်၊ ရုပ်ပုံဆင်တူကလေးဘဲ။ တရုပ်နဲ့တရုပ် တုံးကလေး ခြားတယ်၊ ကတ္တားခြားသွားတယ်၊ တရုပ်စီတရုပ်စီပါဘဲ။ ထိုင်တာလဲမတွေ့၊ ထတာလဲ မထင်ရှား၊ သို့ပေမဲ့ တရုပ်စီ ကော်ပြား ဆေးရုပ်ကို ဘာ့ကြောင့်-တကောင်ထဲ ထင်ရသလဲ။ ပြတဲ့စက်ဆရာ၏ ပညာ ဉာဏ် စက်ကြိယာသဘောနဲ့ ပြုပြင်စက်လှည့်ပေးသိုက်လို့ လူရှင် ထင်ရတယ်။

ဒီပရိသတ်တွေလဲ စဉ်းစားကြ၊ ဘိုင်းကုတ် ရုပ်ဟာ မူလက လူပကတိ မူမရှိဘဲနဲ့မဖြင်။ ပစ္စယပရိဂ္ဂဟဉာဏ်ခေါ် အကြောင်း လိုက်ရှာကြ။ အခြေခံလိုက်၊ တရားလက်တွေ့လိုက်၊အပြောနဲ့တရား မရဘူး၊ မဘရားတော့ လက်တွေ့ကိုယ်တွေ့ ခံစားကြရတယ်။ ဒါ ကြောင့် လက်တွေ့-ကိုယ်တွေ့ ဆင်းရဲကြ၊ သေကြ၊ ပင်ပန်းကြ၊ ငိုကြ၊သေကြရတယ်။ ဒီအရိပ်တွေ ပထမ ဘယ်ကလဲလိုက်တော့-လူက၊ ဒါဖြင့်ရင် ဘိုင်စကုတ်ကိုပိုက်ဆံအကုန်ခံကြည့်ရတာ အငွေ့

အာရုံ ပါကလား။အတွေ့ကာမဂုဏ်ဆိုရင်၊ဆရာတို့ အိမ်သားတွေ့ ဘိုင်စကုတ်ကားမျိုးစုံပေါ့။အိမ်တိုင်း ဘိုင်စကုတ်တွေ ပါကလား စဉ်းစားနေဘ်။ခု—စာသတ်ရင်း ခေတ္တရပ်ပြီး ကိုယ့် အိမ်သားတွေ ပြန်ကြည့်၊ သွားပုံလာပုံ၊ ထိုင်ပုံထပုံ၊ ချစ်ပုံမြူပုံ၊ ကိုယ့် အိမ်သား တွေ ရန်ဖြစ်ပုံ၊ ဆဲပုံရိုက်ပုံ၊သတ်ပုံ-ခိုတ်ဆိုးပုံပြုပြီး၊ ပြန်ပြီးချော့တဲ့ပုံ လင်မယားချင်း မတ်တတ်ရပ်ပုံ၊ သားသမီးတွေနဲ့ ထမင်းဝိုင်း စားပုံ၊ ဖျားပုံ၊ နာပုံ၊ သေပုံ၊ ငိုနေတဲ့ပုံ အစစတွေ မိမိအိမ်မှာဘဲ ဘိုင်စကုတ် အစစ်တွေဘဲလို့ ခု-သိကြ၊ ခု-သံဝေဂရကြ။

မိမိတို့ အိမ်သားဘိုင်စကုတ်ကို နေ့စဉ်ကြည့်ရတာ၊ ကြည့်ချင် လို့ မြင်ချစ်ကြလို့ဘဲ၊ရှာဖွေမှု လုံးပန်းမှု ပင်ပန်းခံ၍ ပိုက်ဆံရှာမှု စားမှု ဆက်ဆက်ပြီး ထမင်း နေ့စဉ် စားပြီး၊ လင်က မယားကို မယားကလင်ကို၊ မိဘကသားသမီးကို သားသမီးကလဲ မိဘဆို အမြဲ နေ့စဉ် မြင်ရအောင် မျက်စိအောက်မှာ ပျောက်မှာစိုးလို့ အာ ဟာရ ဓာတ်စက်ကြီးယာ ဆက်သွင်းပြီး၊ ဟဒယဝတ္ထု စက်အတွင်း က ဇက်ဆရာနဲ့တူတဲ့ အဝိဇ္ဇာနာမ်က အန္ဓစိတ်မိုက်က၊ ဗာလစိတ် စက်ဆရာက၊ ဒိဋ္ဌိဆိုတဲ့ကိလေသာ မီးရောင်နဲ့၊ တဏှာဆိုတဲ့ မှန် ဘီလူးဝက၊ မာနဆိုတဲ့ ကျောဘက် အမြင့်ကနေပြီး မဟာဘုတ် လေးပါး၊ ဘူတရုပ် ယန္တရားစခမ်းသွားကြတယ်။ စိတ်သွားတိုင်း ထင်ပေမဲ့ ပိတ်ကားဆိုတဲ့ ဓာတ်သားပါဘဲ။ လက်တွေ့ ထိပါ ပထဝီ ပိတ်ကား၊ တေဇော ပိတ်ကား၊ ဝါယော ပိတ်ကား ဖေါဋ္ဌဗ္ဗာရုံ ၃-ပါး အစစ်ပါဘဲ၊ခက်တယ်။

ဘိုင်စကုတ်အရိပ်က တမိနစ်ကို အရုပ်ပေါင်း-၅ဝဝ၊၁ဝဝဝ၊ ဆက်၍ပေးတာနဲ့ အထက အထိုင် ဖြစ်ထယ်။ အရှင် ထင်သေး

တာဘဲ။ လူခေါ်တဲ့ နာမ်ရုပ် ၂-သင်းက လက်ဖျစ်တတွက်၌ ကုဋေပေါင်း သိန်း ၅၀၀၀-ကျော် ကားဆက်တာကြောင့်၊လင် ထင် မယားထင် မှားချက် နာတာ ဘာ-လဲ သန္တတိ၊သန္တတိ၊ သန္တတိ၊ ဘာသေတာသိနိုင်မှာလဲ။ ဘာ-ပျက်တာ]သိနိုင်မှာလဲ။ ရုပ်နာမ်အဆက်က အဟုတ်မြန်တဲ့အတွက်၊သုတ္တန်အချက်ကြောင့် ပုဂ္ဂိုလ်,သတ္တဝါ,ငါ,သူ,တပါး၊ ယောကျ်ား,မိန်းမ သိရဘယ်။ အဘိဓမ္မာအရဆိုတော့ စိတ်မှာ ဉာဏ်ရကြရင် ဝိပ္ပလ္လာသသုံးပါး သတိထားကြတော့။ အသိသားနဲ့ တောင့်ကျ်မဖြစ်ဘို့ ဒိဋ္ဌိအရေး ကြီးတယ်လို့ သန္တတိ ပညတ်ဆိုတာ စလောင်းဖုံး ပမာပြုပြီး၊ အဖုံးမပိတ်ဘဲ ယနေ့ဖွင့်ပြီ။ နက်ဖြန်ကျတော့ အတွေ့နဲ့ (နာမ် ရုပ် ပရမတ်) ၂-စခမ်းတွဲရှုဘို့၊ ဝမ်းဘဲဥစားဘို့ စားကြရမယ်။ ခေတ်ဆိုး၊ ကပ်ဆိုး၊ ကာလဆိုး၊ ကပ်သုံးပါးခေတ်၊ ဗုဒ္ဓရာဇာ ခေတ်၊ ဝိမုတ္တိခေတ်၊ တွေးလဲတွေး၊ ရေးလဲရေး။ သူ့ဝါဒ၊ ငါ့ ဝါဒ၊ ဘယ်သူ့ဝါဒကိုမှ သဘောမကျနဲ့၊ သုံးဆယ့်တဘုံမှာ ဂေါတမဝါဒ အုပ်စိုးမဲ့ ခေတ်အစစ် ဖြစ်ကပြီ။ တယောက်နဲ့ တယောက်၊ ပဉာသန လောကီဉာဏ်တွေနဲ့ ဘယ်လိုဘဲ ကြွား ကြွား၊ ဘယ်လိုဘဲ စားစား၊ ထမင်း ၂-နပ်တွက် ဂိတ်ဝကတော့ (ကြံတောနဲ့ တာမြေမှာ ရပ်မယ်) တရားသဘောမှာ မိမိကိုယ် မသာ,တစ္ဆေ မှတ်ကြ။ ကမ္ဘာမှာ မသာမူတည်ကြရတာ သာတူ ညီမျှ ဆိုတာဘဲ။

| | | |
|---|---|---|
| လူ | နတ် | ဗြဟ္မာ |
| သူဌေး | မင်း | ရဟန်း |

## အပါယ်လေးပါးနဲ့ ဆင်းရဲသား တန်းဘူ။

ဘာဘဲပြောပြော၊ ဘာဘဲထင်ထင်၊ မသာမှုတည်တဲ့ဘဝ၊ သာတူညီမျှက အနိစ္စတာတန်းထဲ စည်းမျဉ်းဆွဲ၊ ဆွဲပါ၍ညီပါတယ်၊ ညီစေ၊ ညီအောင်ဆွဲ။ဒုတိယတန်းထဲ စည်းမျဉ်းဆွဲ၊ တည့်တည့်ဆွဲ၊ မစောင်းစေနဲ့၊ ဖြောင့်ဖြောင့်ဆွဲနော်။ တဘက်စောင်းဖြစ်ရင် မတည့်ရင် ဟန်မရဘူး၊ ဥာဏ်ရရင် တူတယ်။ဘယ်လူကိုမှ အသား မပေးဘူး။ မျဉ်းဆွဲတာ ညီအောင်ဆွဲမှာ ဘယ်သူလဲ။ ဥတ္တမ ရဘနာနဲ့ ဗုဒ္ဓရာဇာမှ ပစ္ဆိမ ပဋိပဒါ ကျမယ်။ အဘိဓမ္မာ သဘာဝ ဆိုတာလဲ အတ္တစခန်းဖြုတ်၊ ငါပိုင်သူပိုင်ဖြုတ်၊ အတ္တ စခမ်းဖြုတ်၊ အနတ္တ တတမ်းထဲလုပ်ဘို့ ညီမျှကြရင် ဤဘဝ၊ ထို ဘဝ၊ ရှိ,မရှိ သိမယ်၊ ပုဒ်ပြတ်မှတ်။ အနိမ့်,အမြင့် ရှိကြလို့ သူ သာတယ်၊ ငါနိုင်တာသ်လို့ ဂုဏ်မောက်ပြီး၊ ဟန်ပါပါ အပိုအနိုင် မလုပ်ဘဲ ခန္ဓာကိုယ် ဘိုင်စကုတ် အစစ်ပါကလားလို့ ဥာဏ်ရှိရင် သုံးပြီး၊ ကိုင်း ...သန္တတိ နိဂုံးကို သာဓု ၃-ကြိမ် ကျယ်ကျယ်ကြီး ခေါ်ကြစေကုန်သတည်း။

(သန္တတိ တော်ပြီ။)

× × ×

## စတုတ္ထည-နာမ်ရုပ် ပရမတ်ခဏ်း။

သစ္စာလေးပါး ဘာသာပြန်-ပဏာမ
နာမ်နဲ့ရုပ် ပရိစ္ဆေဒ-တရားအသား။
ရုပ်မျက်လှဲ့ နာမ်မျက်လှဲ့-နိဂုံးသတ်။

စတုတ္ထည-နာမ်ရုပ် ပရမတ်အခဏ်း။

၁။ ဒုက္ခသစ္စာ၊ ဆင်းရဲအမှန်။
၂။ သမုဒယသစ္စာ၊ ချစ်ထာအမှန်။
၃။ နိရောဓသစ္စာ၊ ချမ်းသာတာအမှန်-အေး။
၄။ မဂ္ဂသစ္စာ၊ မချစ်ထာ အမှန်-သိ၊

(သူတော်ယောင် ဆောင်ဘို့ လွယ်၏။ ပညာရှိယောင် ဆောင်ဘို့မလွယ်။)

မောင်သန်းကျွယ်—ဗျာ။ ယနေ့ည ပညတ် ဟောရမလား။ ပရမတ် ညပါဆရာ။ပရမတ် ညနဲ့ ညီစွာ၊ သစ္စာလေးပါး ပဏ်ာမ ထားမယ်။ မှန်ပါဆရာ။တရားအစင်မှာ ဂုဏ် ၆—ပါးရှိတယ်ကွဲ့၊ အစ—အလယ်-အဆုံးသုံးပါးလုံး ကောင်းရမယ်။ သီလ သမာဓိ ပညာပါဝင်ရမယ်။ ။မင်း ဘာ-ဘာသာလဲ။ ဗုဒ္ဓဘာသာပါ ဆရာ။ဗုဒ္ဓဘာသာဖြစ်ခဲ့ရင်၊ ဂေါတမ အယူဝါဒကို၊တရားအမှန် ကို၊ တထစ်ကျ၊ အစစ်တကယ်သိရဲ့လား။ မသိပါ။ ဒါဖြင့်-ဗုဒ္ဓ ဘာသာပြောရရုံမျှပေါ့။ ဟုတ်ပါတယ်။ ဘာပြုလို့-မသိရသလဲ။ ပြောပြမဲ့သူမတွေ့ရလို့ ကျွန်တော်မသိပါဆရာ။ဆရာ ပြောမယ် နားထောင်—

ဗုဒ္ဓက-ဘုရား။တနည်း၊ သစ္စာ ၄-ပါး အသိဉာဏ်။ဘာသာက- ဘာလဲ၊ သစ္စာလေးပါး အသိဉာဏ်ကိုပြောဆိုခြင်း၊ ဟောပြော ခြင်း၊ နာယူခြင်း၊ အဲဒါမှ ဗုဒ္ဓဘာသာမှတ်၊ ပုဒ်ဖြတ်မှတ်။ သစ္စာ ၄—ပါးဟာ၊အမှန်ဆိုးဘုရား ၄-ပါးဘုရား၏ စကားတော်ပေါင်း ကို သိမ်းကြုံရေတွက် လိုက်ရင်၊သစ္စာ ၄-ပါးက အချုပ်ဖြစ်ရမယ်

မှတ်။ ။ဗုဒ္ဓဘာသာချုပ်။ ဘာဘာဘာကာတို့ကိုအုပ်။ အမှား ဝါဒ မျိုးစုံအုပ်နိုင်တဲ့ အမှန်ဆုံးတရား ၄-ပါး။

သစ္စာ ၄-ပါးကို အစိပ်ပွါယ်သိဘို့က၊ နံပါတ် (၂)က ပြန် ဘတ်။(၁) ကိုဟတ် (၄) က(၃)ကိုပြန်ဘတ်ပါ။ချစ်ထာမှန်ကြ လို့ ဆင်းရဲတာမှန်၏။ မချစ်ဘာသိခဲ့ရင်၊ ချမ်းသာရမယ်။ အေး ရမယ်။ အေးတာ နိဗ္ဗာန်မှတ်။ပုဒ်ပြတ်မှတ်။ မတွေးနဲ့။

နိဗ္ဗာန်ဆိုတာ အေးတာငြိမ်းတာ။ လင်ပူ၊ သားပူ၊ အိမ်ပူ၊ ကျောင်းပူ မရှိမှတ်လိုက်။ မြို့ကြီးမထင်နဲ့၊ တသီးတခြား ဘုံနန်း ပြဿဒ်နဲ့မမှတ်နဲ့။ခုပြောနေတာ၊ အရိယာသိတဲ့ အဘိဓမ္မာနည်း တထစ်မှတ်လိုက်၊ ပုဒ်ပြတ်မှတ်။

နည်းကုန်သိချင်ရင် စိတ်ကောင်းနဲ့ တကယ်သိလိုက၊ ကိုယ် တိုင် လာမေးစမ်းပါ။ နိရောဓသစ္စာဆိုတာ၊ မီးပူ ခပ်သိမ်း ကင်း ခြင်း။တနည်းဒိဋ္ဌိမရှိ။ တနည်း။တဏှာနဲ့ မာနမရှိမှတ်။ တနည်း၊ နာမ်ရုပ် ၂-ပါးမရှိမှတ်။တနည်း၊ အဝတ္တာအုံမှတ်။ ခက်တယ်။

(ချစ်ဆင်းရဲ-မချစ်-ချမ်းသာ) ဒါအတိုချုပ်

တနည်းမှာ၊ အဋ္ဌသာလိနီ အဋ္ဌကထာ-
(မှားရင်ပူ မှန်ရင်အေး)

၁။ ပဝတ္တိ ခန္ဓာဖြစ်။
၂။ ပဝတ္တက ဆုတောင်းလို့။
၃။ နိဝတ္တိဆူး မစူးဘူး။
၄။ နိဝတ္တက ဆူးဘဲ-သိလို့။

၁။ ပဝတ္တိ၊ ပဋိသန္ဓေနေရတယ်။
၂။ ပဝတ္တက၊ ကိုယ်ဖြစ်ချင်လို့။
၃။ နိဝတ္တိ၊ မနှစ်သက်ဘူး၊ ပုဒ်ပြတ်။
၄။ နိဝတ္တက၊ သွေးတုံးမှန်းသိလို့။

နံပါတ်စဉ်အတိုင်း ပြခဲ့တဲ့ သစ္စာလေးပါးနဲ့ အစဉ်အလိုက်မှတ်။ ဖြစ်ချင်လို့ဖြစ်၊ မဖြစ်ချင်ရင် မဖြစ်ပါဘူး။

၁။ ဒုက္ခ၊ ဖြစ်ရတာ။
၂။ သမုဒယ၊ ဖြစ်ချင်လို့။
၃။ နိရောဓ၊ မဖြစ်ဘူး။
၄။ မဂ္ဂ၊ မဖြစ်ချင်။

သစ္စာဆိုတာ အမှန်၊ အမှန်မသိရင် အမှား။ မှန်တာသိတာတရား။ (မှန်တာမသိ-မတရား) မှန်တာခုသိ ခုဘဲအေး၊ (သမ္မာဒိဋ္ဌိ)။ မှန်တာ ခုမသိ ခုဘဲပူရမယ် (မိစ္ဆာဒိဋ္ဌိ)။

(ပဏ္ဍာမတော်ပြီ၊ ခေတ္တနားမတ်)။

× × ×

## နာမ်နဲ့ရုပ် ပရမတ်ကို ဟောမယ်။

နာမ်ဆိုဒါ ရင်ထဲက စိတ်ကိုမှတ်ပါ။ စိတ်ကိုနာမ်မှတ်။အာရုံကို ကြံတတ်,သိတတ်,ညွှတ်တတ်လို့ နာမ်မှတ်။ဟဒယ၊ဝတ္ထုရုပ်နှလုံးသား၊ သွေးအိုင်၌ တစက်စက်ကျရာ လှိုင်းစီးလျက်တည်နေတယ်။ ပျက်နေတယ်။ ဒီနာမ်ကလေးဟာ ပရမတ်အစစ် မှတ်လိုက်။လက်ဖျစ်တတွက်၌ မျက်စိတမှိတ်မှာ ကုဋေပေါင်းတသိန်း

ဖြစ်တယ်၊ ပျက်တယ်။ ဒီစိတ်ကလေးဟာ ပင္ဂိသန္ဓေ နေကထဲက ရှိတယ်။ သေမှဘဲ ပျောက်တယ်လို့ ယူရင် မိစ္ဆာဒိဋ္ဌိမှတ်။ အန္ဓ မှတ်လိုက်။ ခဏခဏ အနိစ္စမှတ်ကြ။

ဒီ နာမ်ကလေး တကယ်ရှိလို့ ပရမတ်မှတ်။ လက်နဲ့ ကိုင်မပြ နိုင်တာ ဓာတ်။ ပရမတ်နဲ့ ဓာတ်နဲ့ အတူတူပါဘဲ။ နာမ်သဘော ကလေးကို ကျား,မ ဆိုနိုင်ကြရဲ့လား။ ပုဂ္ဂိုလ် သတ္တဝါဆိုမှာ လား။ တွေးပါ၊ ကြံပါ၊ စဉ်းစားပါ၊ ငက်တယ်၊ ခက်တာ အဘိဓမ္မာမှတ်။

လောက၌ နာမပညတ်နဲ့ လွဲ၍ ခေါ်ဆိုလျှင်၊ ချစ်စိတ်ပေါ် လျှင် မုန်းစိတ်မဖြင်။ မုန်းစိတ်ပျောက်ရင် ချစ်စိတ် ပေါက်လာ တယ်။ လောစိတ်၊ ဒေါ်စိတ်၊ မောစိတ်၊ ကုစိတ်၊ အကုစိတ်၊ သိစိတ်၊ မသိစိတ်၊ သိ-ဝိထိစိတ်၊ မသိ-ထွင်စိတ်၊ သွားစိတ် လာစိတ်၊ ထိုင် စိတ်၊ ထစိတ်၊ အိပ်စိတ်၊ နိုးစိတ်၊ ရှင်စိတ်၊ သေစိတ်၊ တလုံးသေ၊ တလုံးဖြစ်၊ နှစ်လုံး ပြိုင်မဖြစ်၊

(မဏိမဉ္ဇူ) ဒွိန္န ံစိတ္တာနံ ကောက္ခဏေပဝတ္တိ နာမ နတ္ထိ၊ ကောက္ခဏေ၊ တပြိုင်နက် တခဏကလေး၌ ဒွိန္နံ၊ ၂-လုံးကုန်သော၊ စိတ္တာနံ၊ ကွေးစိတ်နဲ့ ဆန့်စိတ်တို့၏။ ပဝတ္တိနာမ၊ တပေါင်းထဲ တွဲ၍ ဖြစ်ခြင်းမည်သည်။ နတ္ထိ၊ မရှိမှတ်လိုက်။

(နာမ်ပရမတ် တခန်းရပ်။)

× × ×

ရုပ်ကိုပြောမယ် နားထောင်ကြ၊ ယနေ့ည ပရမတ်ကို အာရုံပြုကြ၊ ရုပ်နာမ် ၂-ပါး၏ အနိစ္စ လက္ခဏာကို ကြားရနာရ သိရရင်၊ တရက် လူ့ပြည်မှာနေရတာ၊ နှစ်ပေါင်းတရာလောက်သူဌေး စည်းစိမ် မင်းစည်းစိမ် တို့ကို ခံစားရသည်ထက်၊ အကျိုးကျေးဇူး ရှိသည်ဟု ဟောတော်မူ၏။ ဝမ်းသာကြ။ ဒီခန္ဓာ တုံးကြီးကိုဘဲ၊ ရုပ်လို့ သိပါ။ အပူအအေး ၂-ပါးတို့ကြောင့်၊ ခဏခဏဘောက်ပြန် ပျက်စီးနေလို့ ရုပ်ခေါ်တယ်။

ခန္ဓာတုံးကြီးကို၊ ပရမတ်တုံးကြီးမှတ်၊ အစစ် ပရမတ်မှတ်။ အချို့ဉာဏ်ငယ်သူတို့က၊ ဒီအတုံးကြီးဟာ ပရမတ် မဟုတ်သေးဘူးတဲ့၊ သဘာဝမှာ-ပရမတ်တဲ့။ အဲဒီလူဟာ သဘာဝကို အကျနားမလည်လို့ ရမ်းပြောတာမှတ်လိုက်၊ ဉာဏ်ကြီးသူမှာ၊ အရိယာတို့ ဉာဏ်မှာ၊ ဒီခန္ဓာတုံးကြီးသည်ပင် သဘာဝ အစစ်လို့-ပိုင်ပိုင်သိတယ်၊ ပုဒ်ပြတ်မှတ်။

ဆရာကောင်း လိုတယ်၊ ပရမတ်နဲ့ ပညတ် တကယ်ကွဲဘို့ခက်တယ်။ သဘာဝဆိုတာ ကောင်းကင်မှာချည်း ရှိတယ် မယူကြနဲ့ ဂရုပြု။ အရိယာအစစ်ဖြစ်လျှင်၊ ဒီခန္ဓာကိုယ်ကြီးဟာ၊ ပရမတ် သဘာဝ အစစ်ဘဲလို့ သိပိုင်မယ်။ အချို့က-ဃနပညတ်နဲ့ ထွေးနေတယ်မှတ်။ ပရိယတ်နဲ့-ပဋိပတ် နားလည်ဘို့ အရေးကြီးတယ်။ သက္ကာယဒိဋ္ဌိကွာဘို့ အရေးယူကြ နားထောင်-ဟောပြီ၊ ဒီခန္ဓာ ရုပ်ပရမတ်ကို၊ ရှစ်မျိုးခွဲမှတ်။

## ရုပ်မှန်လျှင်—အဋ္ဌကလာပ် ဂ-ခု။

### ၁။ ပထဝီ၊ မာ-ပြော့။

၂။ အာပေါ၊ ဖွဲ့—ထို။
၃။ တေဇော၊ အေး—ပူ။
၄။ ဝါယော ငြိမ်-လှုပ်။
၅။ ဝဏ္ဏော၊ အဆင်း။
၆။ ဂန္ဓော၊ အနံ့။
၇။ ရသော၊ အရသာ။
၈။ ဩဇာ၊ အဆီ။

၎င်း ၈-မျိုးကို တခုစီ ခွဲယူရမယ်။ ဟူပုံမှာ တေဇောကိုရှု၊ ရှုဆိုတာ ဘာလဲ၊ ရှေးသုံး၊ နှလုံးသွင်း၊ စဉ်းစား ဉာဏ်နှင့် ဝေဘန်၊ တကိုယ်လုံး၌-အပူရှိန်ကို တွေးလိုက်၊ အပူရှိန် အပူခိုးတွေဟာ၊ မိန်းမ ယောကျ်ား မဟုတ်ဘူး၊ အကောင်အထည် မဟုတ်ဘူး၊ မင်း-သူဌေး-ဘုရင်-နတ်-ဗြဟ္မာဆိုမလား၊ ဒါ ရုပ်သဘာဝမှတ်။ တေဇောမှတ်၊ လူထင်ရင် သက္ကာယဒိဋ္ဌိ။ ဥကွောင်း တလုံးမှာရှိတဲ့ အပူဓာတ်သည်ဆံပင်မဟုတ် ဦးရေမဟုတ်၊ နဖူးမဟုတ်။ နားရွက် မဟုတ်၊ နှာခေါင်းမဟုတ်၊ ပါးမဟုတ်၊ ပါးစပ်မဟုတ်၊ အချောအလှ မဟုတ်၊ အသားဝါ မဟုတ်၊ အသားဖြူ မဟုတ်။ ကျား, မ, မဟုတ်။ ။မဟုတ်တာလဲ-တေဇော ပရမတ်အစစ်။ ဒါ ဝိပဿနာဉာဏ်။ ယထာဘူတ ဉာဏ်မှတ်။ သက္ကာယဒိဋ္ဌိကွာနိုင် တယ်။ အရိယာဖြစ်တယ်၊ အပါယ်ခံတံခါးပိတ်၊ ပုဒ်ပြတ်မှတ်။ ။ တွေးလဲ တွေးပါ၊ စဉ်းစားပါ၊ ကြံပါ၊ ရအောင်လုပ်ပါ။

အင်္ဂလိပ်ကျောင်းမှာ ၁၀-တန်း ၁၀-နှစ် သင်ရတယ်။ ဒါ-ထမင်း ၂-နပ်စားဘို့ လောကီပညာ၊ အပါယ်ပိတ်ဘို့ ပညာကို ဆရာကောင်းထံမှာ အနှစ်တရာသင် ထိုက်တယ်။ သေရက်တွေး၊

မသေချင်ရင် မသေဘို့ ပညာသင်ကြ၊ လိုက်ကြ။ ဆရာ၏ထံ၌ ၁၀-နှစ်နာယူသင်ကြားလျှင်၊ အပါယ်တံခါးပိတ်ဘို့ကို ကိန်းသေ စိတ်ချလာခဲ့၊ ပြောနေတာကြာတယ်။ ပုဒ်ပြတ်မှတ်။

ဂန္ဓ-အနံ့ကိုရှုလျှင် တကိုယ်လုံးအနံ့ရှိ၊မရှိ ရှာပါ။ အာရုံနံ့ ဟာ အနံ့ဘဲ။ ထီးမှ၊ မဟုတ်။ ပျို့အိုမဟုတ်။ တခုလပ် တလင် ကွာမဟုတ်။ မုဆိုးဖိုမ၊ မဟုတ်။ မင်း၊ သူဌေး၊ သူတောင်းစား၊ ခွေးကြက်၊ ငှက်မဟုတ်။ ပုဒ်ပြတ် ရုပ်ပရမတ်။

ဇင်းရုပ် ဂ-ပါးတို့သည် တပါးနဲ့တပါး အစလေးချိန် တူ၏။ မျိုးချင်း တူ၏။ အလေးအပေါ့တူ၏။ တခုသိ ဂ-ခုသိ၏။ ဇင်း တေဇောစေတ် တထောင်းထောင်း ထွက်နေတာ ပျက်နေတာ အနိစ္စလက္ခဏာအစစ်မှတ်။ ဒါ အန္ဓမသိဘူး။ သိ-ကလျာဏ၊စိတ် နာမ်ကလွဲလျှင် သက်ရှိ သက်မဲ့ တလောကလုံး ရုပ်ပရမတ်ချည်း ပုဒ်ပြတ်မှတ်လေ။

## ဉာဏ်စကြာမေးခွန်း။

ရုပ်နဲ့နာမ် ဘယ်သူက ခေါင်းဆောင်လဲ။
ဘယ်သူ့ကြောင့် ဘယ်သူဖြစ်သလဲ။
ဘယ်သူ့ကို ဝိပဿနာ ရှု-ဆင်ခြင်ရမှာလဲ။
ဘယ်သူ့ကို လူထင်ရမှာလဲ။
သတ္တဝါကောင်ဖြစ်အောင် ဘယ်သူက မျိုးစေ့လဲ။
ဘယ်သူ့ကြောင့် ချစ်စိတ် မုန်းစိတ် ပေါ်ရသလဲ။
နိဗ္ဗာန်မရအောင် ဘယ်သူက ကန့်ကွက်သလဲ။
ကျား-မ ထင်တာ ဘယ်သူလဲ၊ ဘယ်သူ့ကို ထင်သလဲ။

ငရဲကျတာ လင်ပူ့မယားပူ့ ပူတာ ဘယ်သူလဲ။
ဒုက္ခဖြစ်အောင် စီမံတာ ဘယ်သူလုပ်သလဲ ။
သေအောင်ကြံစည်တာ မသေချင်တာ ဘယ်သူလဲ။
ချစ်တာ မုန်းတာ ဘယ်သူလဲ။
အမုန်း၊အချစ် ခံရတာ ဘယ်သူလဲ။
ကဲ့ရဲ့ အတင်းပြောခံရတာ ဘယ်သူ့ကို မြင်လို့လဲ။
ရုပ်ကြောင့်နာမ် နာမ်ကြောင့်ရုပ် ဘယ်သူဆုံးဖြတ်မလဲ ။
ကမ္ဘာအစ ရုပ်ကလား၊ နာမ်ကလား ။
လောဘ-ဒေါသ-မောဟ ဖြစ်တာ ဘယ်သူလဲ။
ဘယ်သူ့ကြောင့်လဲ။
ကာမဂုဏ်မက်တာ ဘယ်သူလဲ။
ကာမဂုဏ် ဘယ်သူလဲ။
ဓမ္မာရုံဆိုတာ ရုပ်လား၊ နာမ်လား ဘယ်သူလဲ။
ပရိယတ်တတ်သူ၊ပဋိပတ်တတ်သူတို့ ဗုဒ္ဓရာဇာခေတ်၌ အရေးပြုဘို့ အလေးပြုဘို့။

(တရားသားရပ်ပြီ။)

× × ×

**နာမ်မျက်လှဲ့—ရုပ်မျက်လှဲ့ နိဂုံးသတ်။**

နာမ-ရူပ-ပရိစ္ဆေဒဉာဏ်။
သံယုဂ် .... ဝိသုဒ္ဓိမဂ်။
**မာယူပမဥ္စ-ဝိညာဏံ-မာယာ ရူပသဒိသံ။**

ဝိညာဏ်၊ ဝိညာဏ်စိတ်သည်။ မာယာပမံ၊ မျက်လှည့်ဆရာကြီးနှင့်တူ၏။ မာယာ၊ မျက်လှည့်ဆရာကြီးသည်။ ရူပသဒိသံ၊ ရုပ်နှင့်တူ၏။ တပည့်မရှိ၊ ဆရာကြီး ၂-ယောက်လုံး။

နာမ်စိတ်က သတ္တဝါကောင်တွေ တလောကလုံး ငါဖန်ဆင်းတယ်။ ငါကသာ မျက်လှည့်ဆရာအစစ်မှတ်။ ရုပ်က သတ္တဝါကောင်အထင်ခံရအောင် လုပ်ပြတာ ငါဖန်ဆင်းတယ်။ အပါယ် ကျအောင်လုပ်တာ နာမ်က ငါ၊ ကမ္ဘပထမြောက်အောင် ကာယကံမြောက်အောင် သတ်ထာ ငါတဲ့။ ရုပ်က (ချစ်အောင်ကြံတာ၊ နာမ်က ငါ)။ အချစ်ကိုပြတာ ရုပ်က ငါ။ သံသရာလည်အောင်လုပ်ထာ နာမ်က ငါ အချောအလှမက်ဘာ၊ လင်တုံး မယားတုံး အထိအတွေ့ ဖြစ်ရတာက ရုပ်က ငါလုပ်ထာ၊ ငါ့ကိုကြိုက်ဘာ၊ ငါ့ကို မက်ထာစွဲထာ- ဒိဋ္ဌိဖြစ်ထာ၊ နာမ်က ငါလုပ်လို့ သေ့ဗိုက်မှာ ပဋိသန္ဓေစိတ်ဖြစ်ထာ၊ ရုပ်က ငါ့ကိုစွဲသလို့ သေ့ဗိုက် ငါ့နေရာဘဲ ပြန်လာရတယ်။ ဉာဏ်မီးခိုးလျှောက်တော့ ဝိ သနာပေါက်သူတို့။

ရုပ်နာမ် ၂-ခု၊ မျက်လှည့်ရှု၊ သိမှုအရိယာ။
ပုတီးလုံးပမာ၊ နာမ်ခန္ဓာ၊ ဉာဏ်မှာမြင်အောင်ရှု။
ကြိုးလွန်းပမာ၊ ရုပ်ခန္ဓာ၊ ဉာဏ်မှာမြင်အောင်ရှု။

၁၆-နှစ်သမီး မိန်းမပျိုကလေးသေပြီ ခုံတင်ထားပြီ၊ အလှအပ ပြင်ထားပြီ။ ည ၈-နာရီကစ၊ နံနက် ၄-နာရီသေ၊ ဝမ်းသက်ရောဂါ၊ လတ်တလောခြင်း ဖြစ်တော့ အိပ်နေသလိုဘဲ။ အလောင်းစင် ပြင်ထားတယ်။ အစိမ်းနဲ့ အဝါနဲ့ ပန်းခရောင်အနုအမျိုးမျိုးဆင်တယ်။ အဝတ်အထည် လုံချည်မျိုးစုံ၊ အင်္ကျီမျိုးစုံ၊

စိန်ဘီး၊ ရွှေဘီး။ ဆင်စွယ်ဘီး၊ လိပ်ရင်ပတ်ဘီး၊ ရွှေကြည်သီး၊ စိန်ကြည်သီး- စိန်ဆံညှပ်၊ စိန်ဆံထိုး၊ စိန်လည်တုံ၊ စိန်လက်စွပ်၊ စိန်နားကပ်၊ ရွှေလက်စွပ်၊ ရွှေနားကပ်၊ ကျောက်လက်စွပ်၊ ကျောက်နားကပ်၊ ထီး၊ဘိနပ်၊လွယ်အိတ်၊လည်ပတ်တင်တဘက်၊ တဘက်မျိုးစုံ ပြင်ထားတယ်။ အမေ သနပ်ခါး လိမ်းတယ်။ ခေါင်းဖီးတယ်။ ခေါင်းရင်းက ပန်းအိုးပြင်တယ်။ ဘအိမ်လုံးငို၊ မိခင်က အသံမထွက်တော့ဘူး။ ဟော့—နာမ်၊ မင်း ငါ့ကို ပြိုင်နိုင်သေးရဲ့လားကွဲ့။ ရုပ်က ဒါ ငါ မျက်လှဲ့ဆရာကြီးဆိုတာ ပုဒ်ပြတ်မှတ်၊ ချုပ်ခေတ်ကလာပ်။

နာမ်က ဟိုး-မိန်းမဘယောက်ရဲ့ သွေးဗိုက် သားအိမ်ထဲကနေပြီး ပြန်ပြောတယ်။ ပရိသတ်တွေရေ—အဲဒါ ငါလုပ်ပစ်ခဲ့တာ။ မသာလာကြတဲ့ မိန်းကလေးတွေ၊ အပျိုဘော်တွေ၊ ယောကျ်ားလူပျို သူငယ်ချင်းတွေ၊ ရီးစားတွေ မျက်ရေကျတာ ရုပ်က ငါ မျက်လှဲ့ပြတာမှတ်။ မေမြို့မှာရှိတဲ့ မောင်အရင်း မြို့အုပ်မင်းထံ ကြေးနန်းရိုက် အကြောင်းကြားလို့ မြို့အုပ်မင်း ရုံးတက်ခါနီး ငိုရတာ ငါလုပ်ထာကွဲ့။ ပခုက္ကူမြို့မှာရှိတဲ့ မောင် ဦးပဥ္စင်းပထမကျော် အဲဒီ ဦးပဥ္စင်းလဲ နှမ သေတာကြားရလို့ ပိဋကတ်စာပေကျမ်း တတ်ပေမဲ့ မျက်ရေ ကျအောင် မျက်ရေ ဆွဲထုတ်သက်န်းနဲ့ မျက်ရည်သုတ်ပြီး တိတ်တိတ်ပုန်း သောကမီး လောင်အောင် နေ့စဉ် ပူအောင်လုပ်ထာ၊ ရုပ်က ငါပေးလိုက်တဲ့စာကို မဘတ်တတ်ရင် မငိုဘူး။ စာတတ်လို့ ငိုရတယ်မှတ်။ ခေါင်းသွင်း ခါနီး ငိုပွဲ၊ မသာချတော့ ငိုပွဲ၊ မသာပို့တော့ အသံမထွက်။ တာမွေသုသာန်၊ ကြံတောသုသာန်၊ အခြားသုသာန် မြုပ်နှံခါ

နီး မြေကြီးလူးကာ အဝတ်အစားကျွတ်အောင်လိမ့်ဘာ အများ ဝိုင်းဆွဲရတာ ငါ့။

သုသာန်မှာ အရိုးအိုးလုပ်ထာ မှတ်တိုင်ထားတာ၊ ကဗျည်း နာမည် သက္ကရာဇ် ထိုးထားတာ ငါပြတဲ့ရုပ် မျက်လှဲ့။ ရက်လည် သပိတ် နှစ်စဉ်သေနေ့ သပိတ်သွတ်ငိုင်း ငိုရတာငါ။ အိမ်မှာ ကျန်ရစ်တဲ့-အဝတ်အထည်တွေ၊ ရုပ်ပုံခါတ်ကားတွေ၊သူငယ်ချင်း အဖေါ်တွေ၊ မွေးဘက်တွေမြင်တိုင်း ငိုရတာ-ငါ။မိုးဦးကျငိုမှ လွမ်းရတာ-ငါ။နာမ်ကသားအိမ်ထဲ၊ကာလရေကြည်နဲ့၊တွဲရာက နေပြီး ဟစ်တိုင်က ဟစ်သေးတယ်။

အခု-ဆရာကြီး ဟောနေတာတွေ ရုပ်ကလာပ်တွေကို ကျွန် တော် စိမ်ပြီး မျက်လှဲ့ပြ ပစ်ခဲ့တယ်၊ ဒီမှာလဲ မျက်လှဲ့ ပြနေဆဲ မှတ်။ ။အဲဒါလို ချစ်ထာ အတွေးမမှားရအောင် ပဏ္ဍာမက သစ္စာလေးပါး အချက်ကျ လှစ်ခါပြခဲ့သည်။ မဂ္ဂသစ္စာဆိုတာ ဝိပဿနာပါဘဲ စေ့စပ်အောင် နာမ်အနိစ္စလဲတွေး၊ ရုပ်ဘေးလဲ နာနာရှု၊မသာစု မသာကောင် မာယာဆောင်လို့လူထင်၊ ပူပင် တာမှားကြပြီ။တရားအစု အဟုတ်အမှန်ပြလျှင်၊နာမ်ရုပ်သဘာဝ ပရမတ် ကယ်လို့ ပိုင်ပိုင်သိ အနိုင်မရှိ၊ အမြှတ်မရှိ၊ ရုပ်နဲ့နာမ်တွဲ သရုပ်ဝိပဿနာဉာဏ်မှာ ခွဲထုတ်ဆွဲနှုတ်၊ နာမ်က မျိုးစေ့အစစ် ရုပ်ကတော့ သစ်ပင်အမှန်၊ သစ်ပင်က မျိုးစေ့ရ၊ မျိုးစေ့က သစ်ပင်၊ ရှေ့နောက်ကိုဉာဏ်မြင်ကြပြီး၊ ပရမတ္ထ သဘာဝဆိုတာ ခက်တယ်နက်တယ်၊ တခုစီ တခုစီရှုကြ။ မမှားစေနဲ့ လက်တွေ့ ဝေဘန်ကြ၊ ကေန္တ လက်နက်ချပြီး၊မျက်လှဲ့ပြ မခံရအောင်၊ငါတို့

တော့ဖြင့် ထွက်ပေါက်ဥာဏ်ရပြီလို့ သား‌စု ၃-ကြိမ် ကျယ်ကျယ်ကြီး ခေါ်၍ ဝမ်းမြောက်ကြစေကုန်သတည်း။

(နာမ်ရုပ် စခမ်းသိမ်းပြီ)

ပဥ္စမည—ခန္ဓာငါးပါး ပရမတ်ခဏ်း။

ဉေယျဓမ်တရားငါးပါး ဘာသာပြန် ပဏာမ။
ခန္ဓာငါးပါး ဘာသာပြန် တရားသား။
ဝဇီရာထေရီ ရဟန္တာမ နိဂုံးသတ်။

ဉေယျဓံ ငါးပါး။

၁။ သင်္ခါရ၊ပြု—ကု,အကု။
၂။ ဝိကာရ၊ပျက်–လူ,ခွေး။
၃။ လက္ခဏ၊အမှတ် ၃-ပါး-အနိစ္စ,အစ။
၄။ နိဗ္ဗာန်၊အပူမရှိ-ဒိဋ္ဌိကွာခြင်း။
၅။ ပညတ်၊မိန်းမ,ယောကျ်ား-သိစေဘတ်,သိစေအပ်။

ယနေ့-ပဏာမဘာလဲ၊ ဉေယျဓံတရား ငါးပါး ဖြစ်ပါတယ် ဆရာ။ (ဉေယျ၊သိအပ်သော။ဓမ္မ၊ တရား) ဉေယျဓံ၊ သူတော်ကောင်းတို့ သိအပ်သိထိုက်သော တရားမှတ်။

သင်္ခါရ-ဆိုတာ၊ ကုသိုလ်ပြုခြင်း၊ အကုသိုလ်ပြုခြင်းကိုမှတ်။ ဝိကာရ-ဆိုတာ၊ ကုသိုလ်ကြောင့်—လူ၊ အကုသိုလ်ကြောင့်-ခွေး ဒါလဲ မွေးရင် သေမှာဘဲ၊ ပျက်ထာဘဲ၊ ဖောက်ပြန်မှုကိုပင်-ဝိကာရမှတ်၊ လက္ခဏာ-ဆိုတာ၊ခန္ဓာကိုယ် လူကောင် ခွေးကောင်၊ ရုပ်နာမ် ၂-ပါးပေါ်၌၊ အမှတ်သုံးမျိုးကို ဆိုတာပါဘဲ။အမှတ်

သုံးမျိုး တပါထဲရှိတယ်။ဘာလဲ-အနိစ္စအမှုကြီး၊ဒုက္ခအမှုကြီး အလို မပြည့်တဲ့ အနတ္တအမှုကြီး ၃ ခုကပ်လျက်ပါသော၊အမှုသည်ကြီး မှတ်လိုက်။ ။အမှုကြီး အပြစ်ကြီး ၃-မျိုးကိုပင်၊ အမှတ်လို့ ဘာသာပြန်တယ်။ (လက္ခဏာ-အမှတ်) အမှတ်လက္ခဏာ သတ္တဝါ တိုင်း ၃-မျိုးပါတယ်-သိ။ ။နိဗ္ဗာန်-ဘာလဲ။အပူမရှိခြင်း၊ဒိဋ္ဌိမရှိ၊ တဏှာမရှိ၊မာနမရှိမှတ်။ ။နံပါတ် ၅-ပညတ်ဆိုဘာက၊ ဘာ့ ကြောင့်ပညတ်ခေါ်ရသလဲ၊ နားထောင်ကြ၊ ရေးလိုက်၊ သိစေ တတ်၊သိစေအပ်လို့ ပညတ်ခေါ်တယ်။ရှေ့စကား သစ်သီးတလုံး ကို၊ သဘော်သီးဘဲ၊ အုန်းသီးဘဲ၊ ထန်းသီးဘဲလို့၊ကမ္ဘာဦးက ပထမဦးစွာ အမည်ပေးသူကို၊သိစေတတ်၊နောက် အများလိုက်၍ ခေါ်ကြတာ သိစေအပ်၊ ပုဒ်ပြတ်မှတ်။

မောင်သန်းကျွယ်-လို့ ပထမနာမည်မှည့်တဲ့-မိဘက၊ သိစေ တတ်။ မှည့်ထားသည့်အတိုင်း၊ အများခေါ်ကြ-သမုတ်ကြတာ ကို- သိစေအပ်။

နိဗ္ဗာန်ဆိုတဲ့-ပရမတ္ထ သဘာဝကို၊ယောကျ်ား,မိန်းခေါ် ဆို၍၊ ခေတ္တမျှ တင်စားသမုတ်၍ ထားသော နာမပညတ် အကောင် အထည်၊ မြင်ရသော သဏ္ဌာန ပညတ်။ လူရှင် ထင်မှားသော သန္တတိပညတ်တို့က ဖုံးအုပ်လျက်ရှိ၏။ ။၎င်းမရှိတဲ့ ပညတ်ကိုပင်၊ အဟုတ်ရှိတကယ်ရှိ ကောန်အမှန်ရှိတယ် ယူစွဲကြသဖြင့်၊ကုသိုလ်ပြု ခြင်း-အကုသိုလ်ပြုခြင်း၊ကုသိုလ်ကံ-အကုသိုလ်ကံ စီမံသဖြင့်၊လူ့ဘုံ အပါယ်ဘုံ-ဘုံအမျိုးစုံသို့ရောက်၍၊ မွေးသေမဆုံး ယူကြုံးမရ၊

အပူလုံးတွေ တကြွကြွဖြစ်ကြရ၏ ဒါ့ကြောင့် ပုညတ်နဲ့ ပရမတ်ကို ထပ်ထပ်ခါခါ သရုပ်ခွဲကြ၊ စဉ်းစားကြ၊ တိုင်ပင်ကြ။

(ပထမအခဏ်း တော်လိုက်အုံး။)

ခုည-ခန္ဓာငါးပါး ပရမတ်ကိုဟောမယ်။

၁။ ရူပက္ခန္ဓာ၊ အသျက်စု။
၂။ ဝေဒနက္ခန္ဓာ၊ အာရုံခံစု။
၃။ သညက္ခန္ဓာ၊ အာရုံမှတ်စု။
၄။ သင်္ခါရက္ခန္ဓာ၊ အာရုံပြုစု။
၅။ ဝိညာဏက္ခန္ဓာ၊ အာရုံသိစု။

အနိစ္စဒဏ်ချက်၊ ဒုက္ခဒဏ်ချက်၊ အနတ္တ သက်သက်မျှ ဖြစ်သော လက်ရှိခန္ဓာကိုယ် ရုပ်အစုံပေါင်းကို ရူပက္ခန္ဓာဟုသိကြ။ ယောကျ်ား မိန်းမ မထင်ကြနဲ့။ ထင်ရင်ယူရင်မှားမယ်။ မိမိပိုင် ခန္ဓာဟု ယခုကစ၍ အယူအထင်ကို ဖျောက်ကြ။ခုဖျောက် ခုစွန့်။ အမှားကိုသာ စွန့်ရမဲ့တရား။ ဝိပဿနာဉာဏ်နှော် သတိထား။ တောထွက်ရတဲ့တရားမဟုတ်ဘူး။တောထွက်နေတဲ့ ပဉ္စဝဂ္ဂီရသေ့ ငါးဦးတို့၊ (နဒီကဿပ၊ ဂယာကဿပ၊ ဥရုဝေဠကဿပ) ဆရာကြီး သုံးယောက် နောက်လိုက် တပည့်တို့။ ရသေ့ ညီနောင် ရှင် ၁၀၀၀-တို့(ဥပက) တို့ကို တောရှင်း၍ ဟောခြင်းမှာ ဝိပဿနာ ဉာဏ်မှတ်။ပုဒ်ပြတ်။

ဝိမုတ္တိယုဂ ခေတ်၌၊ သစ်တော၊ မြိုင်တော၊ အိမ်စွန့်၊ ကျောင်း စွန့်၊ ထီးနန်းစည်းစိမ်စွန့်၊ သားမယားစွန့်၊ သက္ကာယဒိဋ္ဌိနဲ့မဆိုင်။

ဝိပဿနာ့ဉာဏ်နဲ့ လုံးဝမဆိုင်၊ ဝိပဿနာဉာဏ်ရရင် ဘယ်မှာဘဲ နေနေ တရားစစ်။

၁။ ရူပက္ခန္ဓာ-ရုပ်။
၂။ ဝေဒနက္ခန္ဓာ-နာမ်။
၃။ သညက္ခန္ဓာ-နာမ်။
၄။ သင်္ခါရက္ခန္ဓာ-နာမ်။
၅။ ဝိညာဏက္ခန္ဓာ-နာမ်။

ရုပ်ခန္ဓာ ၁-ပါး၊ နာမ်ခန္ဓာ ၄-ပါး၊ ယခု ရေးပြသောနမူနာကို ပရိယတ်အတိုင်း စာထဲမှာပါတဲ့အတိုင်း ရေးလိုက်သည်။ ပဋိပတ်ခေါ် ဝိပဿနာဉာဏ်မမှတ်နဲ့၊ ယောဂီအချို့က ဒီလို ရေထားးရင် ဟောလိုက်ရင် ဝိပဿနာဉာဏ် မှတ်ကြဒါများတယ်။ ဝိပဿနာဉာဏ် မဟုတ်သေးဘူး။ ခန္ဓာငါးပါးကို စာထဲမှာပါတဲ့အတိုင်း စာသိ သက်သက်မှတ်။ သုတမယဉာဏ်မျှသာ မှတ်။ အထူးသိမဟုတ်။ စာသင်ဘူးသူမှန်က လူတိုင်းသိကြသည် မှတ်။ အချို့က ဝိပဿနာခေတ်၌—

ဝိပဿနာပဋိပတ်နည်းဘဲ ထင်၍ လူတိုင်းရှင်တိုင်းမဟုတ်သော်လဲ ဝိပဿနာတရား ဟောကြ၊ရေးကြတယ် ခန္ဓာသံ ရုပ်နာမ်သံ ဟောလျှင် ရေးလျှင် ပဋိပဘ်ဆိုက်ပြီထင်ကြ၏။ပဋိပတ်မဟုတ်၊ ပရိယတ်သရုပ်သာ ဖြစ်ပါကလား လို့ သိခဲ၏။ တွေးခဲ၏။ စဉ်းစားခဲ၏။

## ခန္ဓာငါးမါးကို ဝိပဿနာဉာဏ်ဖြင့် ဆင်ခြင်ပုံရေမယ်။

မြန်မာလိုသာသိ-ခန္ဓာကိုယ်မှာကြည့်။

၁-ရူပက္ခန္ဓာခေါ် ပါဠိစကားကို ဘာသာပြန်မယ်၊ ဘာလဲ ပေါ့ဒီ ခန္ဓာကိုယ်ကောင်ကြီးကို မှတ်လိုက်။ ရုပ်အစုဟုသိ၊ အပျက်စုမှတ်။ ပျက်ရုပ် ရုပ်ပျက်မှတ်။ ဒီဆရာ၏ ခန္ဓာ စာဘတ်သူ၏ ခန္ဓာတုံးကြီးကို ဆံဖျားက ခြေဖျားတိုင်အောင် အတွင်းအပြင် အရိုးအသား ဟူသမျှတို့ကို—

အပုပ်ထွက် ရုပ်ပျက်။
သွေးပုပ် ရုပ်ပျက် အပုပ်ထွက်။
အပုပ်ကစ အပုပ်မှာဆုံး။
သွေးကစ သွေးမှာဆုံး အသုဘတုံး။

ဘာ့ကြောင့် ရုပ်ခေါ်သလဲ၊ ပျက်နေလို့၊ မမြဲလို့၊ မငြိမ်လို့၊ မတည်လို့၊ မခိုင်လို့၊ မဆိုင်လို့၊ မပိုင်လို့၊ ငါ့သူ မဟုတ်လို့ ယောကျ်ား မိန်းမ အရှင်းမဟုတ်လို့ ရုပ်မှတ်။

အပုပ်အစပ် ရုပ်ခံ့တတ် ပုဒ်ပြတ်။
အငြိမ်မနေဒါ ရုပ်မှတ် ပုဒ်ပြတ်။

အမြဲတန်း မနားတန်း ချွတ်ယွင်းနေတယ်လို့ မသိ၊ သိအောင် မပေါ်၊ ပေါ်အောင် စဉ်းစားဆင်ခြင်၊ ဒါ ဝိပဿနာအလုပ်မှတ်။ မိမိခန္ဓာမှာ ကြည့်ပါ၊ စည်းပြင်ဘက် အရှင်းမထွက်နဲ့။

အချို့ ဝိပဿနာလမ်းပြ ဆရာတွေ

ဟောဒါ ရေးဒါ မှားတယ်။ ဘယ်လို မှားသလဲ။

ရုပ်ကို ဝိပဿနာ ရှုတယ်ဆိုဒါ လက်ရှိ ခန္ဓာ ရုပ်ကြီးကို မမြဲကြောင်း ပျက်ကြောင်း မရှုရ၊ မိန်းမ ယောကျ်ားမဟုတ်ကြောင်းမရှုရ၊မဆင်ခြင်ရ၊ဒါလိုရေးကြ ဟောကြတယ်။ဘယ်မှာ ရှုရမလဲ မျက်စိနဲ့မြင်ခိုက် မြင်ဆဲမှာ ပေါ်လာတဲ့ဝဏ္ဏရုပ်ကို ပျက်ကြောင်း ရှုရမယ်-တဲ့။

သဒ္ဒရုပ်၊ဂန္ဓရုပ်၊ရသရုပ်ကို ရှုရမယ်ပါတယ်။ ဖေ ဋ္ဌဗ္ဗရုပ်ကို၊ ဝါ-လက်တွေ့ ဒီခန္ဓာတုံးကြီးကို အတ္တဘောကြီးကို ပျက်မှုအနိစ္စ အရှင်းမရှုကောင်း မရှုရ မရှုထိုက်-မဆင်ခြင်ထိုက်၊ ပေါ်ခိုက် ရုပ်ကိုသာ ဆင်ခြင်ရမယ်လို့ ရေးတဲ့-ဟောတဲ့ ဆရာရော၊ ကိုက်နှစ်သက်၍ နာယူတဲ့ တပည့်တွေရော အကုန်လုံး အယူလွဲတယ်မှတ်။ ဒီအယူ ပရိယတ်နဲ့လဲမညီဘူး၊ ပဋိပတ်နဲ့တော့ အဝေးကြီးမှတ်။

ဒီလိုရေးတဲ့ဆရာ၊ ဟောတဲ့ဆရာနဲ့ တပည့်တွေဟာ ဒီခန္ဓာရုပ်ကြီးကို ယောကျ်ားမဟုတ်အောင်၊ မိန်းမရယ်လို့ မထင်ရအောင်၊ ဝိပဿနာဉာဏ်ဖြင့် မဝေဘန်တတ်လို့ မှတ်။အထီး-အမ-မပျောက်ပျောက်အောင် မစဉ်းစားတတ်။ ဒါကြောင့် ဒီလိုရေးကြ-ဟောကြ-ယူကြတယ်မှတ်၊ မြင်ရုပ် ကြားရုပ် စသည်တို့ကို၊ အာယတန အခဏ်း-ဓာတ်အခဏ်းကျမှ စိစစ်၍ ဝိပဿနာဉာဏ်ဖြင့်ရေးမည်။

ဒီခန္ဓာရုပ်ကြီးဟာ နေ့ရောညဉ့်ပါ၊ အခါမစဲ တသဲသဲ့ တဖွဲ့ဖွဲ့ တရွေ့ရွေ့ ပြောင်းလွဲ ဘောက်ပြန် နေတယ်မှတ်။ တွေးလဲတွေး။

ပျက်မှန်း ပြောင်းမှန်း မသိဒါဘာ့ကြောင့်၊
ရုပ်ပျက်အနိစ္စကို သန္တာတိပညတ်ဖုံးလို့ မှတ်။
နာရီစက္ကန့်ကဲ့သို့ ရွေ့နေပုံသဘောလို ရိပ်မိလျှင်၊

အနိစ္စလက္ခဏာခေါ် ရုပ်ပျက်မှုန်းကို ပုံကြည်မည်။
သန္တတိပညတ် မဖုံးတော့ပြီ ယောဂီ။
ဆင်ခြင်ပါ-ဆင်ခြင်ဘို့ရာ ယောဂီ၏ တာဝန်မှတ်။

ဒီခန္ဓာအတုံးကြီးဟာ၊ ရွှံစရာ၊ စက်ဆုပ်ဆရာ၊ အံချင်စရာ အော့ချင်စရာ၊ အရှင်း မဟုတ်ဘူး ဆိုတာကို ဉာဏ်မြင်မဟုတ် မျက်မြင်ဘဲကြည့်လျှင်၊ အသုဘအစစ် တထစ်ကျ သိနိုင်ပါတယ် ယောဂီ၊ သူများမြှောက်တိုင်း ဇိမ်ထင်၍၊ ဆုမတောင်းနဲ့နော်၊ အဓိပတိဖွား အထက်တန်းဖွား မဟုတ်ဘူး ပုတိဖွား အပုပ်ဖွား အောက်တန်းဖွားလို့ ခုသိ။

ရုပက္ခန္ဓာကို-ဖိပဿနာဉာဏ်ရဘို့ရေးသည်။
မဆုံးသေးဘူး-ပြန်ဘတ် လေးလေး ရှင်းရှင်းဘတ်။

ဆံပင်ရဲ့ခြေရင်းအမြစ်ရင်းမှာ ဘာရှိသလဲ-သွေး။လက်သည်းရဲ့ အမြစ်ရင်းမှာကော ဘာလဲ-သွေးပါဘဲ။ ဒီခန္ဓာတကိုယ်လုံးဟာ သွေးတုံး သွေးခဲအစစ်မဟုတ် ဘာလဲ။

ဒီသွေးတုံးကြီးကို-ယောကျ်ား ထင်သလား၊ထင်ရင် မှားပြီမှတ်၊ အပါယ်သွားပြီမှတ်၊ခန္ဓာငါးပါးဃဲက ရုပက္ခန္ဓာရုပ်ပျက်စုဟု မသိပါဘဲ ဒီသွေးစု သွေးခဲကြီးကို-မိန်းမကောန် အမှန်ဘဲလို့ ယူလျှင်-အန္ဓမှတ်၊ဗာလမှတ် ဥမ္မတ္တကအရူးစစ်မှတ်၊ သက္ကာယဒိဋ္ဌိမှတ်။ဒီအယူအစွဲတန်းလန်းနဲ့ ဘယ်ကုသိုလ်ဘဲလုပ်လုပ် သေလျှင် အပါယ်ကျ၊ လွတ်ဘို့ခက်တယ်၊ ကြပ်ကြပ်တွေးပါ ယောဂီ။ လင်မကယ်ဘူး၊ မယားဆိုဒါက-ဖယ်စမ်းပါ၊ တဏှာပေါင်း မှတ်

လိုက်ပါ။ ဒီမသာပေါင်း မယား၊ တဏှာပေါင်း လင် ဆိုဒါ ဘယ် ဋ္ဌာမှာရှာရှာ ပေါပါတယ်၊ ရုပ်ပျက် ခုတွေ့ပြီးအိပ်။

အနိစ္စလက္ခဏာ ခန္ဓာကိုယ်မှာ။
တောထဲမှာ ရွာထဲမှာ မဟုတ်ဘူး ယောဂီ။
နေရာမရွေး အဝတ်မရွေး ခန္ဓာရုပ်ပျက် နာနာတွေး။

## နံပါတ်—၂ ဝေဒနာက္ခန္ဓာကို ရေးမယ်။

ခံစားတယ် ဘယ်သူလဲ၊ ငါလား သူလား မေးစမ်း။ ခံစားတာ စိတ်နာမ်မှတ်။ ဒီနာမ်ဟာ အထီးလား၊ အမလား။ ခံစားတယ်၊ ကောင်းတယ်၊ ဟာန်တယ်ဆိုတဲ့ ထင်မှု ဇိမ်ခံတဲ့ နာမ်သည် ဘယ်မှာနေသလဲ ယောဂီ။ သေသေချာချာ လက်သည်ပေါ် အောင်တွေး၊ တရားခံပေါ်အောင် စစ်ဆေး၊ အညစ်အကြေးနဲ့ အပြစ်တွေးမဖြစ်စေနဲ့။ သာသနာတွင်း၌ ခေတ္တမျှ လူခေါ်ရရုံ ဖြစ်လာခိုက်မှာ ကိုယ့်ဘိုလုကြ သက်လုခမ်း ခေတ်ဆိုးမှတ်။

အာရုံ ၆-ပါးကို ခံစားလိုက် ပျောက်လိုက်၊ နာမ်အနိစ္စကို မမြင်လျှင် ငါခံစားတယ် ထင်တတ်၏။ ထင်ရင် ဝေဒက ဒိဋ္ဌိ မှတ်။ ရွှေနဲ့၊ ငွေနဲ့၊ အိမ်နဲ့၊ ကျောင်းနဲ့၊ စီးပွားမျိုးစုံနဲ့၊ သားသမီး အခြွေအရံတွေနဲ့၊ တပည့်တကာ၊ သူဌေးတွေ၊ မင်းဘွေနဲ့ ပျော် ပျော်ကြီး စံစားတယ် ခံစားတယ်ဆိုဒါ နာမ်တရားလို့ သိပါ ယောဂီ။ ဒီနာမ်ဟာလဲ အနိစ္စသဘောနဲ့ တတွဲထဲ တပါထဲပါ။

ကောင်းဒါ ဘယ်သူလဲ၊ လက်သည်ဟာ နာမ်။
ဒီနာမ် ဘယ်မှာလဲ၊ နေရာကျကျ မပြနိုင်။

ပျက်သွားပြီ၊ ပျောက်သွားပြီ၊ မရှိတော့ဘူး။
ငါ မနေ့က ခံစားဒါ ဒီနေ့ခံစား အခု ခံစားဒါ။
ဘယ်မှာလဲ ရှာပါယောဂီ။ ရှိနေသေးရင် အန္ဓမှတ်။
နာမ်အနိစ္စ အစစ်တထစ်ကျ ယူနိုင်ရင် အနဲဆုံး ကလျာဏမှတ်။ လူဖြစ်ကျိုးနပ်ပြီလို့ ဝမ်းမြောက်တော့။

နာမ်အနိစ္စ လက္ခဏာအစစ်ကို ငါခံစားဒါ ကောင်းတယ်၊ ရှိတယ်၊ ရှိသေးတယ်လို့ တွေးနေရင် မမေ့နိုင်လျှင် အန္ဓဗာလမှတ်။ သက္ကာယဒိဋ္ဌိရဲသားမှတ်လိုက်။ ဆန်ကုန်မြေလေးမှတ်။ လူဖြစ်ကျိုးမနပ်၊ ဥမ္မတ္တက ပုဒ်ပြတ်မှတ်။ ခံစားဒါမှာ ငါမပါ။ ငါရှာလို့ မတွေ့လျှင် ကလျာဏပုထုဇဉ်မှတ်။ သောတာပန် အငယ်စားမှာသေလျှင် အပါယ်မကျဘူး။ နတ်ပြည်မှာ မဟာ သောတာပန်ဖြစ်မည်။ စောဒကမဝင်နဲ့၊ ပုဒ်ပြတ်မှတ် ဆုံးဖြတ်လိုက်ပြီ။

× × ×

## နံပါတ်—၃ သညာကန္ဓာ၌ ဆင်ခြင်ပုံ။

ခံစားဘူးတဲ့ အာရုံတွေကို မှတ်ထားသမျှမှတ်တဲ့သူဘယ်သူလဲ မှတ်တဲ့နာမ်ဟာ ငါလား-သူလား၊ မိန်းမလား၊ယောကျ်ားလား၊ အနိစ္စလက္ခဏာနဲ့ တပါတည်း တွဲနေသော သညာအမှတ် နာမ်သဘာဝကို ငါခံစားဘူးတဲ့ အာရုံဟာ တယ်ကောင်းဒါဘဲလို့ အမြဲအစွဲ သဲသဲမဲမဲ အမှတ်တရ အမှတ် မပျောက်နိုင်ခြင်းသည် အန္ဓဗာလတို့၏ စိတ်ထင်မှု မှတ်လိုက်။

(ခုတ်ပေါက်မှ အမှတ်ပျောက်မယ် ယောဂီ)

## နံပါတ် ၄-သင်္ခါရက္ခန္ဓာ ဘယ်လိုဆင်ခြင်ရမလဲ။

**ဒီမှာ** ဖြေးဖြေးဘတ်ယောဂီ-စာရွက်ကို မြန်မြန် မလှန်နဲ့ စုတ်မယ်။ ငါအားထုတ်တယ်၊ ငါလုလ္လပြုတယ်၊ ငါကြိုးစားတယ်၊ ငါဂရုစိုက်တယ်၊ငါအပင်ပန်းခံတယ်၊ ငါတာဝန်ယူထားတယ်၊ ငါအာမခံထားတယ်၊ ငါဆောင်ရွက်ထားတယ်၊ ငါသည်ပိုးထားတယ်၊ ငါရှာဖွေစုဆောင်းထားတယ်။

## သင်္ခါရက္ခန္ဓာကို ဝိပဿနာဥာဏ်နဲ့ရှေးပြီ။

ငါမနဲ့ရှာထားရတယ်၊ ငါငယ်စဉ်က ပေါင်းသင်းလာခဲ့ရတယ်၊ ငါငယ်ငယ်ကလေးက ကျွေးမွေးပြုစုလာခဲ့ရတယ်၊ ငါစာချုပ် ခံထားတယ်၊ ငါဂတိသစ္စာ ဆိုထားတယ်၊ ငါအာမဘန္ဒေ ခံထားတယ်၊ ငါဆုတောင်းထားတယ်၊ ငါအဓိဋ္ဌာန်ပြုထားတယ်၊ ငါပါကာပေတံ ဝန်ခံထားတယ်။

## သင်္ခါရက္ခန္ဓာ၌ အနိစ္စမရေးတော့ဘူး။

ပြုပြင်မှု အားစိုက်မှု-အားထုတ်မှု-အလုပ်လုပ်သမျှ ဒုက္ခမှတ်၊ ကမ္မဋ္ဌာန်းထိုင်ဘို့လုံးပန်းခြင်း၊ ကျမ်းရေးမယ်လို့ အားယူခြင်း၊ စာသင်,စာချုပ်ဂိုလ်တဆူ နာမည်ကြီးယူမယ်လို့ ကြိုးစားခြင်း၊ တရားဟောမယ်လို့ မပြတ်စဉ်းစား ကြိုးပမ်းခြင်း။

ဒုက္ခအစစ်မသိက-ပုထုဇဉ်။
ဒုက္ခအစစ်ဟု-ပိုင်ပိုင်သိက-အရိယာ။

သူဌေးဖြစ်ဘို့ ရှာဖွေခြင်း၊ မင်းဖြစ်ဘို့ လုလ္လစိုက်ခြင်း၊မယားယူဘို့-လင်ယူဘို့ စီးပွားရှာဘို့ ဒုက္ခရယ်လို့ ရေးနေရင်-ရှေတယ်။ ခုခေတ်က လူပါးခေတ်မှတ်။

လုလ္လစိုက်ထာ ငါမပါ ကြိုးစား ရှာဖွေဒါ ငါမဟုတ်၊ သယ်သူလဲ=နာမ်သဘောမှတ်၊ ဝိပဿနာဉာဏ် ဝင်လာပြီမှတ်။ ဒီနာမ်သဘာဝကို-ငါထင့်သူထင်၊ ငါလုပ်ဘယ်၊ ငါကိုင်တယ်၊ ငါဆောင်ရွက်တယ် ငါဘာဝန် ယူတတ်လို့ ထင်ရင်-သက္ကာယဒိဋ္ဌိမှတ်။ (သင်္ခါရက္ခန္ဓာကို ငါထင်လို့)ပြုပြင်မှုသဘော၊တိုက်တွန်းမှုသဘောလို့ ခေါ်ဆိုရသော်လဲ-ပုဂ္ဂိုလ်သတ္တဝါ၊ ငါ့သူ့အသက်၊ နဲနဲမျှ ထည့်မတွက်နဲ့၊ နာမ်သဘာဝသက်သက်၊ အနိစ္စစက်နှဲ၊ အနတ္တအချက်သို့၊ ခရီးစဉ် ရှောက်နေတယ်လို့ ပေါက်အောင်တွေး၊ ငါ့သူပျောက်အောင်မေး ယောဂီ။

ငါပြုလုပ်တယ်ယူရင်-ကာရကဒိဋ္ဌိမှတ်။<br>
ငါလုပ်တယ်ထင်တာ-ကူလီဝန်ထမ်းမှတ်။<br>
ငါလုပ်တယ်မရှိ-သိပိုင်ဒါ သူဌေးအစစ်မှတ်။

## နံပါတ်-၅

## ဝိညာဏက္ခန္ဓာဥပ္ပင်္ဂပတ်ရေးနည်း၊ ဆင်ခြင်နည်း။

ခတ်လေးလေး စဉ်းစားဘတ် ယောဂီ၊ဝိညာဏက္ခန္ဓာ ဘာလဲ၊ စိတ်-စိတ်-ဗိတ် ဒါလဲနာမ်ပါဘဲ၊အာရုံဟူသမျှကို ကြံစည်လို့မပြီးပါကလား၊ ငါကြံစည်တိုင်း ဖြစ်တာဘဲ၊ငါကြံစည်တိုင်း၊ မဖြစ်ပါကလား၊ ဘယ်တော့မှ ကြံစည်ဒါ ရပ်ပါ့မသဲ။

ဒီအချက်သတိထား ယောဂီ။

၁။ ကြံစည်ရတာ များပါကလား။
၂။ ကြံစည်လို့ ဘယ်တော့ပြီးမှာလဲ။
၃။ ငါကြံတိုင်း အထမြောက်ဘာဘဲ။
၄။ ငါကြံတိုင်း မဖြစ်ပါကလား။
၅။ ငါကြံစည်နေရင်း သေဘက်နီးလာပါကလား။

ဒီငါးချက် အသံထွက်ပုံဟာ တရားအသံ မှန်ပါ့မလား။ ဒီငါးချက် ဆင်ခြင်တတ်တဲ့ ဉာဏ်ဟာ ပရိယတ်လား၊ ပဋိပတ်လား၊ ဝိပဿနာဉာဏ် ဟုတ်ပါ့မလား၊ ယောဂီ တိုင်ပင်ပါ။

တရားဟောသံကြားတယ်။
တရားနာသွားတယ်။
တရားတွေးတယ်-ဆင်ခြင်တယ်။
တရားအားထုတ်နေတယ်၊
တရားရှာရတယ်-ရှာပါ။
တရားကျမ်းစာရေးပြီ။

ဝိပဿနာတရား၊ဝိပဿနာဉာဏ် ဟုတ်ကဲ့လား၊ စစ်တမ်းထုတ်တတ်ကဲ့လား ယောဂီ၊ အသံတူတယ်၊ အဆံကွဲရမယ်၊ အသံတူချင်တူ၊ ဉာဏ်မှာတူခဲလှ၏။ ရစေချင်လွန်းလို့ ဝိပဿနာစစ်စစ် သန့်သန့်ဖြစ်စေဘို့ တိုက်တွန်းလိုက်သည်။

မသေခင် မာနလျှော့ပြီး လာစမ်းပါ။
စာရေးရဒါ အားမရဘူး။

ဝိပဿနာ ခေတ်၌။
ဝိပဿနာ တရားရုံး၌။

ဝိပဿနာ　ဓမ္မကထိကဌ္ဌ။
ဝိပဿနာ　တရားအားထုတ်ရာဌ္ဌ။
ဝိပဿနာ　ဆွေးနွေးဝိုင်းဌ္ဌ။
ဝိပဿနာ　ကျမ်းအမည်ဌ္ဌ။
ဝိပဿနာ　အဖွဲ့နာမည်ဌ္ဌ။

ဝိပဿနာထဲမှာ ဘာတွေပါလာသလဲ ယောဂီ၊ သန့်ခဲတယ်။ စစ်ခဲတယ်၊ ရှာတော့၊ ဝိပဿနာတွေဘော့ ရောင်စုံဖြစ်တတ်တယ်။

နွားနို့၊ ပျားရေ၊ ရွှေ၊ အလွန်စစ်ခဲ၏။
ကညာပျို စစ်ခဲ၏။ ရဟန်းစစ်ခဲ၏။
သီလစစ်ရှား၏၊ သမ္မာဓိအစစ် ဟုတ်ခဲ၏။
ဝိပဿနာပညာ၊ သက်သက်သန့်သန့်ကြုံခဲ၏။

သူများ ဝိဿနာ ဟောတယ်၊ ရေးတယ်ဆိုလို့ ခေတ်အလိုက် ရေးကြ ဟောကြဒါ၊ ဝိပဿနာခေတ်မှန်ပြီ။

သက္ကာယဒိဋ္ဌိ အမြစ်ပြုတ်အောင် စစ်ထုတ်၊ ဘာနဲ့မှမရောနဲ့၊ ဝိညာဏက္ခန္ဓာဆိုဒါ ဘာလဲ၊ ဘယ်လိုသိရမလဲ၊ ငါကြံစည်တယ်၊ ယူရာ၌ ငါဖြုတ်၊ ကြံစည်ခြင်းသဘောမှတ်၊ တနည်း၊ ကြံစည်ခြင်း သဘော၌ ကြံစည်ဖြုတ်သဘော တခုသာယူပါ။ခက်တယ်၊ ခက်ပြီ၊ ယောဂီ ပြန်ဘတ်ပါ၊ ဆိုင်းဆိုင်းဘတ်၊ ဝိညာဏက္ခန္ဓာ ခေါ် နာမ်ဟာ ငါ၊ သူ၊ ကျား၊ မ၊ အရှင်းမဟုတ်၊ မဟုတ်ဘာလဲ၊ အနိစ္စနာမ်၊ ဒုက္ခနာမ်၊ အနတ္တနာမ်မှတ်၊ နာမ်အနိစ္စကို ငါကြံစည်တယ်ယူရင် အတ္တဒိဋ္ဌိမှတ်၊ အန္ဓဗာလမှတ်၊ ဗုဒ္ဓဘာသာ အစစ်မဟုတ် သာသနာကို နားမလည်သူမှတ်။

နာမ် အနိစ္စ လက္ခဏာကို ငါကြံစည်တယ်၊ ငါသွတ်တယ် **အမှန်လို့**....

နာမ် ဒုက္ခလက္ခဏာကို ငါခံစားလို့ ငါမှတ်ပြီ၊ ငါလုပ်ထား လို့ ငါကြံစည်တိုင်း ချမ်းသာတယ်၊ **ကေန်လို့**-

နာမ့်**အနတ္တ**လက္ခဏာကို ငါကြံစည်သမျှ ငါ့ဥာဏ်က **ထွက်** တယ်၊ ငါစိတ်ညွတ်လိုက်ရင်၊ ငါစိတ်ညို့လိုက်ရင် ငါထင်**တိုင်း** **ပေါက်ရမယ်**၊ ငါ့အကြံ လူမသိအောင် ငါကြိတ်ကြံတဲ့အကြံ၊ **င**ါဉာဏ်သွားသလိုကြံမယ်။ ခရုလဲ**အ**ဆံနဲ့၊ လူသဲအကြံနဲ့၊ **အကြံ** **ကောင်း**လျှင် **တ**သက်၊ ဒီလိုသိရင်၊ ယူရင်၊ **ထ**င်ရင်၊ ဒီပုဂ္ဂိုလ် **တရားသားမဟုတ်**။ တရားကို ဘယ်ခါမှ မရဘူးမှတ်။ တရားလဲ **မဟော**တတ်ဘူး၊ တရားလဲ မနာတတ်ဘူး၊ တရားရဘို့ **ဝေး**စွ၊ ဝိပဿနာကျမ်း ရေးတယ်၊ ဟောတယ်၊ အတ္တဒိဋ္ဌိပါဘဲ။

ခန္ဓာငါးပါး ပရမတ် တရားကို ဥပမာဖြင့်
ဝေဘန်ပြီ၊ ဆင်ခြင်ပြီ။

မဂ်ဉာဏ်မိုလ်ဉာဏ်နဲ့ နီးပုံပါပြီ၊ ခန္ဓာကိုယ်မှာ အမြဲတွေးနည်း၊ ဆင်ခြင်နည်း၊ ဝိပဿနာအလုပ်၊ ဝိပဿနာလုပ်ငန်း။

ဒီမှာ-နားနားဘတ်။

၁။ ရူပက္ခန္ဓာ-ရေမြှုပ်။
၂။ ဝေဒနာက္ခန္ဓာ-ရက်ပွေ့-ရေပွက်။
၃။ သညာက္ခန္ဓာ-တံလျှပ်။
၄။ သင်္ခါရက္ခန္ဓာ-ငှက်ပျောတုံး။

၅။ ဝိညာဏက္ခန္ဓာ-မျက်လှဲသည်။

ရေးပြီ ယောဂီ၊ စာဘတ်မလောနဲ့၊ ကျယ်ကျယ်ဘတ်ပါ ကြားတဲ့သူတွေ အနည်းဆုံး သံဝေဂဖြစ်ရမယ်မှတ်။

ကြားနာတဲ့သူတွေ အနည်းဆုံး တရားတော်ကို တနည်း စာအုပ်ကို ကြိုက်လာရမယ်မှတ်။

စာဘတ်သံ ကြားရရင်၊ ပါရမီရင့်သူ ဖြစ်စေ၊ မရင့်တဲ့လူဘဲ ဖြစ်စေ၊ စာဖတ်တဲ့အနား ကပ်လာရမယ်။

ဒီ ပဒစ္ဆေဒ ဒီပနီစာအုပ်၌၊ ခန္ဓာငါးပါး၊ ဥပမာ အခဏ်းကို ဘတ်တဲ့လူက အာဘော် ရှင်းရှင်းလင်းလင်း ဘတ်တတ်လျှင် ကြားနာတဲ့လူတွေ ရှိခိုးရန် လာရမယ်မှတ်၊ စာအုပ်ကို ငှါးလျှင် မငှါးနဲ့၊ ဘာ့ကြောင့်၊ မလေးစားမှာစိုးလို့။

## ရူပက္ခန္ဓာနဲ့ ရေမြှုပ်။

ဒီ ယောဂီရဲ့ ခန္ဓာရုပ်တုံးကြီးဟာ၊ ရုပ်ပျက်စုကြီးဟာ၊ ဥပမာ ရေမြှုပ်နဲ့တူပါတယ်။ ရေမြှုပ်ဟာ ရေထဲကဖြစ်ထာ၊ မြေပေါ်က ဖြစ်ထာ မဟုတ်ဘူး ယောဂီရဲ့၊ သေသေချာချာ နားထောင်နော်၊ ဆရာကိုယ်တိုင် လာ၍ဟောနေတယ်မှတ်၊ ဘတ်လဲဘတ်၊ ယောဂီရဲ့ သွေးပုတ် ခန္ဓာပျက်စုကြီးဟာ ရေမြှုပ်နဲ့ တသားထဲ မခြားပါဘူး။

ရေမြှုပ်ဟာ ရေပေါ်ကဖြစ်တဲ့ အမြှုပ်မဟုတ်ဘူး၊ ရေထဲက ဖြစ်တဲ့ အမြှုပ်၊ ဒါကြောင့် ရေမြှုပ်။ ရေမြှုပ်ဖြစ်ရခြင်း အခြေအနေကို ပြန်ရှင်းကြစို့။ ရေကြည်ကြည်သန့်သန့်ဆိုလျှင် ရေမြှုပ် မဖြစ်ပါဘူး။မြစ်ချောင်းထဲရှိ မပြတ် ဒလစပ်စီးဆင်းလျှောကျနေ

သော ရေကြည့်ရေသန့်၊ ရေကောင်း မှန်သမျှ ရေမြှုပ်ဖြစ်ဘို့ ခက်တယ်၊ ခဲယဉ်းတယ်မှတ်။

မိခင်၏ ဥတုသွေး ကြည်ကြည်သန့်သန့် မပြတ်စီးဆင်းလျက် နေခဲ့သော်၊ လက်ရှိ ရုပ်စု သွေးစုဖြစ်ဘို့ ကြပ်ဘယ် ယောဂီ။

မြစ်ရေ ချောင်းရေတို့သည်စီးဆင်းမှုမရှိ၊စီးဆင်းမှုရှိသော်လဲ နှေး၏။ ရေအလျှင် တသွင်သွင်မဟုတ်၊မြစ်ရေစီးပုံ ခဘ်နှေးနှေး ဖြစ်ရမယ်။ သို့မဟုတ် စီးဆင်းလျက်နေသောမြစ်ရေအယာဉ်သည် ရွံ့ညွန်အမှုန်တွေ များသည်ဖြစ်စေ၊ သို့မဟုတ်၊ ရေအိုင် ရေအိုက်သည်ဖြစ်စေ၊ ရွံ့ညွန် အညစ်အကြေးရောနှော ဖွဲ့ယှဉ်မှသာ ရေမြှုပ်ဖြစ်ခြင်း၏ အကြောင်းရင်း ပေတည်း။

ရေကြည် ၇-ရက်၊ ရေမြှုပ် ၇, ရက်လား။
ရေနောက် ၇,ရက်၊ ရေမြှုပ် ၇, ရက်လား။

သံဝေဂဒုက္ခကိုမြင်ပြီး၊ ဝိပဿနာ အထူးသဖြင့် ဝေဘန်ပြီး ဉာဏ်နဲ့စဉ်းစားဘဝ်ပါ ယောဂီ၊ အမိ၏ သွေးဗိုက် သားအိမ် ထဲ၌ ဆရာကိုယ်တိုင်ဖြစ်ခဲ့ပြီ၊ ဒါကိုမသိရပေမဲ့၊ မမှတ်မိသော်လဲ ယောဂီ ယခုသိတဲ့ဉာဏ်နဲ့ တွေးဘဘ်စမ်းပါ။

မိခင်၏ သွေးဗိုက် သားအိမ်အတွင်း၌ ပထမရေကြည် ၇ ရက်လို့၊ ဥပဒေမှာပါတယ်၊ ဒီရေဟာ ကြည်မလား၊ နောက် မလား၊ စဉ်းစား၊ ရေကြည်ဘဲထားပါ။ ရေကြည် ရေမြှုပ်က ဖြစ်လို့။ ရေမြှုပ်နဲ့ ဥပမာ တူဒါလား။ ဒီခန္ဓာ အပုတ်တုံးဟာ အခု ရေမြှုပ် အစစ်ဘဲဆိုမလား၊ ဥပမာလား၊ တကယ်လား၊ မြစ်ထဲကရေမြှုပ်နဲ့ ဥပမာပြလို့ ဟောဒါမှန်ပြီ။

မြန်မာလိုသာ၊ ခန္ဓာကိုယ်မှာ။
ရေကြည် ၇-ရက်၊ ရေမြှုပ် ၇-ရက်။
သွေးရေကြည် ၇-ရက်၊ သွေးရေမြှုပ် ၇-ရက်။
သွေးရေနောက် ၇-ရက်၊ သွေးပုပ်ရေမြှုပ် ၇-ရက်။

ကြပ်ကြပ်စဉ်းစား၊ အလုပ်လိုက်မရှာနဲ့။ နားထောင် ရှင်းမယ်။ ရေထဲက ရေမြှုပ်ဟာ လေနဲ့တိုးမိလဲပျက်မယ်။ လှော်တက်နဲ့ ထိရင်လဲ ပျက်မယ်မှတ်။ လှိုင်းလေလာရင်လဲ ပျက်မှာဘဲ ဘာနဲ့မှမထိလဲ ကေန်ပျက်မယ်မှတ်။ ဘာ့ကြောင့်၊ ရေထဲက ဖြစ်တဲ့ အမြှုပ်မို့ မခိုင်မာဘူး။ အနှစ် နည်းနည်းမျှမရှိဘူး၊ ယောဂီ၊ ဒါ ဥပမာ။

ဥပမေယျကိုရေးပြီး ဟောဒီဆရာ၏အပုဒ်ခန္ဓာ၊ စာဘတ်သူယောဂီ၏ ရုပ်ခန္ဓာ၊ သွေးစုကြီးဟာ ဒါ်းနဲ့ခုတ်လဲပျက်တယ်၊ ဒုတ်နဲ့ရိုက်လဲ ပျက်တယ်။ သေနတ်နဲ့ပစ်လဲ သေမှာဘဲ ထွက်လေ၊ မထွက်သေမယ်၊ ဝင်တဲ့လေမဝင်ပြန်လဲသေမယ်၊ ဘာနဲ့မှမထိ၊ ထိသေမှာဘဲ၊ ပျက်မှာဘဲ၊ ပျက်နေဒါဘဲဆိုတဲ့ဉာဏ် မရသေးဘူးထားပါ။

ယောဂီ စာဘတ်ရင်း ပျက်ပျက်နေတယ်၊ သေသေနေတယ်ဆိုဒါ သဘောမကျချင်သေးနေပါ၊ တသက်တခါတော့ ကေန်သေရမှာဘဲ။ မယားမကယ်၊ လင်မကယ်၊ မိဘဆွေမျိုး သားသမီးတွေမကယ်၊ သေဘေးမရဏ၊ ငွေပေးလို့မရ၊ သေမှာပါဘဲ မကြွားပါနဲ့ ။

ဟောက်မနေပါနဲ့။ မာနရဲ့ ခြသေ့်မျိုးရဲ့။ ဟိန်းမနေပါနဲ့။ မာနရဲ့။ ကျားမျိုးရဲ့။ ဒီရုပ်စုကြီးဟာ ရေမြှုပ်အစစ်တထစ်ချ

မှတ်၊ သွေးရေကဖြစ်တဲ့အတုံး ပုဒ်ပြတ်မှတ်။ ဒါ ပဒဇ္ဈေဒ ဒီပနီ ဆုံးဖြတ်လိုက်ပြီ။

## ဝေဒနာက္ခန္ဓာနဲ့-ရေပွတ်။

ကိုင်း၊ ကိုယ်ခံစားဒါ ကိုယ်တွေးတမ်း၊ သူများရဲ့ အပျက် ရှုမှာလား။ ကိုယ့်အပျက်ရှုရမှာလား။ ဘယ်လိုရှုရ ဝိပဿနာ ဆိုမလဲ။ ခန္ဓာကိုယ် စည်းပြင်ဘက် နည်းနည်းမျှမထွက်စေနဲ့။

အချို့က မဘာရား ကာမဂုဏ်ကိုတော့ ခန္ဓာကိုယ်က ကြိုက် တယ်၊ ခံစားတယ်။ တရား ဓမ္မာရုံကိုတော့ ခန္ဓာကိုယ်မှာတော့ မတွေးဘူး၊ မရှာဘူး။ တောင်ထဲ၊တောထဲ ဂူထဲမှာ သွား၍ ရှာ ကြတယ်၊ အချို့က သက်န်းဝတ်မှကြည်ညိုမယ်တဲ့၊ ကြည်ညိုဒါ ပြောဒါ မဟုတ်၊ တရားရှာနည်း ပြောတယ်။ ရေပွက်ဆိုတာ၊ ရေထဲကဘဲပွက်ထာ၊ ရေရှိလို့ ရေပွက်ဖြစ်ထာ၊ ဝဲလှိုက်ပြီးရေက ထပြီး ပွက်လို့ ရေပွက်ခေါ်တယ်။ မြင်ဘူးတယ်။ ယောဂီလဲ ရေပွက်ကို မြင်ဘူးသားဘဲ။

အာရုံခံစားတဲ့ နာမ်ဟာလဲ၊ အာရုံခံလို့ ကောင်းတယ်ဆိုတဲ့ ရေပွက်၊ ဝေဒနက်နာမ်ဟာ ရေမြှုပ်ခေါ် ရုပ်ပုပ်ထဲက ဖြစ်ထာ ပါဘဲ။ (ရူပက္ခန္ဓာရေမြှုပ်) ရုပ်ဟာ ကာလအရေ ရေရုပ်မရှိ ပါက ရေပွက် မဖြစ်ဘူးမှတ်။ ရေရုပ်ကထပွက်ပြီး ခံစားဒါ ရေပွက်ကို မြင်ရုံမျှပါဘဲ။ ရေပွက်ကို လက်နဲ့ ကိုင်တွယ်လို့ မရဘူး ယောဂီ။

ဝေဒနက်၊ ရေပွက်၊ **မြင်**ရရက်နဲ့ထိမရ၊ ကြည့်ကပျက်ပြန်။ ထိခံစားချက်၊ ဝေဒနက်နာမ်၊ အာရုံခံလဲ၊ အမှန်ရေပွက်၊ စိတ်

ထင်ချက်တည်း။ စိတ်ထင်ရေပွက်၊ ဝေဒနက်ကြောင့်၊ သေဘက် သေဆက်၊ သေချက်မစဲ၊ ဒုက္ခဝဲဝယ်၊ ငါလယ်ဆူလယ်၊ နတ်လူ လည်ခွဲ၊ ကယ်သူမရှိ၊ အာရုံငြိလျက်၊ မရှိအာရုံ၊ ကာမဂုဏ်ကို ညွတ်ရုံခံစား၊ မြေကိုက်ဖါးသို၊ ကိုက်စားမိုက်မှား၊ အကြိုက် များသည်၊ ခံစားအိပ်မက်၊ နာမ်ရေပွက်။

အာရုံခံစားဒါ ရေပွက်နဲ့တူတယ်၊ ကောင်းတယ်၊ ဟန်တယ်၊ ပြစမ်း၊ မပြနိုင်၊ ရေထဲမှာထပွက်တဲ့ရေပွက်ကို မြင်ရဲ့လား၊ မြင် တယ်။ ကိုင်စမ်း၊ ရေပွက်မရ၊ ရေကိုဘဲရမယ်။ ရေကိုပြစမ်း၊ ခေတ္တခဏ စိုစိုဘဲမြင်ရမယ်။ ချက်ခြင်း ခြောက်သွားတယ်။

ခံစားဒါ ကောင်းတယ်။ကောင်းဒါပြစမ်း။မပြနိုင်။ လက်နဲ့ ထိစမ်း၊ ဘာတွေ့မလဲ၊ အသားဘဲ တွေ့မယ်မှတ်၊ အသားတွေ့ ဒါလဲ ထိတဲ့လက်ထဲမှာ ပါရဲ့လား။ မပါဘူး။ အသားကိုတွေ့ ရတယ်လို့ ပြောရရုံမျှမှတ်။

(ဝေဒနက္ခန္ဓာနဲ့ ရေပွက်ဆင်ခြင်ခဏ်းအမြွက် ပြီးပြီ)

---

## သညာက္ခန္ဓာနဲ့—တံလျှပ်။

ငါမှတ်တယ်၊ ငါခံစားဘူးလို့ ကောင်းတယ်လို့ ငါဘဲမှတ် တယ်။ ဒီနေရာ ကောန်ကောင်းတယ်လို့ မှတ်မိတယ်၊ ဒီမိန်းမက မလိမ္မာဘူး၊ အရင်ညားဘူးတဲ့မိန်းမက နေရာတိုင်း လိမ္မာတယ်၊ တော်တယ်၊ ဝတ္တရားကျေပြွန်တယ်လို့ မှတ်ဘားတယ်၊ ဒီလင်က

ချိုက်တယ်။ ဆဲတယ်၊ အရင်ညားဘူးတဲ့ လင်က ငါ့ကို အလို လိုက်တယ်။ ပိုက်ဆံအပ်တယ်။ ငါစိတ်ဆိုးရင်ချော့တယ်။ ပဌမ ညားတဲ့ယောကျ်ားက အခုသက်ရှိယောကျ်ားထက် အဆတရာ ကောင်းတယ်လို့ မမေ့ဘူး။ မှတ်မိဘယ်။ အတ္တဒိဋ္ဌိမှတ်။ အန္ဓ ဗာလမှတ်။(သည် အတ္တတော သမနုပဿတိ။)

သည့်၊ အမှတ်အရိပ် သညာ စေတသိက် သဘာဝတရားကို အတ္တတော၊ ငါဟူ၍ ငါ့သင် ငါ့ခယာ၊ ဟူ၍ သမနုပဿတိ၊ စွဲလမ်းထင်မြင်တတ်၏။

သဘာဝကို အမှတ်၊ အမှတ်ဟာငါဘဲ၊ ဒိဋ္ဌိခွါပုံ ပြန်ဘတ်၊ မှတ်ထား၊ ငါမပါ၊ ငါမဟုတ်၊နာမ်သဘာဝ အနိစ္စမှတ်။ ဥပမာ ဘာလဲ၊ တံလျှပ်နဲ့ တူတယ်၊ ဘယ်လိုတူသလဲ၊ ရှင်းရှင်းရေးစမ်းပါ၊ ဘယ်ဆရာ၏ တရားကိုနာနာ၊ ဘယ်ကျမ်းစာကိုဘဲ ဘတ်ဘတ်၊ ရှင်းရှင်းနာရဒါ ရှားတယ်။ နားလည်အောင် ရေးတဲ့စာအုပ် တွေ့ခဲလှ၏။

### တပေါင်း— တန်ကူး— နွေရာသီအချိန်။

အလွန်နေပူရှိန်ပြင်းထန်သဖြင့် ရေတွင်း၊ ရေကန် စသည်တို့ ခမ်းခြောက်တတ်၏။ သင်ရွက်ကြွေချိန် နေပူရှိန်များသောရာသီ၌ ရွာထဲမြို့ထဲကို ဖယ်ပါ၊ သစ်ပင်ချုံနွယ်ပေါများသော တောဖျား မြိုင်ချောင်၊ တောင်စောင်း၊ တောင်ပေါ်တို့၌ပင် အရိပ် အာ ဝါသ ရှားလှ၏။

### ဘာ့ကြောင့်၊ နွေရာသီမို့။

တောရိပ်မှာခို၊ သမင်ပျိုတို့မှာ ဟိုဟိုဒီဒီ၊ ဆောက်တည်ရာ မရ၊ သစ်ရွက်တွေကြွေကျ၊ ရေအလွန်ငတ်လှသဖြင့် တောင်ပေါ်

က မျှော်၍ လယ်ကွင်းပြင်သို့ ရေဆာတဲ့အတွက် လျှာထွက်လျက် တရှိုက်ရှိုက် ကွင်းပြင်တလင်းသို့ အပြေးအလွှား ခုန်ဆင်းမဲ့ဟန်-

## ဘာလဲတံလျှပ်—နွေရာသီ။

လယ်ကွင်းပြင်၌ တပေါင်း၊ တန်ကူး၊ နေရှိန်မြူးကြွ၊ အဝေးက ကြည့်ရလျှင်၊ နေရှိန်လျှံတကြွကြွ ထနေသည်ကို တံလျှပ်ဆို သည်၊ ထိုတံလျှပ်နေအလျှင်ကို၊ တောင်ပေါ်က ရွှေသမင်က ရေဆင်တယ် ယောဂီရဲ့။ ယောဂီ ကိုယ့်ရောဂါကိုယ်တွေး၊ ကိုယ့် ဝေဒနာ ကိုယ်မေးစမ်း၊ မေးတတ်ရင် တဖြေးဖြေး တရေးရေး အသားက တရားပြန် အဖြေပေးရမယ် မှတ်၊ နေ အလျှင်နဲ့ ရွှေသမင်။

## ကာမာသုပိန ကူပမာ

ကာမာ၊ ကာမဂုဏ်ငါး၊ အာရုံအများတို့ကို၊ ငါအကုန်ခံစား၊ အမှတ်အသားနဲ့ တလစပ်လိုက်စားရခြင်းတို့သည်၊ သုပိနုကူပမာ အိပ်မက်မက်သည်နှင့် တူကုန်၏။

အာရုံအိပ်မက်၊ကာမဗွက်ကို၊မှတ်ချက်နှင့်ဆိုင်၊ ငါသာပိုင်ဟု၊ အနိုင်ထင်လှ၊ လူအန္ဓကား၊စားမူဝါးမူ၊ သွားမှုစည်းစိမ်၊ တင်းမ တိမ်ဘဲ၊သေချိန်မသိ၊မိုက်လုံးမိ၍၊ ဗိဠ္ဌငါသူ၊ ပမာမူဝယ်၊ နေပူရှိန် ရောက်၊ ရေခမ်းခြောက်လျက်၊ တောင်မြောက်ပြေးဝင်၊ တော သမင်သည်၊ မြေပြင်လွင်တီး၊ ကွင်းပြင်ကြီး၌၊ မီးပူရှိန်ကြွ၊ အလျှံ ထ၍၊ကြွကြွရောင်ထပ်၊နေတံလျှပ်ကို၊ ရေမှတ်သောက်ချင်၊ တော

သမင်သည် ခြေလျင်ပြေးသွား' ရေထင်မှားက၊ ပြေးအားမရှိ၊ ရင်ကွဲဘိသို့၊ ရောက်သည့်ခုခါ၊ သာသနာ၀ယ်၊ ဓမ္မာရေအေး၊ အမြိုက်ဆေးကို၊ တိုက်ကျွေးပါမူ၊ မသောက်သူကား၊ယောကျ်ား မိန်းမ၊ ဇီဝငါသူ၊ ပုဂ္ဂိုလ်ယူမှတ်၊ မီးတံလျှပ်တည်း၊ မီးကိုရေထင် ရွှေသမင်သည်၊ ခြေလျင်ခုန်လွှား၊ ပြေးတိုင်းမှားသို့၊ မယား လင်မီး၊ သားသမီးနှင့်၊ ပစ္စည်းမီးစုံ၊ ရေထင်ပုံသည်၊ သမင်ပုံပြ၊ ဥမ္မတ္တက။

## နေလျှင်-ရေထင်တဲ့ ရွှေသမင်။

တောင်ထိပ်က ရွှေသမင်က တံလျှပ် နေအလျင်ကို ရေထင်၍ ခြေလျင်ခုန်လွှား၊ အားကုန်ပြေးသွားသော်လဲ ရေမတွေ့ နေတွေ့ ရင်ကွဲပြီး သေရင်သာ ဧသမယ်၊ ကေန် ရေတော့ မဟုတ်ဘူး ယောဂီ။

## အိပ်မက်အာရုံ။

နေ့စဉ်လိုက်တဲ့ အာရုံ၊ လစဉ်ကြိုက်တဲ့ ကာမဂုဏ်၊ နှစ်တိုင်း အားမရတဲ့ ရူပါရုံ အဆင်း၊ သဒ္ဒါရုံ အသံ၊ ခန္ဓာရုံ အနံ့၊ ဒါလောက် အရိပ်ပြလိုက်ရင် ရိပ်မိကြတဲ့ လူပါးခေတ်။

ယောကျ်ား, မိန်းမ, ပုဂ္ဂိုလ် သတ္တဝါ၊ လိပ်ပြာဇီဝ၊ ဒေဝ ဗြဟ္မာ၊ ငါ, သူ, လူ, နတ်၊ အယူစွဲက၊ ဒိဋ္ဌိဇာတ်မှတ်။ ငယ်စဉ် ကစ၊ ယခုတိုင် ပေါင်းသင်းဆက်ဆံလာခဲ့သော အာရုံ ကာမဂုဏ် နှင့်၊ ခွဲဆို့၊ ခွဲကြပ်၊ ခွဲဆိုက်၊ သေဘက်သို့-သေဘေးသို့ နီးလာကြ ပြီ၊ လင်ရေ၊ မယားရေ မဟုတ် ဘူး။ ပြေတိုင်း မောမယ်။ သောက်တိုင်း ပင်ပန်းမယ်။

ဘ၀တိုင်း ရေထင်နဲ့လို့၊ ပြေးရှောက်လျှက်နေ့ရက်ကုန်ဆုံးပြီ၊ သောက်တိုင်း ရေမမှန် နေလျှံမှန်း သိခဲလှ၏။ မသိလျှင် အန္ဓ သိလျှင် ကလျာဏ ပုဒ်ပြတ်မှတ်။ ရေဟုတ်လျှင်- ရင်တွင်း အေးရမယ်။ မီးမှန်လျှင် ရင်တွင်းပူရမယ်။

**သညာအမှတ်-တံလျှပ်ပမာ။**

အာရုံကို လက်တွေ့ ဖမ်းပြပါ- နေအလျှင်ကို ရေထင်ပြီး သောက်သမျှပူရမယ်၊ ပူပြီးသေရမယ်၊ ရင်တွင်းပူနဲ့ သေသမျှ ရေရဲကျမယ် ကေန်မှတ်၊ တွေးစမ်း-ယောဂီ။

ဝိပဿနာဉာဏ်သွားပုံ သဲလွန်စရေးပြီး၊ အိမ်သစ်တအိမ်ဆောက်ပြီးလို့ တက်နေကြပြီ နေရတဲ့ ရက်ကို သွားနေသလား။သေရမဲ့ရက်ကို သွားသလား။ ယနေ့အိမ်ထောင်ကျပြီ၊ အတူတွဲဘက်၍ နေ့ရက်တွေ ရောက်ရောက် သွားမလား။ တဖြေးဖြေးကွဲဘို့ရက် ငိုဘို့ရက် ပူရမဲ့ရက် သေရမဲ့ရက်တွေကို ရောက်ရောက် သွားနေသလား ယောဂီ။

**သညာကန္ဓာ၌ - အနိစ္စရေးတး ယ်မထင်နဲ့**

ယခုရွှေသမင်ကနေအလျှင်ကို ခြေလျှင် ရှောက်ပြီး-ရေထင်လို့ သောက်- အနားရောက် အမောမပြေဘူး- ကေန် မောရမယ်မှတ်- ဒုက္ခဖြစ်ရမယ်မှတ်၊ သိခဲလှ၏၊ တွေးခဲလှ၏၊ မြင်ခဲ့လှ၏၊ တိုင်ပင်ခဲလှ၏၊ သံဝေဂဖြစ်ခဲလှ၏၊ ဟောခဲလှ၏။နာရခဲလှ၏။ ဝိပဿနာကျမ်းတိုင်း- ရေးခဲလှ၏။

ကာမဂုဏ် အာရုံတွေကို အမှတ် တန်ခိုးနဲ့ အမြတ်တနိုး လိုက်စားခဲ့ဒါ မောပြီလို့- ခုသိရင်- ခု-ရေ၊ ခုမသိရင် အခု-မီး။

(ရွှေသမင်နဲ့ တံလျှပ် ရပ်ပြီ)

## သင်္ခါရက္ခန္ဓာနဲ့ - ငှက်ပျောဘုံး။

ရှေးက ကြားဘူးတဲ့စကား အသုံး မှားတယ်၊ မသာအိမ်သို့ ရောက်လျှင် ရှေးက လူကြီးများက၊ ပြောသေ့ ညည်းလေ့မှာ လူသေကောင်ကို မြင်လျှင် ဩြော် ယခုဘော့၊ ငှက်ပျောတုံး လက်ပံတုံးကဲ့သို့၊ လုံးလုံးမှ အသုံးမကျတော့ပါကလားလို့ ပြော ကြတယ်။ ဒီအသုံးစကားအရမှာ ငှက်ပျောဘုံး ဥပမာ ရူပက္ခန္ဓာနဲ့ တွဲရှုဘဲ့စကားဘဲ။ ကျမ်းဂန် ဥဒေ အရမှာ သင်္ခါရက္ခန္ဓာ နာမ် သည် ငှက်ပျောတုံးနဲ့ ဥပမာ တူတယ်လို့ ယောဂီတို့ ဉာဏ်မှာ မြင်ရှုရမယ်။ ဒါအလုပ်မှတ်၊ မြင်နည်း မြင်ပုံမှာ-

မြန်မြန်မဘက်နဲ့၊ ထွေးရှုပ်နေမယ်၊ နားထောင်နေတဲ့လူ ကွဲပြား အောင် ခတ်လေးလေးဘတ်ပါ ယောဂီ။ ငှက်ပျောတုံးမှာ အနှစ်လုံးဝ မရှိတာ၊ လူပြိန်းသိ၊ ခလေးသိ၊ ပထမသိထားပါ ယောဂီ၊

ငှက်ပျောတုံးကို အိမ်ဆောက်လို့ မဖြစ်ဘူး၊ သံစွဲလို့မရဘူး၊ ဘာ့ကြောင့်-မခိုင်လို့၊ အကာဖြစ်လို့။

အကာအစစ်၊ အနှစ်မစပ်၊ ငှက်ပျော ဖတ်ကို၊ တောမသတ် ခွါ၊ ကဲ့ပမာသို့၊ သင်္ခါရက်နာမ်၊ အားစိုက်ပြန်လဲ၊ ခိုင်ပြန်မဟုတ်၊ အားကုန်ထုတ်က၊ တသုတ် ခွါလုပ်၊ ငှက်ပျောဖတ်သည်၊ အထပ် ထပ်ခွါ၊ နှစ်မလာဘဲ၊ ကြမ်းရာကနု၊ နုရာကရှောက်၊ အခေါင်း ပေါက်သို့၊ရောက်ရပမာ လူဗာလာကား၊ နေ့များလ,ဖြစ်၊ လ,ဇစ် နှစ်ကြာ၊ ပြုမြင်ရှာသည်၊ ခွါပုံတောမသာ်၊ ငှက်ပျောဖတ်။

## ဝိပဿနာဉာဏ်ဖြင့် စဉ်းစား၍ ခန္ဓာဒုက္ခ၌ ဆင်ခြင်ပုံ။

အသက် ၂၀-က ညားတဲ့မယား၊ အသက် ၃၀-အထိ ရှာဖွေစုဆောင်း၍ပစ္စည်းဥစ္စာ အင်ပင်းခံလျက် ကြိုးပမ်းခဲ့၏၊ ခလေး ၃-ယောက်ရတယ်၊ မယားသေပြီ။ အဲဒါငှက်ပျောတုံးကိုအပေါ ဆုံးအကြမ်း တထပ်ခွါဒါနဲ့ တူ၏။ အနှစ်မရှိ။

နောက် အသက် ၃၀ မှ ၄၀-ထိ၊ မိန်းမ တယောက် ရ၍ ပစ္စည်းဥစ္စာတို့ဖြင့် ကြိုးစားပြီး ရှာတယ်။ နေ့မအား-ညမနား တွေးတောကြံစည် ပူပြင်အားထုတ်၊ အခါရ အထုပ်နဲ့ နေ့ရက်ကုန်ခဲ့ပြန်၏။ အသက် ၄၀ မှာ ဒီမိန်းမ သေပြန်တယ်၊ ခလေး ၃-ယောက် ကျန်ရစ်ပြန်တယ်။ ငှက်ပျောဖတ် တထပ် ခွါရပြန်တယ်။ ခွါသော်လဲ ပထမအရွယ်က အကြမ်း၊ ယခု ဒုတိယအရွယ် မယားယူမှုက- ဒုတိယအထပ်၊ ငှက်ပျောဖတ်ကို ခွါဒါနဲ့တူတယ်၊ ဒါလဲ အနှစ်မရှိပါဘူး။

သေဘက်နီးလာပြီလို့ သိခဲ့တယ် ယောဂီ။ သင်္ခါရက္ခန္ဓာ အားထုတ် ပူပြင်ကြိုးစားတဲ့- နာမ်မှတ်။ နာမ်အားထုတ်တိုင်း နာမ်က ပူပြင်တိုင်း အနှစ်မတွေ့ပါဘူး။ အာရုံကို ထပ်ပြီး ခံစားဘို့ ကြိုးစားတဲ့ရှာဖွေတဲ့ နာမ်ဟာ၊ ဖမ်းလို့- စမ်းလို့- ထိလို့လဲ မရပါ ကလား ယောဂီ။

အသက် ၄၀ -က ကျော် ၅၀ - အထိ၊ တတိယ ညားတဲ့ မယားက မတဲ့လို့ ကွဲရ ပြန်တယ်၊ ခလေး မရဘူး၊ တတိယ မယားအတွက် လွန်စွာကြိုးစားရှာတဲ့နာမ်သင်္ခါရအတွက် အချစ်

အာရုံကြောင့်၊ မောမှန်းမသိ၊ ပန်းမှန်းမသိ၊ မယားဇော၊ သားဇော၊စီးပွားဇောအားထုတ်ထာ အတောမသတ်၊ တဏှာကြောင့် (ဘုရားက) ငါ့သား ငှက်ပျောဖတ်ကို တထပ်ခွါပြန်သလား မောင်ရယ်။ ငါ့သား မမောသေးဘူးလား မောင်ရဲ့။ မင်းဟာ အသက် ၂၀-က၊ ၃၀။ ၃၀-က၊ ၄၀။ ၄၀-က၊ ၅၀-အထိ၊ မင်းဘယ်လိုပြုပြင် လုံးပမ်းပေမဲ့ အနှစ်မရှိဘူးကွဲ့ မောင်ရဲ့။ ဟောပေမဲ့ အန္ဓနားဥ္ဩ ကြားလှခဲ၏။ မိန်းမက ယောကျ်ား ၄-ယောက်၊ ၅-ယောက်ယူဒါကို ရေးဘို့မလို။

အသက် ၅၀-က၊ ၆၀-အထိ မိန်းမတယောက် ၆၀-က ၇၀ အထိ၊ မိန်းမတယောက်ယူပြီး၊ မိန်းမ ၅-ယောက်နဲ့ ငှက်ပျောဖတ် ငါးထပ်နဲ့ ဥပမာဟပ်။မင့်ဟာ ကြာလေ-ခွါလေ၊အနှစ်မပါလေမှတ်။ မင်းသေဘို့နီးပြီတဲ့။ ခါးကိုင်း၊ နားထိုင်း၊ မျက်စိမှုံ၊ တုန်တုန်ချိချိ၊ အရိအရွဲ၊နှပ်ခဲသလိပ်၊ တွန့်လိပ်ပါးရေ၊သွားရေကျ၊ မျက်ချေးစနွင့်၊ အထအထိုင်၊ ခွေယိုင်ကုန်းကွ၊ ဗလယွင်းယို အဘိုးအိုမှာ၊ တဏှာစိတ်ရှိ၊ မရိပ်မိ၍၊ ဒိဋ္ဌိဘောက်ပြား၊ ယောကျ်ားဟဲ့ငါ၊ စိတ်တင်းရှာသဲ၊ သေရွာဝင်ခမ်း၊ သုသာန်လမ်းသည်၊ ဖြောင့်တန်းသေမျိုး ဘဝဆိုး။

## ပြန်ရှင်းမယ်-ငှက်ပျောတုံး။

နေ့နဲ့ထွက်၊ လနဲ့ထွက်၊ နှစ်နဲ့ထွက်၊ တနေ့ထက်တနေ့၊ တလထက်တလ၊ တနှစ်ထက်တနှစ်။ ယခုနှစ်အထိ ငှက်ပျောတုံးကို အဖတ်တထပ်စီခွါသကဲ့သို့ ခွါလေ ကြာလေ အနှစ်မရှိဒါရောက်လေမှတ်။ ပထမအရွယ် ပထမတထပ်ခွါဒါက အကြမ်းတွေရ

တယ်။ ဒုတိယအရွယ် ဒုတိယအထပ်နေလာပြီ။ ကြာလေ ခွါလေ၊ အတွင်းကျလေ အနေအဖတ် ရောက်လေမှတ်၊ မိမိစိတ်က၊ ဒါ-နာမ် သင်္ခါရလုံးပမ်းကြိုးစားသမျှ၊ ခဲလေသမျှ သဲရေကျ၊ ငှက်ပျောဖတ်ကို ခွါလေသမျှ အသားနေ ခိုက်ရမယ် ပုဒ်ပြတ်မှတ်၊ ရက်ကြာလေ အနှစ်မပါလေမှတ်။ လ,ကြာလေ မခိုင်မာလေမှတ်။ နှစ်ကြာလေ ခွဲဆို့ဘိုနီးလေမှတ်။ ကမ္ဘာသံသရာ၌ သင်္ခါရခေါ်၊ သင်္ခါရက္ခန္ဓာခေါ် လုပ်သမျှ ဒုက္ခကို မသိလို့မှတ်။ ပြုပြင်သမျှ အနေမြင်ရမယ်မှတ်။ ခိုင်မာတဲ့အကြမ်း မတွေ့ပါဘူး ယောဂီ၊ ပင်ပမ်းလှပြီ။

ဆရာကောင်းတွေ့မှ သက်သာမယ်မှတ်။
သပ္ပုရိသ ဆရာအစစ် အခုအမြန်ရှာပါ။

သင်္ခါရနာမ် ထင်ဒါကမမှန်- သံသရာ အတောမသတ်သမျှ၊ ခန္ဓာမှာ အကြောစပ်သဖြင့်၊ ယောဂီ ငှက်ပျောဖတ် အခွါ သက်သာလိုပါက၊ စေတနာ, နာမ်, စေတသိက်, သဘာဝကို ငါမယူလေနဲ့၊ ငါယူမှန်သမျှ မသာလူ အနတ္တ ပုဒ်ပြတ်မှတ်။

စာရေးရဒါ စိတ်မကျေနပ်။
ကိုယ်ကိုင် ဟောပြချင်ပါတယ်။

သင်္ခါရက္ခန္ဓာ ပြုပြင်မှုနာမ်ဟာ ငါ,သူ,ရှာမရ၊ အနတ္တာဉာဏ်တိုင် လက်ကိုင်မိအောင်တွေး၊ တရေးရေးပေါ်ပါစေ ဆရာ၏မေတ္တာရေ....။

(သင်္ခါရက္ခန္ဓာနဲ့ ငှက်ပျောတုံး တခဏ်းရပ်အုံး။)

x x

## ဝိညာဏက္ခန္ဓာနှ့် မျက်လှည့်သည်။

မျက်လှဲ့ဆရာသည် မျက်လှဲ့ပွဲသို့လာ၍ ကြည့်ရှုသူတို့အပေါ် ပိုက်ဆံယူလို့ ကျေနပ်အောင် အားရအောင် ဝမ်းမြောက် ဝမ်းသာ ဖြစ်အောင် လက်ခုပ်တီးပြီး ရယ်မောရ၍ တသောသောဆူညံ အောင် လှူသံမစဲ ပြုမြဲဓမ္မဘာပေတည်း။

ကြီးကျယ်သော ပဥ္စသက်ပညာ မျက်လှည့်ဆရာကြီးများက လူကို ဒုတ်နှ့် ရိုက်ပြ၊ ဒါးနှ့် ခုတ်ပြ၊ လှံနှ့် ထိုးပြ၊ လက်ကို ဖြတ်၍ ပြ၊ ခြေကို ဖြတ်၍ပြတယ်။ လူအရှင်ကို ပရိသတ်ဝိုင်းထဲဘွင် သေအောင် သတ်၍ပြတတ်၏။ တကယ်လား၊မဟုတ်ဘူး။တကယ် မဟုတ်မှန်းကို ပွဲကြည့်သူထဲက အချို့ ရိပ်မိ၏။ရိပ်မိပေမဲ့ ချီးမွမ်း ဒါဘဲ၊ ကြည့်ဒါဘဲ၊ ပိုက်ဆံကုန်ဒါဘဲ ရယ်မော၍ တသောသော၊ လူသံဆူညံတဲ့အထဲ ရိပ်မိတဲ့လူလဲ ပါဒါဘဲ။ မရိပ်မိသေးသော ခလေး,လူပြိန်း,လူအ,လူနုံ,ယောကျ်ား,မိန်းမတို့ကို ဆိုဘွယ်မရှိ၊ သို့သော် ခလေးကို ဖယ်၊ လူအ, ကိုထည့်မစဉ်းစားနဲ့၊လူရိုးလူပြိန်း တွေကလဲ မျက်လှည့်ဆရာပြတိုင်း တကယ်တော့ မဟုတ်ဘူးလို့ စဉ်းစားတဲ့လူ ပါတယ်။ ပါသော်လဲ ကြည့်ဆဲမှာ အဟုတ်ချည့်ဘဲ ထင်လို့ ကြည့်နိုင်၏။

### လူအရှင်ကို-သတ်၍ပြလျှင်

ကေန်ကြည့်တဲ့ ပရိသာတ်တွေ ဝမ်းနည်းရမယ်။ မျက်ရည် ကျ ရမယ်။ ငိုရမယ်။ ပြီးဘော့မှ လူရှင်ပြန်ဖြစ်လာလျှင် ရယ်မောကြ ရမယ်။ အားရဝမ်းသာ ဖြစ်ရမည်။ချီးမွမ်းထောပနာ သြဘာပေး ကြရမယ်။မျက်လှည့်ဆရာကြီး ပညာတတ်တိုင်း အမျိုးမျိုးဖန်တီး

၍ပြတတ်၏။ ကြည့်သူများက အားရတင်းတိမ်ခြင်းမရှိ၊ မျက်လှည့်ဆရာက မပြတ်တလစပ် မပြနိုင်လို့မှတ်။

## ဝိညာဏက္ခန္ဓာနဲ့-မျက်လှည့်။

မာယူပမဥ္စဝိညာဏံ၊ ဝိညာဏံ၊ ဝိညာဏ်စိတ်သည်။ ဝါ—ဆရာ၏ ရင်တွင်း၌ ရုပ်ချင်းထိခိုက်တိုင်းပေါ်တဲ့စိတ်သည်။ ဝါ-နာမ်က ထိစေခိုင်းလို့ ရုပ်ချင်းထိရင်း မပြတ်ပေါ်၍ပေါ်၍နေတဲ့ စိတ်သည်။ ဝါ- ဖြင်လိုက် ပျောက်လိုက်နေတဲ့စိတ်သည်။ မာယူပမံ-မာယာဥပမံ၊ မျက်လှည့်ဆရာနဲ့တူလှ၏။ တူပုံမှာ—

စိတ်သွားတိုင်း ကိုယ်ပါ။
စိတ်သွားတိုင်း ကိုယ်မပါ။
စိတ်ဆွဲဆောင်ရာ ရုပ်ကပါ။
စိတ်ဆွဲဆောင်တိုင်း ရုပ်မပါ။

ဝိညာဏ် မျက်လှည့်စိတ်ကြောင့် သတ္တဝါကောင် မျိုးစုံ ဖြစ်တယ်မှတ်။ ဝိညာဏ်စိတ်မရှိလျှင် သတ္တဝါကောင် ဘယ်အခါမှ မဖြစ်။ ဝိညာဏ် မျက်လှည့်စိတ်ကြောင့် နာမ်အမျိုးမျိုး၊ ရုပ်အမျိုးမျိုး ပေါ်တယ်မှတ်။

## ဝိညာဏ ပစ္စယာ နာမရူပံ။

ပဋိသန္ဓေ ဝိညာဏ်အစ၊ စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှာဝိညာဏ်၊ ကာယဝိညာဏ်၊ မနောဝိညာဏ်။ ဘာသာပြန်မှာ ဝိညာဏ် ဘာလဲ၊ စိတ်- စိတ်- စိတ်- စိတ်- စိတ်။

စိတ်ဟာ ဘာလဲ၊ အာရုံကို သိတာစိတ်၊ ကြံဒါစိတ်၊ တွေးဒါစိတ်။

ပဋိသန္ဓေစိတ်ကြောင့် လက်ရှိ ခန္ဓာရုပ်ကြီးကို ရတယ်မှတ်။ စိတ်က လူကောင်ရုပ် လုပ်ပြတယ်၊ မျက်လှည့်ဆရာပြဒါ ချေးပြီ။ စိတ်ဆရာက-ဝိညာဏ်ဆရာက-ကလေးလဲလုပ်ပြ၊ လူကြီးလဲလုပ်ပြ၊ မိန်းမဘမျိုးပြ၊ ယောကျ်ားတမျိုး ပြောင်းပြတယ်၊ (ပဋိသန္ဓေ အမိဝမ်းဗိုက်ယဲ ဝင်ပြတယ်၊ ထွက်လဲပြတယ်၊ ဝမ်းဗိုက်ထဲမှာ-ခရကြည် လုပ်ပြတယ်၊ ရေမြှုပ်လုပ်ပြတယ်၊ သွေးခဲသားဘစ် အဖုငါးဖုနဲ့ ခက်မာ ငါးဖြာ လုပ်ပြီး ပြဘယ်။) ဒါဝမ်းဗိုက်ထဲမှာ ဒီမျက်လှည့်ကို ပြတိုင်းမဟုတ်ဘူး၊ ကောန်ဆိုဘာ ဘုရားမှ မြင်ဘူးတယ်၊သိဘူးတယ်မှတ်။ ။သွေးဗိုက်၌ ဝိညာဏ်မျက်လှည့်၊အန္ဓတွေ ဒီမျက်လှည့် မမြင်ဘူးပါဘူး။

## မျက်လှည့်ပြပုံ။

ပရိသာတ်ဝိုင်းမှာ ဘတ်စမ်းပါ ယောဂီ။တရားအစစ်ရှာတယ်ဆို၊ သမဘသက်သက် အားထုတ်သူ ဘယ်မျှဘဲ စိတ်ဘည်ကြည်စေကာမူ၊ မိမိကို မျက်လှည့်ဆရာ လှည့်ပတ် ဖြားယောင်းမှန်းကို မသိဒါထား၊ ဝိပဿနာယောဂီသညာသိ၊ပရိယတ်သိဖြစ်ခဲ့သော်။ ငါ့ကိုယ်ငါ မျက်လှည့်ပြတယ်၊ ငါ့မိန်းမ ငါက-မျက်လှည့်ပြဒါပါကလား။ ငါ့မိန်းမက-ငါ့ကို-မျက်လှည့်ပြနေပြီ။ ငါ့သား, သမီး မြေးမြစ်,ဆွေမျိုး,မိတ်ဆွေ,သူငယ်ချင်းတွေက ငါ့ကိုမျက်လှည့်ပြ, နေဒါဘဲ၊ မျက်လှည့် ရုပ်တွေဘဲ၊မျက်လှည့်ဘုံကြီး၊မျက်လှည့်ဆရာကြီးတွေဘဲ၊ တယောက်နဲ့ တယောက်—

သူ့မျက်လှည့် ငါ့ကြည့်၊
ငါ့မျက်လှည့်ပွဲ သူကလာကြည့်၊
ရှင်အောင်လုပ်ပြ၊ အသေကောင်လုပ်ပြ၊
အိုပြ၊ နာပြ၊ ကျိုးပြ၊ ကန်းပြ၊
ကုန်းပြ၊ ကူပြ၊ ပူပြ၊ ပိန်ပြ၊
ထိုင်ပြ၊ ထပြ၊ သွားပြ၊ အိပ်ပြ၊
ပြုံးပြ၊ မဲ့ပြ၊ ရယ်ပြ၊ ငိုပြ၊
ပြူးပြ၊ မှိတ်ပြ၊ ပြေးပြ၊ ရပ်ပြ၊
ယောကျ်ားရုပ်ပြ၊ မိန်းမရုပ်ပြ၊
ခလေးယောင်ဆောင်ပြ၊ ခွေးယောင်ဆောင်ပြ၊
လူကြီးယောင်ဆောင်ပြ၊ လူအိုယောင်ဆောင်ပြ၊

မသာလောင်းမလာအောင်၊ ယောဂီ ဆရာကောင်းကို အမြန်ရှာပါ၊ မိမိကိုယ်ခန္ဓာ၌၊ ခန္ဓာငါးပါးတို့တွင်၊ ဝိညာဏက္ခန္ဓာ ပရိယတ်အရ-ပဋိပတ်ဝိပဿနာဉာဏ်သို့ ရအောင်၊ သိအောင်၊ တွေးတတ်အောင်၊ မာနကျအောင်၊ သံဝေဂဖြစ်အောင်၊ စိတ်ပျက်အောင်၊ ဆုတောင်းမှားခဲ့ကြောင်း ထင်ရှားအောင်၊ တရားအစစ်ရအောင်၊ ပဒဇွေဒဒီပနီက ဆုံးဖြတ်ပြီ ပုဒ်ပြတ် မှတ်လိုက်။

ဖြေးဖြေးဘတ်ပါ၊ ဗဟုသုတ များသလား၊ စာတတ်သလား ယောဂီ။ တကယ် တရားပြကောင်းသောသူ၏ရှေ့၊ တရားဟောကောင်းတဲ့ပုဂ္ဂိုလ်၏ရှေ့၊ ကမ္မဋ္ဌာန်းဆရာ၏ရှေ့၊ အရိယာထင်လုံးရှိသူတို့၏ရှေ့၊ ဝိပဿနာဓမ္မကထိက နာမည်ကြီးကြီးယူထားသူ၏ရှေ့၊ ဝိပဿနာကျမ်းမျိုးစုံကြည့်ဘူး-ဘတ်ဘူးသူ၏ရှေ့၊ ဝိပဿနာ

ကျမ်းပြုဆရာ၏ရှေ့၊ ပရိသာတ်ဝိုင်း ကောင်းကောင်းမှာဘတ်ပြီပါ၊ မှားရင်မြင်မယ်၊ မှန်ဒါကို ဆရာမလုပ်ချင်နဲ့။

(အပြစ်ဆိုဒါလူတိုင်းရှိ အနှစ်ဆိုဒါ လူတိုင်းမရှိ)

**ဂ—လုံးဘွဲ့ ကဗျာ**

၁—ဝိညာဏ်မျက်လှည့်၊ တကယ့်ဆရာ။
ငါ့ဝိညာဏ်သုပ်၊ ငါ့ရုပ်ပေါ်လာ။
ငါ့ဝိညာဏ်သွား၊ မယားထင်ခါ၊
ငါ့လင်ဘဲ၊ စိတ်စွဲသေရရှာ။ ။

၂—ယောကျာ်း့မိန်းမ၊ ထင်ရဝိညာဏ်၊
အသက်ဇီဝ၊ လှည့်ပြဝိညာဏ်၊
ရုပ်စုံပြနည်း၊ ဖန်တည်းဝိညာဏ်၊
ရှင်သေပြ၊ မြင်ရနာမ်ဝိညာဏ်။ ။

ဝိညာဏ်မျက်လှည့်ဆရာက၊ပဥ္စသက် နည်းမျိုးစုံကို ဥက္ကောင်း ၁၊လက် ၂၊ခြေ ၂၊ လုပ်ပြတတ်တယ်။တနည်း၊မျက်စိပေါက် ၁၊ နားပေါက် ၁၊ နှာခေါင်းပေါက် ၁။ လျှာပေါက် ၁၊ ကိုယ်ပေါက် ၁၊ လုပ်ပြန်တယ် ယောဂီ၊

ရူပါရုံအဆင်း ၁၊ သဒ္ဒါရုံအသံ ၁၊ ဂန္ဓာရုံအနံ့ ၁၊ ရသာရုံ အစာကောင်း ၁၊ဖောဋ္ဌဗ္ဗာရုံအတွေ့ကောင်း ၁၊ ဒါလဲ-ငါးမျိုးဘဲ။ ဝိညာဏ်က-မျက်လှည့်ပြဒါ ရေးတယ်ယောဂီ၊ တွေးမယ်။ မြောပြီ။

ကောင်းတဲ့ နည်းမှန်ကို ဟောပြရေးပြ၊ အသိလဲ မြန်ရမယ်၊ တရားလဲမှန်ရမယ်၊ မကန့်ကွက်ပါနဲ့၊အမြန်လိုက်၍မင့်နဲ့ မိမိခန္ဓာ

ကိုယ်မှာ ဝိညာဏ်မျက်လှည့်ပြထားပါတယ် လက်နဲ့ဘဲကိုင်ပြီး မျက်စိနဲ့ပြူးမြူးကြည့်ပါ၊ မှိတ်သွားရင် မျက်လှည့်ပြဒါမသိမှာ စိုးလို့၊ သို့မဟုတ် ကိုယ်သုံးပေါ်မှန်မှာကြည့်ပါ။

ဆံပင် ကောင်းတယ်၊ မွေးညှင်း အဆက်ဆန် ပေါက်လျှင် ကောင်းကျိုးပေးတယ်၊ ခြေသည်း,လက်သည်း,နီးမြန်းရောင်ရှိကမင်းဖြစ် မိဖုရားဖြစ်၊ သွားကလေးတွေ ဖွေးဖွေးဖြူပြီး မကြီး-မငယ်၊ ညီညီညွတ်ညွတ် ရှိသော်၊ ဘောဇဥ်အစာအာဟာရတို့ကို ချမ်းသာစွာ စားသောက်ရ၍ သူဌေးစည်းစိမ်ခံစံရမယ်။ အရေအဆင်း လှပလျှင် လူချစ်လူခင်များမယ်တဲ့ အသားက နူးညံ့ပြေပြောင်းရင် အလုပ်ကြမ်းမလုပ် မကိုင်ဘဲနဲ့ ငြိမ်သက်စွာ စားသောက်မှုပြည့်စုံနိုင်တယ် စသည်ဖြင့်၊ ၃၂-ကောဋ္ဌာသတို့တွင်၊ ဆံပင်၏ လက္ခဏာအစ၊ အပေါ်ယံ လက္ခဏာတို့ကိုကြည့်၍၊ ဗေဒင် ဆရာများက ဟောနိုင်ဒါ-ဗေဒင်မေးနိုင်ကြဒါ-မျက်လှည့်ဆရာ ဘယ်သူလဲ။

၃၂-ကောဋ္ဌာသဖြစ်အောင် ဝိညာဏ်ကဖန်ဆင်းတယ်၊ အူ၏ လက္ခဏာ၊ အဆုတ်၏ လက္ခဏာ၊အရိုး၏ လက္ခဏာ၊ မျက်ခရေ ဆီကြည်တို့၏ အတွင်းလက္ခဏာတွေကို၊ ဗေဒင်ဆရာက-အရှုံးပေးပြီး၊ ဝိညာဏ်မျက်လှည့်ဆရာ စိမ်တိုင်းမဟောနိုင်ဘူး။ ကျင်ကြီးကျင်ငယ်ဖြစ်အောင် ဝိညာဏ်မျက်လှည့်ပြတယ်။ဝိပဿနာညာဏ်သွားသလောက်ရေးလျှင် ပြီးမယ် မဟုတ်တော့ဘူး ယောဂီ။ မှီအောင်လိုက်၊ စောင့်ဆိုင်းနေမယ်။

ဆရာ၏ ခန္ဓာကိုယ်၊ယောဂီ စာဘတ်သူ၏ ခန္ဓာကိုယ်၌ ဆံဖျားကစ ခြေဖျားတိုင်အောင်၊ ခြေဖျားကစ ဆံဖျားတိုင်အောင်၊

ဉကွော်င်း,လက်,ခြေ အစုစု အင်္ဂါစုံရှိသမျှတွေကို ဝိညာဏ် မျက်လှည့်ဆရာ ပြတယ် မဟုတ်လား ယောဂီ။ သဘောကျလျှင် ကလျာဏ၊ မကျသေးလျှင် ကျအောင် ပြန်ဘတ်။ အန္ဓပုထုဇဉ်တို့၏ ဝိညာဏ်က ဓာတ်သဘာဝကိုတောင် လူကောင် ထင်ရအောင် မျက်လှည့်ပြနေတယ် ယောဂီ။

**ဓာတ်ကို လူထင်၊ မြူမစင် ပူပင်ငါ့စိတ်မိုက်။**
**အာရုံတိုင်းပင်၊ လိုက်စားလျှင်၊ စွဲချင်ငါ့စိတ်မိုက်။**
(ခန္ဓာငါးပါး ပရမတ်အခဏ်း သင့်ရုံရေးလိုက်ပြီ။)

× × ×

## ကိုင်း—ဝဇီရာထေရီနဲ့ နိဂုံးသတ်မယ်။

အရဟတ္တမဂ်ဉာဏ်ကို ရရှိပြီးသော ဝဇီရာထေရီ ရဟန္တာမသည် ခန္ဓာငါးပါးကို တပါးစီဖွက်ပြီး ဆင်ခြင်တယ်။ ဆင်ခြင်ပုံမှာ၊ ဩြော် .. ငါ၏ရုပ်ခန္ဓာ အပုတ်တုံးကြီး ရူပက္ခန္ဓာအစစ်ပါကလား။ ဒီ ရုပ်ပျက်သွေးပုပ်တုံးပေါ်၌ အာရုံနဲ့ ထိလျက်ခံစားဒါ ဝေဒနာက္ခန္ဓာပါကလား။ ဒီလိုခံစားဘူးဒါကို ကောင်းတယ် အကောင်းဆုံးဘဲလို့ အမြွာ်တန်းနဲ့ အမှတ်တမျိုး စွဲထားဒါ သညာက္ခန္ဓာပါကလား။ ကောင်းဒါကို မှတ်ထားလို့ ထပ်ခါ လိုက်စားဘို့ လုံးပမ်းရှာဖွေနေဒါ သင်္ခါရက္ခန္ဓာပါကလား။ ငါ၏ ခန္ဓာကိုယ် ၃၂-ကောဋ္ဌာသလို စုဆောင်းပြီး၊ လူကောင်, မိန်းမ ကောင် ဘန်ဆင်းပြီးပြဒါက ဝိညာဏက္ခန္ဓာပါကလား။ (အပင်စစ်-အမြစ်-မြေက) ဆိုသလို၊ ဒီ ခန္ဓာ ငါး ပါး အနိစ္စ သဘာဝကို

ယောကျ်ား, မိန်းမ ထင်ရှားပြီး လိုက်စား လိုက်မှားနေကြတဲ့ အန္ဓဗာလ ဥမ္မတ္တကတွေကို တယ် သနားဘို့ ကောင်းပါကလား စသည်ဖြင့် တွေးခိုက် ဆင်ခြင်ခိုက် ဘောင်းကင်က မာရ်နတ်က ဝဇီရာသေရီကို လူပျိုလွှဲ့လာတယ်။

ခန္ဓာငါးပါးကို တပါးစီ ခွဲခြမ်းပြီး အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာအထိ ပစ္စဝေက္ခဏာ တင်နေတယ်။ ပါဠိလို ပစ္စဝေက္ခဏာ တင်တယ်ဆိုတော့ ကြီးကြီးကျယ်ကျယ်ထင်မနေနဲ့ ဆင်ခြင်ပွားများနေတယ်လို့ ပြောတယ်မှတ်။ ခန္ဓာငါးပါးကို မိမိခန္ဓာတုံးကြီးကို ဆင်ခြင်ဆဲ ဗြုန်းကနဲ မာရ်နတ်က လူယောင်ဆောင်ပြီး လူပျိုလွှဲ့စကားပြောတယ်။

ချစ်ကြိုက်စကားနဲ့ အနားကိုလာတဲ့ အသင်ယောကျ်ား၊ လှည့်ပတ်သော စကားကို နားလည်ပြီ။ ဟောဒီ ခန္ဓာကိုယ်မှာ မြန်မာလို ခွဲခြားရှာလိုက်လျှင် လှည်း, ရထားပမာနဲ့ တူတယ်။ တခုစီ ဖျက်ထားလိုက်ပဲ့ လှည်းနဲ့ ဟောဒီ ခန္ဓာတုံးနဲ့ အတူတူ ဖြစ်နေပြီ။ အသင်ယောကျ်ား နားထောင်၊ ဝဇီရာ ဘာ့ကြောင့် မှည့်ရသလဲ။ စကားပြောလျှင် ပြောင်ပြောင်ပြောရဲလို့ ဝဇီရာ မှတ်။

၁။ ရူပက္ခန္ဓာ ရုပ်တုံးကြီးက လှည်းအိမ်။

၂။ ဝေဒနာက္ခန္ဓာ နာမ်က-ထမ်းပိုး။

၃။ သညာက္ခန္ဓာ နာမ်က-လှည်းတန်း။

၄။ သင်္ခါရက္ခန္ဓာ နာမ်က-လှည်းဝင်ရိုး။
၅။ ဝိညာဏက္ခန္ဓာ နာမ်က-လှည်းဘီး။

ဒါလို တခုစီ ဖျက်ထားတဲ့ ခန္ဓာကိုယ်ဖြစ်နေပြီ၊ အသင်ယောက်ျား၊ ခရီးပြင်းနဲ့ စီးနင်းချင်လို့ မဖြစ်တော့ကဘူး။ခန္ဓာကိုယ်ပျက် မြန်မာလို မက်ဘ့်မရှိဘူး၊ စီးလို့မဖြစ်ဘူး၊ ပြန်ပေးတော့လို့-တရားစကားနဲ့ ပြောပြသဘောမကျ-သဘောမပေါက် နားမလည်ဘူး။

(အရိယာကား - အန္ဓနားမလည်ဘူးမှတ်)

မာရ်နတ်က-လူအယောင် ဖျောက်ပြီး နတ်သွင် ပကတိကိုပင် ထင်ရှားအောင်ပြပြီး မရ,ရအောင်၊ မကြိုက်ကြိုက်အောင် ကြံဖန်၍၊ တနည်းအားဖြင့်၊ ချစ်ကြိုက်ဘွယ်စကားမြောကြွားပြန်တယ်။ ဝဇီရာကမေးတယ်၊ အရောင်အဝါ အဆင်းရုပ်လှပစွာဖြင့်၊ ချစ်ကြိုက်စကား ပြောကြွားလာသူကား အမျိုးနဲ့ အမည် ၂-လီ ခွဲခြားပြီး ဖြေဆိုပါလို့မေးဘယ်။

## မာရ်နတ်က - ပြန်ပြောပုံ။

နတ်ပြည် ၆-ထပ်ကို အုပ်စိုးပိုင်နင်း၊ နတ်အပေါင်းတို့၏ဘုရင်၊ ဝသဝတ္တိမာရ်နတ်မင်းဆိုဒါကျွန်ုပ်ဖြစ်ဘယ်။လူယောင်ဆောင်ပြီး လူပျိုလှဲ့လို့မရလို့-နတ်ပကတိ ဖြစ်ကြောင်းကို ထင်ရှားအောင် ဖွင့်ပြရပါတယ်။ နတ်ပြည်မှာ,မိန်းမ,မရှိဘူးလား၊ မိန်းမတော့ မရှိဘူး နတ်သမီးရှိတယ်။ နတ်သမီးဆိုဒါ ဘယ်လိုအမျိုးအစားကို ခေါ်သလဲ၊ နတ်သမီးဆိုဒါ-နတ်သားနဲ့ ပေါင်းသင်း ပျော်မွေ့ရသော အဖော်ဖြစ်တယ်။ ဘယ်လိုပျော်မွေ့ပြီး ချမ်းသာစွာ နေကြသလဲ။နတ်သားတယောက်မှာ၊ နတ်သမီးပေါင်း ၅၀၀ စီ၊

၁၀၀၀ စီ။ ဒီလိုအခြံအရံနှင့် ခံစားပျော်မွေ့၍ နေကြတယ်။ အသင်မာရ်နတ် မင်းမှာနတ်သမီးပေါင်း မည်မျှနဲ့ ပျော်မွေ့ တွဲဘက်၍ နေကြပါသလဲ။

ကျွန်ုပ်ကတော့ အကြီးဆုံး နတ်မင်းကြီးမို့ အပေါ်အတွေ့ ပျော်မွေ့ရတဲ့ နတ်မင်းပေါင်း အများကြီးရှိပါတယ်။ အကြီးဆုံး နတ်မိဖုရားကြီးက ၃-ယောက်ရှိတယ်။

နတ်မိဖုရား ၃-ယောက်က။ တဏှာရယ်၊ ရတီရယ်၊ ရာဂရယ်၊ ကျန် နတ်သမီးတွေက ၁၆၀၀၀ ရှိတယ်။

ဒီနတ်သမီးတွေနဲ့ ပျော်ဒီခန္ဓာကိုယ်နဲ့ ဘယ်ခန္ဓာက လှလှပပ ရှိပါသလဲ။ ဘယ်သူကချောပါသလဲ၊ ဘယ်သူကသန့်ရှင်းစင်ကြယ် ခင်တွယ်ဘို့ ကောင်းပါသလဲ။ လူ့ပြေက မိန်းမတွေရဲ့ ခန္ဓာကိုယ် လို၊ သွေး,ပြည်,ချွေး,နှပ်,သလိပ်,ကျင်ကြီး-ကျင်ငယ်-စသည်ဖြင့် စုပေါင်းနေတဲ့ အသုဘရွံစရာ ခန္ဓာကိုယ်မျိုးမဟုတ်။ အဟုတ် သန့်ရှင်း၊ ရွှေအဆင်းလှ၊ အတွင်းအပြင် ၂-ဌာန၊ ရွံစရာဆိုသမျှ နှမ်းစေ့ခန့်မရှိ၊ပကတိ အစားအစာက၊ နတ်သြဇာအငွေ့၊ ထမင်း ခေါ် အလုပ်အလွေ့၊ ကဗဠီကာရ အာဟာရမဟုတ်ဘူး။ ဖဿ အာဟာရလဲ မဆိုနိုင်။ မနောသဉ္စေတနာ အဟာရကတော့ မပါ မဖြစ်။ ဝိညာဏ်အဟာရကလဲ၊ မလွဲဘမ်း အနွေ့ာဂတ၊ ဉာဏ် သဘောနဲ့ ဝေဘန်၍မပြနိုင်၊ ဘာ့ကြောင့်၊ နတ်တို့၏သုဒ္ဓါဘုတ္တာ နတ်သုဒ္ဓါဘုတ် စင်ကြယ်သောစားသောက်ခြင်း။ ဝါ၊နတ်သြဇာ၊ ခေတ်ဆီအနုစား ဆိုတော့၊ ဒီလို အခိုးအငွေ့ မျှလောက် စား

သောက်ကြသဖြင့်၊ ကျင်ကြီး - ကျင်ငယ်၊ ရှံစရာစက်ဆုပ်ဘွယ်ဆိုတာ နတ်သား နတ်သမီးတို့၏ ခန္ဓာထဲမှာ နဲနဲမျှ မရှိ,မပါ။ အလွန်တရာ သန့်ရှင်းစင်ကြယ် ခင်တွယ်စုံမက် မခွါရက်အောင် လှပကြောင်း နတ်သမီး၏ သုခဇိမ်ကို လူ့ဘဝဇိမ်နဲ့ အပြတ် ကွာခြားကြောင်းကို မာရ်နတ်က ပြောပြလိုက်တယ်။

ဇာတိလွတ် ပညာအထက်တန်းနဲ့ သွေးဗိုက်ခေါ် ဤမှာ ဘက်ကမ်းမှ လွတ်လပ်ရေး- သန့်သန့် ရပြီးသော ရဟန္တာ မိန်းကလေး ဝဇီရာထေရ်ရီက၊ မာရ်နတ်ရဲ့ စကားအဆုံး၌ တရားနဲ့ သုံး၍ ပြန်ပြောပုံ- ယောဂီ အတုခိုးစမ်း။ ပဒေဗ္ဗဒဒီပနီကျမ်းကို ကြည့်ဘူး ဘတ်ဘူးတယ်ဆိုရင် ပုဒ်ပြပ် မှတ်စရာမလားခွေ့။

ဟဲ့-မာရ်နတ်၊ နတ်ပြည်မှာ နတ်သမီးပေါင်း သောင်းခြောက်ထောင်နဲ့၊ နှစ်ချိုက် စံစား ပျော်မွေ့စွာ နေရငြားသော်လဲ၊ အားမရ တင်းမတိမ်ဘဲ၊ ရှံစရာ အသုဘ လူ့ပြည်က - မိန်းမ ၃၂-ကောဋ္ဌာသ၊ အဝင်နဲ့ အထွက်၊ ရှံစရာ သက်သက်၊ ငါးပေါက်ဒွါရ-လာသမျှအပုပ်၊ မျက်မြင်မှာလဲပုပ်၊ မမြင်လဲပုပ်၊ အပုပ်ထုပ်။

ဟောဒီခန္ဓာ အပုပ်ထုပ်။
ဒီခန္ဓာ သွေးပုပ်သွေးခဲ။
အရိအရဲ ကျိကျိခွဲ့လျက်
 မထွက်လဲပုပ်-ထွက်လဲပုပ်။
အပုပ်နဲ့ ရင်းသမျှ- အမြတ်ကအပုပ်။
အပုပ်နဲ့အကြောင်းခံ အကျိုးစံရတာလဲအပုပ်။

ဟဲ့-မာရ်နတ်ယုတ်၊ နင်က နတ်ပြည်က နတ်သားဟုရင်၊ ငါ တလဲ ခန္ဓာကတော့ ယုတ်မာတဲ့ အပုပ်ခန္ဓာလက်ရှိနဲ့ မိန်းမအစစ်၊ ငါသိတဲ့ တရားကတော့ အပုပ်ထဲကရတဲ့ညဏ်မှတ်လိုက်။

စကားတတ်လျှင် ဖြောင့်။
စကားတတ်လျှင် စောင့်။

ဆိုတဲ့အတိုင်း မာရ်နတ်က ပြောလို့ဆုံးမှ ဝဇီရာက-ပြန်ပြော တယ်၊ အချို့စကားပြောလျှင်၊ တယောက်က- မဆုံးသေးဘူး၊ တယောက်က-လုပြော၊ ပြိုင်ပြော၊ ဒီလို လူမျိုး စကားမပြော တတ်ဘူးမှတ်။

လူ့ပြည်က ခေါ်ကြဒါက ယောကျ်ား,မိန်းမ။
နတ်ပြည်က ခေါ်ကြတာက၊ နတ်သား, နတ်သမီး။
လူ့ပြည်မှာ လူသား-လူသမီး ဘာ့ကြောင့်မခေါ်သလဲ။
နတ်ပြည်မှာ နတ်ယောကျ်ား, နတ်မိန်းမ ဘာ့ကြောင့်မခေါ်သလဲ။

စဉ်းစား၊ ခေါ်ချင် သလိုခေါ်- ပညတ်ပါတဲ့ ယောဂီ။ နား ထောင် ပီတ်သလေးနဲ့ ဘေးပစ်သလို၊ ပြောတတ်လို့ ဝဇီရာ ခေါ်တယ်။ ဝရဇိန်လက်နက်- မိုးကြိုးစက်ကဲ့သို့ ပြင်းထန်သော အသံထွက်ခြင်းကြောင့်၊ ဝဇီရာလို့ အမည်မှည့်တယ်မှတ်။

ချောချော, လှလှ, နူးနူး,ညံ့ညံ့၊ သိမ်သိမ်,မွေ့မွေ့၊အတွေ့ လဲကောင်း၊ အဆင်းကလဲဟန်၊ အဘွင်း သဏ္ဍာန်၌ ရှိစရာ အရှင်းရှိတဲ့ နတ်သမီးများစွာတို့နှင့် ပေါင်းဘူး၊ ညားဘူး၊ ပျော် မွေ့ဘူးသော်လဲ၊ တင်းမတိမ်တဲ့ ရာဂ ဟဲ့-မာရ်နတ်ကဲ့၊ ဗလဝ မတော်မဝ- အားမရတဲ့ လောဘ ဟဲ့- မာရ်နတ်ကဲ့၊ သမုဒယ

၁၆၀၀၀-နတ်သမီးတို့နှင့် နှစ်ပေါင်းများစွာ ပေါင်းသင်း၊သော မင်းကို မတွေးနိုင်တဲ့- ဒေဝ ဟဲ့-မာရ်နတ်ကဲ့၊ အဿာဒ၊နေ့တိုင်း လတိုင်း, နှစ်တိုင်း, အလုပ်အကိုင် မရှိဘဲ စားပြီး အိပ်၊ အိပ်ပြီး စား၊ အခြေစုံအောင် မေထုန်နဲ့ ပျော်ပါး၊ နတ် ၆ ဘုံ ဘုရင် တပါး အနေဖြင့်၊ ထင်ရှားတဲ့ တ ဏှာ ဝတ် ဟဲ့- ယုတ်မာတဲ့ မာရ်နတ်။

လူ့ပြည်က အပုပ်တုံးချင်း ဆက်ဆံပေါင်းသည်၊တဏှာအသင်းသူ တဏှာအသင်းသား၊ မင်းသူဋ္ဌေးတို့နှင့် ဆင်းရဲသားကူလီဝ နှိထမ်းတို့ကို ရေးနေဘို့ခေတ်မဟုတ်၊အချိန်မဟုတ်။ ဘာ့ကြောင့်လူပါး၊ ခြတ် ခလေး တွေပင်အမြင်မှန်ရတဲ့ ခေတ်မှတ်။ ရေချိုးတိုင်း အိမ်သာ တက်တိုင်း နံနက်ပလုပ်ကျင်းတိုင်း၊ အသုဘ လက္ခဏာကို လူသေကောင်မှာလိုက် ရှာပြီး မသာအိမ်မှာသွားပြီး သုဿန်မှာ သွားပြီးရှုစရာမလို ယောဂီ ခန္ဓာကိုယ်။

ဝဇီရာထေရ်၏စကားကို မာရ်နတ်က ဆုံးအောင်နားထောင် နေတယ်၊ နားထောင်ရင်း မှန်ဒါပြောမှန်း နားလည်တယ်၊ နွား ပျောက်လို့ရှာရင် နွားတွေ့မှ ကျေနပ်၊ ပိုက်ဆံရဘို့ ရှာ တယ်၊ ပိုက်ဆံရမှ ကျေနပ်၊ တရားရဘို့ ကျမ်းစာဘတ်တယ်၊ တရားသိမှ ရမှ ကျေနပ်ပါပြောပြီ ယောဂီ၊

တရားနဲ့ပြလို့ လှည်းရထားနဲ့ ဥပမာပြလို့၊ နားမသည်တဲ့ အန္ဓကို အရိယာဘာသာနဲ့ မပြောဘဲ အန္ဓဘာသာနဲ့ ရှင်းရှင်း ပြောင်ပြောင် ဆုံးမလိုက်ပုံမှာ-

(တတိယအကြိမ်) 9

အင်္ဂါကခ်လုပမာ-ခွေး—အမဲရိုးကိုက်နဲ့ တူတယ်။

ယောဂီ၊ မျက်မြင် မြင်ဘူးမှာဘဲ၊ နွားသေလို့ ဖျက်ကြတဲ့ အခါ အသားလှီးယူၿပီး ကြွင်းကျန်တဲ့ ခြေရိုးလက်ရိုး၊ နံပတ်ရိုး စသည်တို့ကို၊ ကိုက်ဝါးသော ခွေးများ၊ အသားစ ရှိလို့၊ အရိုးအထိ၊ စားရ ဝါးရမှု၊ တင်းတိမ်နိုင်မည်မထင်နဲ့။

အမဲရိုးကိုက်ဝါး အမြဲဆိုးတဲ့ခွေးမိုက်အလား။

အသားကဲ့သို့ စားလို့မဝပါဘူး၊ ခွေးမှာ တကယ် အဆီ အသားမဖြစ်ပါဘူး၊ စားသို့ဝါးလို့ မပြီးပါဘူး၊ သွားကျိုးရင်သာ ကျိုးမယ်၊ အားမတိုးဘူး ပုဒ်ပြတ်မှတ်။ ရုပ်အင်္ဂါကလာပ်။ ခန္ဓာငါးပါးကို တပါးစီခွဲခြားပြီး၊ ဆရာကောင်းထံ၌ မာနလျှော့ပြီး။ နာယူရရှိသော၊ ဓမ္မရသ-မှ-သာ အားပြည့်တယ်မှတ်။

စိန်, ရွှေ, ဘန်ကောက်စသော အထည်ကောင်း များ ကို နေရာတိုင်း မဝတ်ဘူးမှတ်။ ပွဲနေ့ပွဲထိုင်မှ ဝတ်ကြတယ် မဟုတ်လားယောဂီ။ ဆရာသဲ ပါဠိ အတိုးတန် ဘုရား ပေးထားတဲ့၊ စကားတော် ဘန်ဆာသာရေးကို၊ အခု အချက်ကောင်းကျမှ ရွတ်ပြီ ရေးပြီ။

သဗ္ဗရသံ-ဓမ္မရသော ဇိနာတိ။

သဗ္ဗရသံ၊ အန္နပါနလ၊ ကျွား-မတို့ ဓမ္မဘာ ကာမဂုဏ်ခေါ် အာရုံပျော် အရသာ ဟူသမျှကို၊ ဓမ္မရသော၊ ခန္ဓာ ငါးပါး ပရမတ်သဘာဝ တရားအရသာက။ ဝါ-ဘုရားအရသာသည်

ဇိနှာတိ၊ ပြောလို့မယုံနိုင်၊ အပြတ်အသတ် အောင်၏၊ နိုင်၏။ အန္တမသိပါဘူး၊ ဟဲ့မာရ်နတ် ခွေးဟာ အမဲရိုး ကိုက်သော၊ ငါ ပြောနေတယ် နားလည်ရဲ့လား၊ နားမလည် တရားမရဘူး၊ နားလည်မှ ရမယ်မှတ်။

အချို့—ပါဠိရွတ်လျှင် ဂုဏ်ရှိတယ်။
ပါဠိအသံကြားမှ ယုံကြည်တယ်။
ပါဠိများများပါတဲ့ ကျမ်းစာကိုမှ လူရိုသေတယ်။

ဘာဘဲပြောပြော၊ ဘာဘဲထင်ထင်၊ ကိုယ်ရတဲ့ရှဟ်တဲ့ပါဠိကို ကိုယ်နားလည်ဘို့ ကြပ်ပါတယ် ယောဂီ။

အတ္ထံ ဟိ သရဏ် အာဝေါ၊

ဟိ၊ အမြင်မမှားအောင် ထင်ရှားအောင် မှာခဲ့ဘို့။ အတ္ထံ၊ သဘောတရားကို။ သရဏ်၊ ကိုးကွယ် အားထားရာဟူ၍။ အာဝေါ၊ ငါဘုရား ဟောခဲ့ပေ၏။

အဓေတ္ထာ အက္ခရသညာဒေတာ။

အတ္ထော၊ အနက်အဓိပ္ပါယ် သဘောတရားအစစ်ကို။ အက္ခရ သညာတော၊ စာလုံးအက္ခရာတို့ဖြင့် မမေ့မပျောက်ဘို့ရာ အစဉ် အလာ တွင်အောင်လို့ သင်္ကေတနာမည်၍ မှတ်သားအပ်သည်၊ ဟောတိ၊ ဖြစ်၏။ ဝါ၊ ပေစက္ကူခြောက်ချပ်ဖြင့် မပျောက်ရ အောင် အမှတ်ပြုအပ်သည်။ ဟောတိ၊ ဖြစ်၏။

သဘောပေါက်ဘို့ အက္ခရာစာလုံးဖြင့် အမှတ်ပြုရသည်။ အက္ခရာတလုံး ဘုရားတဆူမှတ်။ ဝဇီရာထေရိက မာရ်နတ်ကို

တရားဖြင့် ဆုံးမတယ်။ အန္ဓမာရ်နတ်ဖြစ်လို့ တည့်ဘည့် ပွင့်ပွင့် လင်းလင်း ပြောနေတယ်။

ဟဲ့....မာရ်နတ်၊ နတ်စည်းစိမ်ဆိုဒါ နတ်အန္ဓ နတ်ဗာလသာ့ရဲ့ အကြိုက်၊ လူ့စည်းစိမ်ခေါ်ဒါလဲ လူအန္ဓ လူဗာလတို့ရဲ့ သုခ။ ဒါ လောကအာယူမှန်တယ်။ဒို့အဘဘုရား ဂေါတမအာယူကနင်တို့ ခံစားတဲ့သုခဟာ ခွေးအမဲ့ရိုးကိုက်ထာနဲ့ တူတယ်ဟဲ့ မာရ်နတ် ကဲ့။ ခွေးဟာ အရိုးကိုက်ထာကြာတယ်။ တဖြေးဖြေး ဝါးရ တယ်။ ကိုယ့်သွားရေနဲ့ ကိုယ်ကောင်းတယ်မှတ်။ အသားမရှိလို့ ခွေးဟာ တဖြေးဖြေး အားမရှိတော့ဘူး။ ဒီလို ပြောပေရေးပေမဲ့ နားလည်ခဲတယ် ယောဂီ။ သွားက ကျတဲ့အရေ၊ သွားရေနဲ့ဝါး တကုတ်ကုတ်စား ကြာတော့ အရိုးလဲ ဝါးလို့ရဒါပေါ့။လောက ကြီး၌ရှိသမျှ လူအန္ဓ နတ်အန္ဓမှန်သမျှ ကာမရသကို တကယ် အရသာထင်၍ အချိန်ဖြုန်းပြီး ဘဝတိုင်း သေခဲ့ရဒါများပြီ။ တဏှာ ဒါ သမုဒ္ဒရာဆားငံရေနဲ့တူတယ်ဟဲ့ မာရ်နတ်မင်းတဲ့။ ယခုလို ဥပမာနဲ့ တိုက်ရိုက်ပြောလျှင် မာရ်နတ်မင်းက ဝတ်စည်း ခံ့ယ တောင်းပန်ရတယ်။ တရားရှိကြောင်းမသိ၍ ဓမ္မတာထုံးစံ အရ၊ ချစ်ကြိုက်စကား အပြောမှားသည်ကို ဝန်ချရှိခိုးပြီး နတ် ပြည်သို့ မာရ်နတ်ပြန်တယ်။

ယခုခေတ်၌ အချို့မိန်းမတွေက အိမ်စောင့်နတ် ရွာစောင့်နတ် စသော ခေတ်ပေါ်လူလိုလို နတ်လိုလို လောကီဝိဇ္ဇာဓိုရ်တို့ကို ကိုး ကွယ် ဆည်းကပ်ကြရ၏။ ဝဇီရာထေရီကိုတော့ မာရ်နတ်မင်းကြီးက ရှိခိုးရ၏။ တွေးစမ်း-ယောဂီ။

(ဝဇီရာထေရီကို အဘုခိုး ယောဂီ)

အမဲရိုးကိုက်ထာ ကြာတယ်-ကြာပြီ။ ဘာ့ကြောင့် အသား မဟုတ်လို့ တကုတ်ကုတ်ဝါး၊ ခွေးအိုမိုက်အလားကဲ့သို့ ကိုယ့် သွားရေနဲ့ကိုယ် ကောင်းနေဒါမှတ်ပါ။ကိုက်ဝါးဒါ ကြာတော့ ကိုယ့်ပါးစပ်က ထွက်ကျတဲ့ သွားရေနဲ့ အမဲရိုးနဲ့နုနဲ့ ထိခိုက်ဖန် များတော့ တဖြေးဖြေး စားလို့ ဝါးလို့ ဘော့ရ၏။ အမဲရိုးပဲ့ပဲ့ လိုက်ထာ ကေနဲဘဲ။ ဒါပေမဲ့ ဒီခွေးဟာ အဆိမဖြစ်ပါဘူး။

(ခွေနဲ့ အမဲရိုးကိုသာ ရေးဒါပါ။)

**စကားအနှ သန္ဓေစပ်ပြီ။**

**(တရား အပြီးသတ်တော့မည်။)**

သံသရာ၌ ခန္ဓာမျိုးစုံခဲ့ပြီ။ အာရုံမျိုးစုံခဲ့ပြီ။ တိရိစ္ဆာန်လိုက်တဲ့ ကာမဂုဏ်ရယ်၊ လူတွေလိုက်တဲ့ ကာမဂုဏ်ရယ်၊ နတ်တွေကြိုက်တဲ့ ကာမဂုဏ်ရယ်၊ အတူတူဘဲလား။ တမျိုးစီဘဲသား စဉ်းစား။ ဆင်းရဲသားနဲ့ သူဌေး၊ ကူလီ၊ သူတောင်းစားတို့နှင့် မင်း ဘုရင် တို့ လိုက်ကြ ကြိုက်ကြတဲ့ အာရုံချင်းကော အတူတူဘဲလား။ ထူး အုံးမလား။ လူ့စည်းစိမ်ဆိုဒါ ဘုရားဟောရှိသလား၊ အသုဘ ဆိုဒါကော ဘုရားဟောဟုပ်ကဲ့လား။

ဒီအချက်၊ ဘဝေဘဝေ၊ ဘဝတိုင်းဘဝတိုင်း၊ လူမင်းနတ်မင်း တို့၏စည်းစိမ်တွေကိုနိဗ္ဗာန်မရမီစပ်ကြား၌ ခံစားစံစားရပါလို၏။ ဆုတောင်းတဲ့ခေတ်ကုန်ပြီယောဂီ။ခလေးတွေအမြင်မှန်ရကုန်ပြီ။

ကိုင်း....ယောဂီတို့၊ ကိုယ့်သံသရာကို ကိုယ့်ဉာဏ်နဲ့ ကိုယ့် ခန္ဓာမှာသာရှာ။အရိုးလား၊ အသားလား၊ မိမိခန္ဓာကဘဲ ယောက်

ရှုပ်ခွာတ်စခမ်း၌၊ အနဲဆုံး အသုဘ သိပါ၊ မှန်ဒါသိရင်တရား အစစ်။ ခန္ဓာငါးပါးတရားအနှစ်၊ တရားအသား ဝိပဿနာဉာဏ် သွားသလောက် အရသာပေါ်အောင် စားကြတော့။ တရား အရသာမသိလျှင် ကာမ အရသာဆိုဒါက၊ ခွေးအမဲရိုး ကိုက်တဲ့ ဉပမာအတိုင်းပါဘဲ ထင်ရှားအောင် ဝဇီရာထေရ်ရီက မာရ်နတ် ကို တဲ့တဲ့ပြောလိုက်တော့၊ မာရ်နတ်ရိပ်မိသွားတယ်။

တဲ့တဲ့ပြောလျှင်ရိပ်မိ၊ ဒိဋ္ဌိဆိုဒါ ခန္ဓာငါးပါး သဘာဝတရား ကို၊ ဒါမှ- ငါမယ်ား၊ ဒါက ငါ့လင်၊ အစဉ်အစွဲမှဘ်ပြီး အန္ဓတွေ သေတိုင်း ငရဲသွားကြရတယ်၊ ပုဒ်ပြတ်မှတ်။ ရုပ် အဌ ကလာပ်- အပုပ်ခွာတ် တလစပ်၊ မသတိစရာသဘောနှင့်၊ ဝဇီရာ ဟောတဲ့ သွေးခဲတမျိုးဗိုက်- ခွေးအမဲရိုးကိုက်တဲ့ ဘဝက၊ လွတ်ပြီ၊ ကျွတ် ပြီလို့ သာဓု ၃-ကြိမ်ကျယ်ကျယ် ခေါ်၍ ဝမ်းမြောက်ကြစေ ကုန်သတည်း။

(ခန္ဓာငါးပါး ပရမတ်သင့်ပြီ၊)

## ဆဋ္ဌမ-ည၊ အာယတန ပရမတ်အခန်း။

၁။ မုနိငါးပါး–ပဏ္ဏာမ။
၂။ အာယတနပရမတ်-တရားအသား။
၃။ ကြွက်ခြင်း-နိဂုံးသတ်။

### မုနိငါးပါး ပဏ္ဏာမ။

၁။ အခါရမုနိ-အိမ်ထောင်ရှိပေမဲ့ ရဟန်း။
၂။ အနာဂါရမုနိ-အိမ်ထောင်မရှိ ရဟန်း။
၃။ သေက္ခမုနိ-သောတာပန်-သကဒါဂါမ်-အနာဂါမ် ရဟန်း။
၄။ အသေက္ခမုနိ-ရဟန္တာ-ရဟန်း။
၅။ ပစ္စေကမုနိ-တသီးပုဂ္ဂလ ဘုရားငယ်ရဟန်း။

ရဟန်း ငါးမျိုးတို့ကို အစိုးရတော်မူသောကြောင့် ဂေါတမမြတ်စွာဘုရားကို မုနိန္ဒမှတ်။

### ရမ်းလူမဲ့ခေတ် မဟုတ်ဘူး။

ဘာ့ကြောင့် မုနိခေါ်သလဲ၊ အကြောင်းနဲ့ အကျိုးကို ခွဲ၍ သိတတ်သောကြောင့် မုနိမှတ် ရဟန်းမှတ်။

၁။ မင်ဖိုလ် နိဗ္ဗာန်ကို အာရုံ ပြု၍၊ ဒီခန္ဓာ အပုပ်တုံးမျိုး နောက်တဖန်ဖြစ်မှုမရှိရအောင်၊ ဝါ၊ ဒုက္ခ ပေါင်းစုံကို မြင်လို့ ပရမတ်ဉာဏ်၊ ခေတ်ဉာဏ် ခန္ဓာနာမ်ရုပ် စသော ဖြစ်ပျက်မှု တို့ကို

လေ့လာအားထုတ်ကြသော ကလျာဏပုထုဇဉ် စူဠသောတာပန် ပုထုဇဉ်တို့ကို အိမ်ထောင်ပြုသော်လဲ အာဂါရ မုနိ—ဟု၊ ဥပဒေ ဆောင်က ပုဒ်ပြတ်မှတ်ဘို့ ဆုံးဖြတ်ပြီးပြီ ယောဂီ။ မိမိကိုယ်မိမိ ဘာမုနိလဲ၊ အခု ဝမ်းမြောက်တော့၊ ရဟန်းဘွဲ့ရပြီ - ရဟန်း ဂုဏ်ယူတော့။

၂။ ဂုဏ်ပေမဲ့ ပေးတိုင်း ရတယ် မထင်နဲ့၊ မိမိကိုယ်တိုင် နဲ့ ကိုယ်ပိုင်ဉာဏ်ရမှ ဖြစ်တယ်။ သပ္ပုရိသ ဆရာစစ်မဟုတ်ပါက ရဟန်းဟူသော ဘွဲ့ထူး၊ ဝိသေသကို - မပေးတတ်။ တပည့်ကလဲ မိမိကိုယ်မိမိ ရဟန်းမှန်း ဘယ်ခါမှ မသိမှတ်။

## သက်န်း-ရဟန်းနဲ့ မရှုပ်နဲ့။

အိမ်ထောင်မပြုဘဲတကိုယ်ဘည်း တယောက်တည်း၊လူပျိုကြီး အပျိုကြီး ရသေ့ မယ်သီလစသော ယောဂီတို့သည်၊ ဝိပဿနာ ဉာဏ်ကို ရပါက၊ ကလျာဏပုထုဇဉ် စူဠ သောတာပန် အခြေ သို့ ဆိုက်ရောက်ခဲ့သော်၊ အနာဂါရမုနိ အိမ်ထောင်မရှိ ရဟန်း ဟု ဆုံးဖြတ်ပြီးပြီ။ သက်န်း ဝတ် သော သမုတိ ရဟန်းကိုလဲ အနာဂါရမုနိမှတ်။ မိမိကိုယ်မိမိ၊ ဘာမုနိလဲ၊ အခုတွေး အခု စဉ်းစား မဖြစ်ဖြစ်အောင် အားထုတ်။

## အရမ်းမပေးနဲ့ ရဟန်းရွေး။

၃။ သေက္ခမုနိ ဘာလဲ၊ သက္ကာယ ဒိဋ္ဌိကွာခြင်း။ အထီး အမ မရှိဘူးလို့ ပိုင်ပိုင်သိကြသော သောတာပန်၊ တဆင့်ဉာဏ် သကဒါဂါမ်၊ နောက်တတန်းတက် အနာဂါမ်။ ဒီဉာဏ်၃-မျိုး

ကို ဘယ်ဉာဏ်ကိုဘဲ ရရ၊ သေက္ခ မုနိမှတ်။ ယောဂီ စာဘတ်ရှိ မထင်နဲ့၊ ငါဘာရဟန်းလဲ မေးပါ။

**သေက္ခာဘာလဲ-အလေ့အကျင့်။**
**သိက္ခာဘာလဲ-အလေ့အကျင့်။**
**သေက္ခနဲ့ သိက္ခအတူတူမှတ်။**
**ဘာမှ မကြွားနဲ့ သေက္ခာကိုဘာသာပြန်**
**ခုလိုက်မေးသိခဲတယ်၊ ဒါဘာကြောင့်**
**အဓိပ္ပါယ်ကုန်စင်အောင်၊ မသိလို့မှတ်။**

ဘာကိုလေ့ကျင့်နေသလဲ၊ သီလ, သမာဓိ, ပညာ, ၃—ပါး ကို စဉ်းစားရင် အချိန် ကုန်တယ် မှတ်။ တနည်း ပြောမှု, ဟောမှု, စီစစ်မှု, ရွေးချယ်မှုတွေနဲ့ အချိန်ကုန်ရ၏။တနည်း တမဂ်မှ တမဂ်သို့၊ တဉာဏ်မှတဉာဏ်သို့ ရောက်စေရန်၊ အဘက်ဉာဏ်သို့ ရောက်ဘို့ရာ ထပ်ခါထပ်ခါ ဆင်ခြင်မှု, ကြံစည်မှု, ဘွေးတောမှု, စုံစမ်းမေးမြန်းမှု, ဝေဘန်မှုတွေကို လေ့လာတယ်၊ ကျင့်တယ် မှတ်။

သိက္ခာ-သေက္ခ၊အကျင့်လို့ အနက်ပေးတိုင်း၊အသက် သတ်လွတ် စားခြင်း၊သုဿာန်မှာနေခြင်း၊ တကိုယ်တည်း ကေစာရကျင့်ခြင်း၊ ဒီလိုမထင်နဲ့-မဟုတ်ဘူး။ ပုဒ်ဆုံး အောင်ရှာပါ၊ သေက္ခအလေ့အကျင့်မှတ်၊ပုဒ်ပြတ်။ ။ ရှေးကခေတ်လိုမဟုတ်၊ ရတနာသုံးပါးကို ဆန်းစစ်၍ ထုတ်၊ ဝိပဿနာကိုယ်ပိုင်အလုပ်။

အသေက္ခမုနိ ရဟန္တာ ရဟန်းမှတ်။ အရဟတ္တ မဂ်ဉာဏ်ကို ရသည်၊ ဝိမုတ္တိလဲခေါ်တယ်မှတ်။ ဘာသာပြန်မှာ၊ တရားကျပ် ပြည့်ရ၏။ အတ္တစစ်စစ်ပြတ်၏။ သောတာပန်ဝင်မရှုပ်နဲ့။

ဘာလဲအသေက္ခ-လေ့ကျင့်ခဏ်းလွတ်ပြီ။
ဘာလဲအသေက္ခ-အလေ့အကျင့် ငါလုပ်မှုမဆိုင်။
ဘာလဲအသေက္ခ-တဏှာလုံးဝမရှိခြင်း။
ဘာလဲအသေက္ခ-အရဟတ္တမဂ်ဉာဏ်ကြီး။
ဘာလဲအသေက္ခ-တရားရှာဘို့ကိစ္စပြီးပြီ။
ဘာလဲအသေက္ခ-ဘဝကိုခြေကန်လိုက်ပြီ။
ဘာလဲအသေက္ခ-သိက္ခာသုံးပါး အရေးမကြီးဘူး။
ဘာလဲအသေက္ခ-ပစ္စယပရိဂ္ဂဟဉာဏ်အကြီးဘန်း။
ဘာလဲအသေက္ခ-နိဗ္ဗာန်ဟာဘာလဲလို့ ပိုင်ပိုင်သိပြီ။
ဘာဘဲအသေက္ခ-သတ္တဝါဘာကဖြစ်တယ်လို့သိပြီ။
ဘာလဲအသေက္ခ-ပိဋကတ်ထားခြင်းအကြောင်း သိတယ်။
ဘာလဲအသေက္ခ-အဘာဘုရားရဲ့ ဂုဏ်ပုဒ်စုံကို သိပိုင်ခြင်း။
ဘာလဲအသေက္ခ-ဘာတွက်ကမှ အရေးမလုပ်။
ဘာလဲအသေက္ခ-သေပြီးပြီ အပူကင်းခြင်း။
ဘာလဲအသေက္ခ-အလေ့အကျင့်နဲ့ အမြဲချမ်းသာခြင်း။
(မှီအောင်လိုက်—အသေက္ခ ဘာမျှမလုပ်ဘူး)။

စာဘတ်တဲ့ယောဂီ၊ လူလား—ရှင်လား၊ တရားရမလား၊ တရား ရှာတုန်းလား၊ တရားရပြီးပြီထင်သလား၊ တရားဟော မမွှာထိက လား၊ ဝိပဿနာဟော သန့်သန့်လား၊ သူများဟောလို့လိုလို

ဟောဒါလား၊ သမထယာနိကဆရာလား။ ဝိပဿနာ ယာနိက ဆရာလား။ဘာ့ကြောင့် မေးလိုက်သလဲ မေးဒါကဒီလိုပါ။သေက္ခ တန်း—ရတန်းလား။ အသေက္ခတန်း-ရဟန်းလား၊ ဆုံးဖြတ်ပြီး ပလား၊ ဆုံးဖြတ်နိုင်တဲ့သပ္ပုရိသကို တွေ့ရဲ့လားယောဂီ။

မာနလျှော့စမ်းပါ၊ ပိဋကတ်ဥပဒေအရ၊ မုနိစစ်တန်း၌ ငါ— ဘာမုနိလဲလို့ ဆရာကိုယ်တိုင်က မသိရင်၊တပည့်တွေက၊ ဘယ်လို သိကြရမလဲ။မုနိငါးပါး ဘုရားဥပဒေ ထားခဲ့ဒါ-ပေါ့ပေါ့ ထင် သလား၊လောက၌ ၉-တန်း ၁၀-တန်း-၊အိုင်အေ၊ဘီအေ အတန်း တွေကို၊ ထမင်း ၂-နပ် အတွက်၊ ငွေအကုန်ခံလျက် ကျကျနန- စစ်ဆေးကြတယ်။ အောင်လက်မှတ်တွေ-ဆုနှင်း သဘင်ပွဲတွေ ဘီအိတ်ပွဲတွေ ကြီးကြီးကျယ်ကျယ် လုပ်ကြတယ်။

ယောဂီ။မိမိကိုယ်ကိုမိမိ ဘာသေက္ခလဲ၊ခုဝိုင်းဖွဲ့တိုင်ပင် အရမ်း မလုပ်နဲ့ ကျမ်းသရုပ်။

၁။ ဘုရားကိုစစ်ဆေး-ကိုယ့်အလုပ်မှတ်။
၂။ တရားကိုရွေးနာ-သေချာင်ကယ်သူမရှိ။
၃။ သံဃာကို အခုချက်ခြင်းစစ်-ရှိခိုးကျိုးနပ်ဘို့။
၄။ ယခု ခလေးတွေ-အရိယာဖြစ်ကြတဲ့ ခေတ်သစ်။

**လူငယ်ခေတ်သစ်၊ ရွေးစီစစ်၊ လူဖြစ်ကျေးဇူးရှိ။**

၅။ တသီးပုဂ္ဂလ တကိုယ်တည်း သစ္စာလေးပါး တရားအမှန် ကို သိပိုင်၊ တယောက်တည်းနဲ့ ကိုယ့်နန်းကိုယ်ထိုင်၊ ကိုယ့်ခရိုင် ကိုယ်ချုပ်၊ ကိုယ့်အလုပ် သူများမသူ။

ပစ္စေက ဗုဒ္ဓါဆိုဒါလဲ-လူအများ မသိပါဘူး။ ဘာ့ ကြောင့်၊ ပစ္စေကဗုဒ္ဓါဆိုဒါ၊ လူသိနတ်ကြားဘုရားကြီး

မဟုတ်ဘူး၊ ဘုရားကြီး၏ မိန့်ခွန်းတော်အရ ဥပဒေအရ၊ သိမှတ်ကြရသော သာသနာ့ပဥ္စတခါတရံပွင့်ချင်မှ ပွင့်တဲ့ ဘုရားအငယ်ကိုဘဲမှတ်ပါ။ မဂ်လေးပါးနဲ့မဆိုင်၊ ပစ္စေကဗုဒ္ဓါဆုပန်ကြသူတို့နဲ့ သက်ဆိုင်၏။ဘုရားငယ်လဲခေါ်—ရဟန်းလဲခေါ်-သောတာပန်နဲ့ မဆိုင်ဘူး၊ သာသနာတွင်းနဲ့ ဘာမျှမသက်ဆိုင်ဘူးမှတ်။

(မုနိငါးမျိုး ပဏ္ဏာမသင့်ပြီ-ယောဂီ)

× × ×

## အာယတန ၁၂—ပရမတ်တရားကို ဟောမယ်။

တရားခံ-ခမောင်သန်းကျွယ်နဲ့ အမေးအဖြေ မမေးဘဲ၊ ၁-ယောက်ထဲ ဟောပုံရေးပြီ၊ ဘာ့ကြောင့် စာလုံးအက္ခရာ များနေမှာစိုးလို့၊ စာကိုဘတ်လျှင်၊ လိပ်ပတ်လည်အောင်ဘတ်ပါ။

ဘာ့ကြောင့် အာယတနလဲ၊ညွှဲခံဝတ်လို့။ သံသရာကို ချဲ့တတ်လို့၊ အာရုံခံလို့ မဆုံးနိုင်လို့—အာယတနမှတ်။

### ဘာသာပြန်—ထပ်ပြန်မယ်

၁။ ကြည့်လို့အားမရ-မျက်စိတံခါးဝ။
၂။ ကြားလို့မတောင်နိုင်ကြ-နားတံခါးဝ၊
၃။ နမ်းလို့မပြီးကြ-နှာခေါင်းတံခါးဝ၊
၄။ စားလို့မဆုံးကြ-လျှာပါးစပ်တံခါးဝ၊
၅။ ထိလို့ တင်းမတိမ်းကြ-ကိုယ်တံခါး၊
၆။ သိလို့ဇိမ်ခံကြ-ဝိတ်တံခါးဝ။

ဝိပဿနာတရားဟောရာ ရေးရာ၌၊ နာမ်ရုပ် ၂-ပါး၊ ခန္ဓာငါးပါး၊ ဓာတ် ၁၈-ပါး၊ သစ္စာ ၄-ပါး၊ ပဋိစ္စသမုပ္ပါဒ်တရား၊ ဗောဓိပက္ခိယတရားတို့ နာမည်ကျော်၏။ထင်ရှား၏။ ဟောသူ ရေးသူ များ၏။ အာယတန တရားကို သဘောပေါက်အောင် ဟောခဲ့၏။တွေးခဲ့၏။ရေးခဲ့လှ၏။ (စိတ်စိုက်ဘတ်)။

ဟောဒီ လက်တွေ့ လက်ထိ ခန္ဓာကိုယ် တကိုယ်လုံးမှာ ၁၂-စိတ်၊ ၁၂-ပိုင်း၊ ၁၂-ဌာန ခွဲခြမ်း၍ သူ့နေရာနဲ့သူ၊ သူ့ဌာနနဲ့သူ၊ တနေရာ၌ အာရုံတမျိုး၊တဌာနက ခံစားပုံတမျိုးပါကလား လို့ ခန္ဓာကိုယ်က ညွှန်ခံ၊ အပေါက်ဒွါရ် တံခါး၀တို့ကို တွေ့ကြုံသမျှ၊တိုက်ဆိုင်သမျှ၊ထိခိုက်သမျှ၊အားမရ တင်းမတိမ်နိုင်အောင် ခံစားလျက် အချိန်ကုန်ပါကလား အာယတန သံဝေဂ သတိပြု။

| | | | | | |
|---|---|---|---|---|---|
| ဆင်း | သံ | နံ့ | သာ | တွေ့ | တရား |
| စိ | နား | နှာ | လျှာ | ကိုယ် | ဘင် စိတ် |

အာယတန ၁၂-ပါး ပုံစံနမူနာကို ကြည့်ပါ။ သူ့ဌာနနဲ့ သူ့အာရုံ ချိန်ရွယ်ထားပုံ၊ မခံစားသေးဘူး၊ အိပ်ပျော်နေသူနဲ့ ဥပမာတူတယ်။ စကားမသုံးသေးဘူး၊ ရေးလို့ မပြီးသေးဘူး၊ လွှဲပြီလို့အပြစ်မတင်နဲ့၊ စဉ်းစားတော်။ အိပ်ပျော်ရာမှ နိုးလာသူ

သည် ခေတ် ၁၈-ပါးနဲ့တူတယ်။(ခေတ်ကိုဖယ်)ယခုအာယတန ကို သတိပြုပါ ယောဂီ။ မိမိ၏အနား၌ အိပ်ပျော်နေသူကို ဝိပဿနာဉာဏ်ဖြင့် စဉ်းစားပါ။ ဩော်....ပညတ်အယူ လောက **စကား**အရ လူအိမ်နေဒါပါကလား။

ငါ့လင်အိပ်ပျော်နေပါကလား။
ငါ့မယားအိပ်ပျော်နေဆဲပါကလား၊
ငါ့သားသမီးတွေ အိပ်နေကြပါကလား၊
ငါ့အဖေါ်တွေ မနိုးကြ**သေး**ပါကလား၊
ငါ့တပည့်**တွေ**-ငါ့သူငယ်ချင်း**တွေ** မထကြသေးဘူး။

ဒါ အန္ဓထင်မှု ဗာလရဲ့ အယူအသိ၊ လူဘိုင်းမြင်လို့ လူတိုင်း ယူတဲ့ **အစွဲ**မှတ်။ ကလျာဏ**ယောဂီ**တို့အယူမှာ အရှင်းလူမဟုတ် ဘူး။ ဘာလဲ အာယတန သဘောအ**စစ်**မှတ်။ **အာယတန ၁၂**-ပါးကို ရုပ်နဲ့နာမ် မခွဲသေးဘူး(ခေတ္တဆိုင်းဘတ်)။

ဘာသာပြန်နဲ့ရေးပြီ၊ ဝိပဿနာ ဉာဏ်လဲ ပါတယ်၊ သာမညာ လက္ခဏာဟောထုံး **ရေး**ထုံးမှတ်၊ အသံကျယ်ကျယ်ဘတ်၊ အခြားကို စိတ်မရောက်စေနဲ့၊ စာရွက်ဖြေးဖြေးလှန်။

၁။ မျက်စိက အဆင်းကောင်းဟူသမျှကို ကြည့်ချင်ဒါ မှန် တယ်။ သွယ်ဝိုက်သော ပရိယာယ ဒေသနာမှတ်။ တည့်တည့် တိုက်ရိုက် မသွယ်ဝိုက်ဘဲ ဟောသော သုတ္တန်ဒေသနာ အင်္ဂုတ္တရ ပါဠိတော်ရှိ ဥပဒေအရ၊ ယောဂီ စဉ်းစားစမ်း။
ယောကျ်ား၏ အဆင်း မိန်းမ၏ မျက်စိမှာ။ မိန်းမ**၏** အဆင်း ကို ယောကျ်ား**၏** မျက်လုံးထဲက မထွက်ဘူး။ ဒါတိုက်ရိုက်မှတ်။

မဟုဘ်ဘူး ဟုတ်ဘယ်ဆိုဒါ ကိုယ့်မျက်စိ ကိုယ်မေး။ သက္ကာယ ဒိဋ္ဌိစိတ်က အဖြေမှန်ပေးလိမ့်မယ်။

၂။ မိန်းမ၏အသံ ယောကျ်ားမှာ၊ နားဝင် အချိုဆုံးလို့ မရှက်တမ်းသိ။ ယောကျ်ား၏ အသံ မိန်းမ၏ နားထဲက မထွက်ရုံမျှမက၊ အူအသဲ ခိုက်တယ်ဆိုဒါ၊ အန္ဓဗာလဘက်ဘာ— သက်သေခံပြီးဒါဘဲ ယောဂီ၊ သံဝေဂဖြစ်သို့ အစွဲကိုပြနေတယ်၊ အနာကိုဆွပေးနေတယ်၊ဆေးကောင်းပေးမယ်လို့ ဟုတ်ထာ ရေး ခဲ့၏။ ဟောဝံ့ခဲ၏။ဒါကြောင့်—တရားအစစ် မရကြဒါ—ပုဒ်ပြတ် မှတ်။

## အနာသိမှ ဆေးရှိတယ်။

### (ကိုယ်အနာ ကိုယ်သိကြ ယောဂီတို့)

၃။ အနံ့ကို သိထိုက်ပြီ။

၄။ အရသာကို တွေးကြတော့။

၅။ ဖေါဋ္ဌဗ္ဗအတွေ့ကို စဉ်းစားရန်မလို။

၆။ မနောစိတ်ကစမ်းမှာရုံခေါ်ကြံစည်မှုမှာလဲ ယောကျ်ား၏ စိတ်၌၊ မိန်းမကိုစွဲလန်းမှု၊ မိန်းမ၏စိတ်ထဲ၌မပြတ် ဇောစောလျက် ရှိဒါက—ယောကျ်ား၏ အာရုံကို ကြံစည်မှု၊သတိမှု၊ တွေးတောမှု သာ အရင်းခံဖြစ်ကြောင်း။အင်္ဂုတ္တရ ပါဠိတော်အရ။ ။သံ သရာ၌ မဆုံးနိုင်သောသမုဒ္ဒရာ ၆—စင်းနှင့်တူသော လာသမျှ ကာမဂုဏ် ဒွါရနှင့်အာရုံတို့ ဒိဋ္ဌိအစုံနှင့်၊တဏှာအဟုန် ရေအလျင် မပြတ်စီးဆင်းကြောင်းကို၊သံဝေဂမှ ဒုက္ခအာဒိနဝ ဖြစ်စေရန်

လာသမျှမကောင်းလို့၊ အာရုံညွှတ်ခံ အာယတနအကြောင်းကို အနည်းငယ်ပြလိုက်သည်။အခုဘဲတိုင်ပင်၊ ရှာဆိုးရှာပျက် ၆-ဌာန အရပ်၌ လူဆိုးဒါးပြ ၆—ယောက်ဘို့ ခိုအောင်းတည်ခိုးကြသည်။ **(တွေး—စဉ်းစား၊ မေး—ဖြေ)**

**အာယတန ရှင်းတမ်း။**

ရူပါယတန ပုဒ်ဖြတ်ပါ။ ရူပ **အာယတန**။ ရူပ၊ **အဆင်း**၊ **အာယတန**၊တည်ရာ၊တနည်း—**အဆင်းကို** လိုက်စားရာဌာနမှတ်။ **တနည်း**-အဆင်းသည် သံသရာ၌ လိုက်စားရာ အာရုံမှတ်။ မဆုံး သော အာရုံလို့ သိ။အဆင်းကိုလိုက်စားရာ ဌာနဆိုလျှင် စက္ခုဒွါရ ကိုမကောက်ပါနဲ့၊ စကားလည်အောင် ပြောမယ် ရေးမယ်။

၁။ အဆင်းဟာ **စိတ်အာရုံပြုစရာမှတ်**။

၂။ အသံကို-စိတ်ကအာရုံပြုဘို့မှတ်။

၃။ **အနံ့ကိုလဲ-စိတ်က** အာရုံမပြုမဖြစ်မှတ်။

၄။ **အရသာကိုတော့-စိတ်က** အမြဲအာရုံမှတ်။

၅။ **အတွေ့အထိကို** သာ၍ အာရုံပြုကြရိုးမှတ်။

၆။ ဓမ္မာရမ္မဏခေါ်-ဓမ္မာရုံခေါ် **ကုသိုလ်တရား-အကုသိုလ်** တရားကိုခေါ်ပါ။ မရှုပ်နဲ့ ကွဲခဲ့တယ်။ နံပါတ် ၆-ကိုကွဲခဲ့တယ် ဂရုပြု။ စိတ်မနောကကု-အကုကို ဇောစောမြဲပုဒ်ပြတ်မှတ်။ ဒါ ကြောင့် အမြင် **အာယတန** ၆—ပါးမှတ်။

၁။ စက္ခုဒွါရ-မျက်စိပေါက်။

၂။ သောတဒွါရ-နားပေါက်။

၃။ ဃာနဒွါရ-နှာခေါင်းပေါက်။
၄။ ဇိဝှါဒွါရ-လျှာ ပါးစပ်ပေါက်။
၅။ ကာယဒွါရ-ကိုယ်ပေါက်။
၆။ မနောဒွါရ-စိတ်ပေါက်။
(ဒွါ—အတွင်း အာယတနမှတ်။)

## အပြင်အတွင်း ၂ ဌာန ဝိပဿနာနည်းအရယူပုံ။

ခန္ဓာကိုယ်၏ ပြင်ဘက်၊ အဆင်း, အသံ, အနံ့, အရသာ အတွေ့, ဓမ္မာရုံဘို့ကို၊ အပြင် အာယတန ကောက်ထာက ပရိ ယတ်နည်းမှတ်၊ သုတ္တန်နည်းမှတ်၊ ဉပစာနည်း မှတ်၊ နေယျတ္ထ နည်းမှတ်။

အာယဘန ၁၂-ပါးကို၊ ခန္ဓာ ကိုယ် မှာ သာ ကောက်၊ ဝိပဿနာဉာဏ် ပေါက်ရောက်မှ သိမယ်မှတ်။ စည်း ပြင် ဘက် မထွက်စေနဲ့။

**ခန္ဓာမှ မလွတ်စေနဲ့။**
**ခန္ဓာမှ လွတ်ရင်နိဗ္ဗာန်။**
**ခန္ဓာကိုယ်နဲ့ တစပ်တည်းဟာနိဗ္ဗာန်။**

ခက်ပြီ ခက်တယ်၊ ခက်မှကြံမယ်မှတ်။ အာယတန ၁၂-ပါး ဟာ၊ ခန္ဓာကိုယ်မှာ ၆-ပါး၊ အခြား ၆-ပါး၊ ဒီလို မလုပ်နဲ့၊ နာမ်ရုပ် ၂-ပါး ခန္ဓာကိုယ်မှာ၊ ခန္ဓာ ၄ါးပါး ခန္ဓာကိုယ်မှာ၊ အာယတန ၁၂-ပါး ခန္ဓာကိုယ်မှာ ဓာတ် ၁၈ - ပါး ခန္ဓာ ကိုယ်မှာ။

အဲဒါ ဗဟိရာယတန အပြင်အာယတနနဲ့ အဇ္ဈတ္တိကာယတန အတွင်း အာယတန ခွဲပုံမှတ်။ အာယတန ဘာလဲ၊ ဒီကိုယ် ရှုပ်၊ ဒီကိုယ်ရုပ်။ ဒီကိုယ် ပုပ်၊ ဒီကိုယ် သမုဒ်၊ ပုဒ်ပြတ်မှတ်။ မိမိ ခန္ဓာကိုယ်၏အဆင်းကို၊ မိမိမျက်စိက အာရုံပြုလို့ မဆုံးဘူး၊ မိမိ အသံကို မိမိ၏နားက စသည်ဖြင့် ဥာဏ်မီးခိုး ရှောက်ပါ။

**ဝိပဿနာ ဒီမှာ။**

၁။ အဆင်းဟာ-ရုပ်အနိစ္စ။
၂။ အသံဟာ-ရုပ်အနိစ္စ။
၃။ အနံ့ဟာ-ရုပ်အနိစ္စ။
၄။ အရသာဟာ-ရုပ်အနိစ္စ။
၅။ အတွေ့ဟာ-ရုပ်အနိစ္စ။
၆။ ဓမ္မကို၊ ခေတ္တ ဖယ်ထားအုံး။
၁။ မျက်စိရုပ်-ဒုက္ခ။
၂။ နားရုပ်-ဒုက္ခ။
၃။ နှာ-ရုပ်ဒုက္ခ။
၄၊ လျှာ-ရုပ်ဒုက္ခ။
၅။ ကိုယ်-ရုပ်ဒုက္ခ။
၆။ ဘွင်စိတ်-နာမ်ဒုက္ခ။

....o....

ဘေးအစု၊ သွေးစု၊ သူဌေးစု မဟုတ်။ (ခလေး အနူ မရောက်မိ) သွေးစုအပုပ်၊ ရှေ့ရုပ်မထင်နဲ့ ထင်အန္တမှတ်။

## ရှင်းမယ် ရှင်းပြီ ရှုပ်မနေနဲ့

အနိစ္စ မမြဲဘူးလို့ ခုသိပါ၊ ခုသိလျှင် ငါ့သူ မရှိ။ အနတ္တ ဒုက္ခဆင်းရဲစုံ။ ဘေးစုလို့ ခုယူပါ။ ခုယူနိုင်ရင် ပုညာတိ သင်္ခါရ ကုသိုလ်တွေ လုပ်ခဲ့ဘူးဒါ၊ ဆည်းပူးခဲ့ သမျှ၊ လုံးပမ်းခဲ့ သမျှ၊ သိမ်းပိုက်ခဲ့သမျှ၊ အခု သပိတ်မှောက် လိုက်၊ အခု တော်လှန် ရေး လုပ်၊ အခု အရေးမစိုက်နဲ့ ယောဂီ။ စိုက် သွေးဗိုက် ဒုက္ခဘဲ၊ ဆင်းရဲတွင်း၌ ကျဘဲ၊ ဆင်းရဲသားဘဲ ကာမ ထောင် တွင်း၊ ကာမဂုဏ် မှောင်တွင်း၊ သက္ကာယဒိဋ္ဌိနှောင်အိမ်အတွင်း၌—

ပက်လက်ကျ-မှောင်ရက်ကျ၊
ခေါင်းစိုက်ကျ ဇက်ကျိုးကျ၊
လက်ကျိုးကျ-ခြေကျိုးကျ၊
မျက်လုံးထွက်ကျ-ဥကွောင်းပြတ်ကျ၊
ဘဝမြုံ့သိုက် အမိဝမ်းဗိုက်၌။ အဝံသိရော။ ဥကွောင်း
စောက်ထိုး၊ ခြေကျိုးမိုးဃ်းမျှော်၊ ပေါ်မြုပ်ပေါ်မျော
အပေါ်တွေ ပေါ်ပေါ်နဲ့၊ မသာတော၊ အပုပ်တော၊
သုသာန်တော၊ တစ္ဆေတောလို့ သဘောလင်းအောင်
သက္ကာယဒိဋ္ဌိ တောရှင်းနေပြီ ယောဂီ။

အခုဒုက္ခယူပါ၊ ယူလျှင်-ဒုက္ခစွန့်ရာမည်၏။ ဒီဒုက္ခအတ္တ ဆင်းရဲ တုံး ဆင်းရဲသား၊ ငါပိုင်ကိုအခု စွန့်လျှင် အခုအနတ္တရိပ်မိရှိထား။ အဆင်း၊ အသံ၊ အနံ့၊ အရသာ အတွေ့ ဒီငါးပါးကို ကာမဂုဏ် ငါးပါးမှတ်။ ဓမ္မာရုံကို မထည့်နဲ့၊ ဓမ္မာရုံပါထည့် အာရုံ ၆-ပါး မှတ်၊ ကွဲခဲလှ၏။

ဆရာက-သပ္ပတ်အူ၊
တပည့်က-စာဘူးဒေါင်း။
အားပေးသူက-ကလိမ်ချို၊
ချီးကျူးသူက-ချည်ခင်ထွေး၊

တရားအစစ်ကိုရမှ၊ အတုတွေကိုသိမယ်မှတ်။ အရောင်ဘင်ဆဲ၌ အသွေးကောင်း။ အရေးအကြောင်း ရှိလျှင် - အရောင်ပျက်ရင် အမှောင်ထွက်ရမယ်။

နဂိုရ်ဇမ္ဗူရာဇ် သိဂ်နိုက်ရွှေရောင်ကို သတိပြုကြ။ ဓမ္မာယတန ကို ရှင်းမယ်။ (မာနလျော့ ဘတ်စမ်းပါ)

(ပိုက်ဆံရှာလျှင် မိမိမှာ ငွေ ၁၀၀၀ ရှိစေကာမူ၊ အရှင်း တပြားကမ-မရှိသေးဘူးလို့ စိတ်က-အာရုံ ပြုပြီး၊ နောက်ထပ် ပိုက်ဆံရှာမှပိုက်ဆံကိုရှိသေမယ်၊ ဂရုစိုက်၍စုဆောင်းမယ်၊) ငါ့မှာ ငွေ ၁၀၀၀ ရှိတယ်၊ ရှိပြီးသားဘဲလို့ ပိုက်ဆံရှာလျှင် မလေးစား ဘူး၊ ပေါ့တော့တော့ မှတ်လေ။ဘာ့ကြောင့် ငါ့မှာငွေ ၁၀၀၀ ရှိတယ်ဆိုတဲ့မာနကြောင့် ငွေ ၁၀-မြတ်ဘို၊ ၁၀-လောက်မြတ်ဘို ဂရု မစိုက် ဖြစ်တတ်၏၊တရားနာလျှင် တရားအစစ်လိုချင်လို့၊စာဘတ် လျှင် ပုံဥပမာနည်းတူမှတ်၊ ရှိပြီးငွေစစ်၊ ရပြီး တရားစစ်၊မပျောက် ဖါဘူး ယောဂီ။

### နာမ် ရုပ် နိဗ္ဗာန်၊ ဒီ ၃ မျိုးကို ဓမ္မာယတနမှတ်။

ဓမ္မာရုံမှတ်၊ပုထုဇဉ်တို့ ဓမ္မာရုံသည် ကုသိုလ်-အကုသိုလ် ၂-မျိုး သာ ရှိတယ်မှတ်၊ အာရုံလဲပြုရိုးမှန်တယ်၊ အာရုံပြုတိုင်း ကုသိုလ် အာရုံ၊ ကုသိုလ်ကံကြောင့်၊ ကုသိုလ် ကာမဂုဏ်၊ အကုသိုလ်ကံရဲ့

အကျိုးရတယ်ခံစားရတယ်၊ မွေးသေအာရုံလို့ ယောဂီ၊ စာဘတ်ရင်း ခုသိပါ။

အကုသိုလ်အာရုံ၊အကုသိုလ်ကံကြောင့် အကုသိုလ်ကာမဂုဏ်၊ အကုသိုလ်ရဲ့အကျိုးရတယ်၊ ခံစားခဲ့ရပြီ၊အခုလဲခံစားဆဲ၊မွေးသေမဟုတ်လို့-ဒါဘာကျိုးလဲ။

အကုသိုလ်ကံကြောင့်ခွေးဖြစ်တယ်။ မွေးသေပါဘဲလို့ သိဒါက အသိမထူးပါဘူး။ ကုသိုလ်ကံကြောင့် လူဖြစ်တယ်။မွေးသေမဟုတ်လို့ ဒါနိဗ္ဗာန်လားလို့ သိတို့ရာက တယ်ကြပ်ပါကလားယောဂီ၊ ထွက်ပေါက်ရတို့ အခုကြံပါ၊ ဆရာကောင်းကို ရှာပါ၊ ထွက်ပြီးမဝင်ကြနဲ့တော့ ယောဂီတို့၊ ထွက်ပြီးထွက်ရမဲ့ တရားကိုရှာကြ၊ထွက်ပြီးဝင်ဘို့က တရားမရှာပါနဲ့တော့။

## ဓမ္မာယတနရှင်းတမ်းက ခက်တယ် ပြန်ဘတ်။

ကုသိုလ် ဓမ္မာယတန၊ အကုသိုလ် ဓမ္မာယတန၊ဒီ ၂-မျိုးက ပုထုဇဉ်တို့ရဲ့ မျိုးစေ့မှတ်။ ဒါ-ပုထုဇဉ်အန္ဓတို့ နေ့စဉ်လစဉ်၊ နှစ်စဉ်-ဘဝစဉ်။ အန္ဓပုထုဇဉ်တို့ စိုက်ပျိုးနေကြ။ မျိုးကြဲနေကြ။ ပျိုးထောင်နေကြ မျိုးထားနေကြ။ မျိုးလှောင်နေကြ။ ကုအကုအာယတန။

## အရိယာအလောင်းတို့ မျိုးက ဘာလဲ။

၁။ နာမ်ဓမ္မာယတန-နာမ်တရား၌အာရုံပြုတယ်။
၂။ ရုပ်ဓမ္မာယတန ရုပ်တရားကို အာရုံစိုက်တယ်။
၃။ နိဗ္ဗာန်ဓမ္မာယတန-နိဗ္ဗာန်တရားကို ခံစံတယ်။

အရိယာ အလောင်း ဖြစ်သော၊ကလျာဏပုထုဇဉ် စူဠ သောတာပန်တို့သည်၊ နာမ်နဲ့ ရုပ် ၂-ပါးကိုပိုင်းခြား၍ အာရုံပြုနိုင်တယ်။အရိယာအစစ်တို့က နာမ်ပရမတ်၊ရုပ်ပရမတ်၊နိဗ္ဗာန်ပရမတ်မဇ္ဈာယတနကို ကောန်ဒိဋ္ဌ သိပိုင်ကြသဖြင့်၊မုချ လက်တွေ့ ကိုယ်တွေ့ခံစား စံစား ကြရတယ်လို့ ဝမ်းမြောက်။ ဓမ္မာယတန သာမည ရှင်းတမ်း၊၊စာထဲရေးရ အားမရ ကိုယ်တိုင်ရင်ဆိုင်လာခဲ့ကြ။သားကိစ္စ၊ မယားကိစ္စ၊ လင်ကိစ္စ၊ စီးပွါးကိစ္စ၊ ရုံးကိစ္စဆိုလျှင် မတိုက်ဘွန်းရဘူး။ တရားထူးရဘို့ အမြန်လာစမ်းပါယောဂီ။ ငဲ့-သလား-ငံ့မှားမယ်မှတ်။

## ယောဂီများ အခုခေတ်ဟာ သိန်းထီခေတ်။

ဂဏန်း ၆-လုံး ပေါက်စဉ်တိုက်လျှင် သေသေချာချာ တိုက်ပါ။

၁။ ရူပါရုံ-အဆင်းကြိုက်တဲ့ ဂဏန်းတူတယ်။

၂။ သဒ္ဒါရုံ-အသံလိုက်ထားလဲ ဂဏန်းချင်းကိုက်တယ်။

၃။ ဂန္ဓာရုံ-အနံ့ အာရုံခံခြင်း ဂဏန်းတူနေပြီ။

၄။ ရသာရုံ-အစာစွဲနေကြ ဂဏန်းက တိုက်ဘို့မလို။

၅။ ဖေါဋ္ဌဗ္ဗာရုံ-အတွေ့သဘောကျတဲ့ ဂဏန်းချင်းက တဲ့နေပြီ။

၆။ နောက်ဆုံး ဓမ္မာယတန-ဓမ္မာရုံ ဂဏန်း တလုံး လွဲရင်ခက်ပြီ။

နောက်ဆုံး ဂဏန်းပေါက်စဉ်နဲ့ တလုံးလွဲရင် မပေါက်ဘူး၊ ၂-လုံးလွဲလဲမပေါက်၊ မထိုးဘဲနေလဲ မပေါက်။

ရှင်းတမ်း နိဗ္ဗာန်ကို ရပါလို၏။

သစ္စာ ၄-ပါးသိန်းထိ သာသနာထိဆိုင်မှာထိုး၏။
ပဒဋ္ဌေဒ-ဒီဆိုင်မှာဘဲထိုးထိုး။
ပညာဒီပနီဆိုင်၊ ဥာဏဒီပနီဆိုင်။
သာသနမုခ ထီဆိုင်ကြီးတို့မှာဘဲ ထိုးချင်ထိုး။
ဓမ္မဓိဋ္ဌာန်ဆိုင်၊ ဓမ္မေသန ဘာသာရှင်းတမ်း။
မင်္ဂလာထီဆိုင်၊ စက္ခုဒီပနီ စသောထီဆိုင်မှာဘဲ ထိုးသည်ဖြစ်စေ၊စိတ်တိုင်းကျ ထီဆိုင်၌ ရွှေဂဏန်း ၄ ါးလုံးနဲ့တော့ တိုက်တယ်၊ တိုက်ပြီ။ နောက်ဂဏန်းနဲ့ ပေါက်စဉ်ညှိကြ။

ထ ိ နောက်ဆုံးဂဏန်း တလုံးလွဲရင် မထိုးတဲ့လူနဲ့ တူတူဘဲ။ ထိုးတဲ့လူက စိတ်ညစ်ရဘယ်။ဘာ့ကြောင့် ပါးဝပ်ကတတွတ်တွတ် ၇-ရက်ဆက်ပြီး ပြောလို့မပြီးတော့ဘူး။ မအိပ်နိုင် မစားနိုင် ဖြစ်တတ်တယ် ယောဂီ၊ နိဗ္ဗာန်သိန်းထိ။

အာယတန သဘာဝဟုသိ၊ ကျား,မ၊မရှိ။
အာယတန ပရမတ် တရားသား သင့်ရှုမှတ်။

× × ×

အာယတနအခဏ်း၌၊ စံဖိုးဥပမာ ။

ဆရာ၏ တပည့် စံဖိုး ကာဖီရောင်းတယ်၊ ပွဲဈေး၌ တညလုံး စံဖိုးဆိုင်မှာ လူစည်ကားတယ်၊ ရောင်းရတယ်၊ လက်မအားရဘူး၊ လက်မနားရဘူး၊ လူ အငြိမ်မနေရဘူး ယောဂီ။ စိတ်ထဲက ကာဖီ ရောင်းနေတဲ့ စံဖိုးကို စိတ်စိုက်ပါ။

ညာဘက်လက်က ပိုက်ဆံလှမ်းယူ၊ ဘယ်ဘက်လက်က တဆင့်ယူ၊ သူ၏မိန်းမ မသိန်းရှင်ကို လှမ်းပေး။ မသိန်းရှင်က သေတ္တာထဲထည့်။ ရောင်းရလေ စံဖိုးမငြိမ်လေ၊ ဟိုလျှောက် ဒီလျှောက် ဆေးလိပ်၊ မုန့်၊ မီးခြစ် စသည်တို့ကို လှမ်းယူ။ ဝယ်သူကိုပေး။ ပိုက်ဆံ လက်နဲ့ကိုင်ဆုပ် ခေတ္တမျှ မိန်းမကိုပေး။ မိန်းမကလဲ လက်နဲ့ဘဲ ခေတ္တမျှကိုင်၊ သေတ္တာထဲအည့်။ တညလုံး မိုးအလင်း တပည့်တယောက်ကို ရေနွေးအကျိုခိုင်းတယ်။ မထိုင်အားဘူး။ ခဏခဏ ပိုက်ဆံပေးသမျှ လက်နဲ့ ခေတ္တမျှ ထိကိုင်ဆုပ် မိန်းမကို ပေး။ မိန်းမ မသိန်းရှင်က ပိုက်ဆံကို ခဏကိုင်၊ သေတ္တာထဲ၌ ပိုက်ဆံထည့်ထားတယ်။ ဆိုင်၏ နောက်ဘက်က ကုန်စုံသည်က လာ၍ ကုန်စုံကြွေး ငွေ ၅-ကျပ် တောင်းလာဘယ်။ ၅-ကျပ်ပေး လိုက်ရတယ်။ ကာဖီ အကြွေးသောက်သူ သူငယ်ချင်း ဘိုးညွန့် ကလဲ ကာဖီသောက်တယ်။ မုန့်တဝစားဘယ်။ ဖိုးက ပိုက်ဆံ တောင်းတယ်။ ဖဲကြွေး ၃-ကျပ်နဲ့ ခုနှိမ်ပြီး ထွက်သွားတယ်။

## စံဖိုးဒုက္ခ ပိုက်ဆံကိုင်သမျှ ခေတ္တ။

ပိုက်ဆံသေတ္တာအနားရှိ မိန်းမ၊မသိန်းရှင်က ပိုက်ဆံကိုင်ရဒါ ရောင်းရဒါ စိတ်ပျက် အအိပ်ပျက်။

မီးခြစ်၊ ဆေးလိပ်၊ မုန့်၊ နို့ဆီ၊ သကြား၊ နွားနို့ စသည်တို့က အကုန်ဝယ်ရတယ် ကိုယ်ပိုင်မဖြစ်ဘူး။ ကိုယ်ပိုင် တခုမကမဟုတ်၊ အကုန်ဝယ်ရဘယ်။ နံနက်မိုးလင်းရင် ပိုက်ဆံ ပြန်ရှင်းရဘယ်။ စံဖိုး တညလုံး ပိုက်ဆံကိုင်သမျှ လက်ခုပ်ထဲမှာ အရှင်းမရှိ ယောဂီ၊ လေးလေးဘတ်ပါ။

မိမိတို့ ပိုက်ဆံကို လက်နဲ့ ကိုင်သမျှ လက်ထဲမှာမရှိပါကလားလို့ တွေးဘို့မလို။ စံဖိုးက ကာဖီ ရောင်းသမျှ ပိုက်ဆံကို လက်ဆုပ်ဖြန့်ကြည့်၊ ဘာတပြားကမှ မရှိ ကို ရေးတယ်။

ယောဂီ၊ ဉာဏ်ပါးသူက တွေးဘတ်တယ်။ လင်ကိုင် မယားကိုင် သားသမီးကိုင်သမျှ ယခု စာဘတ်ရင်း လက်ဆုပ် ဖြန့်ကြည့်၊ မယားလဲမရှိ၊ လင်လဲမရှိ၊ သားသမီးလဲ လက်ထဲ မရှိပါကလား။ တနည်း၊ ရွှေကိုင်၊ စိန်ကိုင်၊ အိမ်ကိုင်၊ ကျောင်းကိုင်၊ အဝတ်အထည်ကိုင်သမျှ၊ လက်ခုပ်မှာ ရှာမရပါလား။ နွားကိုင်၊ ကျွဲကိုင် နွာရီကိုင်၊ ဖေါင်တိန်ကိုင်၊ ကိုင်သမျှ၊ မပိုင်သမျှ၊ မဆိုင်သမျှ၊ ဒုက္ခဘဲလို့ တွေးဘို့အထိ ရေးသားဒါမဟုတ်။ စံဖိုး၏ သရုပ်ကို ဉပမာ ဆရာပြမယ်။ အာယတန သမုဒ္ဒရာထိဘိုင်း မဆုံးကြပါကလားလို့ လက်တွေ့ မျက်တွေ့ မတွေ့ပါနဲ့။ စာစကားနဲ့ သာ တွေး၊ စံဖိုးဉပမာ တရေးရေးပေါ်မည် ယောဂီ၊ ဝိုင်းထဲမှာဘတ်ပါ။

စံဖိုး ကာဖီရောင်းနေဆဲကို စိတ်စွဲလျက် မြင်ယောင်ပြီးတွေးဘတ်။ ဒီနေရာ ဆရာကိုယ်ဘိုင် ဟောပြချင်တယ်။ မတ်တတ်ရပ်တယ်။ လျှောက်တယ်။ ခေါင်းက ဟိုဘက် ဒီဘက်လှည့်၊ ခြေထောက်မနှား၊ လက်မအား၊ လွန်ခဲ့သော နှစ်ပေါင်း ၂၀-ခန့်က ပွဲဈေးရောင်းတဲ့ စံဖိုးကို ဆရာ ဉပမာရေးပြနေတယ်။ ယခု ဈေးသည်တွေ၊ ကုန်သည်တွေ၊ စာရေးတွေ၊ မင်းတွေ၊ သူဌေးတွေ၊ ကူလီတွေ၊ လယ်သမား၊ ကိုင်းသမား၊ ယာသမား၊ ကုန်သမား၊ ဉယျာဉ်သမားတွေကို ရေးသည်မထင်နဲ့၊ မတွေးနဲ့။

တရားနာသူတွေ ရေးလိုက် မှတ်လိုက်။
ဆရာ၏တရားကို နှစ်သမျှ စာအုပ်နဲ့ ခဲတံကို ယူခဲ့ကြ။

## ရိတ္တ-မုဋ္ဌိဝိယ

ရိတ္တာမုဋ္ဌိဝိယ၊ အချည်းစီးသော လက်ဆုပ်ကဲ့သို့။ ဝါ၊ ဒုက္ခဆင်းရဲကို ပေးစေတတ်သော တဏှာ၏ အာရုံဟာ လက်ဆုပ်ဖြန့်ကြည့်၊ ဘာမျှမရှိသကဲ့သို့ ဘုရားဟောတော်မူတယ် ယောဂီ။

စံဖိုး ဥပမာ၌ တညလုံး ဝဋ္ဋခံနေရဒါကို ဝိပဿနာဉာဏ်ဖြင့် ဝေဖန်လျှင်၊ အနိစ္စ မမြဲမှု၊ ဒုက္ခ ဝဋ္ဋခံမှု၊ အနတ္တ မပိုင်မှု၊ စံဖိုးခေါ် ခန္ဓာငါးပါး ရုပ်ပျက်စုကြီး၌ လက္ခဏာသုံးပါးလုံး ပါဝင်ရဲ့လား စဉ်းစား ယောဂီ။ လူပါးလား၊ တရားရှာသသွား၊ သမထလား ဝိပဿနာလား၊ ဘယ်ဆရာ ထံမှာလဲ၊ ဘယ်စာအုပ်ကို လက်ကိုင်ထားသလဲ၊ ဂိုဏ်းအယူအစွဲ သန်နေသလား (ခွဲဆို့ခါနီးပြီ) တရားရရဲ့လား၊ ရတယ်။ ရရင် ပြည့်ပလား၊ ပြည့်တယ်။ ဘာတရားလဲ၊ မာနလျှော့စမ်းပါ၊ သောတ္တိနီးပြီ ယောဂီ။ တညလုံး ကာဖီ ရောင်းကောင်းသလောက် စံဖိုးဆိုင်မှာ လူစည်ကားတယ်၊ စည်ကားသလောက် ပိုက်ဆံကို လက်နဲ့ ထိရတယ်။ မနားရ၊ မအားရ၊ မထိုင်ရ၊ ဟိုလျှောက် ဒီလျှောက်၊ လျှောက်ရတယ်။ ပုဆိုး ၂-ကျပ်တန် သံချောင်းငြိလို့ ပြဲသွားတတ်၊ လဘက်ရည်ပွဲ တက်နင်းမိတယ်၊ ကွဲကုန်တယ်၊ ခြေသည်းစာ ကြွေတယ်။

နံနက် မိုးလင်း ဆရာ့အိမ်သို့ စံဖိုးရောက်လာတယ်။ ဆရာက အရှုံးအမြတ်ကို မေးတယ်၊ ပြောတယ်။ တညလုံး မိုးအလင်း ကာဖီရောင်းဒါ ပိုက်ဆံ ၂-ကျပ်မတ်တင်း အမြတ်ကျန်တယ်။ ငါ

ကြည့်နေတဲ့ ပိုက်ဆံတွေ တယ်ရပါကလား၊ လူတွေလဲ မင်းဆိုင်မှာ အင်မတန် စည်ကားတယ်၊ အရ နဲ့လှချည့်လားဟဲ့ စံဖိုးရဲ့၊ ဆရာကလဲ မီးခြစ် အစရှိသမျှ ကုန်ဘိုးတွေ ပြန်ပေးရ၊ ကုန်စုံကြွေး ပေးရ၊ ဖဲကြွေးလဲ ဆပ်ရ၊ မီးစာဘိုးတွေကလဲ ကုန်၊ လူကြီးကလဲ ကာဖီအချိုနဲ့ မုန့်တွေကို တညလုံး သောက်ကြ စားကြရတယ် ဆရာရဲ့။ ခလေးတွေကလဲ စားကြ သောက်ကြရတယ်၊ ရတော့ အရသားဘဲ။ အားလုံးပေါင်း ၅၀—ခလောက်ရတယ်။ အမြတ်ကတော့ ၂-ကျပ်မတ်ဘင်းဘဲ မြတ်တယ်။

ဩော်-ဟုတ်သားဘဲ၊ ငါက ရဒါသာမြင်တယ်၊ ကုန်ဒါတွေကို တော့ သတိမထားဘူး- မင်းဟာ ဒါဖြင့် တညလုံး အိပ်ရဘဲ၊ ဒုက္ခခံရဒါ။ ဒါလောက်တော့ မြတ်မှာဘဲ။ ၂-ကျပ်မတ်တင်းတော့ ကျန်မှာပေါ့။

ခြေညောင်းခ လက်ညောင်းခ။
၂-ကျပ်မတ်တင်း မြတ်ထိုက်တယ်။
ဒင်ကြီးတဝမ်း ဗျူင်းတဝမ်း။

**ဆရာသည်** စံဖိုး အဖြေပေးသံ ကြားရမှ၊ တရားရဘို့ နန်နဲရိပ်မိတယ်၊ ဆရာကပြောတယ်၊ ကိုင်း—ဒါဖြင့် စံဖိုး၊ ဆရာက မတ်တဘ်ထပြီး၊ စံဖိုး ကာဖီရောင်းရင်း ဟိုပြေးဒီပြေးပုံ၊ ဆေးလိပ်လှမ်းပေးပုံ၊ မီးခြစ်လှမ်းပေးပုံ၊ ပိုက်ဆံယူပုံ၊ မိန်းမသို့လှမ်းပေးပုံ အစုစုကို **ဘာ**မျှမရှိဘဲ၊ အခြောက်တိုက်လုပ်ပြတယ်။

ကာဖီဆိုင် မရောင်းဘဲ တညလုံး မှောင်ထဲမှာ ခြေမအား လက်မအားဘဲ ဟောဒီလိုချည်း မပြတ်လုပ်နေ၊ ငါ ၁ ကျပ် တိုးပေးမယ်၊ ၃ ကျပ်မတ်တင်းရမယ်။

ဖဲကြေးလဲမဆပ်ရဘူး၊ ကုန်ကြေးလဲ လာမဘောင်းနိုင်ဘူး။ လက်ကိုသာ ဒီလို လုပ်နေလို့ ဟန်ဖြင့် ရပ်လိုက်ဆန့်လိုက်ပြဘယ်၊ သူများကမြင်လို့၊ ဒီအကောင် ဘာလုပ်နေပါလိမ့်။ ဒီအကောင် ဘာဖြစ်တာလဲ ဒီစံဖိုးရူးနေသလားလို့၊ တွေးချင်လဲတွေး၊ ၃-ကျပ် မတ်တင်းရမယ်။ ၁-ကျပ်လဲတိုးရမယ်၊ လဘက်ရည်ပွဲလဲ တက် မနင်းမိဘူး။ ပုဆိုးလဲမပြဲ ဖလ်ခွက်လဲမကွဲဘူး၊ အခိုင်းအစေဖြစ်တဲ့ ညီကလေးလဲရေနွေးပူ မလောင်ဘူး၊ ဟောဒီလိုသာ လက်မနား တမ်း လုပ်နေပါကွယ်၊ ငါမင့်ကို မြင်ရဒါ ရင်ကြပ်တယ်။ သို့သော် မင်းက အတွေ့ ကာဖီဆိုင်တည်ရဒါက လူမြင်လို့ ကောင်းတယ် မှန့်တယ်၊ ငါပြောတဲ့ နည်းကတော့ လူမြင်လို့ ကြည့်လို့တော့ မကောင်းဘူး၊ ငွေ ၁ ကျပ်တိုးရမယ်။ အိပ်ပျက်ချင်းတူတယ်၊ သို့သော် ငါ့နည်းကိုလူတိုင်းမလိုက်၊ လူတိုင်းမကြိုက်။ မင်း-နည်း ကိုတော့ ယောဂီတိုင်း ကြိုက်တတ်တယ်ကွဲ့၊ ငါပြောတဲ့နည်းကို မြင်ကြရင် ကောန်ရူးနေတယ်လို့ ပြောကြမှာဘဲ၊ ငါကလဲ စံဖိုး တော့ ရူးတယ်-မရူးဘူး မပြောလို။ ဝဋ္ဋကောင်အစစ် ဝဋ္ဋခံရတာ အစစ်လို့တွေးတယ်။

### ကဲ—လိုက်ဆိုကြ၊ အာယတန၊ သံပေါက်။

နယ်ခွဲ၍ဝါဒ၊ အာယတန၊ မှတ်ကြဆယ့်နှစ်ဖြာ၊
လက်ဆုပ်ဖြန့်ကြည့်၊ ဘာမရှိ၊ အသိဆုံးမည်သာ။
မျက်စိအစ၊ ၆-ဒွါရ၊ မှတ်ကြသမုဒ္ဒရာ။
အာရုံ ၆-မျိုး တဏှာအိုး စံဖိုး ...ဥပမာ။

ကိုင်း....အာယတန တရားသား မေ့တယ်၊ ညောင်းတယ်၊ ရပ်မယ်။

× × ×

## ကြက်ခြင်း—နိဂုံးသတ်။

ဥပမာ နားထောင်ကြ ယောဂီတို့၊ ဆရာ သဘော်စီးသွားတဲ့ အခါ မြင်ဘူးတယ်၊ စျေးထဲမှာလဲ မြင်ဘူးတယ်၊ ခြင်းထဲမှာလဲ ကြက်မျိုးစုံ ထည့်ထားဘယ်၊ ဘာလုပ်ဘို့လဲ၊ လည်ပင်းလှီးမယ်၊ သတ်မယ်၊ စားမယ်မှတ်။

ဒီကြက်ခြင်းထဲမှာ ကြက်မျိုးစုံ။
သုံးဆယ့်တဘုံမှာ သတ္တဝါမျိုးစုံ။
ဒီလူ့ဘုံမှာ လူရောင်စုံ။
ဒီအိမ်ထဲမှာ ထီး,ဗ,ကြီး,ငယ်,အစုံ။
ဒီခန္ဓာကိုယ်ထဲမှာ ပိုးသတ္တဝါမျိုးစုံ။
ဒီခန္ဓာကိုယ်ထဲမှာ ရုပ်စုံ,နာမ်စုံ,ဓာတ်မျိုးပုံ။

ကဲ....အိမ်ပြန်သွားရင် မှတ်မိဘို့အရေးကြီးတယ် ယောဂီများ၊ တရားကောင်းလျှင် အသံလွှင့်စမ်း။ အချို့က မတရားကို ကြားလျှင် အတင်း လျှောက်ပြောတယ်။ သဘင်းစာက ရေးတယ်၊ အကျယ်တဝင့် လျှောက်ဖေါ်တယ်။

(လူများ၏အပြစ်ကိုပြောလျှင် လူယုတ်မာမှတ်။)

**အပြစ်ဆိုဒါ လူတိုင်းရှိ၊ အနှစ်ဆိုဒါ လူတိုင်းမရှိ။**

ကြက်ငယ်ကလေးရဲ့ ခြေထောက်ဟာ အောက် ခြင်းခံမှာထိ ရပ်နေဘယ်။ ကြက်အလတ်စားရဲ့ ခြေထောက်ကလဲ အောက် ခြင်းခံမှာ ထိတယ် ရပ်တယ်၊ ကြက်အကြီးဆုံး အမြင့်ဆုံး၏ ခြေ ၂-ချောင်းကလဲ အောက်ခြင်းခံမှာ ထိတယ်၊ ထောက်နေတယ်၊ ရပ်နေ့ရတယ်။ ထောက်ရာ၊ တည်ရာ၊ မှီရာရှိလို့ တည်နေနိုင်ကြ ၏။ စဥ်းစားဘတ်၊ (ဒါ ပဒစ္ဆေဒဒီပနီမှဘ်။)

လူ ကြက်ငယ်၏ရင်တွင်းရှိ မိန်းမငဲ့၊ ယေး ကျားစွဲ၊ သက္ကာယ ဒိဋ္ဌိ၊ ခြေထောက်က အောက်ဆုံး အစိစိငရဲမှာ အခုထိနေ၏၊ ရပ်နေ၏၊ အန္ဓ ဘာမှမသိဘူး။ ဘိတ်မသိ၊ အရိပ်မျှမသိ။ **နတ်သို့** နတ်သား ကြက်အလတ်စားများရဲ့ စည်းစိမ်စွဲ၊ ဇိမ်စွဲ၊ အာရုံစွဲ၊ သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ၊ ခြေထောက်တွေကလဲ မဟာ တာပန ငရဲကြီး၏ အောက်ထပ်မှာ ခြေထောက် ရပ်နေပါတယ်။ မြင်အောင်ကြည့်၊ ဒါ ကြက်ခြင်းဥပမာ၊စာရှုက်ကို ဖြေးဖြေးလှန်၊ ဆေးလိပ် လက်က ချ၊ အိပ်ငိုက်မနေနဲ့၊ ပြန်ဘတ်စမ်း ယောဂီ။

**ဗြဟ္မာတွေ၊ ကြက်အကြီးတန်းစားတွေ။**

သူတို့ရဲ့ ခြေထောက်တွေကလဲ ဘယ်လိုဘဲ အရပ်မြင့်စေကာမူ ဥက္ကောင်းနဲ့ အပေါ်က ဖုံးဖိထားတဲ့ ခြင်းနဲ့ ထိကြပ်နေပေမဲ့ ခြေထောက်က ဟိုမြေပေါ်ပြီး၊ ငရဲကြီးရှစ်ထပ်မှာ ရောက်ချင် ရာ၊ထောက်ချင်ရာ ထိရောက်နေတဲ့ချာန်၊ အတ္တဒိဋ္ဌိတွေပါကလား လို့၊ ဗြဟ္မာမိစ္ဆာဒိဋ္ဌိတွေဘဲလို့၊ ပုထုဇဥ် ဗြဟ္မာ ကြက်မှန်သမျှ ကမ္ဘာအဆက်ဆက် ခံကြရမဲ့ သက္ကာယဒိဋ္ဌိ ဆက်သား၊ ငရဲသမား တွေအစစ်ဟူ၍ အန္ဓဗာလ ဘာသိမှာသဲ၊ ဝေးလိုက်ထာ။

ကြက်ခြင်းထဲက ကြက်တွေကို၊ လည်ပင်းလှီးပြီး သတ်မဲ့သူက ဆန်စေ့တွေ ချကျွေးတယ်၊ တကောင်ပေါ်တကောင်က ဖိစား အတောင်ပေါ် အတောင်ကြားထဲက၊ ဆန်စပါးတွေ အောက် ခြင်းသို့ကျ၊ ဝအောင် စားရရဲ့လား ယောဂီ။ မနက်တနပ် ည တနပ်၊ စားလို့ ဝလို့ ထပ်ချက်ရသလား။ မဝလို့ ထပ်ထပ် ပြီး အနပ်နပ် ချက်ရသလား။

**ထမင်းချက်ရင်း ထေရိကာ အနာဂါမ်ဖြစ်ထာ**
**ဝိပဿနာဉာဏ်ဆိုဒါ နေရာမရွေးရပါ။**

လူ၊ ကြက်ငယ်၊ ကြက်ကြီး၊ ကြက်ထီး ကြက်မ- အဆင်း သဏ္ဌာန်၊ အမျိုးအမည်မျိုးစုံ၊ နတ်ကြက် မျိုးစုံ၊ ဗြဟ္မာကြက် မျိုးစုံ၊ သုံးဆယ့်တဘုံ ခြင်းထဲမှာ တိုးခုန်လို့မရ၊ ထွက်ပေါက်ကို မမြင်ကြဒါ ဘယ်သူလဲယောဂီ။

ငါဟာ ကြက်ခြင်းထဲက ကြက်လား၊ ကြက်လည်ပင်း အလှီး ခံရသလို လူ၏သည်ပင်းမှာ ချွေကေန် ဆို့ရမယ်။

**လူသေကောင်ဟာ တရားမနာဘူး။**

ဆရာမှာခဲ့မယ် ယောဂီတို့- မှာရမဲ့ည' နက်ဖြန် တည လို့ တော့တယ်။ သတိပြု၊ သိမှုဆိုဒါ ဝိဇ္ဇာမှတ်၊ ဝိပဿနာမှတ်၊ သာမန်အသိ မထင်နဲ့၊ သုဘမယညဏ် စာထဲမှာပါလို့ သိမှတ် တဲ့ အသိမျိုးကို ဝိဇ္ဇာမထင်နဲ့ ဝိပဿနာမဟုတ်ဘူး။ ဘာ့ကြောင့် ရဟန်းငါးမျိုးကို ပဏ္ဏာမပြန့်၍ ဟောခဲ့ရေးခဲ့ပြီ ယောဂီ၊ ဝိုင်း ထဲမှာဘတ်ပြ၊ အခုခေတ်က ညာဝါးလို့မရ။

အိမ်ထောင်ရှိလျှင် တရားမနာရ၊ တရားမရ အရိယာ မဖြစ်ဘူးလို့ ဘုရား မဟောဘူး၊ ကျမ်းဂန်၌ ပါဠိ ဥပဒေ မပါဘူး။ အိမ်ထောင်မရှိမှ တရားနာရမယ် တရားရမယ်၊ အရိယာဖြစ်မယ်လို့ ဘုရားမဟောဘူး၊ ကျမ်းဂန်၌ပါဠိဥပဒေမပါဘူး။ တရားအစစ်ကို ဘယ်သူဘဲနာနာ နားလည်ရင် ရတယ်၊ နားမလည်ရင် ဘယ်သူမှ မရဘူးပုဒ်ပြတ်မှတ် ယောဂီ။ ဘယ်သူကဘာပြောပြော မယုံနဲ့ သေဘောကို ဘယ်သူကမှမကယ်ဘူး၊ ညာဟောညာပြော ညာရေး ညာပေးတွေ ကြည့်ရှောင်၊ (တရားရတို့- အဝတ်နဲ့ မဆိုင်ဘူး။)

အိမ်ထောင်ရှိက-တရားမရ၊ အိမ်ထောင်မရှိက တရားရမယ်၊ အိမ်ထောင်မရှိသူက မြင့်မြတ်တယ်၊ အိမ်ထောင် ရှိလျှင် ယုတ်နိမ့်တယ်၊ အိမ်ထောင်မရှိမှ တရားနာပြီးရမယ်၊ အိမ်ထောင်ရှိလျှင် အိမ်ထောင်ပြုလျှင် နာပြီးတဲ့တရား မရတော့ဘူး၊ ပျောက်သွားရမယ်လို့ ကျမ်းဂန်၌ မပါဘူးယောဂီတို့။ (စဉ်းစား တွေးပါ ဝေဘန်ပါ တိုင်ပင်ပါ။)

ဒါနကို၊ အိုအိုပျိုပျို ကျမ်းဂန်အရ လုပ်ပါ။
သီလကို၊ ကြီးကြီးငယ်ငယ်၊ ထိးထိးမမဲ့စောင့်ကြ
သမထကို ဥပဒေနဲ့ ညီစွာ အိမ်ထောင်,မထောင် အားထုတ်ကြ။
ဝိပဿနာကို ဘာဘဲလုပ်လုပ်, နာပါရပါတယ် မပျောက်ပါဘူး။

ဒီလိုပိုင်းပိုင်းခြားခြား ရှင်းရှင်းလင်းလင်း သိဘို့ ရေးပြလိုက်သည်။ အနုခေတ်၌ ခလေးတွေတောင် အမြင်မှန်ကို ရကုန်ပြီ။ ပညာစခမ်းရောက်မှ အထက်တန်းစားမှတ်။

## လူသေကောင်တရား မနာဘူး။

ကြားဒါထူးမှ ဝိပဿနာ ပရမတ်။ သိတတ်သူ ရှာတတ်လျှင် စည်းပြင်မထွက်နဲ့၊ မိန်းမ၏ အဆင်း ယောကျ်ား၏ မျက်စိထဲမှာ ယောကျ်ား၏ အသံကို မိန်းမ၏ နားထဲက မထွက်၊ ဒါ မှုခုနည်း၊ တိုက်ရိုက်နည်း၊ နိတ္တကနည်း။ ယောဂီတွေ ဥာဏ်တိုးအောင် ကာဖိရောင်းတဲ့ (စံဖိုး) မမေ့ကြနဲ့၊ အတွေ့ကြတော့ အနိစ္စပျောက်တတ်တယ်။ ဘာလဲ ငါဘဲ ပိုက်ဆံ ကိုင်ခဲ့ထိခဲ့ဒါမျှားပြီ။ ယာခု ငါ့လက်ယဲမှာ ပိုက်ဆံမရှိပါကသား။ ထိပျောက်၊ ကြည့်ပျောက်၊ အာရုံကာမဂုဏ် ဘယ်အာရုံမဆို ဒီခန္ဓာထဲမှာမရှိပါကလား။ လာသမျှ ဒွါရ အာယတန သမုဒ္ဒရာ ၆-စင်းလို့ ဟောခဲ့ ရေးခဲ့ဒါမှန်တာဘဲလို့ (ရိတ္တာမုဋ္ဌိဝိယ)အသားကို ဆေးနဲ့ ထိုးထားကြ။

## မဂ်အဟုတ်မိလိုက ယောဂီ
## ဟောဒီလို လက်ဆုပ်ဖြန့်ကြည့်။

ကြည့်သမျှ၊ သိသမျှ၊ ကိုင်သမျှ၊ အနိုင်မရလုံးလုံး၊ သာသနာတွင်းမှာ တရားအစစ်မရလျှင် လူဖြစ်ကျိုး ရှုံးကြရမယ်။

သူများပြောတိုင်း မယုံနဲ့၊
သူများဟောတိုင်း မဖြုံနဲ့၊
သူများနိုင်းတိုင်း မလုပ်နဲ့၊
သူများကျွေးတိုင်း မစားနဲ့၊
သူများခေါ်တိုင်း မသွားနဲ့၊
သူများတောင်းတိုင်း မပေးနဲ့၊

လူအဖြစ်ရလာတဲ့ ခဏကလေး ထမင်း ၂-နပ်ပါဘဲ၊ မထူးပါဘူး။ ဒီကာမဂုဏ်ဟာ ဒီအာရုံပါဘဲ။ ထိပျောက်၊ ကြည့်ပျောက်ပါဘဲ။ အနိစ္စလက္ခဏာဆိုဒါ ဒီခန္ဓာမှာ။ ဒုက္ခဆိုဒါက အမိဝမ်းတွင်းကတဲ့ကမှတ်။ အနတ္တာဆိုဒါက လက်ဆုပ် ဖြန့်ကြည့်ကြတော့ မင်္ဂစာရင်းပြခဲ့ပြီ။ ကြက်ခြင်းဘဝက အခုလွတ်ပြီ။ ယခုတရားအစစ်နာရလို့၊ ယုံကြည်လို့၊ သိပိုင်လို့၊ သဘာဝကျလို့၊ ငါတို့ဖြင့် အပါယ်မကျတော့ဘူးလို့ သာဓု ၃-ကြိမ် ကျယ်ကျယ်ခေါ်၍ ဝမ်းမြောက်ကြစေကုန်သတည်း။

(အာယတန ပရမတ် တခန်းရပ်။)

× × ×

## ၇။ သတ္တမည ခေတ်-၁၈ ပရမတ်အခန်း

၁။ မဂ္ဂင် ၈-ပါး ပဏာမခန်း

၂။ ခေတ်-၁၈ တရားအသား။

၃။ နှုတ်ခမ်းမွေး ဦးပဏ္ဍိနိဂုံးသတ်။

### မဂ္ဂင် ၈-ပါး ဘာသာပြန် ပဏာမ

၁။ သမ္မာဒိဋ္ဌိ မှန်ဒါအခုယူ။

၂။ သမ္မာသင်္ကပ္ပ မှန်ဒါသိလို့ ခုကြံ။

ဒီ အင်္ဂါ ၂-ပါး ပညာစခန်း သန့်သန့် သက်သက် ဘာမျှထည့်မစွက်နဲ့။ အဘိဓမ္မာ ၇-ကျမ်း အဋ္ဌကထာ ဖြစ်ဘယ်။ အတွင်းဝင်သွားပြီ။ ကိစ္စပြီးသွားပြီမှတ်။ နောက် လာမရှုပ်နဲ့၊ ဘာကို မှန်ဒါယူရမှာလဲ၊ ဒီမှာကြည့်စမ်း။ ဟောဒီ ခန္ဓာကိုယ် တ

ကိုယ်လုံးကြီး၌ မှန်ဒါယူစမ်းပါ။ မှားဒါယူခဲ့ကြလို့ ဘဝတိုင်းသေ၊ ဘဝတိုင်းမူ၊ ဘဝတိုင်းထပ်မွေး၊ ထပ်သေ။ ဒါတောင်မှ ဘဝေဘဝေလို့ ဆုတောင်းကြသေးတယ်။ ဒီအပုပ်တုံးဟာ၊ မျက်စိနဲ့ပြူးကြည့်စမ်း၊ မျက်စိ မမှိတ်နဲ့ ဖွင့်ကြည့်၊ ဒီအပုပ်တုံးကို ဆုတောင်းဘို့သား၊ ဆုမတောင်းထိုက်ဘူး၊ ဆုပေးဒါ မှားပြီလို့ သိ။

## မှန်ဒါယူဒါ သမ္မာဒိဋ္ဌိမှတ်။

မှန်ဒါသိဘို့ ဘယ်လိုကြံစည်ရမှာလဲ၊ ဒိဋ္ဌိလွတ်ဘို့ ကြံရမယ်၊ တဏှာမာန ချုပ်ငြိမ်းဘို့ကို ကြံစည် စဉ်းစားရမယ် ယောဂီ။

သက္ကာယဒိဋ္ဌိရှိလျှင် – အပါယ်လေးပါးရှိ၏။

ဒုစရိုက် ၁၀-ပါးပြုဘို့ အနုသယအမြဲရှိ၏။

အခွင့်မကြုံသို့- အောင့်နေဒါ မှတ်လိုက်။

ငုပ်နေဒါ— အနုသယ။

အောင့်ဒါ၊ ချုပ်ထားတာ ပရိယုဋ္ဌာန။

ပွင့်ဒါ၊ဖွင့်ချဒါ- ဝိတိက္ကမ။

ကြံပြီ- ဒီခန္ဓာ အပုပ်တုံးဘဝက လွတ်ဘို့ကြံပါ၊ ဒီအသေတုံး ဒီအာရုံညော့်ခံတုံး၊ ဒီခံစားလို့ မပြီးတဲ့သွေးတုံး၊ ဒီထမင်းစားရင် သေဘက်နီးတဲ့ အတုံး၊ ဒီအာရုံ လိုက်လို့ ပျောက်ပျောက်သွားတဲ့ သွေးပုပ်တုံး၊ ဒီစည်းစိမ် ခံရတယ်သာ ထင်ပြီး၊ ဒုက္ခအစစ်ဖြစ်တဲ့ ဒွါရ ၆-ပေါက်က မပြတ်ထွက်ကျ ယိုစီးတဲ့အတုံး။

လက်ရှိမသာတုံး ပြန်မဖြစ်ဘို့ အကြံကို၊ ကြံစည်မှသာသမ္မာသင်္ကပ္ပမှတ်။ အကြံကြီး အစည်ကြီးမှတ်။ လေယာဉ်ပျံ လုပ်တဲ့ပညာ၊ စည်ရုံတည်တဲ့ ပညား ဘီအေ ပညာ၊ လောကီ စိန္တာမိုရ်

ပညာ၊ လောကဓာတ်ပညာတွေရဘို့၊ ကြံစည်ဒါကို သမ္မာသင်္ကပ္ပ မဟုတ်ဘူး၊ မဂ္ဂင် မခေါ်နဲ့ အရိယာ ဖြစ်ဘို့- ကြံယာ မဟုတ်ဘူး--။

၁။ သမ္မာဝါစာ- မှန်ဒါပြောပါ။

၂။ သမ္မာကမ္မန္တ- မှန်တဲ့အလုပ် လုပ်ပါ။

၃။ သမ္မာအာဇီဝ— မှန်တဲ့ဘာရှာ သိပြီးစား။

ဒါ သီလမဂ္ဂင်မှတ်၊ ဝိနည်းငါးကျမ်း ပါဝင်ပြီလို့ သိပါ။ မှန်ဒါဘာကိုပြောရမှာလဲ၊ ဘာစကားကိုပြောပြော တဲ့တဲ့ ဘွင်းဘွင်း၊ ရှင်းရှင်းလင်းလင်းပြော။ ပြောင်ပြောင် ပြော၊ ရဲရဲဝံ့ဝံ့ ပြော၊ ပြိုပြိုသသ ပြောပါ။

မိမိပြောဆိုခမ်းကြရင် မှန်ဒါပြော။ သူများ မေးလာသော် ဘုတ်ဒါ မှန်ဒါပြော၊ သမ္မာဝါစာ မဂ္ဂင်ဖြစ်အောင် ရေးတယ်။ အရိယာတို့၏ အနွယ်အဝင် ဖြစ်စေဘို့၊ ကြံယာကို ရေးတယ်၊ မဂ္ဂင်ဆိုဒါ နိဗ္ဗာန်သွားရာလမ်းကြောင်း အင်္ဂါမှတ်။

နိဗ္ဗာန်သို့ သွားရာ ဆိုတဲ့ အတိုင်း၊ နိဗ္ဗာန်ကို ခြေထောက်နဲ့ သသွားမှ ရောက်ရာဌာနရှိတယ်လို့ မယူနဲ့၊ ယူရင် မိစ္ဆာဒိဋ္ဌိမှတ်။ ရှုပ်မလာနဲ့ အုံး။

မှန်ဒါပြုလုပ်ရမှာကဘာကိုလဲ (ပြောဆိုဒါကဝစီနှုတ်ပါးစပ်) (လုပ်ဆိုဒါက ကာယ) ကိုယ်၊ လက်၊ ခြေ၊ ခန္ဓာကိုယ် ဘာကိုဘဲ လုပ်လုပ်၊ အကုသိုလ်မဖြစ်တဲ့အလုပ်မှန်လျှင်လုပ်တော့ လိုရင်းမှတ်။ သတ်မှု၊ ခိုးမှု၊ အလိုမကျသော၊ သဘောမတူသော၊ မဆိုင်မပိုင်သော ယောကျာ်းကို၊ ပြစ်မှား ကျူးလွန်ခြင်း၊ မိန်းမကို

ပြစ်မှား ကြူးလွန်ခြင်းမှားကို သမ္မာကမ္မန္တမှတ်။ အရိယာအင်္ဂါ ကို ရေးတယ်၊ တခြားမတွေးနဲ့ ဓမ္မအန္တရာယ်မှတ်။

မှန်တဲ့ တရားအစင်ကိုသိပြီး၊အသက်မွေးပါဆိုဒါ ဘယ်လိုလဲ ဒီ သီလမဂ္ဂင်ဆို သုံးပါးဟာ ပညာစခမ်းမဟုတ်ဘူး ယောဂီ။ ပရမတ္ထ သဘာဝနဲ့ မဆိုင်ဘူး။ သမုတိပညတ်ဘက်က မှတ်။ အသက်မွေးဝမ်းကြောင်း၊ ဘာကို လုပ်ကိုင် စားသောက်ရမှာလဲ။

၁။ သူများ၏ အသက်တွေကို သတ်ပြီး၊ သားကျွေး၊ မယားကျွေး ခန္ဓာမမွေးနဲ့ သုသာန်နီးပြီ။

၂။ သူများ၏ ပစ္စည်းတွေကို မသိအောင်ခိုးပြီး ငါ့သင် ငါ့ မယား၊ ငါ့ခလေးတွေစားရပြီးရော အသက်မရှည်ချင်နဲ့။

၃။ သူများ၏လင်၊ သူများ၏မယား ကိုပြစ်မှားပြီး၊ ဥာဏ် သွားတိုင်း ကြံစည်လို့ရတဲ့ ပစ္စည်း ပိုက်ဆံနဲ့ ဒီခန္ဓာမကျွေးပါနဲ့။

၄။ ထမင်းတလုပ် စားဘို့ လှည့်ပတ်ဖြားယောင်း ညာဝါး လိမ်သည်၍ ဒီမယား၊ ဒီလင်၊ ဒီခလေးတွေ၊ ဒီခန္ဓာပုပ်၏ ပါးစပ် တွင်းသို့ သွင်းဘို့ အသက်သွေခဲကို ကျွေးမြဲ မွေးမြဲ မလုပ်နဲ့။

၅။ သူများ ၂-ယောက် ချစ်ခင်မှုကို မဖျက်နဲ့၊ သူများ အပေါင်းအသင်း အဖွဲ့များကို ပျက်စီးဘို့မပြောနဲ့၊ သူများ အ ချစ် ၂-သင်း ကွဲပြားအောင်၊ သူများ၏ အဖွဲ့အစည်းပျက်စီးသွား အောင် လှည့်ပတ်ဖြားယောင်း ပြောဆိုပြီး ရတဲ့ပိုက်ဆံနဲ့ ထမင်း စားမှု အသက်မွေးခြင်းတွေ တော်ကြပတော့၊ သေဘက် နီးကြ ပြီ....။

၆။ ကြမ်းတန်းယုတ်မာသော စကား၊ တိုင်းခြင်း၊ ရိုင်းပြစွာ မြွောဆိုခြင်း၊ ဆဲဆို ဝေါက်အော် မောက်မော် ပြင်းပြသော

စကား၊ အရိယာ သူတော်ကောင်းတို့၏ နား၌ အခါးတမာကဲ့သို့ မကြားဝံ့ မနာသာ ပြောဆို၍ရမှ အသက်မွေးခြင်းကို ရှက်စမ်းပါ။

၇။ အချိန်ဖြုန်းတဲ့စကား၊ လူလေ လူပေါ့စကား၊ ဖဲ့ရိုက်ကြိုးထိုး၊ နွားတိုက်၊ ကျဲလောင်း၊ မြင်းလောင်း၊ လှေပွဲ ကြက်ပွဲ လက်ဝှေ့ပွဲ၊ဇာတ်ပွဲ၊ဆပ်ကပ်ပွဲ၊ ဘိုင်စကုတ်ပွဲ၊ အငြိမ့်ပွဲ ရုပ်သေးပွဲ မျက်လှည့်ပွဲ စသော စကား၊ စစ်တိုက်စကား၊ သူများ၏ အပြစ်စကားတို့ကို။ ဝါ၊ ဘာအကျိုးမှမရှိတဲ့ အလကားစကားတွေကို ပြောဆို၍ တသက်တခါ တနေ့ထမင်း ၂-နပ်မျှနဲ့ လင်ကျေး၊ မယားကျေး၊ ခလေးတွေကျောင်းထား၊ စားမှုနဲ့ကြွားသမျှ ချွဲဆိုက်ထားမှာ ဆုံးဒါပါဘဲ။

ဒါတွေကလဲ့လို့ ထမင်းမစားဘတ်ဘူးလား ယောဂီ။အရိယာ အပေါင်းတို့၏ သီလ,သမ္မာအာဇီဝကို ရေးနေတယ် ပြန်ဘတ်ပါ။ နံပါတ်မမှားနဲ့၊ ၇-နံပါတ်မဆုံးသေးဘူး။ အချို့လဲ သားကျေး,မယားကျေး ခဲခဲယဉ်းယဉ်း ရှာကြရတယ်။ ဘာအလုပ်နဲ့ အသက်မွေးရပါသလဲ၊ အများ အကျင့်မကောင်းဒါတွေ လိုက်ရှာတယ်၊ စုံစမ်းတယ်၊လခပေးပြီး စုံစမ်းခိုင်းတယ်။သူများတွေ၏ အကျင့်ဖေါက်ပြားဒါကိုဘဲ အသံလွှင့်တယ်၊ စာနဲ့ရေးပြီး ဝါဒဖြန့်တယ်။ မိမိ၏ အပြစ်၊ မယား၏ အပြစ်၊ သမီး၏ အပြစ်တွေကိုတော့ အသံမလွှင့်၊ စာထဲမှာရေးပြီး ဝါဒမဖြန့်ရဲ၊ တိတ်တိတ်ပုန်းကြိတ်ခံပြီး ထမင်းစားဘို့ ငွေရှာကြတယ်၊ ပြောဆိုကြရတယ်။

ဒီခန္ဓာယုတ်မာပုံ၊ မိမိ၏ အိမ်သားယုတ်မာပုံ အရှင်းမစုံစမ်း၊ မစစ်ဆေး၊ မမေးမြန်းပါဘဲ၊ ဒီခန္ဓာမသာတုံးအတွက် ကာယကံ

၃-ပါးနဲ့၊ ဝစီကံ ၄-ပါး၊ ပေါင်း ၇-ပါးကို ရှောင်ကြဉ်၍ စားမှု ဖြင့် မိမိခန္ဓာကို ကျွေးမွေးခြင်းဟာ သမ္မာအာဇီဝ မဂ္ဂင် ခေါ် တယ်၊ ပုဒ်ပြတ်မှတ်။

(ဒါ အရိယာအလောင်း၏ သီလ၊ အရိယာ၏ သီလမှတ်။)

၁။ သမ္မာဝါယာမ၊ မှန်တဲ့တရား ကြိုးစားရှာပါ။

၂။ သမ္မာသတိ၊ မှန်တဲ့တရား ရွေးမှတ်ပါ။

၃ သမ္မာသမာဓိ၊ မှန်တဲ့တရား၌ စိတ်အာရုံစိုက်ပါ။

မှန်တဲ့တရားရဘို့ရာ အသတ်ခန္ဓာကိုယ်ကို ဘုရားရှေ့၌ အဓိဋ္ဌာန်ပြု၍ မြတ်စွာဘုရားအားလှူပါ၊ လှူပြီးမှ နိဗ္ဗာန်လမ်းပြအစစ်၊ ဆရာမြတ်အား ခန္ဓာကိုယ်ကို အပိုင်အပ်နှင်း ဆည်းကပ်၍ ရိုသေစွာ မာနလျှော့ပြီး တရားအမှန်ကို တောင်းယူဘို့ တကယ်အား ထုတ်ပါ၊ သမ္မာဝါယာမမှတ်။

သပ္ပုရိသ မဟုတ်သော ဆရာ့ထံ၌ အရိယာသောတာပန်မဖြစ် နိုင်။ ခန္ဓာကိုယ်ကို စွန့်လှူပါက အကျိုးမဲ့ မှတ်ပါ။

(သမ္မာသတိ) ရုပ်နာမ်တို့၏ ဖြစ်မှုပျက်မှုကို ပိဋကတ်တော်နဲ့ ညီစွာ၊ သပ္ပုရိသထံက ကြားနာမှတ်သားခဲ့ရသော တရားအစစ်ကို စိတ်နှလုံးဖြောင့်မှန်စွာ ထပ်ခါထပ်ခါ ပွားများခြင်း၊ ဝေဖန်ခြင်း၊ ဆင်ခြင်ခြင်း၊ နှလုံးသွင်းမှတ်၊ (သတိ)ကို ရေးတယ်။

တွေ့ကရာရှောက်ပြီး သတိပြုဘို့မဟုတ်၊ သမ္မာသတိကိုရေးပြီ။ သတိကပေမဲ့ အစားစားရှိသေးတယ်။ အရိယာ သောတာပန် ဖြစ်လိုသော ယောဂီ၊ သူတော်ကောင်းဘို့၏ သတိ ထားရာမှာ အနဲဆုံး ရုပ်နာမ် ၂-ချက်၌ အနိစ္စမှု ဒုက္ခအစုစု၊ အနတ္တ-မဆိုင် မပိုင်မှု၊ ယောကျ်ား၊ မိန်းမ၊ မဟုတ်ပါကလားလို့သာ အမှတ်ပြု

ရမယ်။ သတိပြုဆိုဒါ ခန္ဓာရုပ်နာမ်မှတပါး အခြားကိုသတိမပြု ဘို့၊ ဆရာ့ကောင်းလျှင် အချိန်ကုန်တယ်၊ အလုပ်ပိုတယ်မှတ်။ အဘိုချုပ်မှာ သေခြင်းတရားကို မမေ့လျှင် သမ္မာသတိမှတ် ယောဂီ။

(သမ္မာသမာဓိ) အနုတ္တလက္ခဏာမှာတည်ပါ၊ဆောက်တည် ရာရပြီ။ မီးရထား နောက်ဆုံးတွဲ ဂါတ်တွဲ၌ အလံပြတဲ့ ဂါတ်ဗိုလ် ပါတယ်။ ရထားပေါ်သို့ တက်သူမရှိလျှင် အလံပြလိုက်ပြီး ရထားထွက်တယ်။ ရထားသွားပြီ။ နည်းဘူ၊ မဂ္ဂင်ရထားသို့ စီး နင်းလိုက်လိုသူ ယောဂီအပေါင်းတို့သည် သမာဓိခေါ်ခေါ်၊ သမထဘဲလုပ်လုပ်၊ အနုတ္တဉာဏ်မှာတည်တဲ့ သမာဓိကိုသာ သမ္မာသမာဓိ မဂ္ဂင်မှတ်၊ ရုပ်မနေနဲ့၊ လွန့်မတက်ပါနဲ့။

## မဂ္ဂင် ၈-ပါးတွင်ပါဝင်သော သမ္မာသမာဓိ အချက်ကို ရှင်းပြီ။

သမာဓိဆိုဒါ မိစ္ဆာသမဓိလဲ ရှိတယ်လို့သိ၊ အယူ မှားနေတဲ့ နေရာ၌ တည်ကြည်သောစိတ်၊ တနည်း တွဲတွဲပြောလျှင် ငါး မျှားနေတဲ့စိတ်၊ တောကြက်ထောင်နေတဲ့စိတ်။ ဂျိုးတယ်နေတဲ့ စိတ်၊ ကြက်ချင်းခွပ်ဒါ ကြည့်နေတဲ့ စိတ်။ မြင်းပွဲမှာအာရုံပြုနေ တဲ့ စိတ်၊ ဘိုင်စကုတ်ပြပွဲတို့၌ အာရုံစွဲမြဲနေတဲ့စိတ်၊ ပန်းချီရေး တဲ့စိတ်၊ ပန်းတိမ်ဆရာ၊ ပန်းပုဆရာ ပန်းဘဲဆရာတို့ရဲ့ စိတ်၊ ရိုးစားအာရုံစိတ်၊ ဒါတွေဟာ မိစ္ဆာသမာဓိမှတ်ပါ။

တည်ကြည်တိုင်း သမာဓိမှန်တယ်။ သမ္မာ သမာဓိကို ရွေးထုတ်။ သမ္မာ၊ ကောင်းစွာ။ ဝါ၊ ဖြောင့်စွာ။ ဝါ၊ မှန်သော။ ဝါ လမ်းကြောင်း၊ စင်ကြယ်သော။ ဝါ၊ စိတ်သန့်ရှင်းသော ဝါ၊ စိတ်၌။ အဘိဇ္ဈာ,ဗျာပါဒ,မိစ္ဆာ ဒိဋ္ဌိ မရှိသော။ (သမာဓိ တည်ကြည်ခြင်းပေတည်း။)

၁။ အဘိဇ္ဈာ-သူနှစ်ယောက်တို့၏ ပျော်မွေ့မှုကို မလိုချင် ကိုယ်သာ အလိုရှိခြင်း လောဘ။

၂။ ဗျာပါဒ- သူ၏အသက်ကို သေစေလိုသော ဒေါသ။

၃။ မိစ္ဆာဒိဋ္ဌိ- မှားသော အယူရှိခြင်း မောဟ။

ထိုသုံးပါး ကင်းလွတ် သန့်ရှင်းခြင်းကို သမ္မာ သမာဓိမှတ်။ နောက်ဆုံး ဂါတ်တွဲက။ ဂါတ်ဗိုလ်က အလံပြလိုက်လျှင်၊ ရှေ့ဆုံး ခေါင်းတွဲက ခုတ်မောင်း၍ သွားပြီမှတ်။ အရိယာ စာရင်းဝင် မဂ္ဂင်ဆိုဒါက သမ္မာဒိဋ္ဌိ၊ ပညာစခမ်း ခေါင်းတွဲက ဝိပဿနာ ဉာဏ်ကို တင်ယူနေပြီ။ အဓိပညာရှေ့ဆောင်သော သီလမဂ္ဂင်၊ ပညာ ရှေ့ဆောင်သော သမာဓိမဂ္ဂင်လို့ မှတ်လိုက်။ တွဲတိုင်း ဝိပဿနာပါဘယ်မှတ်၊

ပညာက္ခန္ဓမဂ္ဂင်- ပညာလမ်းစဉ်။

သီလက္ခန္ဓမဂ္ဂင်- သီလလမ်းစဉ်။

သမာဓိက္ခန္ဓမဂ္ဂင်- သမာဓိလမ်းစဉ်။

ဒါ့ကြောင့်၊ အရိယောအဌင်္ဂိကော မဂ္ဂေါ၊ ဝိပဿနာ- ဉာဏ် ပါဝင်သောပညာမှ အရိယာစခမ်းမှတ်။ ဝိပဿနာဉာဏ်ပါဝင် သောသီလမှ အရိယာစခမ်းမှတ်။ ဝိပဿနာဉာဏ် ပါဝင်သော သမာဓိမှ အရိယာစခမ်းမှတ်။

ရသေ့တံဆိပ်ပထမစာရင်းပြန်လှန်၊ စာပြလို့မှားလျှင် ခက်ထာမသိချင်နဲ့။ ဝါဒတွေ မျှားလျှင် ဓမ္မစကြာကိုကြည့်။

သီလ, သမာဓိ, ပညာ ဟောစဉ်မှတ်။
ပညာ၊ သီလ၊ သမာဓိ သိဘို့အစဉ်မှတ်။
သီလ၊ သတိ၊ ပညာလို့ မခေါ်ပါဘူး။
ပညာ၊ သီလ၊ သတိ လို့ ခေါ်ရိုးမဟုတ်ပါဘူး။

မဂ္ဂင် ရှစ်ပါးကို ပညာ ၂၊ သီလ ၃၊ သမာဓိ ၃-ဟု၊ ဝေဘန်ရာ၏။ မဂ္ဂင်ရှစ်ပါးကို ပညာ, သီလ, သမာဓိဖြင့် အဂိသဒ္ဒါဦးစီး၍ မှတ်ရာ၏။ အရိယာအင်္ဂါ အရိယာစာရင်းဝင်၊မြတ်တဲ့အင်္ဂါဖြစ်လို့ အဓိပညာ, အဓိသီလ, အဓိစိတ္တ ခေါ်ပြန်သည်မှတ်။

ပဒေသွာဒီပနီလမ်းညွှန်။
ဒီလင်္ကာ ကြေကြေ အရကျက်စမ်းပါ။
မပြတ်ရွတ်စမ်းပါ ဝိုင်းကောင်းကောင်းမှာ ရွတ်ပြပါ။

ကိုင်း-ယနေ့ညတော့ ၇-ညရှိပြီ၊ မီးဝင် မီးထွက် ၇-ရက် ဒိဋ္ဌိလွတ်ပြီ၊ သောတာပန်ဆိုဒါကလဲ အလွန်ဆုံး ၇-ဘဝ၊ ၇–နှစ်၊ ၇—လ၊ ၇—ခဏဆိုလျှင် အဟောခက်ပြီ ယောဂီ။လက်ပြမယ်, တက်ကြကွယ်၊ မဂ္ဂင်ရထား ဓမ္မစက်အစဉ် မမှားကြနဲ့၊ဝိသာခါ ဆိုဒါကလဲ၊ ၇-နှစ်သမီးက သောတာပန်တဲ့။အိုးနဲ့ အိမ်နဲ့ အမျိုးနဲ့ ဇိမ်နဲ့၊ပုဆိုးနဲ့ ထမိန်နဲ့၊သင်နဲ့သားသမီး၊အများကြီးပျော်၊ကားစီးလို့ မော်ပေမဲ့ အပါယ်မကျတော့ဘူးယောဂီ။ဘာ့ကြောင့်၊ (မြွေဆေးနိုင်လို့-ခမြွကိုင်။)

(သက္ကာယဒိဋ္ဌိဆိုတဲ့ လင်မီးနိုင်နေပြီ အတုခိုး။)

ဒါ—သမ္မာဒိဋ္ဌိ မဟုတ်လို့ ဘာဆိုမလဲ။ ကတဲအရေးမကြီးဒါ- အရေးကြီးကြလို့၊ ဓနဥ္စယသူဌေးသမီး သူဌေးကြီးမေဏ္ဍကရဲ့မြေး- မြင်သမျှငေးကြည့်ကြရတယ်။ ဘာ့ကြောင့် ဆံပင်က-ဥဒေါင်းမြီး၊ စုပေါင်းစီးလိုက်တော့ ဆံဖျားက အထက်ဆန်ပြီး ကော့နေပြန် တယ်။ ဆံပင်၏ကောင်းခြင်း အသားကတမျိုး၊ အရိုးကသွား၊ အရေပါးဆိုဒါက တကယ်လှတယ်ယောဂီ။ အရွယ်ကတော့ မြစ် ငယ်နဲ့ရွေးမရ။ ခလေးတမျှ မသိရှာကြသော်လဲ ဝိသာခါအလှ အရိယာဉာဏ်ပထမ ၇-နှစ်သမီးကရတယ် ဘာပြောမလဲ။ စားချင် တိုင်း အိပ်ချင်တိုင်း၊ ပျော်ချင်တိုင်းဉာဏ်ရှိဒါ မလ္လိကာ အကျိုး ဝတ်တယ်။ ကိုယ်လုံးစွတ် ဥက္ကောင်းအထွဋ်ကရတနာ ၇-ပါး (၇-ခမ်း၊ ၇-ရက်စဉ်၊ အာဘိမမ္မာ ၇-ကျမ်း၊ နေ့ ၇-နေ့။) ဒါအလွန် ကြွားဒါဘဲလို့ မြင်ရင်မနာလိုဒါမှတ်။ သူ့လိုမဝတ်ရလို့ တကျာ ပိုဒါမှတ် ဒီနေရာလေးလေးဘတ် ယောဂီ။)

## သူ့ရှိလို့ သူဝတ်ထာမြင်ရင်။

အံမယ် တယ်ကြွားပါကလားတဲ့၊ ဒါမလိုဒါမှတ်။ ကိုယ်မှာ မရှိလို့ သူများဝတ်ထာ မနာလိုဒါအဘိဇ္ဈာမှတ်။ သူများဇိမ်ခံ ဒါမကြိုက်၊ မိမိဇိမ်ကိုတော့အလိုရှိ တိုက်ကောင်း၊ ကားကောင်း၊ အိမ်ကောင်း၊ အဝတ်ကောင်း၊ အစားကောင်းဆိုဒါ သူ့ရှိလို့သူ သုံးဆောင်တယ်၊ ခံစားဘယ်၊ ဒါကိုမြင်တဲ့လူက အံမယ်—တယ် မော်လာပါကလား တယ်မောက်လာပါကလားလို့ (ထင်ဒါ အန္ဓက မနာလိုဒါမှတ်။)

ဥက္ကောင်းအထွင်က၊ ကိန္နရာအမောက် အလိမ္မာဆိုဒါလဲ ဒီ တယောက်၊ ဘုံစဉ်စံတယ်လို့လဲ ကျမ်းဂန်က မြွက်ပြီးပြီ။ဘာ မလိုသလဲ ပြောပါအုံး၊ မဂ္ဂင်ရထားနဲ့ ဟို-နိမ္မာနရတိ နတ်ပြည် က နတ်မင်းကြီးရဲ့ နတ်မိဖုရားကြီး ဖြစ်ပြီး၊ အခု ဉာဏ်သွား သလောက် နတ်ဘုံမှာ ခေတ်ဂုဏ်နဲ့ ခံစားကာမောက်နေဘီ၊ မှတ် ကရော့။လူ့ပြည်တုံးကသားကတဆယ်၊ မိန်းမက ဆယ်ယောက်၊ မြေးပေါင်းက ၄၀၀ ရှိ၊ မြစ်အထိဆိုတော့ ၈၀၀၀၊ ကဲ ဒါ အဂါရမုနိ အိမ်ထောင်ရှိရက်ကနဲ့ မုနိမှတ်၊ ဘိက္ခုမှတ်—ရဟန်း မှတ်။

အဘိဓမ္မာ ရဟန်းမှတ်။ဝိသာခါ နခမ်းမသာ်ထာက ဘာလဲ၊ တဏှာကျန်တယ် ကျန်ဒါ တဏှာဟုတ်ဘယ်။ တဏှာ ရှိပေမဲ့ အပါယ်မကျဘူး။ဒီလို လမ်းမှန် လမ်းစစ်ကိုရှာပါ၊ ဒါ-သမ္မာဒိဋ္ဌိ အောင်လက်မှတ်ရလို့ ။

သမ္မာသင်္ကပ္ပဆိုဒါက မြန်မာလိုတော့ ကြံစရာပိုနေပြီ။ ဘုံစဉ် စံနေပြီ၊ သီလ-သမာဓိ ၂-ပါးအင်္ဂါဆိုဒါက ခလေးဘာငထဲက ပြည့်စုံပြီးပြီမှတ်။

ပညာ့ သီလ့ သမာဓိ့ ဝိသာခါရဲ့ဉာဏ်မှာ တပါးတည်း ပါ ဝင်ဘယ်လို့ သိ၊သတိက တခြား၊ သမာဓိက တဌာန၊ စာပြတိုင်း မလိုက်နဲ့၊ဒေသနာဆိုဒါက တချက်စီဟောပြရတယ်၊တခုစီ ခွဲရေး ရတယ်၊တခုစီ-တဌာနစီ ဟောပြတိုင်းမသိုက်ကြနဲ့ ယောဂီ။မဂ္ဂင် ၈ ပါး တထဲခ်စီမတက်ပ နဲ့၊ သီလ့သမာဓိ့ ပညာကို တဌာနစီ မရှာကြနဲ့။ ဒါန့ သီလ့ ဘာဝနာကိုလဲ တမျိုးစီထင်မနေကြနဲ့၊ အနိစ္စ့ဒုက္ခ့အနတ္တာ လက္ခဏာသုံးချက်ဆိုဒါလဲမသိသူမှာသုံးချက်။

သိသူမှာ တလုံးထဲဘဲ တွက်ပါတယ်။ သုတ္တန်ရယ်၊ ဝိနည်းရယ်၊ အဘိဓမ္မာရယ်၊ ပိဋကတ်တော် သုံးသွယ် ကိုလဲ တလုံးထဲသိ။ ဝိမုတ္တိရသ ဘာလဲ၊ လွတ်ဘိုကိစ္စ တကိစ္စထဲမှတ်။ ဆရာရေးမယ်၊ ဆရာပြောမယ်၊ ဆရာလက်ထပ်ပြမယ် ယောဂီ

ဓမ္မစက်အရ မှန်ဒါယူလျှင်၊ ခန္ဓာကိုယ်လူသင်လို့ ခက်ထာဘဲ။ ဓမ္မစကြာထဲကတော့ သမ္မာဒိဋ္ဌိတဲ့။ ကောဏ္ဍညရေ-ကောဏ္ဍညရဲ့ အတ္တနဲ့ကာမ ၂ ဘက်အစွန်းမမြင်ကြနဲ့တဲ့၊ ဘာ့ကြောင့်၊

ရူပံ နိစ္စံ ဝါ အနိစ္စံ ဝါ-အနိစ္စံ ဝါ ဘန္တေ၊ ဒါသမ္မာဒိဋ္ဌိ။

ရူပံ သုခံ ဝါ ဒုက္ခံ ဝါ-ဒုက္ခံ ဝါ ဘန္တေ၊ ဒါသမ္မာဒိဋ္ဌိ။

ရူပံ အတ္တံ ဝါ အနတ္တံ ဝါ-အနတ္တံ ဝါ ဘန္တေ၊ ဒါသမ္မာဒိဋ္ဌိ။

ယောဂီစဉ်းစားစမ်း၊ ဒီနေရာကောဏ္ဍည သောတာပန် ဖြစ်တယ် ဒါအနာဂါရရဟန်း၊အာဂါရ-ရဟန်းဖြစ်ထာလဲ သမ္မာဒိဋ္ဌိဉာဏ်ဘဲ၊အနာဂါရ-ရဟန်း ဖြစ်ထာကလဲ သမ္မာဒိဋ္ဌိဉာဏ်ဘဲ မှန်တယ်။ ဉာဏ်ရယ်ဆိုပေမဲ့ မာန်ကွဲ၊ သဏ္ဌာန်ကွဲ၊ ဉာဏ်နဲ့သူကာနေးတဲ့ဆရာကပ်၊ ဉာဏ်ရှိသူမြန်တဲ့ ရထားလိုက်။

သီလ,သမာဓိကြိုက်ပေမဲ့၊ အနတ္တာဉာဏ်ပါရဲ့လားမေး၊ မပါသေးရင် မဂ်ရဘို့ လိုသေးတယ်၊လိုသေးတယ်လို့ အရိယာစခမ်း မြင်စေဘို့ (၈-ဌာနမဂ္ဂင်။) ဝိသာခါလမ်းစဉ်ကို အတုရိုးချင်မိုး၊ ကောဏ္ဍည လမ်းစဉ် လိုက်ချင်သူကလိုက်၊ မဂ္ဂင်ရထားဆိုဒါ၊ ဘူတာဆိုက်မှသိမယ်။ ဒါ့ကြောင့် အာဂါရ ရမုန်း-အနာဂါရမုန်း၊ အိမ်ထောင်ရှိ၊အိမ်ထောင်မရှိ၊(မှန်ဒါယူလျှင် သမ္မာဒိဋ္ဌိ) အစင်ပါကလားလို့၊ ဩဝါဒ်-ပညာဝေန်းသာလိုရင်းဘဲလို့၊ ဩဝါဒ်-ရုပ်

နာမ်မှတဆင့် ခေတ်စခမ်းသိဘို့ပါကလားလို့ မုနိ ၂-မုနိ သမုတိနဲ့ ပရမတ္ထ အတ္တနဲ့-ကာမ၊မဇ္ဈိမ ဗဟိုကျလျှင် နဂိုရ်ကကာမဂုဏ်စိတ်သန်သူတို့မှာ အလိုကျ ဓမ္မာရုံနိဗ္ဗာန်ဆိုဒါ ဒီမှာ ဟောဒီမှာ ယောဂီ၊မျက်စိမပြာနဲ့၊လက်ရှိရာ လက်ပြဒါကြည့်၊သက္ကာယဒိဋ္ဌိ၊ အမြစ်အခြေပြုပြီး ပဒေ္သဒဘာ လမ်းညွှန်လိုက်သည် ယောဂီ။ ပြန်ဘတ်။

(မဂ္ဂင် ၈-ပါး ပဏာမ တခဏ်းရပ်။)

× × ×

## ခေတ် ၁၈-ပါး ပရမတ် တရားအသား။

ယနေ့ည နောက်ဆုံးညမှာ၊ ပေါက်လုံးဘ-ခေတ်။ ခေတ်ဆိုတာ ဘာသာပြန် ဘာလဲ။ ဖြစ်ချင်သလို ဖြစ်ထာခေတ်၊ ခေတုခေတ်။

| | | | | | |
|---|---|---|---|---|---|
| ဆင်း | သံ | နံ့ | သာ | တွေ့ | တရား |
| မြင်စိတ် | ကြားစိတ် | နံစိတ် | စားစိတ် | ထိစိတ် | သိစိတ် |
| စိ | နား | နှာ | လျှာ | ကိုယ် | ဘဝင်စိတ် |

ယောဂီ၊ နမ္မုနာပုံစံကို သူ့အကွက်နဲ့ သူ ပေါင်းသင်းဆက်ဆံရင်း ထိပျောက်၊ ကြည့်ပျောက်၊ အနိစ္စရောက်ကြဒါကို လူထင်ကြ၏။ ယောကျ်ား, မိန်းမတွေထင်ကြ၏။ ပုဂ္ဂိုလ် သတ္တဝါတွေထင်မှားကြ၏။ ခက်ထာဘဲ ယောဂီ။

ခေတ်ကို လူထင်၊ မြူမစင်၊ ပူပင်ငါစိတ်မိုက်။
အာရုံတိုင်းပင်၊ လိုက်စားလျှင်၊ စွဲချင်ငါစိတ်မိုက်။
နိဗ္ဗာန်ဆိုဒါ၊ မြို့ပြည်ရွာ၊ ထင်ဒါငါစိတ်မိုက်။
**သပ္ပုရိသ-ဟောမရ၊ မောလှငါစိတ်မိုက်။**

ယောဂီ၊ မိမိမျက်စိက ဘာကို အကြိုက်ဆုံးသဲ မေးပါ။ **နား ကိုလဲ မေး။** နှာခေါင်း စစ်ဆေး၊ လျှာနဲ့ ကိုယ်ကာယ ၂-ပါးကို **မေးဘို့** လို့မသို၊ **စိတ်ပေါက်က** ဘာကို အနှစ်သက်ဆုံးလဲ။

**အသက်ရှည်တယ်၊ အသက်ရှင်တယ်၊ အသက်ရှိတယ်။** ယောဂီ **၏** အသက်-၂ဝ၊ ၃ဝ၊ ၄ဝ၊ ၅ဝ၊ ၆ဝ၊ ၇ဝ၊ ၈ဝ-ရှည်ဒါကို ဖယ် **စမ်း**ပါ။ တမိနစ်မှာ အသက် ဘယ်မျှ ရှည်ပါသလဲ။ **အသက်** ဘယ်မှာလဲ ရှာ တွေ့အောင်ရှာပါလေ။

ရူပါရုံ **အဆင်း**ခေတ်နဲ့ စက္ခုပသာဒရုပ်**ခေတ်**နဲ့ ထိခိုက်တိုင်း ပေါ်လာသော မြင်စိတ် စက္ခုဝိညာဏ်ဖြစ်ရတယ်။ ဖြစ်ပြီး တည် **နေ**သလား၊ ပျက်သွားတယ်လို့ သိ၊ သက္ကာယဒိဋ္ဌိမရှိ၊ မြင်တယ် လို့ အမှတ်ဖျောက် ခေတ်ပေါက်ပြီမှတ်။

ငါမြင်တယ် ယူလျှင် အန္ဓ။
ငါကြားတယ် ယူလျှင် အန္ဓ။
ငါနံတယ် ယူလျှင် အန္ဓ။
ငါစားတယ် ယူလျှင် အန္ဓ။
ငါထိတယ် ယူလျှင် အန္ဓ။
ငါသိတယ် ယူလျှင် အန္ဓ။

ဒီလိုမိစ္ဆာအယူနဲ့ ဘာကု သိုလ်ဘဲလုပ်လုပ်၊ သက္ကာယဒိဋ္ဌိအစွဲ မပြုတ်။ ခေတ်တို့၏သဘောထား၊ သူ့ဘာသာသူဖြစ်ပျက်တိုက်

**နိုက်၊** တိုးငှေ့တွေကြုံ ကြိုက်ဆုံ ကွယ်ပျောက်၊ ဖြစ်ချင်တိုင်း ဖြစ်ထာ ခေါ်တော်ပေါက်။

အပေါ် ၆-ပါးကို အတိုက်ခေါ်တော်မှတ်။ အောက် ၆-ပါးကို အခံခေါ်တော်မှတ်။ အလယ် ၆-ပါးကို မီးပွင့်ခေါ်တော်မှတ်။ ဥပမာ—မီးခြစ်အိမ်က ခေါ်တော်မ အခံခေါ်။ မီးခြစ်ဆံက ခေါ်တော်ဖို အတိုက်ခေါ်၊ အလယ်ခေါင် မီးတောက်က သားသွီးနဲ့တူသော မီးပွင့်ခေါ်တော်မှတ်၊ ခက်တယ် ယောဂီ။

**တကိုယ်လုံး ခေါ်တော်လို့ ယူနိုင်ရင် ကိစ္စပြီးပါတယ်။**
**ပေးတိုင်း ယူနိုင်ခဲ့တယ်၊ မယူနိုင်သော်လဲ ခေါ်တော်မှတ်။**

အချို့က တရားပြောဆဲမှာ၊ တရားဟောဆဲမှာ၊ နာယူတုန်းအခါမှာ၊ စဉ်းစားခိုက်မှာ ခေါ်တော်ဆိုဒါ ဟုတ်တယ်။

**ဟုတ်ပေမဲ့ ဆိုဒါက မယူနိုင်လို့။**

ဟုတ်တယ်၊ ပြောတုန်းကတော့ ယူတယ်။ ဟုတ်ပေမဲ့ ဆိုပြီး ပြန်ပေးတယ်။ တကိုယ်လုံး အတွင်းအပြင် ခေါ်တော်သဘောချည်း မှတ်လိုက်။

ခေါ်တော်သဘောတော့ ဟုတ်ပါရဲ့၊ ဒါပေမဲ့—
ခေါ်တော်ဆိုတာတော့ မှန်ပါတယ်၊
ခေါ်တော်အစုပြောဒါ ဟုတ်တော့ဟုတ်တယ်—
ခေါ်တော်ချင်းချင်းဆိုဒါ မှန်သော်လဲ—
ခေါ်တော်ဆိုင် ခေါ်တော်ခဲ့ဆိုဒါ တကယ်ဟုတ်ပေတဲ့—
ခေါ်တော်သဘောအစစ် ဟုတ်ပေတယ်လို့—

ရဲ့၊မဲ့၊တဲ့၊လို့၊လဲ၊ဒီလို အသံထွက်လာရင် ဒီလူဟာ လူဘဲမှတ်၊ ဓာတ် မဟုတ်သေးဘူး။ဓာတ် ၁၈-ပါးကို မြတ်စွာဘုရား၏ ဂုဏ်ကြောင့် ဟုတ်ပါတယ် လိုက်ထာ။ ဟုတ်ရင် ဘာမှပြန်မပြောလျှင် အရိယာမှတ်။ ဟုတ်တော့ ဟုတ်ပါရဲ့ ဟုတ်ပေမဲ့ ခုခံနေရင် ဒီမဲ့ကို မဖြုတ်သမျှ ဒီလူ အပါယ်ကျရမယ် မုချမှတ်။

၁။ မျက်စိက မြင်သမျှ ရူပါရုံအဆင်းတွေကို ဓာတ်လို့ သိပါ၊ မျက်စိရုပ်ကိုလဲ ဓာတ်၊ မြင်စိတ်ပေါ်သမျှကိုလဲ ဓာတ်။ တွေးလဲ တွေး၊ စဉ်းလဲ စဉ်းစား တိုင်ပင်နေဘ် သတိပြု။

ယနေ့ည နောက်ဆုံးညမှာ လာတဲ့ပရိသတ်များ ကုသိုလ်ထူးတယ်။ လိုရင်းအကျဉ်းဆုံး အမှတ်ရလွယ်တယ်။ ဓာတ် တလုံးပေါက် အမြတ်ဆုံးရောက်ပြီလို့ ဝမ်းမြောက်။

၂။ နားက ကြားသမျှ သဒ္ဒါရုံအသံတွေကို ဓာတ်လို့ယူပါ၊ နားခေါမှူ ရုပ်ကိုလဲ ဓာတ်။ကြားစိတ်တွေ ပေါ်လာဒါလဲ ဓာတ်ပါဘဲ ယောဂီ။ပေးဒါယူ တွေးဒါကလူ၊ ဓာတ်အစစ်ကို လူထင်ဒါ အနာဆုံးမှတ်။ မြေကြီးကို ရန်ကုန်မြို့ ထင်တယ်။ မန္တလေးမြို့ထင်ဒါ ရှက်ဘို့အကောင်းဆုံး။

## ၃၂-ကောဋ္ဌာသကို လူထင်ဒါက
## သာသနာတော်မှာ လူဖြစ်ကျိုးရှုံးဒါဘဲ။

၃။ နှာခေါင်းက နမ်းသမျှ နံ့သမျှ ဂန္ဓာရုံအနံ့တွေကို ဓာတ်အစစ်လို့ယူတော့။ မယူပေမဲ့ ဓာတ်အစစ်၊သူ့သဘော ငါဝင်၍ မနှောနဲ့။ နှာခေါင်းရုပ်လဲ ဓာတ်၊ နံ့တဲ့စိတ်တွေလဲ ဓာတ်ပါဘဲ၊ တိုင်ပင်ပါ။

၄။ လျှာက စားဒါ ရသာစုံ အရသာ။ အစာဟူသမျှ ခေတ် ပါဘဲ။ လျှာရုပ်လဲ ခေတ်။ အရသာ၌လို့ စိတ်ပေါ်သမျှတွေလဲ ခေတ်၊ ငါထမင်းစားတယ်မယူနဲ့၊ တရားရှာဒါ မဲ့မယ်၊ တရား နာရဒါ သြောင်းတယ်၊ စာကြည့်ရဘာ မျက်စိအလုပ်များမယ် မှတ်။ခန္ဓာကိုယ်ကို မြင်အောင်ရေးပြီး စင်အောင်တွေး ယောဂီ။

၅။ ကိုယ်ကာယ ထိခိုက်သမျှ ဖေါဋ္ဌဗ္ဗာရုံ အတွေ့ဆိုဒါ **ခေတ်အစစ်၊** ကာယပသာဒရုပ်ကလဲ ခေတ်၊ ကာယ ဝိဉာဏ်စိတ် **ထိစိတ်တွေလဲ** ခေတ်၊ အဟုတ်ခေတ်အစု၊ အပုပ်လဲ ခေတ်အစု၊ **လူ**ဟုယူလျှင် လူဖြစ်ကျိုးမနပ်ဘူး ယောဂီ။

## လူမစွန့်နဲ့—အယူစွန့်၊ လူမပြောင်းနဲ့-အယူပြောင်း။

တချို့က တရားရအောင် ဆံပယ်၊ အဝတ်ပယ်၊ အစား ပယ်၊ မယားပယ်၊ လင်ပယ်၊ စီးပွားနဲ့ သွီးသားပယ်၊ အိမ်ပယ်၊ ကျောင်းပယ်၊ မှားမယ်နော်၊ သာသနာတွင်း တရားဆိုဒါက၊ သက္ကာယဒိဋ္ဌိကိုသာပယ်ကြ၊ အပါယ်မကျ၊ ခုခေတ်လူငယ်တွေက **အမြင်**မှန်ရကုန်ပြီ။

## (လူသေကောင် တရားမနာဘူး)

၆။ မနောတွင် စိတ်ဟာ ခေတ်၊ ဓမ္မာရုံတရားတွေလဲခေတ်၊ မနောဝိညာဏ်သိစိတ်တွေဆိုသမျှ ခေတ် ၁၈-ပါးသုံး ခေတ်မှတ်၊ ခေတ်ဆိုလျှင်ပုဂ္ဂိုလ်သတ္တဝါပျောက်ရုံမက၊ အသက် ဇီဝ မရှိရုံမျှ မက၊ နှမ်းစေ့ခန့်မျှ ရှာလို့မရ၊ လူတွေလျှင် လူဖြစ်မယ်မှတ်၊ ခေတ်တွေလျှင် ခေတ်ဘဲဖြစ်မယ်မှတ်။

နဇူတ္တ ဝ-မိန်းမ မဟုတ်။
နပုရိသော-ယောကျ်ားမဟုတ်။
နဇီဝေါ-အသက်မရှိ။
နပုဂ္ဂလော-ပုဂ္ဂိုလ်အရှင်းမရှိ။
နသတ္တော-သတ္တဝါ လုံးဝမရှိဘူး။

ကုသိုလ်ပြုတဲ့သူ-အကုသိုလ်ပြုတဲ့သူမရှိ။
ကုသိုလ်ကံကြောင့် သုခချမ်းသာကို ခံရသူမရှိ။
အကုသိုလ်ကံကြောင့် ဒုက္ခဆင်းရဲကို ခံရသူမရှိ။
မရှိ၊ ဘာရှိသလဲ၊ ဓမ္မသာရှိတယ်မှတ်။
ဓမ္မဆိုတာဘာလဲ၊ သတ္တဝ မဟုတ်၊ အသက်မဟုတ်။
တရားအစစ်သိပိုင်သူမှာ အကုန်လုံး ဘုရားချည်းမှတ်။
တရားအစစ်မရ, မသိသူတို့မှာ အကုန်လုံး မတရားချည်းမှတ်။
ပုဂ္ဂိုလ်သတ္တဝါမရှိ၊ ဓမ္မခေက်သာ တကယ်ရှိ။

## ခေတ် ၁၈-ပါးကို သမ္မော အဌကထာအရ၊

## (ဝိပဿနာဉာဏ် အရကို ရေးပြီ)

စက္ခုံ အနိစ္စံ ဒုက္ခံ အနတ္တံ။
ရူပံ အနိစ္စံ ဒုက္ခံ အနတ္တံ။
စက္ခုဝိညာဏံ အနိစ္စံ ဒုက္ခံ အနတ္တံ။

၁။ စက္ခုပသာဒရုပ် မပြတ်ပျက်၊ စက္ခုပသာဒ ရုပ်အစု ဘောကြီးအစစ်၊ စက္ခုပသာဒရုပ်ဟာ ယောကျ်ား၊မိန်းမ, မဟုတ်၊ ခေတ်သဘောမှတ်။

၂။ ရူပါရုံ အဆင်းရုပ် မပြတ်ပျက်။ ရူပါရုံ အဆင်းရုပ်၊ ဘေးအစစ်၊ ရူပါရုံ အဆင်းရုပ် ပုဂ္ဂိုလ်သတ္တဝါ အရှင်းမဟုတ်၊ ခါတ်သဘောမှက်။

၃။ စက္ခုဝိညာဏ်စိတ် ပျက်နေတယ်၊ စက္ခုဝိညာဏ် စိတ်ပေါ်တိုင်း၊ဘေးဒုက္ခအစစ်၊ စက္ခုဝိညာဏ်စိတ်ဟာ ယောကျ်ားလဲမဟုတ်၊ မိန်းမလဲမဟုတ်၊ အသက်ဇီဝ အရှင်းမဟုတ်၊ ခါတ်သဘောမှတ်။

သောတဒွါ-လက္ခဏာသုံးချက် ဝိပဿနာရှု။
ဃာနဒွါ-လက္ခဏာသုံးချက် ဝိပဿနာရှု။
ဇိဝှါဒွါ—လက္ခဏာသုံးချက် ဝိပဿနာရှု။
ကာယဒွါ-လက္ခဏာသုံးချက် ဝိပဿနာရှု။
မနဒွါ-လက္ခဏာသုံးချက် ဝိပဿနာရှု။
ပရိယတ် ဥပဒေအရ ရေးပြလိုက်သည်။
ပရိယတ်မှာဆင့်၊ပဋိပတ်တက်ပါ၊ပဋိဝေဒရောက်မှ ကိစ္စပြီးမယ်။

အသုဘ ၃၂ ကောဋ္ဌာသကို ခါတ်ခွဲပြီ။

၁။ ဆံပင်၊ သွေးကဖြစ်တယ်။
၂။ မွေးညှင်း၊ ပုဂ္ဂိုလ်မဟုတ်။
၃။ ခြေသည်းလက်သည်း-သူ့ဘာသာသူဖြစ်၊
၄။ သွား၊ စိုက်သူမရှိဘူး။
၅။ အရေ၊ ကျားမ မဟုတ်။
၆။ အသား၊ အထီးလား၊ အမလား။
၇။ အကြော၊ သူ့သဘော ကေန်။

၈။ အရိုး၊ မိန်းမမှန်း သိသေးရဲ့လား။

၉။ ရိုးတွင်းချဉ်ဆီ အသက်ဘယ်မှာလဲ။

၁၀။ အညို့၊ ပျိုတယ်, အိုဘယ်မရှိ။

၁၁။ နှလုံး၊ သူတောင်းစားလား။

၁၂။ အသည်း၊ ရှင်ဘုရင်ဆိုမလား။

၁၃။ အမွေး၊ တခုလပ်လား၊ မုဆိုးမလား။

၁၄။ အပျဉ်း၊ မြို့ပိုင်လား၊ ဇရေးပိုင်လား။

၁၅။ အဆုတ်၊ အတွင်းဝန်၊ ပြင်ဝင်ဆိုမလား။

၁၆။ အူမ၊ ဘယ်သူလုပ်ထားသလဲ။

၁၇။ အူသိမ်၊ အိမ်စောင့်နတ် စီမံသလား။

၁၈။ အစာသစ်၊ ဖြစ်သလို သူ့သဘော။

၁၉။ အစာဟောင်း၊ ဖြစ်ချင်တိုင်းဖြစ်။

၂၀။ ဦးနှောက်၊ ရေကြည်ကဖြစ်ထာ။

၂၁။ သည်းခြေ၊ ရေမြှုပ်ကဖြစ်တယ်။

၂၂။ သလိပ်၊ သုတ်သွေး။

၂၃။ ပြည်၊ သွေးခဲက စတယ်။

၂၄။ သွေး၊ သူခွေးလား၊ သူဌေးကတော်လား။

၂၅။ ချွေး၊ မင်းလား၊ မင်းကတော်လား။

၂၆။ အဆီခဲ၊ ဘယ်သူက ခဲအောင် လုပ်ထားလဲ။

၂၇။ မျက်ရည်၊ ဘာကဖြစ်သလဲ ယောဂီ။

၂၈။ ဆီကြည်၊ ဝိုင်းဖွဲ့တွေး၊ ဇာတိတုံးကသွေး။

၂၉။ တံတွေး၊ ကောင်းကင်က ကျလာသလား။

၃၀။ နှာ၊ နှာတံလှတယ်ထင်၊ အနှု။

၃၁။ အငေး၊ ဘယ်လိုဘဲမှတ်မှတ် သဘာဝခေတ်။
၃၂။ ကျင်ငယ်၊ ကိုယ်လုပ်လို့ ဖြစ်သလား။

## ကျား,မ, မပျောက် ဘယ်တော့မှ ခေတ်မပေါက်။

ယောဂီ၊ မိမိ၏ ခန္ဓာကိုယ် တကိုယ်လုံး၌၊ ဆံဖျားက ခြေဖျားတိုင်အောင်၊ ခြေဖျားကစ၊ ဆံဖျားတိုင်အောင်၊ ယောကျ်ားလား၊ မိန်းမလား၊ အခေါက်ခေါက် အခါခါရှာပါ၊ ကွက်လပ်မရှိအောင် ရှာပါ။

တရားရဘို့ အသားက သက်သေခံမယ် ယောဂီ။
ဝိပဿနာဉာဏ်ကို ရေးနေတယ်၊ အလုပ်မခေးနဲ့။
အလုပ်မေးလျှင် ကူလီဂိုဏ်း ဝင်ရမယ်မှတ်။

## ယောဂီ ခေတ်ကို ပိုင်ပိုင်စဉ်းစား။

၁။ အရှေ့ဘက်က သတ္တဝါအူသံ- တူ-တူ-တူ ၃-လုံး။
၂။ အနောက်ဘက်က ကားဟွန်းသံ- ဂွိ-ဂွိ-ဂွိ ၃-လုံး။
၃။ တောင်ဘက်က-ချီးကျူးသံကောင်းပါတယ် ၃ လုံး။
၄။ မြောက်ဘက်က-ဆဲသံ၊မအေပေး ၃-လုံး။
၅။ ရှေ့တောင်က-ခေါ်သံ၊ လာပါအုံး ၃-လုံး။
၆။ ရှေ့မြောက်က-နှင်သံ၊မြန်မြန်သွား ၃ လုံး။
၇။ နောက်တောင်က အော်သံ၊ အမယ်လေး ၃ လုံး။
၈။ နောက်မြောက် သီချင်းသံ၊ ဖေါ်ကွာဝေး ၃ လုံး။

ယောဂီ၏နား၌ အသံ ၃ လုံးချင်းတူရဲ့လား၊ မတူသေးရင် ခေတ်မပေါက်သေးဘူး။ တူရင်ပေါက်ပြီမှတ်။ တရားပြောဆဲ၊ တရားတွေးဆဲ၊ ခေတ် ၃ လုံးချင်းတူတယ်။

အလိုရှိအာရုံကောင်း ဣဋ္ဌာရုံ၊ မလိုမရှိတဲ့အာရုံဆိုး၊ အနိဋ္ဌာရုံတို့နှင့် တကယ်အမှတ်မဲ့ ထိခိုက်လာသည်ဖြစ်စေ။ ပြောင်ပြောင်မေးပြီးမှ၊ တွေ့ကြုံလာသည်ဖြစ်စေ၊ လောဘဖြစ်လျှင်ဖြစ်၊ မဖြစ်လျှင် ဒေါသကေန်ဖြစ်ရမယ်မှတ်ပုဒ်မြတ်။

## ရှင်းတမ်း။

| ပညတ် | ပရမတ် |
|---|---|
| ရန်ကုန်မြို့ | ရန်ကုန်မြို့၊ |
| နာမည်ကြီးတယ် | အသံသုံးလုံးကြီးတယ်။ |
| အန္ဓပာလ | ကလျာဏအရိယာ၊ |

× × ×

## ခွာတ်ကို လက်တွေ့ မျက်တွေ့ လိုက်ပါ။

ထိကြည့်၊ ကိုင်ကြည့်၊ မျက်စိနဲ့ ဖွင့်ကြည့်၊ ပြူးကြည့်၊ လက်နဲ့ ကိုင်ကြည့်၊ လက်နဲ့ထိကြည့်၊ မိမိကိုယ်မှာ တရားရှာ၊ အခြားမှာ မရှာနဲ့ ယောဂီ၊ ဆံဖျားကစပြီး ထိလျက် ကိုင်လျက်—မေး ယောကျ်ားလား၊ မိန်းမလား၊ အသက်ဇီဝလား တရားရှာရင် အသားက အဖြေပေးမယ်မှတ်။

**ရန်ကုန်မြို့ ဘယ်မှာလဲ လက်တွေ့ထိမေး၊**
**ရန်ကုန်မြို့ ရှိမရှိ လက်နဲ့ပုတ်ပြီးတွေး၊**

လောကီမှန်မှ ဓမ္မကွန် ဖြောင့်မယ်မှတ်။ လောက မျက်စိနဲ့ ဘဲ ကြည့်မေး၊ ထိတွေ့ မြေကြီးဘဲ ယောဂီ။ မန္တလေးမရှိဘူး။ မြေကြီး ကို ဘိလပ်ထင်တယ်မှားတယ်။ ဒီလူတရားမရဘူးမှတ်။

မြေကြီးကို မန္တလေးမြို့ယူရင်၊
မြေကြီးကို ရန်ကုန်မြို့ထင်နေရင်၊
မြေကြီးကို ငါနေဒါ မြို့ကြီးဘဲယူပါက၊
မြေကြီးသားကို မြို့ကြီးသားဘဲသိခဲ့သော်၊

မြေကြီးပေါ် ရှောက်နေဒါကို မြို့ရောက်လာတယ် ထင်မှားသော်၊ တနည်း မြေကြီးမှုန့်၊ ထုံးမှုန့်၊ သဲအင်္ဂ စသည်တို့ကိုစုပေါင်း ထားပြီး၊ ကိုယ့်မျက်စိအောက်မှာဘဲ စီမံပြုလုပ်ထားတာကို၊ အင်္ဂ တိုက်နဲ့ ငါနေရတယ်၊ ငါ့စိုင်ခံရတယ်။ ယူစွဲထားရင် ဒီလူဟာ ဘယ်တော့မှ တရားအစစ်မရ ပုဒ်ပြတ်မှတ်။

မြေကြီးမြို့ထင်၊ အသားကို ကျား-မ,ထင် ခက်တယ်ယောဂီ။

**ဓာတ်ပေါက် အောင်သာ ဆင်ခြင်ပါ သူငါမမှတ်နဲ့၊**
**အင္ဂကလာပ် ၈ ခု ရုပ်ကိုဓာတ်ခွဲမယ်။**

၁။ ပထဝီ မာ,ပြော့ဓာတ်။
၂။ အာပေါ ဖွဲ့,ယိုဓာတ်။
၃။ တေဇော-အေး ပူဓာတ်။
၄။ ဝါယော-တည့်,လှုပ်ဓာတ်။

၅။ ဝဏ္ဏ-အဆင်း, ခေါ်ခြင်းခေတ်။
၆။ ဂန္ဓ-အနံ့, ထင်လုံးခေတ်။
၇။ ရသ-အစာလဲခေတ်။
၈။ ဩဇာ-အဆီ, အစေးခေတ်။

ယောဂီ၏ခန္ဓာကိုယ် ယောက်ျားထင်သလား။
ယောဂီ၏ခန္ဓာကိုယ် မိန်းမထင်နေသလား။
လူကောင်ပျောက်အောင် ခေတ်ခွဲ၍ဝေဘန်ပါ။

၁။ မာတဲ့နေရာဟူသမျှကို ကက္ခဠ, ပထဝီခေတ်။ ပြေတဲ့ဌာနဟူသမျှကို သုခုမ, ပသဝီမူခေတ်။
၂။ အစည်းအလုံးဖြစ်စေရန် ဖွဲ့သတ်တဲ့သဘော၊ အာပေါခေတ်။ သွားလာ, ယိုစီးလျက်နေတဲ့သဘောကိုလဲ အာပေါခေတ်။
၃။ ပူတဲ့သဘောစုတွေကို ဥဏှ, တေဇောခေတ်။ အေးတဲ့သဘောစုတွေကို--သီတ, တေဇောခေတ်။
၄။ ထောက်ကန် တည်တန့်တဲ့ သဘောကို ဝိတ္ထမ္ဘိတ, ဝါယောခေတ်။ ရွေ့ရှားလှုပ်ရှားနေတဲ့ သဘောကို စလန, ဝါယောခေတ်။

(အာပေါခေတ်၌၊ ပါဠိလို-အာဗန္ဓနဖွဲ့။ ပဂ္ဃရဏ ယိုစီး)

## ရှင်းတမ်း

နံပါတ် ၂၊ အာပေါခေတ်တပါးကို ဝိပဿနာဉာဏ်စိတ်ဖြင့် သိနိုင်၏။ ယောဂီခွဲမှတ်။ ကျန်ခေတ် ၃ ပါးကိုသိလိုက ကာယနဲ့ ထိမှ၊ ဝါ-သက်နဲ့ စမ်းသပ်ရှာမှ သိပိုင်ရတဲ့ခေတ်မှတ်။ ကွဲခဲ့တယ်။ အဋ္ဌကလာပ်ဆိုဒါ ရှစ်မျိုးစုပေါင်းနေဒါကို, ခေါ်တယ်မှတ်။

အဋ္ဌ ဂ၊ ကလာပအစုအပေါင်း၊ အစုအပေါင်း ဂ မျိုးဆိုရင်ဘဲ၊ ၁-ခုစီ စုလာတယ်မထင်နဲ့။ ဟုတ်ဘူးအားလုံးဓာတ်တခုထဲမှတ်။ ခက်တယ် ခက်ပြီ ခက်သာ အဘိဓမ္မာမှာ်။ သပ္ပုရိသ အစစ်ကို ရှာပါ မတွေ့လျှင် ဆရာပေးမယ်။ ဆရာ့ကိုတော့ နတ်ဓောင် မညာနိုင်ဘူးမှတ်။

**အဋ္ဌကလာပ် ဂ မျိုး တမျိုးစီ မစုဘူး။**

သဘောထုတ်လျှင် ဂ မျိုးထွက်လာတယ်။ခွဲယူလို့ တခုစီ မရဘူး။မရှိဘူး၊ဘာ့ကြောင့် သဘောထုတ်ရတယ်၊ ဘာပြုလို့ ရှစ်မျိုး ထွက်လာရတယ် ဆိုဒါကို သိလိုက၊ဆရာ့ထံအမြန်လာခဲ့ကြ၊စာထဲ ရေးလျှင် စာရွက်တွေ များလျှင်၊ သာသနာမပြန့်မှာစိုးလို့ မရေး လိုက်ပြီမှတ်။

(ရှစ်မျိုးမဟုတ်ဘူး တမျိုးထဲရယ် ပုဒ်ပြတ်မှတ်။)

**အမှတ်မပျောက် ဓာတ်မပေါက်၊**
**ဓာတ်ပေါက်မှ အမှတ်ပျောက်မယ်။**

အဆင်းလဲဓာတ်၊ အနံ့လဲဓာတ်၊ အစာအရသာလဲဓာတ်၊ အစေး အဆီလဲဓာတ်၊ အဋ္ဌကလာပ်ရုပ် ဂ မျိုးကို၊ ဓာတ်တမျိုးထဲ ယူနိုင်မှ ဓာတ်၊ မယူနိုင်လျှင် ရုပ်၊ ရုပ်ဆိုလျှင် ယောကျာ်း မိန်းမထံ ပြန်ရောက် တတ်တယ် ယောဂီ ဆရာကောင်း ၁ နံပါတ် အရေးကြီးတယ်မှတ်။

**ဃန ကြေစေချင်လွန်းလို့**
**အထီး, အမ, ပျောက်စေချင်လွန်းလို့**
**ဥပမာမှတ်ပါ ယောဂီ။**

၁။ ပထဝီ၊ မုန့်မှုန့် ကျား,မ, မဟုတ်၊
၂။ အာပေါ၊ ရေ,ပျို,အို,မဟုတ်၊
၃။ တေဇော၊ နေ,မင်း,သူဌေးမရှိ၊
၄။ ဝါယော၊ လေ,ခလေး,လူကြီး မတွေ့၊
၅။ ဝဏ္ဏ၊ နန္ဒင်း, ဓမ္မကထိက မဟုတ်၊
၆။ ဂန္ဓ၊ ရေမွှေး ကျမ်းပြုဆရာမပေါ၊
၇။ ရသ၊ သကြား ဆင်းရဲသားမရှိ၊
၈။ ဩဇာ၊ ထောပတ် သူဌေးဘင်းစားမပေါ၊
ကိုယ်တိုင် ခံတတ်ခဲ့ ပြောပြချင်ဘာယ်၊ ဒါ ထိုင်ဝိုင်းမှုဖြစ်မယ်။ တကယ်၊ ဒုက္ခနန္ဒာရှုမှုံးတဲ့ ယောဂီနဲ့ တော်ကယ်၊ အဖြစ်ပြောချင်တဲ့ လူကို ကျားထက် ကြောက်ပါ။

မုန့်မှုန့် ဖြစ်စေ၊ ဂျုံမှုန့်ကို ဖြစ်စေ၊ နန္ဒင်းရယ်၊ သကြားရယ်၊ ရေမွှေးရယ်၊ ထောပတ်ရယ် ရေနဲ့ ရောစပ်နယ် နယ်လို့ လက်ကိုင်ရလာရင် ယောကျ်ားရုပ် ဖြစ်စေ၊မိန်းမရုပ် ဖြစ်စေ၊ပုံသဏ္ဍာန် တူစွာ ပြုလုပ်ပြီး နေအသင့်လှန်း၊ သို့မဟုတ် လေအတိုက်ခံထား၊ အရုပ်ကို မမာခင် ယူပါ။

မျက်စိနဲ့ကြည့် ယောဂီ။ ဂျုံမှုန့်တခြား နှုတ်မရဘူး၊ ရေတခြား ရှာတွေ့ရဲ့လား၊ နေပူဘောရှိရဲ့လား၊ လေ-ဆိုဒါ တွေ့သေးလား၊ နန္ဒင်းကို ပြန်ရအောင် ဇာဂနာနဲ့ ဆွဲနှုတ်ယူစမ်းပါ၊ ရေမွှေးကို လိုက်ရှာစမ်း၊ သကြားကို ပြန်ရအောင် ရှာပါ- ထောပတ်ကို မရ,ရအောင် ပြန်နဲ့ နှုတ်ဆွဲပြစမ်း။ စဉ်းစား၊ ပြန်ဘာဘ်။

ဒီယောကျ်ားရုပ်ကို ဒီမိန်းမရုပ်ကို ကိုင်ကြည့်၊ မျက်စိနဲ့ကြည့်၊ ဝေဘန်၊ ဂ-မျိုး ရောစပ်ထားသဖြင့်—

၁။ မျက်စိနဲ့ ကြည့်လို့မြင်သမျှ နန္ဒင်းအဆင်း။
၂။ နှာခေါင်းနဲ့ နံလို့ရသမျှ ရေမွှေးအနံ့။
၃။ လျှာနဲ့ စားရသမျှ သကြား အရသာ။
၄။ လျှာနဲ့ စားရသမျှ အရသာထဲက ထောပတ်အဆီ။
၅။ လက်နဲ့ ထိကိုင်တဲ့ ဥာနတိုင်း မုန့်မှုန့် ပထဝီ။
၆။ လက်နဲ့ထိလို့ အပူရှိသမျှ နေ၊ တေဇော။
၇။ တည်တန့်သဘောအစု လေ၊ ဝါယော။
ဂ။ အရုပ်ဖြစ်အောင် စည်းလုံးတာ ရေ၊ အာပေါ။

တခုစီရှာပါ၊ အထီး၊ အမ၊ မဟုတ်၊ အဌကလာပ် အမှုန့်ရုပ်၊ အဌကလာပ်ရုပ်စု၊ ရုပ်ပျက်၊ ပျက်စု၊ မုန့်မှုန့်အရုပ်နဲ့ ဥပမာ ပြဒါပါ။ ဒီခန္ဓာက မုန့်မှုန့်အရုပ်လို သန့်မသန့် သိပါတယ် ယောဂီ။

သတိပြု၊ နေကို တေဇော၊ လေကို ဝါယော၊ ရေကို အာပေါ။ ဒီလိုမထင်နဲ့၊ အန္တရာယ်သင့်မယ်။ ဥပမာ-ဥပမာ-ဥပမာ ပုဒ်ပြတ်မှတ်၊ ရုပ်အထပ်ထပ် ခေတ်။

(ခေတ်-၁ဂ၊ ပရမတ်အခဏ်း အမြွက်မျှ သိမ်းပြီ။)

× × ×

## နှုတ်ခမ်းမွေး ဦးပဏ္ဍိနိဂုံးသတ်။

ကိုင်း....ခေတ် ၁ဂ-ပါး ပရမတ်အခဏ်းသိမ်းလို့ နိဂုံးသတ်မယ်။ လူတွေတိုင်းပြော၊ သေသေချာချာ မှတ်လိုက်၊ နားစိုက်ကြ၊ တောင်တွင်းကြီးမြို့နယ် တောကျောင်းနေ ဘုန်းတော်ကြီးတပါး ဦးပဏ္ဍိရှိတယ်၊ ပိဋကတ်သုံးပုံ အာဂုံရတယ်။ ရဟန်း

၁၀-၀ါအရမှာ ဘောကျောင်းနေတယ်၊ သီလစင်ကြယ်၍ သမာဓိ ဉာဏ်နှင့်ပြည့်စုံပြီး၊ သမထ ဝိပဿနာတရားများကို အားထုတ် ရှာဖွေလေ့ရှိ၏၊ ဟောပြောလေ့ရှိ၏။

တောင်နေ အရည၀ါသီ ဦးပဏ္ဍိ။

အထက်အောက်ကြော်ငြာ၍၊ တန်ခိုးတေဇော်ပျံ့နှံ့လျက်ရှိ၏။ မန္တလေးနေပြည်တော်၌ ဘုရင်မင်းမြတ် ဆက်ကပ်လှူဒါန်းသော ဂုဏ်ထူးဘွဲ့ခံတံဆိပ်တော်အမှန်ရ-ကဝိဓဇတဆူ သာသနပြုဂုဏ်ထူကို ယူလျက်၊ ပရိယတ်ထင်ပေါ် စကားတတ် စကားပုံဆရာတော် အမည်ကျော်ဘိ၊ တခ်ဏာပွတ္တိ ဉာဏ်ထူး ရှိသော (သင်္ဂဇာ)ဆရာတော်သည်၊ သီဟာင်းကျွတ်လကစ၍ အောက်ပြည်သို့လှည့်လည်၍ သာသနာတော်၏၊ ဆူငြောင့်များကို ဝိနည်းဒေသနာအရ၊ သုတ်သင်ရန် ကြွတော်မူသည်။ မန္တလေးမြို့မှ သင်္ဘောလမ်းဖြင့်၊ ထင်ရှားသော မြင်းခြံ၊ ပခုက္ကူ၊ ရေစကြို၊ မင်းဘူး၊ မကွေး၊ ရေနံချောင်း အစ ပြည်မှ ဟသ်ာတ၊ ပုသိမ်၊ မြောင်းမြ၊ မအူပင်မြို့မှ ရန်ကုန်၊ ရန်ကုန်မှ အနီးရှိ ဒီဇတြိတ်ခရိုင် ပဲခူးနှင့် မော်လမြိုင်၊ ဒါးဝယ်၊ မြိတ်မြို့ အစရှိသော တနသ်ာရီတိုင်းမှ တဖန် ရထားလမ်းဖြင့် ပြန်ကြွတော်မူသည်။ ညောင်လေးပင် ဖြူး။ တောင်ငူမှ တဆင့်ကူး၍ ပျဉ်းမနားမှ အထက်မိတ္ထီလာ နယ်သို့မြန်းကြွပြီး၊ တောင်တွင်းကြီးသို့ ရောက်တော်မူသည်။

ဘယ်လိုပြုတဲ့ သာသနာလဲ။

ဝိနည်း သာသနာ သက်သက်မှတ်။ သင်္ကန်းဝတ်နှဲ့ နေကြသော ရှင်သာမဏေမှ အစ၊ ရဟန်းဟူသမျှ ကျောင်းထိုင်မှ မကျန်ရ၊

မြို့ကျောင်း ရွာကျောင်း၊တောကျောင်းနေ၊ရှင်ကြီး ခင်ကြီးတို့ကို ဝိနည်းနဲ့ ဥပဒေပြု၍ ဆုံးမတော်မူသည်၊ အနေအထိုင်မှစ၍ ရပ်သူ ရွာသား တကာ-ဘကာမများတို့၏ ကြည်ညိုဘွယ်ရာမရှိ၊ လူနေ လူကျင့်၊ လူတို့၏ အမူအရာနဲ့ မခြား ဖြစ်ချင်ဘိုင်း ဖြစ်နေကြဒါ တွေကို ဘုရင်၏ ရွှေနားတော်ကြားအောင် လျှောက်လွှာမျိုးစုံ သာသနာပိုင်ထံသို့ရောက်လာသဖြင့် သာသနာ့ဝိသောဓနဖြစ် စေရန်၊ သာသနဝိသုက အလဇ္ဇီ ဒုဿီလ ရဟန်းယုတ်တို့ကို ကျမ်းထုတ်၍ သုဓ်သင်ရန် အမြို့မြို့သို့ ရောက်လာခဲ့ပြီးနောက်၊ အထက်မြန်မာပြည် ဘောင်တွင်းကြီး မြို့နယ် တောရကျောင်း၊ အရညာဝါသီ-မဟာထေရ်ဦးပဏ္ဍိတထံသို့—

## သင်္ဂဇာနဲ့-ဦးပဏ္ဍိ။

ဆရာတော်သည် မိတ္ထီလာမြို့သို့ ရောက်လျှင်၊ရဟန္တာအမည်ရှိ ဦးပဏ္ဍိ၏ ဂုဏ်ထူး ဝိသေသကို အဝေးကပင် ကြားရသဖြင့် အလွန်တွေ့မြင်လိုသော ဆန္ဒနဲ့ ဘောင်တွင်းကြီးမြို့သို့ရောက်လာ ရပြန်သည်။

## ဦးပဏ္ဍိကြိုတင်၍ သတိပြုပုံ။

အောက်ပြည်သို့ သာသနာဘော် စင်ကြယ်ရေး အတွက် သင်္ဂဇာ ဆရာတော် သီဘင်းကျွတ် လကစပြီး၊ ဒေသစာရီ ကြွချီတော်မူတယ်လို့ ပြောဆိုကြသောအသံကို ကြားရရုံမျှ မနေဘဲ စုံစမ်း၍ တကယ်သိရှိရသဖြင့် သီဘင်းကျွတ်လက စပြီး

နှုတ်ခမ်းမွေးကို မနှုတ်မရိပ်ဘဲ၊ မုတ်ဆိပ်မွေးပါ ဥာဏ်သွားလို့ ချန်ထားလျက်၊ အထူးဥာဏ်ရှိတဲ့ ဦးပဏ္ဍိ၏ သတိ၊ ယောဂီ ဖြေးဖြေးဘတ်၊ လူကြားအောင်ဘတ်။

တရားပျက်သူများလို့ တိုင်းပြည်လုံးပျက်၊ အထက်တန်းစား တွေက အထက်တန်း သီလပျက်လျှင် သမာဓိနဲ့ ပညာဆိုဒါ ဘယ်မှာရှိနိုင်မှာလဲ။

ဦးပဏ္ဍိ၏ ပုံသဏ္ဍာန် ဘယ်လိုလဲ၊ အသားဖြူဖြူ, ဝဝ,ဖိုင့်ဖိုင့် မျက်လုံးပြူးပြူး၊ မျက်နက်ကွင်းနဲ့ မျက်တောင် ကော့ကော့၊ ထွားထွား မြင့်မြင့်၊ လူပုံချော၊ အသားအရေကောင်း၊ ဆံပင် ကောင်း၊ အင်္ဂါရုပ်ကောင်း၊ သီလ, သမာဓိ, ပညာ စွယ်စုံ နယ်ကုန်အောင်ကျော်၊ တောကျောင်းပျော် မြတ်သင်္ကန်းနှင့် ကမ္မဋ္ဌာန်းကို အားထုတ်သည်။ ဟောပြောသည်။ သင်္ကန်းသုံး ထည်၊ သပိတ်တလုံး၊ ရဟန်းတို့၏ ကိစ္စတုံးဘို့ကိုသာ ဂရုပြု သည်။ ဂန္ထဓူရ၊ ဝိပဿနာဓူရ၊ ဘုရားရှင် ဩဝါဒနဲ့ တသွေ မတိမ်း ကျင့်တော်မူသည်။

ဆံတော်ရှည်လွယ်၍ သန်စွမ်းသည်၊ မဲ့နက်သည်၊ နှုတ်ခမ်းမွေး။
မုတ်ဆိတ်မွေး၊ ဂျိုင်းမွေး၊ ခြေသလုံးမွေး၊ ပေါက်လေ့ရှိတယ်။
ဒီအခါ၌ ဝါတော် ၂၁–ရပြီ။

သင်္ဇာ ဆရာတော် သီတင်းကျွတ်လာက အောက်ပြည်သို့ ကြွတော်မူကတည်းက နှုတ်ခမ်းမွေးနှင့် မုတ်ဆိတ်မွေး များကို အရှင်းမရိတ်, မနှုတ်ဘဲ ဘာသာအလျောက် လျစ်လျူရှုထား သည်။

ဘိုးသူတော်ကို မှာထားပြီး၊ တကာ-တကာ်မတို့ကို အတွေ့မခံဘဲ၊ တောကျောင်းမှာဘဲ၊ သာသနာပြုဘို့ အထူးကြံစည်နေတယ်။နှုတ်ခမ်းမွေးကောင်းပုံမှာ မဟာနှုတ်ခမ်းမွေးခေါ်သောက်တယ်။ တဘက်ထောင်၊ တဘက်လှဲ၊ လုပ်ချင်တိုင်းရတယ်၊ လက် ၂-သစ်ခန့် ပြားပြားမဲမဲကြီး၊အဖျားကို ၂-ဘက် အထက်သို့ ဆန်လျက် ကော့လိပ်ပြီး ထားပြန်လဲဖြစ်တယ်။

## ၉-လလုံးလုံး ကြာတယ်၊ ဝါမဝင်မီ သင်္ဂဇာနဲ့ ဦးပဏ္ဍိ။

သင်္ဂဇာ ဆရာတော်က တောင်တွင်းကြီး မြို့ပေါ်ရှိ နောက်ပါ ရဟန်းများကို ခေါ်၍ ဦးပဏ္ဍိနေသော တောကျောင်းသို့ ကြွတော်မူသည်။ ဦးပဏ္ဍိကို တွေ့လို၍ ပြင်ဘက်အစောင့်ဘိုးသူတော်ကို အကြောင်းကြား စေခိုင်းလိုက်၏။

ဦးပဏ္ဍိက ညိုနီရောင် သင်္ကန်းနဲ့ သိက္ခာပုဒ်နဲ့ ညီစွာဝတ်ရုံလျက်၊ ရဟန်းတို့ဂူခြေဖြင့်ထွက်လာပြီး ဆရာတော်ဘုရားကြီး၏ ရှေ့တည့်တည့်၌ ဒူးနှစ်ဘက်တုတ် ခေါင်းဆန့်၊ လက်အုပ်ချီ၊ ဆရာတော်ကိုမော့ပြီး မျက်လုံးနဲ့ ပြူးပြူးကြည့်ပြီးမှ ဦးတကြိမ်ချ၊ တခါမော့ကြည့်၊ ဦးနှစ်ကြိမ်ချ၊ တခါမော့ကြည့်၊ ဦးသုံးကြိမ်ချပြီး နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများကို သုံးသပ်ပွတ်ပြင်ပြီးနောက်ပါရဟန်းတွေကိုလဲ မျက်နှာစုံအောင် လှည့်ပတ်ကြည့်ပြီးဟော့မှ ခေါင်းကိုဆန့်ရာမှ ဒူးနှစ်ဘက် တုတ်ရာမှ ကြုံ့ကြုံ့ပြော့ပြော့ ထိုင်သည်။နောက်ပါရဟန်းများအံ့အားသင့်၍ ပြုံးကြ၏၊ ရယ်ကြ၏။ အသံမထွက်အောင် ဥက္ကောင်းကိုင်၍ လျက် ပါးစပ်

ထဲသို့ သက်န်းစကိုဆို့ပိတ်လျက် တခိခိ တအိအိ ဖြစ်ကြဆဲမှာ သင်္ဂဇာ ဆရာခေါက်မှာလဲ၊ မတွေ့ဘူး မကြုံဘူးသော ရဟန်းထူး ပဏ္ဍိ၏ လူပုံဟန်ကြည့်ပြီး သွားစိလျက် နှုတ်ခမ်းပိတ် တိဘ်တ ဆိတ်နေရာမှ ဦးပဏ္ဍိ၏ နှုတ်ခမ်းမွေးကို ကြည့်ရဲမမြင်ရဲ လက် ဝါးဖြင့် ကာကွယ်လျက် စိတ်ထဲက ငါ့နှယ်...တယ်ကြပ်ပါကလား လားလို့ ကုလားထိုင်ပေါ်က ထိုင်လျက် ရဟန်းများဘက်သို့ ဥက္ကေါင်းငုံ့ပြီး တိုးတိုးမေးတယ်။ မြင်ဘူးတဲ့ရဟန်း၊ မမြင်ဘူးတဲ့ ရဟန်း ၂-မျိုးပါလာကြရာ၊ ဦးပဏ္ဍိကိုမြင်ဘူးကြတဲ့ရဟန်းများ ပင် ထင်ယောင်ထင်မှားဖြစ်ကြရ၏။

## သင်္ဂဇာဆရာ မျက်နှာလှည့်ရာ နှုတ်ခမ်းမွေးကိုပြလျက်—ဦးပဏ္ဍိက

ဆရာတော် မကြည့်ရဲလေ၊ ဦးပဏ္ဍိက နှုတ်ခမ်းမွေးကို မြင် အောင်ပြလေ၊ မေးဘယ်၊ ဟေ့-ရဟန်းများ၊ မင်းတို့ ချီးမွမ်းတဲ့ မောင်ပဏ္ဍိဆိုဒါ၊ ဒါဘဲလားကွ၊ ရဟန်းများလဲ ရုတ်တရက် မပြောရဲကြ။

## မှန်ပါ၊ တပည့်တော် နာမည်ကျော်ပဏ္ဍိ၊ ဘကယ်အစစ်ပါဘုရား ဟုတ်ပါတယ်ဘုရား၊

အေးလကွယ်၊ မောင်ပဏ္ဍိရယ်ဆိုပြီး၊ မျက်ခွက်အောက်သို့ ပြောင်ပြောင်ရဲရဲ ရောက်ရှိနေသော နှုတ်ခမ်းမွေးကို မျက်စိရှက် သဖြင့် လက်ဝါးဖြင့်ကာကွယ်လျက်၊ တဘက်သို့လှည့်ပြီး မင့်မှာ ဘယ်လိုအယ်ပုံ၊ ဘယ်လိုဟာကြီး၊ ဘာကြီးနှယ်မှုပ်ပုံကြီး၊ ဘယ်လို

ဖြစ်ပုံကြီး၊ မင်းရဲ့အဖြစ်ကြီးကို မောင်ပဏ္ဍိရဲ့ ဖြစ်ရပ်အလုံးစုံကို ဆရာတော်၏ စကားမဆုံးခင်ဘဲ မှန်ပါ၊ တပည့်တော်အား မေးစရာရှိပါက တည့်တည့်ဘွင်းဘွင်း လင်းလင်းရှင်းရှင်း မေး စိစစ်ပါ ဘုရားလို့ ဆရာတော်၏ မျက်နှာသှည့်ရာသို့ ဦးပဏ္ဍိက (အဟုတ်တမ်းမေးဖြစ်ဘို့) နှုတ်ခမ်းမွေးလက်နှစ်သစ်ကို လိုက်ပြတယ်။ ဘုရားတပည့် ပဏ္ဍိ၏ရှိသမျှအဖြစ်ကို အမြစ်ကစ၍ ဆုံးမတော်မူပါဘုရား၊ တပည့်တော်၏အကျင့်သီလ၊ သိက္ခာ၊ သမာဓိ၊ အင်္ဂါတို့နှင့် ပညာအရည်အချင်းကို စုံစမ်းစစ်ဆေး၍ မှားဒါကို ကြားပါက အမှားကိုမြင်တွေ့ပါက အမြန်ဆုံးမတော် မူမယ်လို့ ဆိုဒါကို ဟောဒီ အရဟတ္တဓဇသင်္ကန်းကိုဝတ်သည့် ခဏကစ၍ တာဝန်ခံပြီး ဖြစ်ပါသည် ဘုရား။

ဆရာတော်က မိန့်တော်မူသည်၊ မင်း၏ ဂုဏ်ထူးမျိုးစုံတို့ကို ကြားသိပြီးလို့ ချီးကျူးချင်လို့ ငါလာခဲ့တယ်ကွဲ့ ဘယ့်နှယ် ယောင်းမကိုမြင်းစီးပြီး ထွက်လာတဲ့သဘော၊ မင့်ဂုဏ်ကြက်သရေနဲ့၊ ဒီလက် ၂ သစ်ခန့်ရှိတဲ့ မဟာနှုတ်ခမ်းမွေး အတွက် ငါစိတ်မချမ်းသာဘူးလကွဲ့။ မုတ်ဆိတ်မွေး တွေက လဲ ပန်းချီပီ ကုလား ဖြစ်နေပါကလားဟဲ့ ပဏ္ဍိရဲ့၊ ဒီအချက် ငါက အပြစ်ဆိုဘယ်ကွယ်။ ရဟန်းအင်္ဂါရုပ်နဲ့ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးတွေနဲ့ လုံးဝမလျောက်ပတ်၊ အရှင်းမသင့်တော်ဘူး၊ ကဲ—မင်းဘာပြန်ပြောမလဲ ပြောစမ်း။

## ဦးပဏ္ဍိက လျှောက်ထားပုံ။

လျှောက်ပါမည်အရှင် တင်ပါသည်ဘုရား။ ရတနာပုံနေပြည်တော် အောက်အထက်ကျော် သင်္ဂဇာဘွဲ့တော်နှင့် ဘုရားရှင်၏

သာသနာတော်ကို တကယ်စောင့်ရှောက်ရန်အတွက်အောက်ပြည်သို့ ကြွရောက်တော် မူလာသည်ကို ကြားရတဲ့နေ့ကစ၍ ဘုရားတပည့်တော် အထူး ဝမ်းသာ မိပါတယ်ဘုရား။ ဆမွှားကိုပြင် အမှန်ကိုချီးမြှင့်ပါဘုရား။

မှန်ဒါပြောရဲ ရေးရဲ ဟောရဲမှ လူကြီးဂုဏ်မှတ်၊ မှန်ဒါကိုမပြောရဲ မရေးရဲ၊ မဟောရဲရင် လူကြီးမလုပ်နဲ့။ သာသနာဆိုဒါ ကရား၊တရား ဆိုဒါသစ္စာ၊ သစ္စာဆိုဒါ အမှန်မှတ်။ ငဲ့သလိုလို၊ ရောညာ သလိုလို၊ လတ်ပေးသလိုလို ရှုပ်မနေနဲ့။

## ပြောင်းဘဲ သူခိုးမဟုတ်ရင် မီးရောင်ထွက်။

လောကီမှာတော့ တယောက်နဲ့တယောက် စားနွက် ယုကြတယ်။ ဆဲကြ အတင်းပြောကြတယ်။ သေနပ်နဲ့ပစ်၊ ဒါးနဲ့ခုတ်။ ကြံရဲ လုပ်ရဲကြတယ်။မွေးရဲ သေရဲကြတယ်၊ သီလပျက်ရဲကြတယ်၊ သမာဓိ ပျက်ထားကို အကဲ့ရဲ့ခံရဲကြတယ်။

မတရားဘက်မှာတော့ သတ္တိရှိကြတယ်၊
မတရားဘက်က မိုလ်တွေတယ်ပေါ်တယ်၊
တရားဘက်က သာသနာဘက်က မိုလ်ထွက်ကြ၊
တရားအမှန်ဘက်က မိုလ်ကို မြှုပ်ထားတယ်၊
မတရားဘက်က မိုလ်ကို မြှောက်ပေးတယ်၊
ဘယ်တော့မှ သာသနာမကြီးပွားဘူး။

## ပုဒ်ပြတ်မှတ်။

ပိဋကတ်ပညာတကယ်မရှိဘဲ၊ ပိဋိပတ်ခေါ် သီလ,သမာဓိ တကယ်မညီတဲ့ မြန်မာကထိက ယောင်ယောင်၊ ကျမ်းပြု အယောင်ဆောင်များကို အထူးသတိထား၍ရှောင်ကြ။ သီလ,သမာဓိ ပျက်လျှင်ဗာလ

မှတ်။ပညာမဲ့လျှင်အန္ဓမှတ်။အယောင်ဆောင်တွေ့ ပေါ်လာလျှင် အစစ်ဓမ္မကထိက။အစစ်ကျမ်းပြုဆရာတွေ တန်ခိုးကြီးကျယ်ကြမည်။

## ဦးပဏ္ဍိသတ္တိလျှောက်ထားပုံ ထပ်ဘတ်ကြည့်။

မြန်မာပြည်၌ သက်န်းနှင့် ပျော်မွေ့ နေထိုင် ကြတာတွေ၊ မန္တလေးမြို့ပေါ်ရှိ ရဟန်းနှင့် နယ်မှာရှိတဲ့ ရဟန်းနဲ့ ညီမျှပါတယ် ဘုရား။ ဘုရင်၏ သဘောတူချက်အရ၊ ဆရာတော်သာသနာပြုလျှင် မမ္မအာဏာစက် ၂-ဖြာနဲ့ပြုရဲဘို့ အရေးကြီးပါတယ်ဘုရား၊ အရိယာရဟန်းများနှင့် သမုတိရဟန်းကောင်းများကို ဖယ်ထားပြီး လျှောက်ပါသည်။စဉ်းစားပါ။ကျောင်းထိုင်၊ ကျောင်းရောင်း ဘုရားရောင်း၊ ကြေစည်, စာအုပ်, ဘိဒိုရောင်း၊ စာတိုက်သေတ္တာ ရောင်း၊ပရိက္ခရာရောင်း၊တကာမနဲ့ တကာနဲ့ သဘောတူ ငွေချေး၊ ကုန်တူး၊ စပါးပေး၊ ပဲပေး၊ ပြောင်းပေး၊ ဆီပေး၊ နှမ်းပေး၊ ဒီလို ရဟန်းယုတ်တွေ အများကြီးရှိတာကို ဆရာတော်ကိုယ်တိုင်-မသိ, မမြင်သော်လဲ ကြားဘူးပါလိမ့်မည်ဘုရား။

ဂန္ထဓူရ ဝိပဿနာဓူရ ၂=ပါးနှင့် နေရတဲ့ ရဟန်း များမှာ မြင်ရ,ကြားရဒါမျက်နှာထားခက်၊ သာသနာပျက် ရဟန်းတွေ အတွက် အလွန်ရှက်ဘို့ပါဘုရား။ ဥယျာဉ်, လယ်မြေဝယ်၊ ကုန်းဝယ်, ခြံဝယ်, ကိုင်းဝယ်, နွားဝယ်, လှည်းဝယ်, လှေဝယ်, ကျူးသန်း ရောင်းဝယ်ကြဒါ၊ အချို့လဲ ၂-ကိုယ့်တစိတ် တိတ်တိတ်ပုန်း၊ အချို့ကပြောင်၊ ဒီလိုအယောင်ဆောင်တွေကို ရအောင် ဆုံးမတော် မူပါဘုရား။

## ဦးပဏ္ဏိလျှောက်ချက်မှတ်။

ဆရာငယ်စဉ်က မန္တလေးအနောက်ပြင် ဆင်တဲတိုက်မှာ ညဝါ လိုက်စဉ်က၊ ဆရာတော်ကြီးက သာသနာပြုအကြောင်းနဲ့ ပတ်သက်၍ ရဟန်းများ ဝိနည်းတော်နဲ့ညီစေဘို့ ဆုံးမတဲ့ ဦးပဏ္ဏိနမူနာ ဥပမာ ကို ကြားဘူးတယ်။

ဦးပဏ္ဏိက။ သာသနာဖျက် ရဟန်းယုတ်၊ သက်န်းနဲ့ ဂုဏ်သုပ် သူတို့၏ အပြစ်စုံဖော်ပြပြီးမှ ခါးထဲမှာ အသင့်ညှပ်လျက် ပါ လာသော သင်ဓုန်းဒါးကို ထုတ်၍ လက်ကကိုင်ပြီး ၊ဟောဒီမှာ ကြည့်ဘော်မူပါဘုရား။ ဟပည့်ပဏ္ဏိ၏နှုတ်ခမ်းမွေးနဲ့-မုတ်ဆိတ် မွေး အဟုတ် ရိတ်ပေးပါပြီ ဘုရား မသင့်လျှော်ဒါ မှန်ပါတယ် ဘုရား သူ့သဘောနဲ့သူ့အလိုလိုပေါက်တဲ့ အမွေးကို အာပတ် တင်၍ အပြစ်ပေးတော်မူပါဘုရား။

အမြင်မှန်းသလားဘုရား၊
ဟောဒီမှာ သင်ဓုန်းဒါနဲ့၊
အရှင် ဘုန်းဘုရားရဲ့ ရိတ်ပါပြီ ရိတ်ပြီးပါပြီ။

ပဏ္ဏိ၏ အပြစ်ဘေးနဲ့ အညစ်အကြေးကို သုတ်သင်ရဒါ တခဏကလေးပါ ဘုရား၊ မင်းစည်းစိမ်၊ သူဌေး စည်းစိမ်မျှမက ပျော်မွေ့လျက်၊ ဘုံဗ္ဗိမာန် မြေယာကျယ်ကျယ်နဲ့ ဝိနည်းတော် အရ၊ ကပ္ပိယ-အကပ္ပိယ၊ သစိတ္တက-အစိတ္တက စသည်တို့ကိုလဲ ပဏ္ဏိက လူတိုင်းထဲကလို နားလည်ပြီးပါပြီဘုရား။ပထမသက်န်း ဝတ်မည် ကြံစည်တုံး သက်န်းတောင်းမှာ ဆိုခဲ့ဒါပြန်စဉ်းစား—

သံသရဝဋ္ဋ ဒုက္ခတော-က၊ ရဟန်းယုတ်တွေကို လူယုတ်တွေ အားပေးသဖြင့်၊ သံသာရသုခ သဘောအကျ ဖြစ်နေဒါထွေကို ဒေသနာတော်နဲ့အညီ ဆုံးမပါဘုရား။ တပည့်တော်၏ အပြစ်ကစိသုဒ္ဓိ ဖြစ်ပါပြီဘုရား။ ဆရာတော်နှင့်တကွ၊ နောက်ပါ ရဟန်းများက ဦးပဏ္ဏ လျှောက်တဲ့ စကားကို သံဝေဂ ရကြသဖြင့်၊ လျှောက်ထိုက်ပေတယ်လို့ သာသနာတော်အတွက်၊ ညှိုးငယ်ဒါတွေ ာမ်းနဲ့သောမျက်နှာ ဦးပဏ္ဏ၏ သီလ,သမာဓိ,ပညာ သိက္ခာသုံးပါးကို အားရ, ဝမ်းသာကြသဖြင့်၊ သာဓု ၃ ကြိမ်ခေါ်ပြီးသည့် နောက်မှ၊ အေးလကွယ်-ပဏ္ဏရယ်၊ ဥပမာပြောမယ် နားထောင်၊ ယာခုအနေ အုတ်ကျောက်ခဲနဲ့ ကိုင်ပြီး၊မင့်ဥက္ကောင်းကို ပစ်လိုက်ရင် မှန်ရင် နာတယ်ကွဲ၊ စိတ်ဆိုးမယ်ကွဲ၊ လွဲသွားလို့ မမှန် မနာပါဘူး၊ မှန်ဒါကို ပြောဟောရဲ ဆုံးမရဲမှ အမှားစွာ ကွယ်ပျောက်မယ်ဆိုဒါလဲ သိဒါဘဲကွယ် ပဏ္ဏရယ်၊ ခက်ထာဘဲ။

## ဥပမာ–ခြသေ့်မင်း ကေသရာ။

တော ၃-တော၊တောင် ၃-တောင်ကို အစိုးရလျက်၊သတ္တဝါအပေါင်းတို့၏ ဆံပင်ဥက္ကောင်းနေ မင်းတပါးဖြစ်လို့ ကေသရာဇာခေါ် ခြသေ့်မင်းကား အားလုံး သတ္တဝါတွေကို သေအောင် အသံဖြင့် အော်ငေါက်၍ ဟောက်နိုင်၏၊ သတ်နိုင်၏၊ စားနိုင်၏။ မိမိမှ ဘပါး အခြားသတ္တဝါစုံ ဆင်,ကျားမှစ၍ ပိုင်နိုင်၏။

## ကိုယ့်ခန္ဓာမှာရှိတဲ့ သန်း၊ သတ္တဝါ။

မိမိ၏ကိုယ်ခန္ဓာမှာရှိတဲ့ အမွေးကြားထဲက သန်း၊ ဝယ် သတ္တဝါ များကို အသံဖြင့် ဟောက်လို့၊ ချောက်လို့၊ ငေါက်လို့ မရချေ။ နည်းတူ- ဉာဏ်ဖြင့် စဉ်းစား ယောဂီ။ မြတ်စွာဘုရားသည် ခပ်သိမ်းသော လူ၊ ရှင်၊ နတ်၊ ဗြဟ္မာအစ မယဉ်ကျေးသော တိရစ္ဆာန် များကိုပင်- ယဉ်ကျေးအောင် ဆို့ဆုံးမတော်မူနိုင်၏။ ငါဘုရား ဝတ်ရုံသော သင်္ကန်းနဲ့ နေကြသော ရဟန်းယုတ်မာတွေ။ ငါ၊ ငါ့သင်္ကန်းနဲ့ အမြဲကပ်လျက်နေကြသော။ ငါ၊ အမြဲကပ်လျက် ဝတ်ရုံလျက်—

## သင်္ကန်းအမြတ်ရတနာနဲ့<br>အရှင်သန်း သတ္တဝါတို့ကို

ငါဘုရား၏ ဓမ္မစကာ် တရားအသံတော်ဖြင့်၊ ဉာဏ်စုံငေါက်ပြီး အသံကုန်ဟောက်ပေမဲ့ အရှင်း မကြောက်မလန့်၊ သေဘို့တော့ ဝေးလေစွ၊ ခြင်္သေ့မင်း၏ အမွေးမှာ ကပ်နေကြတဲ့ သန်းသတ္တဝါ တို့ကို ခြင်္သေ့ဟောက်လို့ မသေဘူးကွဲ့ မောင်ပဏ္ဍိရဲ့၊ ငါတို့ ကာလဲ (ဝိသုဒ္ဓိနတ်ခေါ်တဲ့ ဘုရားလဲမဟုတ်) လောကသမုတိ နတ် ခေါ်တဲ့ ရှင်ဘုရင်ကလဲ မဟုတ်၊ ကိုယ့်သိက္ခာပုဒ် ကိုယ်လုံခြုံဘို့ကို သာ အာရုံပြုရဒါဘဲကွဲ့။ တကယ်တန်း ဝိနည်းနဲ့ ညီအောင် ရဟန်းကောင်းတွေ များလာအောင်—

## ရှင်ဘုရင်၏ အာဏာစက်နဲ့ ဘုရား၏ ဓမ္မစက် သန့်သန့်

ဒီ ၂-ပါးလုံး ပူးတွဲပြီးပြုပြင်မှ ရဟန်းကောင်း ရဟန်းမှန် တိုင်းပြည်မှာ များလာမယ်မှတ်။ ထိုကဲ့သို့ ဥပမာ မိန့်ကြားပြီး သုတ်သီလက္ခန် အမ္ဗဋ္ဌသုတ်အရ ပါဠိသာဓကဖြင့် ရွတ်ဆိုရှုပြပုံ။

## တာပသပဗ္ဗဇ္ဇံ သာသနဿ ဝိနာသနမုခံ။

တာပသပဗ္ဗဇ္ဇံ၊ ရသေ့ ရဟန်းယုတ်သည်။ သာသနဿ၊ သာသနာတော်၏။ ဝံ ါ၊ ဘုရားရှင်ဆုံးမသော ဒေသနာတော်၏။ ဝိနာသနမုခံ၊ ပျက်စီးခြင်း၏ အကြောင်းရင်း ပေတည်း-ဟု တိုက်ရိုက်ပါဠိကို ရွတ်ဆိုပြီး ညည်းညူလျက် ရဟန်းများနှင့် တကွ၊ ပြန်ကြတော်မူသည်။ ဦးပဏ္ဍိထုံး အထူးဉာဏ်ရှိသူ သုံးကြဘို့၊ သီလ,သမာဓိ,ပညာ,သိက္ခာ သုံးပါးဆိုဒါလဲ မဂ္ဂင် ၈-ပါး၊ ပဏ္ဏာမထားရှဲ ဟောခဲ့ရေးခဲ့ပြီ၊ ဓာတ် ၁၈-ပါး ဇယားကွက်၌ အမှားဘက်က ပညတ်၊ ယောကျ်ား, မိန်းမ တကယ်ရှိတဲ့ အယူမှတ်။ မှန်တဲ့အယူအမှတ်အသားက ဓာတ်တပါးထဲပါဘဲ။ ဖြစ်ချင်သလို သူ့သဘောဘဲလို့ ယူလျှင် အယူစင်ပြီ ယောဂီ။ သူ့သဘော သူ့ဘာသာထဲမှာ ငါနဲ့နဲ့မျှမပါ၊ ငါနဲ့နဲကလေးပါခဲ့ရင် အယူမစင်လို့ ဧကန် အပူဝင်ရမယ်။ သာသနာဆိုဒါ ပရိယတ်သာသနာ၊ ပဋိပတ်သာသနာ၊ ပဋိဝေဒ သာသနာလို့ သာသနာ သုံးရပ်ရှိတယ်မှတ်။ ဘယ်သာသနာကိုထိမှ သာသနာကိစ္စ ပြီးမှာဘဲလို့ သိကြဘို့၊ တိုင်ပင်ကြဘို့ အရေးကြီးပြီ။ သာသနာပြုတဲ့ လူချင်း၊ရှင်ချင်း ဝိုင်းဖွဲ့၍ တိုင်ပင်ဘို့ အချိန်ရောက်နေပြီ ယောဂီ။

လက်သင့်ရာ စားတော် မခေါ်တန်း၊ တကယ် သာသနာ အစစ်ထိအောင် ပြုနိုင်သူကို မဖိတ်တန်း၊ မြှုပ်မထားတန်း၊ သာသနာကို သုံး၂ါးလုံး နားမလည်ဘဲနဲ့ သာသနာပြု ဆုံးခမ်း မတိုင်ဘူးမှတ်။ သာသနာ တဝက်နီးပြီ။ ၃-နှစ် လိုတော့တယ်။ သာသနာအမှန်ကို စစ်ဆေးတဲ့ခေတ် အချိန်ရောက်ပြီ၊ လိုရင်း သာသနာအချုပ်ကို ရှာဖွေကြတဲ့ ရှင်တွေ၊ လူတွေ၊ ခလေးလူကြီးတွေ ပေါ်များလာပြီ။

အဖွဲ့ချုပ်၊ အသင်းချုပ်၊ ရှေ့နေချုပ်၊ အယ်ဒီတာ ချုပ်၊ ဓမ္မကထိကချုပ်၊ ဗိုလ်ချုပ်၊ ခရိုင်ချုပ်၊ မြို့ချုပ်၊ ဌာနချုပ်၊ ပညာချုပ်၊ ပိဋကတ်ချုပ်၊ ဝသည်ဖြင့်အချုပ်သုံးကြတဲ့ခေတ်၌၊ ပိဋ္ဋကတ်သုံးဘုံဃဲမှာ ကောက်နုတ်ချက်ကိုရှာပါ။ သာသနာအချုပ်၊တရားအချုပ်၊ အလုပ်နဲ့အသိ၊ ဒွိ ဝစနာ ၂-ခု၊ ဝိဝါဒ ဘာသာတွေ သာသနာအခြေ အဟုတ်မှတ်ဘို့ ခေတ်စခမ်း ထုတ်ပြီ ပုတ်ပြတ်မှတ်။ ကျမ်းတအုပ်အထူး၃ာဏ်သိစေဘို့ ဦးပဏ္ဍိ နုတ်ခမ်းမွေးရိတ်အပြု၊ မန္တလေးတံဆိပ်ရ၊ သင်္ဂဇာဆရာ၏ စဉ်အလာပါဠိသံအာဘော်ကို ၃-ကြိမ်ဘိုင် သာဓုခေါ်၍ ဝမ်း မြောက် ကြ စေ ကုန် သတည်း။

(ခေတ် ၁၈ ပါး ပရမတ်အခန်း ပြီးပြီ)

## ပဒစ္ဆေဒ ဒီပဒီကျမ်းရေးရခြင်းလက္ခဏာများ။
## ယောဂီများ အထူးသတိထားဘို့ရာ
## (တောက် ကွက် ဥပမာ)

တောက်တဲ့မနှင့် ဇီးကွက်ထီးနဲ့ ညားလို့ သားတကောင်ရတယ် (ကပြွား)ကလေးမှာ မိခင်၏ နှုတ်သီး၊ အမြီး၊ ကိုယ်ခန္ဓာ ဖြစ်တယ်။ မျက်လုံး၊ အဘောင်နှစ်ဘက် ဥက္ခောင်းတို့မှာ ဘခင်နဲ့ တူတယ်။ ခြေထောက် ၃ ချောင်းစီ တန်းလျက်နေဘယ်။ ခက်ထာဘဲ ယောဂီ။ မိမိတို့ မူလက ယောကျ်ားထင်လို့ မိန်းမကို စွဲလန်းပြီး နှစ်ခြိုက်ပျော်မွေ့ကြရ၏။ မိန်းမများကလဲ ယောကျ်ားအစစ်ဧကန်အမှတ်ဘဲလို့ အယူစွဲပြီး အူအသဲခိုက်အောင် ချစ်ခင်ပေါင်းသင်း၍၊ ဓမ္မတာအတိုင်းနေ၍လာကြတယ်၊ ကိုင်းယခုတော့ဆရာ၏ တရားတော်ကို ပင့်ဘိတ်ပြီး ကြားနာခါမှ ပဒစ္ဆေဒဒီပနီကို ဘတ်ရှုရမှ ယောကျ်ား မိန်းမ မဟုတ်၊ ပရမတ်ရုပ် ပရမတ် နာမ် ပါကသားလို့၊ မူလက ဓမ္မတာအယူ လွဲကြောင်းကို မြတ်စွာဘုရား၏ ဒေသနာတော်အရ သဘောပေါက်လွင်အောင် ပြခဲ့ပြီ၊ ဇီအတုံးဟာ ရုပ်တုံး၊ ပရမတ်တုံး၊ တကယ်မှန်ဒါဘဲလို့ ပိုင်ပိုင်သိခဲ့သော် ဘုရား၏ သာဝကသား အစစ်မှတ်၊ ဆရာ၏ တပည့် အစစ်မှတ်၊ ထွက်ပေါက်ကိုရပြီမှတ်၊ အထက်တန်းသို့ ရောက်ပြီမှတ်၊ လူစည်းစိမ် နတ်စည်းစိမ်ကို ဘောင့်တ၍၊ ဘဝေ ဘဝေ နိဗ္ဗာန်မရမီ စပ်ကြား၌၊ ဘဝတိုင်းဘဝတိုင်း၊ ခံစားမှု စံစားမှုတွေရှိနေသေးရင် အမိခေါ်တဲ့ တောက်တဲ့မဘက်က ဖြစ်ရမယ်။ ရှင်းရှင်းပြောမယ် ယောကျ်ား မိန်းမ အထင်ရှိပါက၊ တောက်တဲ့မမိခင်က (စပ်ကြား)

ရောက်ရမယ် ပုဒ်ပြတ်မှတ်။ ရပ်ပရမော်တုံး အစင်ဟူ၍ ပုဒ်ပြက် ဖြတ်နိုင်ပါကား ဇီးကွက်ထီး ဘခင်က အသက်ဘန်း မဂ်စခန်းခေတ် တရားရသို့ (စပ်ကြား)က လွှတ်ပြီ ဟိုဘက် ဒီဘက် နှင်ဘက် နှစ်စ ထားလျှင် နှစ်ဘက်ခွ (ကပြား)ဘဲလို့ တွေးနေဘ် ယောဂီ၊ စစ်ရင်စစ် မစစ် ကပြားမှတ်။

## ပညတ်ဟာ ငါ့သေမင်း အစစ်။

### နမူနာ ဒီမှာ။

| ပညတ် | ပရမတ် |
| --- | --- |
| ကျွား,မ | ခေတ်သဘော |
| မြဲတယ် | အနိစ္စသဘော။ |
| ဇိမ်ဘဲ | ဒုက္ခအစစ်။ |
| ပိုင်တယ် | အနတ္တဟော့။ |
| ကောင်းတယ် | အသုဘပါကွဲ့။ |
| ဘဝေဘဝေ | ဘဝကြောင့် ဇာတိဟဲ့။ |
| စပ်ကြား၌ | ဆုမဘောင်းထိုက်။ |
| တိုင်ကြားနေ | သစ်ပင်ပေါ်မှာ။ |
| အတောင်မရှိ | အတောင် ၂-ဘက်၊ |
| ညမမြင် | ညမှာသာ မြင်တယ်။ |
| လောကစကား | ဂေါတမဘုရား။ |
| အိမ်သားရဲ့စကား | ဦးမြတ်သိန်းထွန်းတရား။ |
| ဘောက်တဲ့မ | ဇီးကွက်ထီး။ |

တဘက် သတ်သတ်ဆိုရင်နေတတ်သေး၏။ အနေချောင်၏၊ ကိုယ့်ဇိမ်နဲ့၊ ကိုယ့်သုခနဲ့၊ ကိုယ့်အယူနဲ့၊ ကိုယ့်အပူနဲ့၊ သေခါနီးမှ ဘာဘဲဖြစ်ဖြစ်၊ အခုတော့ ၂–ဘက်ခွ ကပြား အနေကြပ်ပြီ ယောဂီ။ ၂-ဘက်ကုတ်တော့- အနူ- အားကြီး အနေရခက်ဒါဘဲ။ အရိပ္ပါယ် ထပ်ရှင်းမယ်။ ဆရာက ဆရာ၏ လက်ကိုကိုင်၍ပြပြီ။ ဒါဘာလဲ **အားလုံးလိုက်ပြောကြ**။ ပရမတ် ဓာတ်သား ထပ်ပြော၊ ဒါ-ဘာလဲ၊ ပရမ ဓာတ် သား ယောကျ်ားလား-မဟုတ်ဘူး၊ ဓမ္မကထိကလား မဟုတ်ဘူး၊ ဒီလို ပြောတဲ့အတိုင်း သိပိုင်လျှင် ဟုတ်ရာ မှန်ရာကို ယူလျှင် ယထာဘူတဉာဏ်မှတ်။

မြေကြီးလား၊ ရန်ကုန်မြို့လား- မြေကြီးပါ။ မြေကြီးလား၊ မန္တလေးမြို့လား၊ မြေကြီးပါဆရာ။ မြို့သားလား မြေကြီးသားလား၊ မြေကြီးပေါ်ကဖြစ်ကြရတဲ့ အသားတွေပါ၊ နားမလည်ရင် တရားမရဘူး နားလည်မှ တရားရမယ်မှတ်။

ဒီမှာကြည့်၊ တရားနဲ့ ပြောလျှင် ဒါ ပရမတ်၊ ယောကျ်ားလို့ယူလျှင်-ပညတ်မှတ် ပရမတ်သာ ရှိတယ်၊ ပညတ် မရှိဘူး။ အသားကို အသားဘဲလို့ နားလည်တဲ့ ဘာသာစကားနဲ့ သိလျှင် ယူလျှင် အမှန်သိတယ်မှတ်။ အသားကို လင်ထင်၊ မယားထင်၊ သူဌေးထင်၊ မင်းထင်လျှင် အမှား အယူမှတ်။

တရားစကားမှာ ပရမတ်ကို ပညတ်ဖုံးတယ်။

ဘာသာပြန် အရပ်စကားမှာ အမှန်ကို အမှားဖုံးတယ်။

ကြပ်ကြပ်သက်နှံကိုင်၊ မျက်စိနဲ့ပြူးပြူးကြည့်ပြီး စဉ်းစား၊ ငယောက်ဘဲ တွေး၊ ဝိုင်းဖွဲ့ မေး။ ဆရာ ကောင်း ချင်

တရား အရ မြန်တယ်။ တပည့် သက် သာ တယ်။ ဆရာ မကောင်းလျှင် တပည့် မောမယ်၊ ပင်ပမ်းမယ်။ အချို့ကလဲ ပင်ပမ်းတဲ့အလုပ်မှ တရားရမယ်ထင်တယ်။ လူပါးခေတ်၌ ပါးရင် ပါး၊ မပါးရင် မှားမယ်။ လက်နဲ့ မြေကြီးကို ကိုင်စမ်းပါ။ ဒီမြေကြီးကို ရန်ကုန်မြို့၊ မန္တလေးမြို့လို့ ယူထားတဲ့ လူဟာ မျက်စိကန်းနေတယ် ပုဒ်ပြတ်မှတ်။ ဒီအကန်းဟာ ဘယ်ဒါနကို လုပ်လုပ်၊ ဘယ်သီလကိုဘဲ စောင့်စောင့်၊ ဘယ်တော့မှ မိစ္ဆာအယူ မပျောက်ဘူးမှတ်။

အသားကို ပျို့အိုထင်သူ။
အသားကို မုဆိုး ဖို့မ ထင်သူ။
အသားကို မင်း သူဌေး ထင်သူ။
အသားကို မင်းကတော် သူဌေးကတော် ထင်သူ။
အသားကို ဘုရားထူးခံ ပုဂ္ဂိုလ်ယူသူ။
အသားပုပ်ကို ဓမ္မကထိက ကျမ်းပြုဆရာယူသူ။
သွေးပုပ်ရုပ်ပျက်ကို တရားရတဲ့ ငါဘဲယူသူ။

ဘယ်တော့မှ သောတာပန်မဖြစ်ဘူး။ အရိယာ မဟုတ်ဘူး။ ဒီမျက်ကန်းကို ဝိပဿနာမျက်စဉ်းဆေးနဲ့ ခပ်လို့ မပျောက်နိုင်။ မရနိုင်၊ မြေကြီးကို မြေကြီးဘဲလို့ မှန်ဒါယူပါ။ အသားဟာ အသားဘဲလို့ နားလည်တဲ့ စကားနဲ့ဘဲ မှန်ဒါယူ။ ဒိဋ္ဌိကွာရုံမျှ ခက၊ တဏှာခါနပါ မရှိဘူးမှတ်။ ယူနိုင်ရင် တရားကျပ်ပြည့် မှတ်ပါ၊ မစုံစမ်းပါနဲ့၊ စုံစမ်းပမဲ့ ဆုံးဖြတ်နိုင်သူတွေဘို့ ကြွပ်ပါတယ်။ (လေးလေးဘာဝ်)

**သတိထား။**

ဉာဏ်သတ်မှ ကံပြတ်မည်။
ကံကောင်းလျှင် မနုဿရာဇာ။
ဉာဏ်ကောင်းလျှင် ဗုဒ္ဓရာဇာ။
တယောက်ထဲ မထင်နဲ့ အဖွဲ့ကိုမှတ်။
ဉာဏ်ကိုသာ မင်္ဂ ဉာဏ်ကိုသာ ဖိုလ်။
ဟန်ကတော့ ပုဂ္ဂိုလ်။
အပြင်အောင်ခြင်းက ဟန်။
အတွင်းအောင်ခြင်းက ဉာဏ်။
ဉာဏံ ဥဒပါဒိ-ပဋ္ဌဝဂ္ဂိရသေ့ တံဆိပ်ကိုကြည့်။
အလုပ်မှန်သမျှ ပင်ပမ်းကြမည်။
အသိဉာဏ်ရမှ ရှင်သန်းမည် ယောဂီ။

ဆရာ တရား လာပြီးဟောဒါ တရားနာသူတွေ တပည့်ဖြစ်စေဘို့ အရှင်းမဟုတ်။ မိမ္မကထိက ယောကျ်ားတိုင်းဖြစ်ဘို့၊ မိန်းမတိုင်းတရား ဟောပုဂ္ဂိုလ်ဖြစ်ဘို့၊ တိုင်းပြည်ကို လှည့်၍ဟောတယ်မှတ်။ ကျမ်းရေး ဗခြင်းမှာလဲ့ စာဘတ်သူဘိုင်း မိမ္မကထိက ဖြစ်စေဘို့ သည်။ အောက်ကျခံမနေနဲ့။

**တောက်—ကွက်မမေနဲ့။**

လောကီစကားနဲ့ မှန်ဒါ ပြောမယ်၊ ရေးမယ်။ ဒါ အသား၊ တရားစကားနဲ့ပြောရင် ရေးရင် ဒါ ခေါ်သွားမှာ။ ဒါ ရုပ် ပရ မတ်ဘရားမှတ်၊ ခေတ်ရုပ်လဲ ဟုတ်ထာဘဲ၊ ကျား,မ,လဲ ဟုတ်ထာ ဘဲလို့ ၂-ဘက်ကုဘ် အနှိုမှတ်။ ဘောက်တဲ့ မကာ မြည်ဘဲ့အသံနဲ့

ဇီးကွက်ထီးက မြည်တဲ့အသံ မရောလျှင် တဘက်စီ၊ ရောလျှင် ကပြားမှတ်၊ ခွဲမယ်။

မြို့ကြီးထင်တောက်၊ မြေကြီးသိ-ကွက်။
မယားထင်-တောက်၊ ခေတ်သားသိပိုင် ကွက်။
လင်အဟုတ်ယူရင်-တောက်၊ အ သားဘဲသိ-ကွက်
ရန်ကုန်မြို့သားအစစ်-တောက်၊ ခေတ်အနေသိကွက်။
မန္တလေးမြို့သားငါဘဲ-တောက်၊ ကလာပ်စုသိ-ကွက်။

ကဲ အနေတော့ခက်ပြီ ယောဂီ၊ ပညတ်မရှိတော့ မှန်ရဲ့၊မှန်ပေ တယ် (လို့) ဆိုဒါ အခက်ဆုံးဘဲယောဂီ (လို့)ဟာ သေမင်းမှတ် လိုက်၊ပရမတ်ဉာဏ်နဲ့ တူသော ဇီးကွက်မျက်စိကို တပ်ပေးထားတဲ့ အဘနောက် သစ်ပင်ပေါ်သို့လိုက်ဘို့၊ နားဘို့ကလဲခက်၊ ပညတ် နဂိုရှိနေ ငပ်ကြားခေါ် မိခင် တောက်တဲ့မရဲ့ ငိုင်ကြားထဲသို့ အကြိုအကြားထဲသို့၊ လိုက်နားဘို့ကလဲ ခက်ကပြီ၊ ဘာ့ကြောင့် ရုပ်နဲ့နာမ်တောင်ပံ ၂-ဘက်က ခံနေလို့ ရုပ်နဲ့နာမ်ကိုလဲ သိနေ လို့ ခေတ်သဘောအစစ်ဘဲလို့ ယူရဲဘို့ ယူဝံ့ဘို့ ခက်သွားဘဲ။

ဒီကပြားကလေးဟာ အချိန်တန်တော့ မြည်ချင် တွန်ချင်လာ တယ်။ တရားရစ ယောဂီဆိုတော့ အဘကဲ့သို့ ရုပ်သံ, နာမ်သံ၊ ခေတ်သံ, ပရမတ်သံတွေ၊ အော်ချင်၊မြည်ချင်၊တွန်ချင်လာတယ်။ အဘက ဇီးကွက်လို့ တွန်တယ်၊ယောကျ်ား မိန်းမ အယူကလဲမစွန့် နိုင်၊ ပုဂ္ဂိုလ်သတ္တဝါစကား၊ အသက်ရှိတယ် ဆိုတဲ့စကား၊ အမိ တောက်တဲ့ခဘက်က၊ ဝါ-လောက အန္ဓဘက်က ပညတ်စကား

တွေကို အော်ရ၊ ပြောရ ဆိုရ၊ မြည်ရ၊ တွန်ရသေးတယ် (တောက်တဲ့ တောက်တဲ့လို့) တွန်ချင်လာတယ်။

အောက်တန်းစားက အထက်တန်းနဲ့ မင်္ဂလာခန်းကို မျှော်မှန်းကြရမယ် ယောဂီ၊ အထက်မကျ အောက်မကျ ခွကြားမှာ အနေခက်တယ်။ အထူးသတိပြု—

အမိလိုတွန်ရင် အဘကမကြိုက်၊ အဘလိုတွန်သော် မိခင်က စိတ်ဆိုးမယ်။ စီးပွားစကား၊ ရိုးစားစကား၊ လင်စကား၊ မယားစကားတွေ ပြောသံကြားလျှင် သပ္ပုရိသဆရာကမကြိုက်၊ ပရမတ်စကား၊ ဓာတ်စကားတွေ ပြောသံကြားလျှင်၊ အိမ်သားအန္ဓ-ရွာသား အန္ဓ တို့က မကြိုက်၊ ၎မိအကြိုက်လိုက်လျှင် ဘခင်က အထက်တန်းနဲ့ မင်္ဂလာခမ်းကို လမ်းဆုံးအောင်မပြ၊ မခေါ်ခက်မှာဘဲ၊ သေပေါက်တော့ တိုးအုံးမှာဘဲ၊ အဘအကြိုက်ကိုချည်းလိုက်ရမယ် ဆိုပြန်လဲ အိမ်သားနဲ့ တရွာလုံးနဲ့ အရှင်းတဲ့မှာ မဟုတ်ပါဂလား၊ ငါတော့ကြပ်ပြီ ရေထမ်းတဲ့ကုလားလို ရှေ့တိုးလဲသံပုံးနဲ့ နောက်ဆုတ်လဲ သံပုံးနဲ့—

ဘယ်ဘက်ကိုမှ မလိုက်ဘဲ

## ဟောက်ကွက်-လို့

ခမ္မစက်အရ မဇ္ဈိမကျအောင် ၂-ဘက်မျှ တွန်လိုက်သည်။ တွေးပါ၊ ကြံပါ၊ တိုင်ပင်ပါ၊ ဆွေးနွေးပါ။

ကလျာဏပုထုဇဉ် စူဠသောတာပန်ဖြစ်လျှင် တောက်ကွက်မှာဘဲ၊ အရိယာသောတာပန်အစစ်ဖြစ်ပါမှ ကွက်သက်သက် အဘ

ဘက်မှတ်။ ပရမတ်ကို လုံးဝသဘောမကျလျှင် ဘောက်တွဲပါဘဲ ယောဂီ။ ဝိမုတ္တိယုဂ ခေတ်ဆိုဒါဘာလဲ ဝိမုတ္တိဆိုဒါ အရဟတ္တ မဂ်ဉာဏ်ရဲ့ နာမည်မှတ်၊ ဝိပဿနာခေတ်သို့ ရောက်ရှိလာကြ သဖြင့်—

လူရောရှင်ပါ၊ မြို့ရွာမခြား၊ ယောကျ်ား-မိန်းမ၊ ဝိပဿနာ တရားစကား၊ပြောကြဟောကြ ရေးသားကြ၏၊ အထည်ရောင်းတဲ့ ဆိုင်များကဲ့သို့ အမျိုးမမှားယူ - အဘိုးမများတို့ သတိပြု။ သိမ့်နဲ့ အသပ် ဘယ်တင်းကရှုပ်ပေမဲ့၊ဒိဋ္ဌိမပြုတ်က ထောက်ကွက်ဖြစ်မှာ စိုးရိမ်ရတယ် ယောဂီ။ မြတ်စွာဘုရား၏ ဒေသနာ ကာမဘက် အတ္တဘတ် ၂-ဘက်မပါရ၊ မဇ္ဈိမပဋိပဒါကျ အနတ္တလက္ခဏာအစစ် ခမ္မတရား မလွန်ရအောင် ကပြားတွန်းသံ သတိထားကြ အိပ်-ဆေးလိပ်ချ။

မှိုဥပမာ ကျယ်ကျယ် ဘတ်ပါ။

မှိုစားဘူးကြရဲ့လား - စားဘူးပါတယ်။ ဆရာ ပြောပြီ နား ထောင်၊ နွားပျောက်လို့ရှာရင် နွားတွေ့ဘို့လိုတယ်၊ ခြံဝင်ရင် နွားပါမှ၊ ငွေမရှိလို့ရှာ၊ ငွေရမှ၊ တရားရဘို့ရှာတယ်၊ မရလို့ သေရင်- ဝိနိပါတဘေး ကျချင်ရာ ကျရမဲ့ဘေးကြီးမှတ်။တနည်း- အပါယ် ဘေးပါဘဲ ယောဂီ၊တရားရှာတဲ့ခေတ်မှတ်။ပဒေသွဒီပနီ တအုပ်လက်ကိုင်ရှိပါက၊ သွားလာရာဆောင်ပါက ဂုဏ်ဘန်ခိုး တိုးတက်မည်ယောဂီ။ သာသနာ တွင်းမှာ ဖြစ်ခိုက် သာသနာကို နားမလည် တရား အစစ်အမှန်ကို မသိရဘဲနဲ့ သေသွားလျှင်

ဆန်ကုန်မြေလေးမှတ်၊ လူဖြစ်ကျိုးအရှင်းမနပ်။ မေတုနံဝါ၊ မေထုံပျော်တတ်ခြင်း။ ဘုဋ္ဌနံဝါ၊ ထမင်းအစာ စားတတ်ခြင်း။ နိဒ္ဒံဝါ။ မိုးချုပ် အိပ်တတ်ခြင်း။ ဒီသုံးပါးကိုသာသိဒါဟာ နွားတိရစ္ဆာန်နဲ့ တူတယ်လို့ မြတ်စွာဘုရားက ဆုံးမထားတယ် ယောဂီ။

မေ—ဘုဉ်—နိဒ်၊

အန္ဓဗာလ ဥမ္မတ္တကမှတ်။

ဝိမုတ္တိယုဂခေတ်၊ ခေတ်ဆိုဒါ အကြာကြီးမထင်နဲ့ ယောဂီ၊ သာသနာ ငါးထောင်ဆိုဒါလဲ မိမိနဲ့ မဆိုင်ဘူးမှတ်။ ခေတ်ဆိုဒါ ခေတ္တ၊ နာရီ၊ စက္ကန့်၊ မိနစ်၊ တမဖြာ၊ မျက်စိတမှိတ်၊ လျှပ်တပြက်၊ လက်ဖျစ်တတွက်၊ ထွက်သက်ဝင်သက်မျှ တခဏ၊ တကာလ၊ တမဟုတ်၊ ဖြုတ်ချည်း ယုတ်ချည်းမှတ်။ တအောင့်ကလေး ရှည်တယ် ယောဂီ၊ ဥပါဒ်ဋ္ဌီဘင် ခဏကို ခေတ်မှတ်။ မိမိ၏ထွက်သက်ဝင်သက် ကာလအချိန် ကလေးဟာ မိမိ၏ သာသနာမှတ်။ စကားတတ်ထာ မဟုတ်၊ တရားတတ်ထာမှတ်၊ အထင်ကြီးပြီးကြွားမနေနဲ့၊ အလုပ်နားမေ့ ရှုပ်ရသား သွားနေတယ်။

(စကားချုပ်တော်ပြီ။)

မှိုဟာမျိုးစေ့မရှိ၊ အသီးမရှိ၊ အရွက် အခေါက် အညွန့် အညှောင့်မရှိ၊ အကိုင်းအခက် ရေသောက်မြစ်မရှိ၊ မြစ်သေး မြစ်မွှားမရှိ။

ဝိပဿနာတရားနဲ့မှို၊
ပဒေဿဒနဲ့ ယောဂီဝိဇ္ဇာစိုရ်၊
ထီးပုံသဏ္ဌာန်ကဲ့သို့ တပင်တိုင် သူ့အလိုလို။

ဒီမိုးဟာ ဘယ်မှာ ပေါက်တတ်သလဲ၊ မြေပြောင်ပြောင် မှာ ပေါက်ခဲတယ်၊ ကတ္တရာလမ်း၌ မပေါက်နိုင်၊ ကျောက်ဖျာပေါ်မှာ ပေါက်ဘို့ ခဲယဉ်းတယ်။ ရွှံ့ညွန် ရေအိုင်တို့မှာလဲ ပေါက်ထားမမြင်ဘူးဘူး၊ အမှိုက်သရိုက်ထူထပ်သော၊ တောချုံ သစ်ပင်သစ်ရွက်များသော ကောက်ရိုးဆွေး၊ သစ်ဆွေး၊ မြေပုပ် မြေဆွေးတို့၌ ပေါက်လေ့ရှိတယ်။ နေအလွန်ပူပြင်းတဲ့ရာသီမှာ မပေါက်နိုင်၊ မိုးသည်းရာသီ မိုးသည်းအလွန်များတဲ့အခါမှာလဲ ပေါက်ဘို့ရာ မလွယ်။ ဘယ်အခါမှာလဲ၊မပူမအေး- ခပ်နွေးနွေး နွေနဲ့ မိုးသည်း ၂-ရာသီ စပ်ကူး၌၊ မိုးသည်းအုံ့ လျက်မရွာဘဲ၊ မိုးသည်းတပြိုက် နေတသိုက် ဒီလို ပူအိုက်အေးနွေးတဲ့ ရာသီ၊ ပုပ်ဆွေးတဲ့ ဌာနီမှာသာ မှိုပေါက်ရှိုး ထုံးစံများတယ်မှတ်။

အမှိုက်သရိုက်ထူထပ်သော မြေပုပ်။
မြေဆွေးများ၌ မှိုပေါက်မြဲဓမ္မတာမှတ်။
ခန္ဓာကိုယ်ပုပ် သွေးတုံး၌ ဝိပဿနာ တရားကို ရှာလျှင် တွေ့နိုင်သော ဓမ္မတာမှတ်။
နွေနဲ့မိုးသည်း ၂ ရာသီ ရောစပ်ပူအိုက်တဲ့အခါ၊ မှိုပေါက်မြဲ ဓမ္မတာမှတ်။
စပ်ကြားမှာ ဝိပဿနာတရားကို လိုက်စား ရှာဖွေလျှင် ရမြဲဓမ္မတာမှတ် ယောဂီ။

x x x

မှုနဲ့ ဝိပဿနာ ရှင်းရှင်း ဘတ်ပါ။

ဉာဏ်နဲ့စဉ်းစားဘတ် ဝေဘန်ယူ၊ ဖွင့်ရေးမယ်။ ဉာဏ်နဲ့လျှင် မတွေးတတ်တယ်၊ ချောချောလှလှ ယောကျ်ား မိန်းမတို့ကို မြင်လျှင် ဝိပဿနာ တရား ရခဲ၏။ လူသေကောင်ပုပ်၊ မသာ အိမ် အရိုးစုသုသာန်တို့၌ ဝိပဿနာဉာဏ်ကို ရှာလို့မတွေ့နိုင်၊ လုံးဝ မရဘူး ပုဒ်ပြတ်မှတ်၊ အလွန် ချမ်းသာစွာ စည်းစိမ်ကို ခံစံကြသော မင်းသူဌေးကြီးတို့၌ ဝိပဿနာတရားကို လိုက်စားဘို့ ရှာဘို့ လုံးပမ်းဘို့ ခက်တယ်မှတ်။ အင်မတန် ဆင်းရဲလှတဲ့ ကူလီဝန်ထမ်း၊ တိုင်းပြည်ပျက်လို့ နေစရာမရှိ၊ စားစရာရှာမရ၊ ဒုက္ခိတ တို့မှာလဲ- ဝိပဿနာ တရားထူးကို၊ အားထုတ် ရှာဖွေဘို့၊ စိတ် မရောက်နိုင်မှတ်။ ဝိပဿနာမှု ပေါက်ခဲလေစွ။

စိတ်ကိုအအားမထားနိုင်တဲ့ မင်းကြီး-မင်းကလေးများ၊ စိတ် ကို အထက်သို့ တက်ကြွနေကြသော သူဌေးကြီး- သူဌေးကလေး များ ဝိပဿနာမှု ပေါက်ဘို့ရာကို ဖယ် လိုက်၊ ဆင်းဆင်း ရဲရဲ မျက်ရေပူတရွှဲရွှဲနဲ့ နေကြရတဲ့ ဒုက္ခိသည်တို့ကို မစဉ်းစား ပါဘဲ၊ အလုပ်အကိုင် အရှင်းမလုပ်ရဘဲနဲ့ အနေချောင်ချောင် နေကြရ တဲ့သူတို့မှာကော ဝိပဿနာ တရားကို ရှာဖွေ နိုင်သလား၊ ပြော ဟောဘို့ စိတ်ဆားနိုင်ရဲ့လားလို့ စဉ်းစားသော်၊ ကျမ်းရေးတဲ့ ဓမ္မကထိက ကိုယ်တိုင်မှာပင်၊ ဝိဿနာမှုအစစ် ပေါက်မပေါက် ကို၊ ယခု စာရေးရင်း၊ တနည်း စာ ဘတ် ရင်း ဝေ ဘန် ဘို့ ရာ အရေးအကြီးဆုံး အချက်ပေတည်း။

## အရကျက်စမ်းပါ။

အန္ဓိဘူတော အယံလောကော၊ တနုကေတ္ထ ဝိပဿတိ။
သကုဏော ဇာလမုတ္တောဝ၊ အပ္ပေါ သဂ္ဂါယ ဂစ္ဆတိ။

အယံ လောကော၊ ဤတလောက လုံးသည်၊ ဝါ၊ ဤလူ အပေါင်းသည်။ အန္ဓိဘူတော မွေးသေလွတ်ရာကို တက်လမ်း မရှိ၊ ၂-ဘက်စုံလုံး မျက်ကန်းအတိသာ ဖြစ်ကြရ၏။ တွေ့၊အသား ကို သူ့ငွေးကြီး၊သေ့းစီးကိုတော့ ရှင်ဘုရင်မျက်မြင်ခြေနင်းထားတဲ့ မြေကြီးပုံကိုတော့ မြို့ရန်ကုန် အချို့မာန်ဂုဏ်နဲ့ ငါမမ္မကထိက၊ ငါကတော့ကျမ်းပြုဆရာ၊ ငါမှသာဂိုဏ်းအုပ်၊ ငါအချုပ်ဗိုလ်မှူး၊ ငါဆိုင်းဘုတ်ဘွဲ့ထူးဖြင့်၊ အယူရှိအစွဲ၊ဤလောကခေါ် မျက်ကန်း တောထဲ၌ ဝိပဿတိ၊ မှိုဥပမာထား ဝိပဿနာတရားကို စားရ။ ကြားရ၊နားဝမှာ နာရသောသူသည်ကား၊တနုကော၊နဲလှချေ၏။ ဝါ-မှိုပေါက်ခဲလေစွ။

ဇာလမုတ္တော ပိုက်ကွန်မှလွတ်သော သကုဏောဣဝ။ ငှက် လိမ္မာ-ငှက်နပ်ကဲ့သို့ သဂ္ဂါယ၊နတ်ရွာနိဗ္ဗာန်သို့ ဂစ္ဆတိ၊သွားရောက် နိုင်ကြသော သူသည်ကား။ အပ္ပေါ၊ အလွန်တရာမှ နည်းပါးလှ ချေ၏ တကား။

ဝိပဿတိနဲ့ ဂစ္ဆတိ ၂-ပုဒ်သည်၊
နာမ်ပုဒ်ကို ၆ သော တြိယာဟူမှတ် သဒ္ဒါနည်း။

ဆီ-ဆား-ငန်ပျာရေ၊ ကြက်သွန်၊ ငြုတ်စသည်တို့နဲ့ ရောချက် မှိုဟင်း-သတ်သတ်စားလို့ ကောင်းတယ်မှတ်။ ငါးပုဇွန်၊ ကြက် သား၊ ဝက်သား၊ အမဲသား၊ဘဲသား၊ ဆိတ်သားတို့နဲ့ တွဲရောပြီး

ချက်ပြန်လဲ ကောင်းဒါဘဲ မျိုးစေ့မရှိ၊မြေဆီ မြေဩမှတ်။ မှိုသတ် သတ်ချက်လဲ ကောင်းဒါပါဘဲ။

ရှင်းတမ်းဥပမာ လေးလေးဘတ်။

၁။ ဒါနထဲမှာ-ဝိပဿနာဉာဏ်နဲ့ စဉ်းစားလှူပါ။
၂။ သီလစောင့်လျှင်—ဝိပဿနာဉာဏ်ဖြင့် ဝေဘန်၍စောင့်ပါ။
၃။ သမထ အားထုက်သော်-ဝိပဿနာဉာဏ်ရပြီးမှ အလုပ် လုပ် စမ်းပါ။
၄။ အိမ်ထောင်မပြုမှီ-ဝိပဿနာဉာဏ် ရပြီးမှ ပြုကြ။
(မှိုဥပမာပြီးပြီ။)

× × ×

တနည်း-ဥပမာပြပြီ။

၁။ မော်တော်ကားဝယ်လျှင်—တွန်းကားမဝယ်နဲ့။
၂။ ဇဖါင်တိန်ဝယ်လျှင်—ခါဖေါင်တိန်မဝယ်နဲ့။
၃။ နာရီဝယ်လျှင်—လှူပ်နာရီမဝယ်နဲ့။

တွန်းကားဆိုဒါအရေးကြီးပြီဆိုလျှင် စက်ရပ်သွားတယ်၊ဆရာ ကိုယ်တိုင် ဆင်းပြီးတွန်းရတယ်။ တွန်းတဲ့လူများလို့ အချိန်ရရင် သွားပြန်ရောမှတ်။

ခါဖေါင်တိန်ဆိုဒါ-အထူးအဆန်း မထင်ပါနဲ့။ စာရေးရင်း၊ မှင်မထွက်ရင် ခါခါပေးရတယ်။ ခါလိုက်ထွက်လိုက် မခါရင် မထွက်ပြန်ဘူး။ ဒါလဲ-ခါဖေါင်တိန် မှတ်လိုက်။

လှူပ်နာရီဆိုဒါက ဆရာကိုယ်တိုင် ဆောင်ဘူးတယ်။နာရီချင်း ယှဉ်မြှိုင်လို့ အချိန်တိုက်မယ်ဆိုရင်၊ လူရှေ့ကျရပ်နေပြီ။ကွယ်ရာ

သွားပြီး လှုပ်လှုပ်ပေးမှ စက်သွားတယ်။ သွားလဲတအောင့်ဘဲ။ ပြီးတော့ ရပ်ပြန်ဒါဘဲ။ဒါလဲ-လှုပ်နာရီမှတ်။နည်းတူ ဥပမေယျ-

ဝိပဿနာကျမ်းဂန်ကို သူများရေးတိုင်း၊ ဝိပဿနာတရားကို သူများ ဟောတိုင်း၊ ရေးကြ,ဟောကြဒါ မှန်တယ်မမှန်ဘူးဆိုဒါကို၊ ကိုယ်ပိုင်ဉာဏ်မရှိက သိခဲလေစွ။ လက်တွေ့တရား၊ လက်ကိုင်ပြတရား၊ ကိုယ်တွေ့တရား၊ အသံတူတယ်၊ အဆံကွဲရမယ်၊ အဆံတူလျှင် ဉာဏ်မတူဘူးမှတ်။ အပါယ်မကျဘို့ စိတ်ချရဲ့လား ယောဂီ။ တရားကို ဟုတ်,မဟုတ် စဉ်းစားတုန်းလား၊ ထွန်းကားလား၊ တရားရလျှင် ခဏခဏဆင်ခြင်တုန်းသား၊ ခါပေါင်တိန်လား။ ဝိပဿနာဉာဏ်ကိုရဘို့ ခေတ်သဘာဝ ဆိုက်လျှင် ဇာတိလွတ်ပြီလို့ တထစ်ကျ စိတ်ချရပြီလား၊ ဆုံးဖြတ်တဲ့ဆရာကိုကော တွေ့ရဲ့လား။ လားရာဂတိကို ပိုင်ပိုင်မိမိ ရှိ,မရှိ သိပါရဲ့လား၊ လှုပ်နာရီကို သတိထား။

(ဆေးလိပ်ချ၊ နားဘတ် အလုပ်ရှိလျှင် စာအုပ်ချထားပါ။)

တွန်းကား၊ တွန်းတရား စဉ်းစား ယောဂီ။
ခါပေါင်တိန် ခါတရား ဝိုင်းဖွဲ့ သတိထား။
လှုပ်နာရီ လှုပ်တရား မမှားစေနဲ့ ယောဂီများ။
(ဥပမာ တော်ပြီ။)

× × ×

နိမိတ္တနဲ့ အနိမိတ္တ ခွဲပြီ။

၁။ ကမ္မနိမိတ်၊ ပြုခဲ့တဲ့ကံတွေ သေခါနီး မြင်ယောင်ခြင်း။
၂။ ဂတိနိမိတ်၊ သွားရမဲ့ ဘဝကို ထင်လာစေခြင်း။
၃။ ပရိကမ္မနိမိတ်၊ ကသိုဏ်းဝန်း အာရုံမြင်နေခြင်း။

၄။ ဥဂ္ဂဟနိမိတ်၊ ကြည့်ချင်ရာကြည့် နိမိတ် စွဲနေခြင်း။
၅။ ပဋိဘာဂနိမိတ်၊ သွားချင်ရာသွား နိမိတ် လိုက်ပါခြင်း။

ဒီနိမိတ်တွေ သဏ္ဍာန ပညတ်ပါဘဲ၊ စိတ်ထင်မှုမှတ်။ ထင်မှုဟာ ကိုယ့်သေမင်းမှတ်။ အထင်ခံရဒါဟာ အမြင်မှန် မရလို့ ယောဂီ ခက်ထာဘဲ။

## ပုံ့သဏ္ဍာန်၊ အရိပ်၊ နိမိတ်၊ အသွင်၊ အထည်၊ ဒြပ် အတူတူမှတ်။

သမထတရားသည် နိမိတ်ကို အရေးယူသည်။ နိမိတ်ရလျှင် ဂုဏ်ထူးရှိသည်။ နိမိတ်ပေါ်မှ အစွဲအာရုံရသည်။ နိမိတ်အစွဲသန် လေ တရားအစစ် ထင်ရလေမှတ်။နိမိတ်မရသော သမထယောဂီ မှာ မျက်နှာငယ်၏။ တရားမရဘူးလို့ အဆိုခံရ၏။ ပါရမီနဲ့သူ ပညာမဲ့သူဟု ပြောဆိုခြင်း ခံရ၏။

သမထကား၊ နိမိတ္တအာရုံမှတ်။ ဝိပဿနာဉာဏ်မှာ နိမိတ္တ အာရုံမဟုတ်၊ နိမိတ်မရှိဘူး။ ဘာ့ကြောင့် အနိစ္စ လက္ခဏာကို ပိုင်ပိုင်သိနေလို့ အနိစ္စလက်နက် နှင့် နိမိတ်ကို ပယ်သတ်ပြီးပြီ။ ဝိပဿနာဉာဏ်ကို ရရှိ၊ အနတ္တ အထိပိုင်လျှင်။ ၀ါ၊ လက္ခဏာ သုံးပါးတို့တွင် တလုံးလုံးကို သိပိုင်ပါက သေခါနီး၌၊ ကမ္မနိမိတ် ပေါ်စရာမလိုတော့ပြီ။ ဘာ့ကြောင့် စောစောက ဉာဏ်ဓါတ်နဲ့ ကံပြတ်နေလို့။ တနည်း၊ အနိစ္စဉာဏ်ကြောင့် နိမိတ်ပြမခံတော့ ဘူး ယောဂီ။ သို့မဟုတ်က (ဆန္ဒံ ဒွါရာနံ အညတြသ္မိံ ပစ္စု ပဋ္ဌာတိ။) ဘာသာပြန်မှာ၊ ဆန္ဒံ၊ ၆-ပါးကုန်သော။ ဒွါရာနံ၊ မျက်စိစသော ဒွါရတို့တွင်။ အညတြသ္မိံ၊ တပါးပါးသော ဒွါရ

၌။ ပစ္စုပ္ပန္နာတိ၊ ရှေးရှုဖြစ်၍ ထင်လာရ၏။ ဝါ၊ မိမိပြုကံ မိမိ ကိုယ်သာ စီမံဘို့အရိပ် ချဲဆို့မှ နိမိတ်ပေါ်လာရ၏။

(ကြောက်လေ သံဝေဂရှိစေ ယောဂီတွေ။)

**ပိဋကတ်သုံးပုံ၌ လိုရင်းအချုပ်**

| | |
|---|---|
| **ငါဘုရားအစစ်** | ဣတ္ထိ—မိန်းမ |
| → | **ပုရိသ—ယောကျ်ား** |
| **မဟုတ်—ဘာလဲခေတ်** | ပုဂ္ဂလ—ပုဂ္ဂိုလ် |
| **န** | **သတ္တ—သတ္တဝါ** |
| | ဇီဝ—**အသက်** |

ခေတ်ဆိုဒါဘာလဲ
သူ့သဘော
ငါမပါ
သူ့ဘာသာ
ဖြစ်သလို
ဖြစ်ချင်တိုင်း
သူ့အလို
ဖြစ်သလိုလုပ်
ငါဘာမှမလုပ်
ကံဘယ်မှာလဲ
ကု-အကု ဘာလဲ
ဖြစ်ချင်သလို
ပျက်ချင်သလို
ဖြစ်-ပျက် ရှာမရ

**အ** **တ္တ**

**ငါ**

လူ—နတ်—ဗြဟ္မာ
အပါယ် ၄—ဘုံ
၃၁ ဘုံ

ယောဂီ၏ ခန္ဓာကိုယ်-မဇ္ဈိမ-ဗဟိုအလယ်-**အတ္တ**-၌၊ ဝါ-ငါ၌၊

ကာမပြတ်၊ အတ္တပယ်-အလယ်က၊ န, ငယ်၊ ၃၁ ဘုံအတွင်း န,ငယ် ကိုသွင်း အလင်းကိုရ အနတ္တ စခမ်းရောက် ခတ်သဘောပေါက် ၃၁ ဘုံ ပျောက်မည်။ ပဒဋ္ဌေဒ ဒီပနီ။

**ယောဂီအရကျက် ဝိုင်းထဲမှာဆိုပြ၊**
**ပဒဋ္ဌေဒ ဒီပနီ၏ နိဂုံးသတ်၊**
**ဘုရားအလောင်း တေလပတ္တဇာတ်။**

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌၊ သီတင်းသုံး တော်မူစဉ်၊ ဆီခွက်ကို ဥက္ကောင်းပေါ်မှာရွက် မဖိတ်မစေးင်း စေရဆိုသော ဥပမာကို ပြလျက်၊ သီလ တည်းဟူသော မိမိ ဥက္ကောင်း၌ သမာဓိဆိုသောခွက်၌(ပညာတန်ဆောင်ဆီမီးရောင်) ခေါ်လေ့ရှိသည့်အတိုင်း ဆီနဲ့ အလားတူသော ပညာစခမ်းကို အပြည့်ထည့်ပြီး တည့်တည့်မတ်မတ် ကျကျနနသွားလျက် လိမ္မာ ဥာဏ်ရှိ လူရှင်ပဏ္ဍိတ်တို့မှန်သမျှ မယိုမဖိတ်မလျှံရ၊ မစေးင်းရ အောင် ရဟန်းတပါးကို ဆုံးမသော အတိတ်ဘဝက ဘုရား အလောင်း တေလပတ္တဇာတ်ထုပ်။

**တေလ—ဆီ။ ပတ္တ—ခွက်။**
**ယောဂီ အရိယာဖြစ်ချင်သလား- ဆီခွက်သတိထား။**

ထိုင်ချင်ထိုင်၊ ထလိုကထ၊ အိပ်ချင်ရင်အိပ်ပါ၊ သွားချင် တော့သွား၊ စားချင်ဒါတွေ စားလိုက်၊ နှေးနှေး သွားလိုလျှင် နှေးလိုက်စမ်း၊ သို့မဟုတ်က အနှေးမသွားဘဲ၊ အမြေးလွှားမယ် လို့ ကဆုန်ပေါက်ပြီး လိုရာကိုရောက်အောင် အားကုန်မြေး ချင်လဲပြေး ယောဂီ၊ ဆီခွက်မဖိတ်စေနဲ့၊ ဆီခွက်မကျစေရ၊ ဒါ

ဥပမာမှတ်၊ ဥပမေယျပြောမယ်ရေးပြီ၊ စာရှက်ဖြေးဖြေးကိုင်ပါ၊ လက်ကိုတံတွေးဆွတ်ပြီး မကိုင်ပါနဲ့၊ စုတ်သွားမယ်၊ စာဘတ် မလောနဲ့၊ အိမ်ထောင် ပြုလိုကပြု၊ မပြုချင်နေ၊ အမြဲတန်း သက်န်းဝတ်နေရမယ်လို့ ဘုရားမဟောဘူး။ ဝတ်ချင်လဲဝတ်၊ ထွက်လိုကထွက်၊ ပစ္စည်းရှာချင်လဲရှာ၊ မရှာဘဲ မစားဘဲနေနေ၊ (တရားရှာနိုင်တယ်- နာနိုင်ပါတယ်) ပင်စင်အငြိမ်းစား နေလိုက နေ၊ သူဌေးဇိမ်နဲ့ မြို့ထဲက တိုက်အိမ်မှာမနေဘဲနဲ့၊ မြို့ပြင်ဘက်က ခြံထဲ ဥယျာဉ်ထဲက ဇိမ်မှာဘဲနေနေ တရားအစစ် ရှာနိုင်တယ်။ ကျမ်းစာ အမှန် ဘတ်နိုင်ပါတယ်ယောဂီ။

သီလဥက္ကောင်း—မစောင်းစေနဲ့။
သမာဓိဆီခွက်—၂-ဘက်လက်ကိုင်။
ပညာဆီကြည်—မဖိတ်တည်ဘို့။

တက္ကသိုလ်ပြည်သို့ ဘုရားအလောင်း တဆယ့်ရှစ်ရပ်သော လောကီရပ်ပညာစုံကို့ သင်ကြားရန် မိဘများက စေလွှတ်တယ်။ တတ်ပြီ၊ တိုင်းပြည်သို့ ပြန်တော့မယ်။

ဆရာကြီးကို ကာယဝစီ မနောခါ်ချီလျှက် သားတပည့်က ကံ တော့ပါသည်။ တက္ကသိုလ်ကျော် ဆရာတော်ဘုရား။ ဆရာကြီး က ညီတော် အာနန္ဒာအလောင်းဖြစ်ဘယ်။ တပည့်၏ လိမ္မာဘို့ အကြောင်းကို ပြန်ခါနီး လမ်းညွှန်တယ်။ အေး....ငါ့တပည့် ပြန်ဒါပေါ့ မောင်ရယ်၊ ပညာစုံဘတ် မိဘရပ်ထံ အပြန်တော့ လွှယ်၏။ အရောက်ခက်တယ် မောင် သတိပြု။

အပြန်လွှယ်လို့ အရောက်ခက်၊
တေလမတ္တ ဇာတ်တော်ထွက်။

မင်းသား တေလပတ္တ ဘုရားအလောင်းက ဆရာကြီး၏စကား ကောင်းကို နားမညောင်းအောင် နာခံမှတ်သား၍ လာခဲ့တဲ့ တပည့်ဖြစ်ကြောင်း၊ အမှားဖယ် အမှန်ရ၊ ဆုံးမတော်မူပါဘုရား မင်းတို့ တိုင်းပြည်ပြန်ဘို့က လမ်းနှစ်လမ်း ရှိတယ်ကွဲ့၊ လမ်းတို လမ်းရှည်၊ နှစ်မျိုးနှစ်လမ်းမှာ လမ်းတိုကသွားလျှင် သာယာ တယ်၊ အရောက်မြန်တယ် ထင်ရ၏။ အသက်ဘေး သေစရာမြင် တယ် တချက်။

မသာယာသော တောတောင်စခမ်းက တဖြေးဖြေး လူကြုံ မေး၊ လူကြုံတွေ့ရွေးပြီးလိုက်၊ အရောက်တော့ကြာမယ်။ လမ်း ခရီးကလဲ ဝေးတယ်၊ ဘေးကင်းလို့ ချမ်းသာမယ်၊ အသက်မသေ ပြေရမယ်ကွဲ့ တေလရဲ့၊ ဒါကတချက်။

လမ်းသာပေမဲ့ ချမ်းသာချင်မှ ချမ်းသာမယ်။ အရင်လို လမ်း တိုလိုက်၊ အရင်လိုရင် လမ်းအိုလိုက်၊ ရှေးက ဆိုတယ်။ ခရီး အရောက် အနှေးအမြန်ကို ပြောဒါ၊ ဘေးရန်ရဲ့သဘောကို ပညာ ရှိမှ သိတယ်မှတ်။

ဆရာနေတဲ့ တက္ကသိုလ်ပြည်က ထွက်လို့ တာဘိုင်ပေါင်းလို့ ငါးမိုင်ခရီးရောက်လျှင် တောအုပ်ဂနိုင် မဟာမြိုင်ကြီးကို တွေ့ မယ်ကွဲ့။ မဟာမြိုင် တောစခမ်းမရောက်မီ အင်မတန်မှ သာယာ ဖြူးဖြောင့်သော ပေဘာရာ လမ်းမကြီးကွဲ့။ အဲဒီလမ်း မသွားနဲ့ မလိုက်နဲ့။ ဘာ့ကြောင့် ဒီမဟာ မြိုင်တောခရီးမှာ ဘီလူးမကြီး တယောက်ရှိတယ်။ သူ့နေရာဌာန လာသမျှ လူအများကို စား နေကြဖြစ်တယ်။ ဒီလမ်းကို လမ်းတိုလို့ ဆိုတယ်။ မင်းနေတဲ့ ဗာရာဏသီ တိုင်းပြည် ရောက်ဘို့နီးတယ်။ အသက်ရန်ရှာမဲ့ ခရီး

လမ်းမှတ်လိုက်။ လမ်းတလမ်းက ဟောဒီ ညာဘက်က ကြည့်လိုက်စမ်း၊ တတ္တသိုလ်ပြည် အစွန်က ထွက်စမှာ၊ တောချုံပိတ်ပေါင်းတော့ရှိတယ်။ လူအများ သွားရာလှည်းလမ်း-နွားလမ်း မှန်တယ်၊ လမ်းခရီးတော့ရှည်တယ်။ တောချုံတွေကအစ၊ တမိုင်ခန့်လောက်တွေ့ပြီးမှ၊ နောက်ကို ကွင်းပြင်တွေ့ရမယ်။ တောင်အတက်အဆင်းအနည်းငယ်ရှိတယ်။ တောတလှဲ့၊ ကွင်းတလှဲ့၊ ရွာရောက်ဘို့တော့ ခရီးရှည်ဘယ်။

လမ်းတိုက ၃-ရက်ခန့်နဲ့ ရောက်မယ်။

လမ်းရှည်က ၁၄-ရက်ခန့်လောက်သွားရမယ်။

လမ်းတိုကိုမလိုက်နဲ့၊ လမ်းသာယာဒါကို မကြိုက်နဲ့။

ကိုင်း-သွားပေတော့ဆိုပြီး၊ ဂုဏ္ဍိတ်ပတ္တိတ်၊ လိုသမျှအာရုံအားလုံးကုန် ပြည့်စုံစေဗျား ပြည့်စုံစေ၊ ကိုင်း—သွားပေတော့။ ဟောဒီ ပရိတ်ချည်ကိုလည်ပင်းမှာဆွဲ၊ ပရိတ်ပန်းကို လက်မှာကိုင်၊ ဘေလပတ္တာဘုရားလောင်းလဲ၊ ဆရာကြီးအား၊ ဉာကျောင်းညွှတ်ကျိုး ၃-ကြိမ်မကာ အဖန်ဖန်ရှိခိုးပြီး နောက်ဆုတ် ထလျက် တိုင်းပြည်သို့ပြန်တယ်။ ဆရာ-မမှာဒါက တော်သေးတယ်၊ သတိပေးသရွေ့ အမေ့ကရှေ့က နေတယ်ဆိုဒါ မှန်ဒါဘဲ။ ဘေလပတ္တာက အိမ်အပြန်ဆိုတော့ သူကလဲ ကာလသား အကက် ၂၀-ခန့်၊ လူရေကလဲသန့်။ အရင်ကလို သာသာသာရှိတဲ့ လမ်းခရီး အတိုကိုဘဲ အမှတ်တမဲ့ ရောက်လာ၊ နေမဝင်မီ ၄-နာရီအချိန်၊ ပဟာမြိုင်တောအုပ်ကြီး တွေ့တယ် ယောဂီ (သဟိပေးလေ မေ့လေမှတ်) တောအုပ်ကြီးကို မြင်တွေ့လျှင်၊ ဘေလပတ္တာ ပင်းသားမှာ၊ အကိတ်တလန့် ကြက်သီးမွေးညှင်းထတယ်။ ဘိုက်-ဒါ ဘော့ခက်ပြီ၊ အိမ်

မြန်ချင်တဲ့ ဇောနှင့် မကြောက်ဘဲ၊တယောက်ဘဲ လာခဲ့ဒါမှားပြီ၊ လမ်းလွဲလာပြီ၊လမ်းတို လိုက်လာမိပါကလားလို့ တွေးနေဆဲမှာ၊ ဖြုံးကနဲ ဘီလူးမက၊ ဘုရားလောင်း မင်းသားကို လှည့်စားပြီး မျက်စိလည်စေရန်၊ တောအုပ်ကြီးကို မြို့ကြီး ဘန်ဆင်းလိုက်တယ်။ ၁-အချက် ဥပမာ ရန်ကုန်မြို့ကြီးကဲ့သို့ တေလပတ္တာဘုရားလောင်းမှာ ထင်ရသည်။ဘီလူးမက နတ်သမီး အယောင်ဆောင်၍ ပြတယ်။ တေလပတ္တမှာ ရင်ထဲခိုက်အောင် မြက်စိကျပြီ ယောဂီ။နတ်သမီးနဲ့ ပေါင်းသင်းဆက်ဆံပြီးညားနေပြီ။

၁။ ရူပါရုံ အဆင်းခြင်လို့ အနားက မသွားဘူး။

၂။ အသံကိုကြားရလို့ မခွါနိုင်။

၃။ နတ်သမီး၏အနံ့ကို လှိုင်ကြူလို့ မပြန်ချင်။

၄။ စားစရာမျိုးစုံ ခင်မင်လို့ အမေ့ကြီးမေ့။

၄။ ဖောဋ္ဌဗ္ဗာရုံ-အတွေ့ကြောင့် အရူးကြီးရူးတယ်။

ဘီလူ မသက်တွင်းက မလွတ်နိုင် မထွက်နိုင်၊ ဆရာမှာ ဒါတွေ မေ့ကုန်ပြီ၊ (ယောဂီသတိထား) အတွေ့ ကာမဂုဏ်မှာ၊အငွေ့ ဓမ္မာရုံပျောက်တတ်တယ်။ ပျောက်ရမယ်၊ ဘာ့ကြောင့်၊ သတိ မမူလို့၊ သတိမမူ လူမမြင်၊ သတိရလျှင် ဘီလူးမဘဲလို့ ပညာနဲ့ ရောလျှင် သိပိုင်ရမယ်။ သတိဆိုပေမဲ့ ပညာဦးမစီးသော သတိ ဆိုဒါ ခက်ထာဘဲ။

### ဒါ့ကြောင့်—ပဇာနာတိတိ ပညာယပဿတိ။

ပဇာနာ့တိတိ၊ သွားရပ်ထိုင်လျောင်း။ လေးကြောင် ဌာန၊ ဣရိယာပထ စသည်တို့ဌ် သိရမယ် ဟူသည်ကား။ ပညာယ

ဝိပဿနာ ပညာဖြင့် ပဿတိ၊ ရှုမြင်အပ်၏။ ဒီအချက် ဖြေးဖြေး
**တတ်။**

သွားသည်ရှိသော်-ငါသွားတယ်လို့သိ။
ရပ်သည်ရှိသော်-ငါရပ်ကပြီလို့သိ။
ထိုင်သည်ရှိသော်-ငါတော့ထိုင်ပြီလို့သိ။
လျောင်းသည်ရှိသော်-ငါတော့လျောင်းပြီလို့သိ။

ဒါ-ဣရိယာပထ လေးပါးမှတ်။ ဣရိယာ ပုတ်လဲ ခေါ်တယ်၊ ဘာ့ကြောင့် ဣရိယာပထ ခေါ်သလဲ၊ မျှတစွာကျင့်သုံး နေထိုင်ခြင်းကိုမှတ်။ သတိပဋ္ဌာန် ဒေသနာတော်ကို ဆိုသည်မှတ်။ သတိ ဆိုဒါ ပညာတပါထဲ ပါစေရမည်မှတ်။

**တေလပတ္တ** ဘုရားလောင်း၊
ဘိလူးမကို နတ်သွီးထင်လို့ ပေါင်းနေပြီ။

ယောဂီ စာကြည့်တတ်ကဲ့လား၊ စာဘတ်ထာ ပါးနပ်ကဲ့လား၊ တေလပတ္တကို အပြစ်တင်သလား၊ မတင်နဲ့နော် မှားသွားမယ်။ (မိမိပိုင် နတ်သွီးကို သတိပြု လိုက်စမ်း) ဒါ ပဒစ္ဆေဒက သတိ ပေးပါတယ် ယောဂီ။ မိမိပိုင် နတ်သားကို သတိထား။

၁။ အဆင်းကြိုက်-သံညပ်မိ။
၂။ အသံစွဲလို့-ခကျော့ကွင်းငြိ။
၃။ အနံ့ခံဒါ-လက်ထိပ်ခတ်။

(တတိယအကြိမ်)

၄။ အရသာမိလျှင်-အဆိပ်ဆေး။
၅။ အတွေ့မှာ-ဝီကိဖြစ် မှိုင်းဆေး။

ကာမဂုဏ်ငါးပါး တေလပတ္တကို ဝိုင်းမြဲ။

**အရာမှာတဲ့စကား သတိမထားတဲ့၊**
**တေလမင်းသား ဒေသကို အရှင်းမသွားနိုင်။**

အနေချောင်ချောင်၊ အစားချောင်ချောင်နဲ့၊ သေဘေးကို မတွေး၊သတိမရသော အန္ဓ။သာသနာတွင်း၌ ကိုယ့်ကျိုး ကိုယ်တွက်ကို (မိန်းမတွက်) မတွက်တတ်တဲ့ဗာလ၊ တဏှာအာရုံ ကာမဂုဏ်အကြမ်း တဏှာကြိုက်ပြီး လမ်းသာယာ လိုက်ကြသောသူ မှန်ပါက၊ တေလပတ္တ။

ဘဏှာအာရုံသည် အပုပ်တုံးကို နတ်သမီးထင်၏။နတ်သားထင်နေ၏။ မဟာမြိုင်ဘောအုပ်ကြီးကို မင်းနေပြည် မြို့တော်ကြီးထင်၏။

အန္ဓရဲ့ဖြစ်ပုံ–ထင်မှုနဲ့ အချိန်ကုန်။

မိခင်-ဘခင် များက ဆရာကြီးထံက သား-ပြန်လာပြီ ဆိုတဲ့ သတင်းစကားအရ၊ ရောက်လာချိန် တန်လောက်သောရက်နေ့ကို မရောက်သဖြင့်၊ လာသမျှလူကို မေးမေး၊သတင်းမရ၊မိဘ ၂-ပါးလုံး တက္ကသိုလ်ပြည်သို့လာကြ၏။ဆရာကြီးကိုမေး၏။ဆရာကြီးက

အကြောင်းစုံပြောပြ၏။ တေလပတ္တပြန်ခါနီး ခရီးလမ်းမ ဘယ်နှ ညာ ၂-ခုရှိကြောင်း သတိ ကောင်းကောင်း ထားစေဘို့ မှာ ကြောင်း ပြောပြပြီးနောက်၊ဆရာကြီးပါမိဘ ၂-ပါးတို့နှင့်တကွ၊ ဘီလူးမနေသောဌာနသို့ သွားရောက်ရှာဖွေကြ၏။

**တေလပတ္တမင်းသားနဲ့-ဘီလူးမ။**
**ဗိမာန်နှင့်တကွ ပျောက်စံကြ။**

ပညာရှိတက္ကသိုလ်ဆရာကြီးက မိဘနှစ်ပါးကို လက်ညှိုးထိုး ပြတယ်။ ဟိုမှာကြည့်စမ်း၊ တေလပတ္တနဲ့အတူတွဲဖက်ပြီး ထိုင်နေ ဒါ နတ်သမီးမဟုတ်၊ လူမိန်းမ အရှင်းမဟုတ်၊ ဟောဓာဂ နိုင် မဟာမြိုင်၌ တောပျော်ယက္ခ၊ ဘီလူးမအစစ်ဆိုဒါ ဒါဘဲမှတ်။

ဆရာကြီးက ဥဘ ပရိညာဆိုတဲ့ ပထမ ဆေးကြိမ်လုံးနဲ့ တချက်ချလိုက်တယ်။ မြို့ကြီးကွယ်ပျောက် တောမြိုင်ကြီး ပေါ် ပေါက်လာတယ်။ တေလပတ္တမင်းသား ဖြတ်ခနဲ လန့်သွားတယ်။ ဘီလူးမက ဆရာကြီး၏ပညာကို အရှင်းမသိဘဲ မင်းသားကို သာ ကြည်ဆယ်နေတယ်၊ နောက်၊ ဒုတိယ ဆေးကြိမ်လုံးတချက် က ဘာလဲ၊ တိရဏပရိညာမှတ်၊ နေအိမ် ဗိမာန် ကွယ်ပျောက် တောချုံ ပကတိရောက်လေသည်။ မင်းသားနဲ့ဘီလူးမတောင် ကြည့် မြောက်ကြည့် မနေတတ် မစားတတ် တေလမင်းသားက ဗြုံးခနဲ ထပြေးမယ်ကြံဆဲ ဘီလူးမက လက်ကိုဖမ်းဆွဲပြီး ဖွဲ့ဖွဲ့နွဲ့နွဲ့ ပရိယာယ်အမျိုးမျိုးပြလျက် နေတယ်၊ တေလက ကာမအဆိပ်

မှန်သဖြင့် မပြေးနိုင် မထနိုင်ဘူး ယောဂီ။ ကိုယ်ချင်း စာသူများ အပြစ်မတင်ကြနဲ့။

မိမိတို့ရောဂါ မိမိတို့ ဖုံးထားလို့မရဘူး။
အနာမသိ-ဆေးမရှိ၊ အနာသိမှ ဆေးရှိတယ်။

တတိယအကြိမ်၊ ပဟာဏပရိညာကြိမ်လုံး တချက်ဆေးစွက်၍ ချလိုက်ပြန်တယ်။ နတ်သမီးအသွင် ပျောက်ပြီး ဘီလူးမဇာတိ ပေါ်ပြီ ယောဂီ၊ နှေးနှေးဘတ်ပါ၊ ကြောက်စရာရုပ်၊ လန့်စရာ အဆင်း၊မျက်လုံးနီနီ၊ မျက်နက်ကွင်းကမဲမဲ၊ သွားအစွယ်တငေါ် ငေါ်နဲ့၊မမြင်ဘူးမတွေ့ဘူး၊ မိစ္ဆာဘီလူးမ၏ ပုံအသွင်ကို ဇာတိ ပေါ်အောင် အခြေပြတော့ ဘေလခက်ပြီ၊ တည့်တည့်ပြော နိုပ်မိပြီ။

၁။ ဉာတပရိညာ နာမ်နဲ့ရုပ် ပိုင်းခြား။
၂။ တီရဏပရိညာ လက္ခဏာသုံးပါးစီပိုင်းခြား။
၃။ ပဟာနပရိညာ မိစ္ဆတဏှာမရှိ၊ ပယ်ပြီလို့ပိုင်းခြား။

ယောဂီ၊ ဇာတ်တော် နိပါတ်တော်ဆိုဒါ အပိုဟောတယ် မထင်နဲ့။ သုတ္တံ ဒေသနာတော်ဆိုဒါ အဘိဓမ္မာတရား ထင်ရှား စေဘို့ ဖေါ်ပြဆုံးမခဲ့သည်မှတ်။

အဋ္ဌေသုစေတိ ပကာသေတီတိ သုတ္တံ။
အဋ္ဌေ ပရမတ္ထ သဘာဝ-နာမ်ရုပ်မှ၊ ရှုပ်စေမှတ်ကို။ သုစေတိ

ပကာသေတိ၊ ပေါ်လွှင်ထင်ရှားအောင် ပြတတ်၏။ ဉာတိတဿ၊ ထို့ကြောင့်။ သုတ္တံ၊ သုတ်မည်၏။ လွန်မတက်ပါနဲ့။

ယောဂီ။ ပဟာနပရိညာ ဆိုက်ပါစေ၊ သို့မဟုတ်၊ လူဈောင် **မပျောက်** လူထင်မှု၊ စည်းစိမ်ထင်မှု၊ မပျောက်ပါဘူး။

တေလပတ္တက ဘိလူးမ၏ လှိမ့်လိုက်၊ ပြန်လိုက်၊ အော်လိုက်၊ ဟစ်လိုက်၊ ငိုလိုက်၊ ရှိခိုးလိုက်နေဘာကို မြင်တော့ ကဘက်သို့ ဖြုံးကနဲလှည့်ပြီးကြည့်လိုက်တော့၊ ဆရာကြီးနှင့်တကွ၊ အမိအဘတို့ကိုတွေ့ရ၏။ ဆရာကြီးကို ဖြေးပြီးဘက်ထား၏။ မှားကြောင်းဝန်ခံ၏။ ဘိလူးမသည် ဆရာကြီးကို ရှိခိုးတောင်းပန်၏။ ဆရာကြီးကလဲ ဘိလူးမကို ငါးပါးသီလဖြင့် ဆုံးမ၍ တရားဟောပြီး တက္ကသိုလ်ပြည်သို့ပြန်သည်။ တေလပတ္တမင်းသားလဲ ဆရာကြီး ပေးလိုက်သော ပညတ်နဲ့ ပရမတ်ပမာတူသော ပရိတ်ချည် ပရိတ်ပန်းတို့ကို ဒီအခါကျမှ သတိရလို့ လည်ပင်းမှာဆွဲ လက်မှာကိုင်ပြီး ဘိလူးမခံတွင်းမှလွတ်ကင်း၍ အသက် ချမ်းသာရရတယ်။ မိဘများနှင့် နေရပ်သို့ချမ်းသာစွာ ရောက်ရဘယ် ယောဂီ။

## တေလပတ္တ ဥဒါန်း။

ဘဝအဂ္ဂိံ ဏာမပဿိံ၊ အသာရက သာရမတိံ။
တေလပတ္တာ သာရဥာဏိံ၊ ပရိဝဇ္ဇေယျ သံသာရိံ။

သံသာရိံ၊ အစမထင် အဆုံးမရှိ သံညှပ်နဲ့ မြှုံးတွင်မိကြတဲ့ ကျီးကန်းမိုက်၊ ငါးအသွင်၊ ကာမဂုဏ်တဏှာ အာရုံအစာကို

ခင်မင်ကြကုန်သော အို-သံသရာ လယ်ခါပြောင်း၊ ခရီးသည် အပေါင်းတို့။

အသာရက သာရမတိံ၊ အပြစ်ရှိဘာကို-အစစ်မသိ၊ အနှစ် မရှိဒါကို အနှစ်သာရရှိတယ်ဟု၊ ဖြစ်မိဖြစ်ရာ၊ ချစ်မိချစ်ရာ၊ စုံမက် ခါ ပျော်နိုင်ကြပါကုန်သော—

ကာမပဿီ၊ အဆင်းကို မြင်ပြန်တော့ အနားကမသွား၊ အသံကိုကြားပြန်တော့ မခွါနိုင်၊ အနံ့တွေလှိုင်ပြန်တော့ မပြန် ချင်၊ အရသာခင်မင်လို့ အမေ့ကြီးမေ့၊ ဖေါဋ္ဌဗ္ဗာရုံ အတွေ့ ကြုံတော့ အရူးကြီးရူး၊ အမူးကြီးမူးရှာကြ၊ ဘဝ်လူးမလက်တွင်း ဏ မထွက်နိုင်အောင် စက်ကွင်းမိကြလျက်၊ လူဆင်သရွေ့ အငွေ့ အာရုံ၊ ကာမဂုဏ်ရှုံညွန့်ဗွက်၌၊ ဝါ—မင်းဂုဏ်၊ မတ်ဂုဏ်၊ သူဌေး ဂုဏ်၊ လူ့ဂုဏ်၊ နတ်ဂုဏ်၊ ဗြဟ္မာ့ဂုဏ်၊ ရွှေဂုဏ်၊ ငွေဂုဏ်၊ ပစ္စည်း ဂုဏ်၊ လင်ဂုဏ်၊ မယားဂုဏ်၊ ပစ္စည်းဂုဏ်၊ ရာဂဟုံအစဉ်၊ ကာမကို တဏှာယ်ဂုဏ်ဆင်၍ ခင်မင်စုံမက် (တခါတလေများ စိတ်အပျက် ကြီး ပျက်ပြီး) မောပြီ၊ တော်ပြီလို့ မငြီး၊ ထပ်ခါသပ်ခါမှ မပြီး စည်းစိမ်ကို အမြင်ကြီးမြင်နိုင် ကြပါပေသော—

ဘဝအဂ္ဂိံ၊ သတိလဲပြု၊ ဂရုလဲထား၊ တရားကိုလဲ အရူပါအောင် နှလုံးသွင်း၊ ရုပ်ပါရုံအဆင်းကတော့ သံလိုက်သံညှပ်၊ အမှန်ကြိုက်တဲ့ အသံဓာတ်က ကျော့ဘွင်း၊ အနံ့တွေ လှိုင်ပျံ့ သင်းပြန်တော့၊ သဏ်ထိပ်အဆိတ်ပီပြန်ပါဓာ အရသာ၊ ဖေါဋ္ဌဗ္ဗာတကျာဆိုတာက

မှိုင်းဆေး၊ မပြေးနိုင်၊ မခွါနိုင်၊ မယာမှိုင် တောအုပ်ရေးကို မင်း နေပြည် မြို့တော်ကြီးဟု—

ပူမီးစုံကေန်၊ လူမမှန်လျှင်-ဘီလူးအစစ်၊ ခွေးအင့ါးဖြစ်ကြ တဲ့၊ နေအိမ့်စားအိမ်ကို၊ ရွှေအိမ့်ပတ္တမြားအိမ်လို မမှုးရစ်ကြန့်၊ အထူးမချစ်ဘို့ ဒုက္ခတွေဆုံ၊ ပျော်သံမပျော်သံတွေနဲ့ ခံစားထွဲဘုံ၊ ခေါ်သံအော်သံတွေက နားထဲမှာဆုံ၊ ခလေးသံ၊ လေးသံတွေကို ဖြင့် ကြောက်ကြတော့ ယောဂီစုံ၊ အရိယာတွေရှောင်ကြတဲ့ လူ့ ဆ၀ မီးပုံကို....

(တောလဲ ထွက်မသွားနဲ့အုံး)

သာရဉာဏ်၊ ပရိတ်ချည်-ပရိတ်ပန်းပမာ၊ ဂိပသာနာ ဘာဝနာ လက်နက်အစစ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် အနှစ်ကို ရကြကုန်သော တေလပတ္တာ ယထာ၊ ဆရာမှာတဲ့၊ အနုတ္တ အလောင်းတော် တေလပတ္တကဲ့သို့၊ တောအုပ်ကိုမြင် လက်နက်စုံ ကိုယ်စီ ပြင်ကြ လျက်—

ပရိဝဇ္ဇေယျ၊ မြေကတုတ် ခပ်မြန်မြန်လုပ်၊ အဟုတ်ချက်ခြင်း ထွက်အောင် ကွင်းလိုက်ကြကုန်တော့။ ပရိဝဇ္ဇေယျ ဘီလူးတို့ နေရာ လူပျော်ရာ တကယ်ဘောမမှတ်ကြနဲ့၊ အပါယ်ဇာတ်တခါ ကြုံ ကာမဂုဏ် အဆိပ်တောကကြီးသမို့ (ဘီလူးစည်း-လူစည်း) ၂-စည်း အမြင်ခြားပြီး၊ ထီးဘုရင်ဘုရား၊ ဗောဓိအလောင်း တေလ ကဲ့သို့၊ ယောဂီအပေါင်းတို့ မသေရအောင် စည်းခြားကာရှောင်၊

မြွားလျှင် မသာကောင်းဟု၊တကျာမောင် တောနယ်ကိုဝေးကြ အောင်၊ သြေဘ်-ကွေကွင်းကာ ပြေးရှောင် ကြလေ ကုန်တော့ သတည်း။

စီဥဒါန်းတပုဒ်ထဲနဲ့ မြစ်ချင်းပြီး တရားရနိုင်သည်၊၊
ကြေကြေအရကျက်၊ ပိုင်ပိုင်ပြတ်ပြတ်ဆိုပြ၊
ကြားနာသူတိုင်း မချီးကျူးဘဲမနေနိုင်။
ကောင်းကျိုးမင်္ဂလာ အမျိုးမျိုးတိုးတက်မည်။

စာအုပ်နှိပ်ခြင်း၊ ၁၃၁၈-ပြာသိုလဆန်း
၁၂-ရက်နေ့ ပြီးသည်။

× × ×

## စာမတတ်ဘဲ ကျမ်းပြုသော် ဓမ္မအန္တရာယ်။
## လူ့ရှင်တိုင်း-မဟာဓမ္မ ကထိက။

ဆရာသည် ၃၅-နှစ်ကစ၍ ဝိပဿနာတရားဟောင်ကို ရပြီးမှ ဟောသည်။ ၇-ရက်စဉ် အကြိမ်ပေါင်းများစွာ၊ ယခု ၁၃၁၈ ခုနှစ် အထိ ဟောဆဲဖြစ်သည်။ ဝိပဿနာကျမ်းမျိုးစုံလဲ ယခုတိုင် ရေးလျက်ရှိသည်။ အသက် ၂၃-နှစ်အထိ ရွှေဘိုနယ် ဟလင်ကြီးမှာ နေခဲ့တယ်။ မန္တလေးမြို့မှာ နေခဲ့တယ်။ ၂၃-နှစ်မှ ၃၅-နှစ်အထိ ပုသိမ်ခရိုင် ငါးသိုင်းချောင်းနယ် ကွင်းယားရွာမှာ နေခဲ့တယ်။ နေခဲ့သော မြို့ရွာတို့မှတပါး သွားရောက်ဘူးသမျှ မြို့နယ်တို့၌ ဝိပဿနာတရားကို ဟောသော (ရှင့်ရဟန်း့လူဝတ်ယောကျ်ား မိန်းမ့လူကြီး့ခလေးတို့ကို တယောက်မျှမတွေ့ဘူး။ မိမိသင်ကြား ဘူးသော ပိဋကတ်တော်ထဲမှာ ငယ်စဉ်ကကြားဘူး သင်ဘူးခဲ့၏။ ဝိပဿနာတရား၏ သဘောအဓိပ္ပါယ်ကို အရှင်းမသိရ။

### ဝိပဿနာဉာဏ်ကို မရလျှင် နိဗ္ဗာန်ကိုမရ ယထာဘူတဉာဏ်လဲခေါ်သည်။

ကျမ်းဂန်တို့၌ ဆင်ရှားစွာ ဆိုထားပေမဲ့ ဝိပဿနာ လမ်းပြ ဆရာ အလွန်ရှားလှ၏။ အရိယာဆိုဒါ စာထဲမှသာ တွေ့ရ၏။ ဟောသံ-ပြောသံ မကြားရ-မနာရ၊ အစ်မတန် တိမ်မြုပ်သော

ဝိပဿနာ့တရား-လူ့ရှင်တိုင်း အဟောခံ၍ မဟော ချင်သော တရားဆိုလျှင်။ဟောသော လူ့ရှင်တို့က ငါတို့ဟောတယ်။ မင်း မသိလို့ မဖြေနဲ့အုံး၊ ဟောသော်-တိုင်းပြည်သို့ လှည့်လည်၍ ဟောရဲ့လား။တနည်း။ဝိပဿနာ တရားတို့ကို ဟောသော်၊ အလှူ ဝတ္ထု၊ ကျောင်းဇရပ်၊ ဘုရားပုထိုး အလိုရှိလို့ ဟောသလား၊ ဝိပဿနာသန့်သန့်ကို ဟောသလား-ပြန်တွေးကြ။

ဒါ့ကြောင့်-ဆရာတို့ရွာမှာ၊ နယ်မှာ၊ မြို့မှာ ဓမ္မကထိကတွေ များအောင် ဆရာစီမံခဲ့တယ်။ ဝိဇ္ဇာစရဏမဂ္ဂသမ္ဘာရအဖွဲ့ကိုလဲ ရောက်သမျှ မြို့ရွာတို့၌ဖွဲ့စည်းခဲ့တယ်။ဝိပဿနာ ကျမ်းမျိုးစုံကိုလဲ ရေးခဲ့ပြီး ရေးဆဲမှတ်။ဓမ္မကထိက လက်မှတ်များကိုလဲ အဖွဲ့ချုပ်၏ အမိန့်အရ ပေးသင့်သူကို ပေးခဲ့၏-ပေးဆဲ။တနည်း၊ လူ့၊ ရှင်၊ ကြီး၊ ငယ်၊ ကျား၊ မ မရွေး မဟာဓမ္မကထိက ဖြစ်ဘို့ရာ အထက်တန်း တရားဟော ပုဂ္ဂိုလ် ဖြစ်ဘို့ရာ မဟာဓမ္မကထိက ဒီပနီကျမ်းကြီး ကိုလဲ ရေးထုတ်ခဲ့ပြီ။

သူများတရားကိုချည်း-နာယူစေချင်သလား။
သူများကိုချည်း-ရှိခိုးချင်သလား။
သူများကိုချည်း-အလှူပေးချင်သလား။
သူများထံကိုသွား၍- သီလကိုချည်း- ယူချင်သလား။
သူများကိုချည်း-မှီခိုချင်သလား။
သူများကိုချည်း-စင်မြင့်ကိုတင်၍ ဦးတိုက်ချင်သလား။

ပါးကြ - နပ်ကြ-လိမ္မာကြ။ သာသနာ ၂၅၀၀ သည်၊ ဝိမုတ္တိဘာဂ ခေတ်သစ်မှတ်။ အဲဒီဝိမုတ္တိယုဂ လောကမှာ၊ ဝိပဿနာ စစ်စစ် သန့်သန့် သာသနာပြု ပုဂ္ဂိုလ်တွေ ပေါ်ထွက်ကြမည်။ ပရမတ္ထ သံဃာစစ်တွေ သာသနာပြုကြရမည်။ အစားနဲ့ အညွှာ ခံကြ၊ တရားနဲ့ အညာ အလှဲမခံကြနဲ့၊ မိမိကိုယ်တိုင် ဝိပဿနာ ဉာဏ်ကိုရအောင် အမြန်အားထုတ်၊ ကိုယ်တိုင် တရားဟောဖြစ်ဘို့ ကြိုးစားကြပါ။

## ဘယ်လိုဟာ ဓမ္မကထိက ခေါ်သလဲ။

တပြည်လုံးကို လှည့်ဟောလိုက ဟောပါ၊ သို့မဟုတ် တမြို့, တရွာ, တအိမ်, ကိုယ့် အိမ်သား။ တနည်း၊ မိမိကိုယ်မိမိ တရားအစစ် ဟာ ဒါဘဲလို့ သိသွားနော်။ သိသွားလျှင် ဓမ္မကထိက ခေါ်သည် မှတ်လေ။ ကျမ်းစာအုပ်တိုင်း တရားစစ်မစစ်, စဉ်းစားကြ။

## ကျမ်းစာကို ရေးကြတယ်။

၁။ ဝိပဿနာကျမ်း ဟုတ်, မဟုတ်တိုင်ပင်။

၂။ ဝိပဿနာအသံဟုတ်တယ် ပရိယတ်ရေးလား၊ ပဋိပတ် ရေးလား။

၃။ ပဋိပတ်ရေးနည်းဟုတ်ပြီ၊ သူများရဲ့ကျမ်းစာတွေထဲက စာတွေကို ကူးရေးလား-ဉာဏ်ပိုင်လား။

၄။ တနည်း၊ ကိုယ်ထင်ရာ မြင်ရာရေးသလား ပိဋကတ်နဲ့ ညီရဲ့လား။

၅။ ပိဋကတ်သင်ဘူးလို့ ရေးသလား သင်ဘူးချင်ယောင် ဆောင်၍ ရေးသလား။

၆။ ဝိပဿနာဘဲလို့ ရေးသော်လဲ အဆုံးကျတော့ သမထ ဇာတိ ပေါ်လာ မလာ ဝေဘန်။

တနည်း၊ တရားရလို့ ရေးသလား-ဝိပဿနာခေတ်မို့၊ ဟို စာအုပ်-ဒီစာအုပ်ထဲက နည်းတွေကိုကူး၍ မိမိတတ်လို့ ရေးသလိုလို-ဆင်တူရိုးမှား ရေးသော ကျမ်းမဟုတ် စသည်ဖြင့် ဝေဘန်သော အရိယာခေတ်သို့ ရောက်နေပြီ ပုဒ်ပြတ်မှတ်။

× × ×

# ဓမ္မကထိက ခေါ်တယ်။

၁။ ဝိပဿနာတရားကို စာသိဟောသလား၊ ပညာသိလား။
၂။ ဝိ၂ဿနာတရားကို ကမ္မဋ္ဌာန်းထိုင်ဘို့ ဆွဲဟောသလား။
၃။ လောကကြောင်း အထွေထွေ ဆုံးမစာတွေကို ဟော သလား။
၄။ အသံကောင်းတဲ့ဂုဏ်နဲ့ ဟောသလား၊ တရားစင်ဂုဏ်နဲ့ လား။
၅။ ဝိပဿနာ အမည်တပ်ပြီး ဂူအောင်းဘို့ ဆွဲခေါ် သလား။
၆။ သေဘေးလမ်းပြသလား၊ သေဘေး လွှတ်နည်းလား။
၇။ သုတ္တံကြောင်းလား၊ အဘိဓမ္မာတရားလား။

စသည်ဖြင့် ဝေဘန် တိုင်ပင်ကြတဲ့ ခေတ်သစ်သို့ ရောက်ပြီ၊ ရှမ်းမနာကြနဲ့ ယောဂီတို့။

နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့တို့တွင်
အစိုးရ အသိအမှတ်(၁)နံပါတ်ဖြစ်သော
ရန်ကုန်မြို့ ရွှေဂုံတိုင်လမ်း၊ အမှတ်—၃၉၊
ဝိဇ္ဇာစရဏ မဂ္ဂသမ္ဘာရ အဖွဲ့ချုပ်
**စည်းမျဉ်းဥပဒေ။**

၁။ ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲအောင် ဂရုပြုကြရမည်၊

၂။ မေတ္တာသမထ နေ့စဉ်ပို့ရမည်၊သည်းခံခြင်း ပြည့်စုံရမည်။

၃။ ဒါန, သီလ, ဘာဝနာသုံးပါးကို ဝိဝဋ္ဋဖြစ်အောင် နားလည်ရမည်။

၄။ သီလ,သမာဓိ,ပညာ သိက္ခာသုံးပါး အစဉ်ပြည့်စုံရမည်။

၅။ အယူမလွန်ရ၊ မလျော့ရ၊ မဇ္ဈိမပဋိပဒါ ဗဟိုလယ် အယူမှန် ကျရမည်။

၆။ ၇-ခမ်းသရုပ်၊ ၇-ရက်စဉ်ကို သညာသိ,သိအောင် လေ့လာအားထုတ်ရမည်။

၇။ တလလျှင် ၄-ကြိမ်၊ ၂-ကြိမ် အဖွဲ့ရုံး၌ ဆွေးနွေး ဟောပြောကြရမည်။

၈။ ကျား,မ,ကြီးငယ်မရွေး တရားဟောလျှင် ရိုသေစွာနာကြရမည်။

၉။ တရားဆွေးနွေးဝိုင်း၌ မာနလျော့၍ အယူမှန်သို့ တက်ရောက်ရမည်။

၁၀။ ဥက္ကဋ္ဌကို ဖြစ်စေ၊ မဂ္ဂကထိကကို ဖြစ်စေ၊ အရိုအသေပေး၍ သာဓု ခေါ်ရမည်။

၁၁။ တရားတော်အတွက် သဘော မကျေနပ်ပါက အဖွဲ့မှ ဘပင် ထိုင်ကြားရမည်။
၁၂။ အနန္တငါးပါးနှင့် ကျမ်းဂန်များကို ထိခိုက်မှုမပါ ပြော ဟောရမည်။
၁၃။ ပိဋကတ်တော်၊ သို့မဟုတ် ရှေးပညာရှိများ ရေးသော ကျမ်းများနှင့် ညှိပါ။
၁၄။ သပ္ပုရိသ ဆရာကြီး ဦးမြတ်သိန်းထွန်းရေး ကျမ်းမျိုးစုံ အဖွဲ့၌ ထားရှိရမည်။
၁၅။ အဖွဲ့ဝင်မဟုတ်သော တရားနာသူများကို အားပေး တိုက် တွန်းရမည်။
၁၆။ အနဲဆုံး ၇-နှစ်ခလေးကိုပင် အဖွဲ့ဝင် စာရင်းအမှတ် ပြုရ မည်။
၁၇။ စည်းကမ်းမဲ့ ယောဂီကို ၃-ကြိမ်တိုင် ဆုံးမ,မရလျှင် ပယ် ရမည်။
၁၈။ အစည်းအဝေး၌ လက်ာ,သံပေါက်,ဥဒါန်းတို့ကို ရွတ်ဆို ကြရမည်။
၁၉။ ဝိဇ္ဇာစရဏ မဂ္ဂသမ္ဘာရအဖွဲ့ဟု ဆိုင်းဘုတ် ဆွဲသင့်က ဆွဲ ရမည်။
၂၀။ မိမိတို့၏ မြို့နယ်စရိုက် သင့်တော်သော စည်းမျဉ်းဖြင့် ဖြည့်စွက်နိုင်သည်။

☆ ☆

လူပြိန်းနားလည်၍ ပညာရှိကြီးများ ထောက်ခံပြီး
ဖြစ်သော မြန်မာပြည် ဗုဒ္ဓဘာသာတို့၏

# အားလုံးသိဘို့-ကျေညာပြီ

ရန်ကုန်မြို့ ရွှေဂုံတိုင် လင့်လမ်းထိပ် (အမှတ်-၃၉)အစိုးရ အသိအမှတ်ဖြစ်သော ဝိဇ္ဇာစရဏ မဂ္ဂသမ္မာရ အဖွဲ့ချုပ်၌ အမိန့် စည်းကမ်း သတ်မှတ်ချက်အရ၊ သာသနာတော် ကြီးပွားစေရန် ထုတ်ဝေ ဖြန့်ချိလျက်ဖြစ်သော(ဦးမြတ်သိန်းထွန်း)ကိုယ်တိုင်ရေး ကျမ်းများကို အဖွဲ့ချုပ်၏စည်းကမ်းနှင့် ဆရာ၏ အမိန့်တူညီချက် ကို ရခဲ့လျှင် မည်သူမဆို ထုတ်ဝေ ဖြန့်ချိနိုင်ကြောင်း။

ကျမ်းစာအုပ်တိုင်းမှာ ရေစစ္စတြီပြုလုပ်၍ မှတ်ပုံတင်ထားပြီး ဖြစ်သော ခါတ် အမှတ်တံဆိပ်နှင့် ရုပ်ပုံ ပါရှိရမည်၊ တစုံ တယောက်သောသူကိုမျှ မူပိုင်မပေး။

(သတိပြုဘို့) စာရွက် စာအမ်း ဆိုင်းဘုတ် ဆေးကြော်ငြာ အဝက်အထည် စသည်တို့၌ ဤစာ အမှတ်တံဆိပ်ကို ပုံစံတူ၊ သို့မဟုတ် ဆင်တူရိုးမှားဖြစ်စေ၊ မသုံး,မပြုလုပ်ကြရန် ကြိုတင် သတိပေးလိုက်ပါသည်။

ဥက္ကဋ္ဌ-ဦးထွန်းရင်

အတွင်းရေးမှူး-ဦးလှဒင်

ခန္ဓာဒုက္ခ - သိမှကြီးကျယ်
မသိအန္ဓ - သုခထင်တယ်
ခန္ဓာဖြစ်စ-တွေးမှကြောက်ဘွယ်
အသုဘ - သုဘထင်လို့လယ်။

●

တိုက်ငှား၊ အိမ်ငှား၊ ကားငှား၊ လှေငှား၊ လှဲငှား၊
စာအုပ်မငှားနဲ့၊ ငှားပြန်မရ။

ပြည်လုံးကျွတ် ဖြန့်ချိသူ

ဆရာကြီး၏ ပထမသမီ၊ ဒေါ်ကျင်ငွေ၊ အမှတ် (၁၁)
ဇေယျသုခလမ်း၊ မုန့်လုပ်ဆောင်းကုန်း၊ ကြည့်မြင်တိုင်၊
ရန်ကုန်မြို့။

ဖြန့်ချိရေး

ဦးသောင်းညွန့်
၁၅၇....ကျွန်းတောလမ်၊
စမ်းချောင်း.... ရန်ကုန်မြို့။

ဝင်းအောင် ရောင်စုံပုံနှိပ်တိုက် (မြ.၀၁၆၄၅)
အမှတ်·၁၃၂·အော·ငရ လမ်း, ရန်ကုန်မြို့